

အကြမ်းဖက်မှု
ဧပြီလ ၂၀၁၈

[illegible]

[illegible]

၀၀၁ - [illegible]

## Legal Clinic Myanmar

**ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ)**

အခန်း(၇၀၂)၊အမှတ် ၁၄၁ - ၁၄၉၊ ၆လွှာ၊ ဗားကရာကွန်ဒို၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

Phone - 09450048660၊ 09333769931 09333769994

Email - legalclinicmyanmar@gmail.com

Facebook – @LegalClinicMyanmar

## Gender Equality Network

**ကျားမရေးရာတန်းတူညီမျှရေးကွန်ရက်**

အမှတ်၄၈၊၆/အေ၊ ၆လွှာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ

Phone - 09421144394

Email- gen.myanmar@gmail.com

Facebook- @GenderEqualityNetwork

Website - genmyanmar.org



Cartoon by Moe Htet Moe

Cover and Layout Design by Shar Myar Htwe



@All rights reserved



Printed in Myanmar,

April 2018

Restricted for Project Purpose Only


အကြမ်းဖက်မှု
ဧပြီလ ၂၀၁၈

# မာတိကာ


အမှာစာနှင့် ကျေးဇူးတင်လွှာ ၁

အနှစ်ချုပ်တင်ပြခြင်း ၃

၁

**လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု** ၇

၁.၁ ) အသက် (၁၈) နှစ်အောက် မိန်းကလေးငယ်များကို ကျူးလွန်သည့် မုဒိမ်းမှုများ ၈

အသက် (၁၈) နှစ်အောက် မိန်းကလေးငယ်များကို ကျူးလွန်သည့် မုဒိမ်းမှုများအား ကျား၊ မ ရေးရာ ရှုထောင့်မှသုံးသပ်ချက် ၅၀

၁.၂ ) အသက် (၁၈) နှစ်နှင့် အထက် အမျိုးသမီးများကို ကျူးလွန်သည့် မုဒိမ်းမှုများ ၅၁

အသက် (၁၈) နှစ်နှင့် အထက် အမျိုးသမီးများကို ကျူးလွန်သည့် မုဒိမ်းမှုများအား ကျား၊ မ ရေးရာရှုထောင့်မှသုံးသပ်ချက် ၅၈

၁.၃ ) ကာမလိမ်လည်ရယူမှု ၅၉

ကာမလိမ်လည်ရယူသည့် အမှုများနှင့် စပ်လျဉ်း၍ ကျား၊ မ ရေးရာ ရှုထောင့်မှ သုံးသပ်ချက် ၇၀

၁.၄ ) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု၊ ခေါင်းပုံဖြတ်မှုနှင့် ခိုးယူပေါင်းသင်းမှု ၇၁

လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု၊ ခေါင်းပုံဖြတ်မှု၊ ခိုးယူပေါင်းသင်းမှုများနှင့် စပ်လျဉ်း၍ ကျား၊ မ ရေးရာရှုထောင့်မှသုံးသပ်ချက် ၉၀

၂

**စိတ်ပိုင်း / ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု** ၉၁

စိတ်ပိုင်း/ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့် အမှုများအား ကျား၊ မ ရေးရာ ရှုထောင့်မှသုံးသပ်ချက် ၁၁၀

၃

**အိမ်တွင်းအကြမ်းဖက်မှု** ၁၁၁

အိမ်တွင်းအကြမ်းဖက်မှုများအား ကျား၊ မ ရေးရာရှုထောင့်မှသုံးသပ်ချက် ၁၃၈

# အမှာစာနှင့်ကျေးဇူးတင်လွှာ

ဥပဒေရေးရာကူစားရေးအဖွဲ့ (မြန်မာ) သည် တရားမျှတမှုနှင့် အခွင့်အရေးကိုအခြေခံ၍ ဖွဲ့စည်းထားသည့်အဖွဲ့ ဖြစ်သည်နှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို ကာကွယ်၊ မြှင့်တင်ဆောင်ရွက်လျက် တရားမျှတမှုအတွက် ရပ်တည်ဆောင်ရွက်ရန် စသည့် အဓိက ရည်ရွယ်ချက်များဖြင့် (၂၀၁၁) ခုနှစ်တွင် ဥပဒေဆိုင်ရာ ကျွမ်းကျင်သောရှေ့နေများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဥပဒေရေးရာကူစားရေးအဖွဲ့ (မြန်မာ) အနေဖြင့် အဖွဲ့၏ ရည်ရွယ်ချက်များကို အဓိကလုပ်ငန်းစဉ် (၄) ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၎င်းလုပ်ငန်းစဉ်များမှာ ပြည်သူများ ဥပဒေကို သေချာစွာသိရှိနားလည်ပြီး ဥပဒေအခွင့်အရေးနှင့် ကူစားမှုများကို လက်လှမ်းမီစေရန် ဥပဒေပညာပေးမှု၊ အမြင်ဖွင့်ပေးမှုများ၊ အခွင့်အရေး ချိုးဖောက်ခံရသူများနှင့် နစ်နာသူ အမျိုးသမီး၊ ကလေး၊ ဆင်းရဲနွမ်းပါးကာ ငွေကြေးမတတ်နိုင်သူများ အပါအဝင် ခွဲခြားဆက်ဆံခံရသူများ၊ ဘေးဖယ်ခံရသူများအတွက် အခမဲ့ ဥပဒေအကြံပေးခြင်း၊ ဥပဒေအရ ဆွေးနွေးညှိနှိုင်းပေးခြင်းနှင့် အခမဲ့တရားစွဲဆိုပေးမှုများ ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ တရားမျှတမှု လက်လှမ်းမီရရှိရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

အထက်ဖော်ပြပါလုပ်ငန်းစဉ်များအပြင် ပြည်သူများအနေဖြင့် ဥပဒေဆိုင်ရာ၊ အခွင့်အရေးပိုင်းဆိုင်ရာများကို အချိန်နှင့်တပြေးညီ သိရှိနိုင်စေရန် (၂၄) နာရီ hotline ဖုန်းများဖြင့် ဖြေဆိုပေးခြင်းများနှင့် ရှင်းလင်း၍ နားလည်လွယ်သော အသုံးအနှုန်းများဖြင့် ရေးသားထားသော ဥပဒေစာအုပ်ငယ်များ ရေးသားဖြန့်ဝေပေးလျက်ရှိပါသည်။ ယခုလည်းပြည်သူများအနေဖြင့် အကြမ်းဖက်မှုများနှင့် ဥပဒေအရ ပြစ်ဒဏ်ပေးမှုများကို ပိုမိုရှင်းလင်းသိရှိစေရန်နှင့် လက်တွေ့ဘဝအခြေအနေတွင် ဖြစ်ပေါ်နေသော အမျိုးသမီးအပေါ် အကြမ်းဖက်မှုများနှင့် တရားမျှတမှုအတွက် ချမှတ်ပေးသော ပြစ်ဒဏ်များကို သိရှိနားလည်ရုံသာမက အခက်အခဲအတားအဆီးများကိုလည်း သတိထားမိစေရန်နှင့် အကယ်၍ မိမိတို့ပတ်ဝန်းကျင်ရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဖြစ်ပေါ်လာပါက ကူညီဆောင်ရွက်ပေးနိုင်စေရန် ဖြစ်ပါသည်။

ဤစာအုပ်တွင်ဖော်ပြထားသော အမှုများသည် တရားရုံးများ၏ ဆုံးဖြတ်ပြီးသော အမှုများကို အဓိက ကောက်ရိုးယူ၍ အကြမ်းဖက်ခံရသော အမျိုးသမီးများ လျှို့ဝှက်ထားမှုကို အဓိကဦးစားပေးစဉ်းစား၍ ကျူးလွန်ခံရသူ၏အမည်နှင့် ကျူးလွန်သူ၏အမည်များကို သဘောရိုးဖြင့် ပြောင်းလဲရေးသားထားပါကြောင်းနှင့် တချို့လိုအပ်သောအမှုများတွင် ကျူးလွန်သည့်နေရာများကို ယေဘုယျသာ ဖော်ပြထား

ပါသည်။ တချို့သောအမှုများတွင် အခက်အခဲအတားအဆီးဆိုသည့်အချက်များ ဖော်ပြထားခြင်း မရှိကြောင်းကိုလည်း သတိပြုမိကြမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တချို့အမှုများ၏ အကြမ်းဖက်ခံရသောသူများမှာ တရားရုံးတွင် အမှုစွဲဆိုစဉ်က ပေးထားသောလိပ်စာတွင် နေထိုင်ခြင်း မရှိတော့ခြင်းကြောင့်ဖြစ်ပြီး တချို့အမှုများတွင် လုံးဝဆက်သွယ်၍ မရတော့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ အခုစာအုပ်တွင် ထူးခြားချက်အနေဖြင့် အကြမ်းဖက်ခံရသည့် ပုံစံအား ကာတွန်းပုံနှင့် အထူးသရုပ်ဖော်ထည့်သွင်းထားခြင်းမှာ စာဖတ်ရန် အကန့်အသတ်ရှိသူများအနေဖြင့် နားလည်စေရန် နှင့် တချို့သော စာဖတ်သူတို့အား စိတ်ဝင်စားမှုပိုမိုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ယခုစာအုပ်သည် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (Gender Equality Network) မှ ယုံကြည်စွာ လုပ်ခွင့်ပေးမှုနှင့် ရန်ပုံငွေကူညီထောက်ပံ့ပေးမှုများကြောင့်သာ အောင်မြင်စွာ ဆောင်ရွက်ထုတ်ဝေနိုင်ခြင်းဖြစ်သဖြင့် ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက် (Gender Equality Network) အား ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ) Legal Clinic Myanmar မှ ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ယခုစာအုပ် တိတ်ရှည်စွာဖြင့် ကာတွန်းများ ရေးဆွဲပေးပါသော ကာတွန်းဆရာ မိုးထက်မိုး၊ ကွန်ပျူတာစာစီစာရိုက်နှင့် ဒီဇိုင်း အကြိမ်ကြိမ်ပြင်ဆင်ပေးပါသော မသင်းသင်းနှင့် စာအုပ်တစ်ခုလုံးဖြစ်ပေါ်လာစေရန် လိုအပ်သော ကူညီမှုများ ဆောင်ရွက်ပေးပါသော LCM (Legal Clinic Myanmar) မှ လုပ်ဖော်ကိုင်ဖက် ရှေ့နေများနှင့် အလုပ်သင် (တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ) အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဒေါ်လှလှရီ

တရားလွှတ်တော်ရှေ့နေ နှင့် ဒါရိုက်တာ

Legal Clinic Myanmar

E - mail: legalclinicmyanmar@gmail.com

Hotline: 0933376993, 0933376994

# အနှစ်ချုပ်တင်ပြခြင်း

LCM (Legal Clinic Myanmar) နှင့် GEN (Gender Equality Network) တို့ ပူးပေါင်းထုတ်ဝေသော အမှုပေါင်း (၁၀၀) စာအုပ်ကို ထုတ်ဝေရသည့် အဓိကရည်ရွယ်ချက်မှာ အကြမ်းဖက်ခံရသော အမျိုးသမီးများ၊ ကလေးငယ်များအနေဖြင့် တရားမျှတမှုကို လက်လှမ်းမှီ တောင်းဆိုရာတွင် အခက်အခဲ၊ အတားအဆီး၊ အဆင်မပြေမှုများကို မီးမောင်းထိုးပြစေလိုသည့် အတွက်သော်လည်းကောင်း၊ တရားစီရင်ချက်အမိန့်များ၊ စီရင်ဆုံးဖြတ်မှုများနှင့် တရားရုံးတွင် ကြာမြင့်သည့်အချိန်၊ ရုံးချိန်း ချိန်းဆိုမှု အကြိမ်အရေအတွက်များကို သတိပြုမိစေပြီး အမျိုးသမီးများ၏ တရားမျှတမှုလက်လှမ်းမီရရှိရေး မြှင့်တင်ဆောင်ရွက်ရာတွင် ဥပဒေ၊ မူဝါဒဆိုင်ရာပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားစေရန်ဖြစ်ပြီး အမျိုးသမီးများနှင့် ကလေးငယ်များအား အကြမ်းဖက်မှုမျိုးစုံ ဖြစ်ပေါ်နေမှုများကိုလည်း သတိထားမိစေပြီး ထိရောက်သော ကာကွယ် တားဆီးမှုများဆောင်ရွက်ရန်နှင့် ယခုစာအုပ်အား ဖတ်ရှုသူပြည်သူများအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပြီး၊ ပြစ်မှုမြောက်ကြောင်းနှင့် ထောင်ဒဏ်များ ကျနိုင်ကြောင်း၊ သတိထားဆင်ခြင်စေပြီး အကြမ်းဖက်မှုများ လျော့ကျစေရန်ကိုလည်း အဓိကရည်ရွယ် ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး ပြုပြင်ပြောင်းလဲ မြှင့်တင်ဆောင်ရွက်မှုကိုလည်း အထောက်အကူဖြစ်စေရန်လည်း ရည်ရွယ်ပါသည်။

ယခုအမှု (၁၀၀) နှင့် ပတ်သက်၍ ကနဦးအချက်အလက်များ ကောက်ခံရာတွင် ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ) ၏ ရုံးခွဲ (၆) ခုဖြစ်သော ကချင်ပြည်နယ်ရုံးခွဲ၊ ရခိုင်ပြည်နယ်ရုံးခွဲ၊ မန္တလေးတိုင်း ဒေသကြီးရုံးခွဲ၊ ဧရာဝတီတိုင်းဒေသကြီးရုံးခွဲ၊ မွန်ပြည်နယ်ရုံးခွဲနှင့် ရန်ကုန်တိုင်းဒေသကြီး ရုံးချုပ်တို့မှ အမှုအချက်အလက်များကို စုဆောင်းရာတွင် အမှုပေါင်း (၁၀၀) နီးပါးသည် လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှုများဖြစ်ပြီး ၎င်းအမှုများမှာ မုဒိမ်းမှု၊ ကာမလိမ်လည်မှု၊ အသက်မပြည့်သေးသူကို ခိုးယူပေါင်းသင်းမှု၊ ဓမ္မတာနှင့်ဆန့်ကျင်သော ပြစ်မှုများဖြစ်ကြောင်း တွေ့ရှိရပြီး ၎င်းနယ်ရုံးခွဲများမှ ရှေ့နေများနှင့် တွေ့ဆုံမေးမြန်းချက်များအရ ၎င်းတို့ရုံးတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (အိမ်တွင်းအကြမ်းဖက်မှု)များ ပိုမိုများပြားကြောင်း ဖြေဆိုကြသည်။ သို့ရာတွင် အိမ်တွင်းအကြမ်းဖက်မှုများတွင် မိမိ၏အမျိုးသားဖြစ်သည့် အကြမ်းဖက်သူ လင်ယောကျ်ား အား ရာဇဝတ်မှုဖြင့် တရားစွဲဆိုသည့်အမှု မရှိသလောက်နည်းပါးကြောင်းနှင့် မစွဲဆိုရသည့် အဓိက အကြောင်းအရင်းများမှာ အမျိုးသမီးများသည် လင်ယောကျ်ားများအပေါ် ငွေရေးကြေးရေးအရ မှီခိုနေရခြင်း၊ ပတ်ဝန်းကျင်၏ ခွဲခြားဆက်ဆံမှုများရှိခြင်း၊ တိုင်တန်းမှုနှင့် တရားစွဲဆိုမှုများလုပ်နေစဉ် ကာလအတွင်း မိမိ၏လင်ယောကျ်ားမှ ရန်ပြုမည်ကိုစိုးရိမ်ခြင်း၊ သားသမီးများ၏ မျက်နှာထောက်ထား

စရာများ ရှိနေသည့်အတွက် ထောင်ဒဏ်ကျနိုင်သော ရာဇဝတ်မှုဖြင့်မစွဲဆိုကြဘဲ လင်မယားကွာရှင်းပေးစေလိုမှုသာ စွဲဆိုကြကြောင်း ၎င်းရှေ့နေများ နှင့် ဆွေးနွေးချက်များအရ တွေ့ရှိရသည်။

ယခုအမှုပေါင်း (၁၀၀) တွင် တချို့သက်ငယ်မုဒိမ်းမှု ဖြုတ်ထားခဲ့ပြီး အိမ်တွင်းအကြမ်းဖက်မှုများဖြင့် ထည့်သွင်းအစားထိုး၍ တတ်နိုင်သမျှ အကြမ်းဖက်မှုပုံစံမျိုးစုံပါဝင်အောင် ထည့်သွင်းဖော်ပြထားပါသည်။ ယခုအမှုပေါင်း (၁၀၀) တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (၆၆) မှု၊ (၎င်းထဲမှ အသက် (၁၈) နှစ်အောက် သက်ငယ်မုဒိမ်းမှု (၃၇) မှု၊ အသက် (၁၈) နှစ် အထက် မုဒိမ်းမှု (၆) မှု၊ ကာမလိမ်လည်ရယူမှု (၈) မှု၊ လိင်မှုဆိုင်ရာထိပါးခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း၊ အရွယ်မရောက်သေးသူအား ခိုးယူပေါင်းသင်းခြင်းနှင့် ကာမသွေးဆောင်ခံသောအမှု (၁၅) မှု၊ ) တို့ပါဝင်ပြီး စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု (၁၂) မှု နှင့် အိမ်တွင်းအကြမ်းဖက်မှု (၂၂) မှုတို့ ပါဝင်ကြောင်းနှင့် ကျူးလွန်ခံရသူ၏ အသက်အပိုင်းအခြားများနှင့် ကျူးလွန်သူ၏ အသက်များကိုလည်း တစ်မှုချင်းစီတွင် အသေးစိပ် ထည့်သွင်းဖော်ပြထားပြီး မုဒိမ်းမှု စုစုပေါင်း (၄၃) ထဲတွင် မသန်စွမ်း အမျိုးသမီးအား ကျူးလွန်သည့်အမှု (၇) မှု ပါကြောင်း တွေ့ရှိ ရမည် ဖြစ်ပါသည်။

ယခု အမှုပေါင်း (၁၀၀) နှင့် ပတ်သက်၍ ၎င်းအမှုမှ နစ်နာသူ၊ အကြမ်းဖက်ခံရသူ စုစုပေါင်း (၁၀၀) စလုံးနှင့် တစ်ယောက်ချင်း၊ တွေ့ဆုံမေးမြန်းနိုင်ခြင်း မရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူတချို့မှာ ၎င်းနေရာတွင် နေထိုင်ခြင်းမရှိတော့ဘဲ ပြောင်းရွှေ့သွားကြခြင်း၊ ယခင်ပေးထားသော ဖုန်းနံပါတ်များ၊ လိပ်စာများဖြင့် ဆက်သွယ်၍ မရနိုင်တော့ခြင်းကြောင့် ယခုအမှုပေါင်း (၁၀၀) မှ နစ်နာသော အကြမ်းဖက်ခံရသူ (၅၀) ယောက်ကိုသာ တွေ့ဆုံမေးမြန်း ခဲ့ပါသည်။ သို့ရာတွင် ၎င်းအမှုများအား အစ၊ အလယ်၊ အဆုံး လိုက်ပါကူညီဆောင်ရွက်ပေးခဲ့ကြသော ရှေ့နေတစ်ယောက်ချင်းစီနှင့် တွေ့ဆုံမေးမြန်းခဲ့ခြင်း၊ ၎င်းအမှုများကို လိုက်ပါဆောင်ရွက်ခဲ့သော ရှေ့နေများနှင့် အဖွဲ့အလိုက်ဆွေးနွေးမှုများ၊ မေးမြန်းမှုများ ပြုလုပ်ခဲ့ပြီး ယခု အမှုပေါင်း (၁၀၀) တွင် လိုက်ပါဆောင်ရွက်သော ရှေ့နေ စုစုပေါင်း (၂၅) ယောက်နှင့် တွေ့ဆုံမေးမြန်းခဲ့၍ ယခု အမှုပေါင်း (၁၀၀) တွင် ၎င်းတို့၏အမှုတွင် ကြုံတွေ့ရသည့် အခက်အခဲ အဆင်မပြေမှုများကို တမှုချင်းစီတွင် တင်ပြ ထားနိုင်ခြင်းဖြစ် ပါသည်။

ယခုအမှုပေါင်း (၁၀၀) တွင် လိုက်ပါဆောင်ရွက်ခဲ့သော ရှေ့နေများနှင့် နစ်နာသူ၊ အကြမ်းဖက်ခံရသော အမျိုးသမီးများ၏ တင်ပြဆွေးနွေးမှုများကို အကျဉ်းချုပ်တင်ပြရမည်ဆိုလျှင် အကြမ်းဖက်ခံရမှုနှင့် ကျူးလွန်သူများက သွားရောက်တိုင်တန်းခဲ့သည့်အခါတွင် သက်ဆိုင်ရာဌာနများ၏ တချို့တာဝန်ရှိသူများမှ နွေးထွေးပျူငှာမှုမရှိသည့်အပြင် အမှုများကိုလည်း အဆင်ပြေစွာ ဖွင့်ပေးမှု အားနည်းကြောင်း၊ တချို့သက်ငယ်မုဒိမ်းမှုများတွင် အမှုဖွင့်ရာ၌ မုဒိမ်းမှု မဟုတ်ဘဲ မုဒိမ်းကျူးလွန်ရန်

အားထုတ်မှုနှင့်သာဖွင့်ပေးကြောင်း သက်ဆိုင်ရာဌာနများတွင် များသောအားဖြင့် အမျိုးသားရဲ အရာရှိများထံပြောဆိုရ၍ အဆင်ပြေမှုမရှိကြောင်း၊ အမှုဖွင့်တိုင်တန်းသည့်ဌာနများတွင် မသန်စွမ်း သူများအတွက် အထူးသီးသန့် စီစဉ်မေးမြန်း ဆောင်ရွက်ပေးမှု အားနည်းကြောင်း ပြောဆိုကြပါသည်။


ထို့ပြင် တရားရုံးအမှုစစ်ဆေးသည့်အပိုင်းတွင် တချို့တရားရုံးများတွင် အမှုသည်များအတွက် အဆင်ပြေစေရန် အချိန်တိကျစွာဆောင်ရွက်ပေးသော်လည်း တချို့တရားရုံးများသည် တစ်နေကုန် ရုံးချိန်းစောင့်ဆိုင်းရခြင်း၊ ရုံးတွင် အမှုသည်များအတွက် အဆင်ပြေအောင် ထိုင်စရာနေရာများမရှိခြင်း၊ အထူးသဖြင့် အကြမ်းဖက်ခံရသူ မသန်စွမ်းအမျိုးသမီး၊ ကလေးများအတွက် အထူးသီးသန့် စီစဉ်ပေးမှု မရှိနေခြင်း၊ အားနည်းခြင်း၊ တချို့တရားရုံးများတွင် အကြမ်းဖက်ခံရသောကလေးနှင့် အမျိုးသမီး၏ ဂုဏ်သိက္ခာအတွက် တံခါးပိတ်စစ်မေးသော်လည်း တချို့တရားရုံးများတွင် တံခါးပိတ်သီးသန့် စစ်မေးခြင်း လုံးဝမရှိကြောင်း တွေ့ရသည်။

တရားရုံး၌ အမှုများကြားနာသည့်အခါတွင် အမှုတိုင်းတွင် အကြမ်းဖက်ခံရသူများမှ တရားရုံးတွင် ကျူးလွန်သူအား မြင်တွေ့နေရခြင်းများရှိသည့်အပြင် တစ်ချို့အမှုများတွင် အကြမ်းဖက်ခံရသူ အမျိုးသမီးများနှင့် သက်သေများမှ ကြောက်လန့်စိုးရိမ်မှုများရှိခြင်းကြောင့် ထွက်ဆိုချက်များ အဆင်မပြေခြင်း၊ တစ်ချို့သောအမှုများတွင် သက်သေများအား သက်သေစရိတ် ပုံမှန်ထုတ်မပေးခြင်း၊ ထုတ်ပေးသော သက်သေစရိတ်မှာလည်း ဖူလုံမှုမရှိခြင်းနှင့် သက်သေထွက်ဆိုသူများ၏ လုံခြုံမှုအတွက် အာမခံချက် တစ်စုံတစ်ရာမရှိ၍ စိုးရိမ်မှုရှိခြင်းများ ကြုံရကြောင်း တွေ့ရှိရသည်။

ယခု အမှုပေါင်း (၁၀၀) တွင် ရုံးချိန်းများနှင့် ကြာချိန်များကို အသေးစိတ်ဖော်ပြထားပါသည်။ တချို့ ရုံးချိန်းများသည် ချိန်းဆိုသည့်အရေအတွက် အနည်းငယ်သာတွေ့ရမည်ဖြစ်ပြီး၊ တချို့ရုံးချိန်းများမှာ ကြာမြင့်စွာ ရုံးချိန်းပေါင်းများစွာ ချိန်းဆိုသည့် အမှုများတွေ့ရမည်။ ၎င်းကဲ့သို့ ကြာမြင့်ရခြင်းမှာ ရုံးချိန်း နေ့များတွင် သက်သေများမှ ထွက်ဆိုပေးရန် မလာရောက်ကြ၍ ပြန်ချိန်းရသဖြင့် ကြာမြင့်ခြင်းနှင့် တချို့သော ဆေးဘက်ဆိုင်ရာသက်သေများ၊ အမှုစစ်ရဲဝန်ထမ်းများ၏ အလုပ်များမှုကြောင့် တရားရုံးသို့ သက်သေထွက်ဆိုရန် မလာရောက်နိုင်ခြင်း၊ တစ်ချို့တရားသူကြီးများ၏ စီရင်ချက်အမိန့် အဆင်သင့် မဖြစ်ခြင်းများကြောင့် ကြန့်ကြာရခြင်းဖြစ်ကြောင်း အမှု (၁၀၀) မှတ်တမ်းများကို လေ့လာမှုအရ တွေ့ရှိရပါသည်။ ယခုဆိုလျှင် ပြစ်ဒဏ်စီရင်ပိုင်ခွင့်အရ ကလေးသူငယ် မုဒိမ်းကျင့်ခံရမှုများသည် ခရိုင်တရားရုံးများသို့ လွှဲပြောင်းစစ်ဆေးသဖြင့် ငွေကြေးမတတ်နိုင်သော အကြမ်းဖက်ခံရသူများ အနေဖြင့် အမှုရင်ဆိုင်ရန် ခရိုင်ရုံးသို့ သွားရောက်ရခြင်းမှာလည်း အတားအဆီးတစ်ခုကဲ့သို့ဖြစ်ကြောင်း တွေ့ရှိရသည်။ ကလေးသူငယ်များသည် အသက်အရွယ် ငယ်ရွယ်သူ စိတ်ပိုင်းဆိုင်ရာ ကောင်းစွာမဖွံ့ဖြိုးသေးသူများဖြစ်သည်နှင့်အညီ တချို့သော

တရားရုံးများတွင် ရုံးအကျီအနက်ရောင်များ ဝတ်ဆင်၍ စစ်မေးခြင်းသည် ကလေးငယ်များအား ကြောက်ရွံ့မှု၊ သိမ်ငယ်မှု၊ စိုးရိမ်မှုများကို ဖြစ်စေကြောင်း အမှုများကို လေ့လာချက်အရ တွေ့ရှိရသည်။

နိဂုံးချုပ်အနေဖြင့်တင်ပြရလျှင် အထက်တွင် ဖော်ပြချက်များသည် အမျိုးသမီးနှင့် ကလေးသူငယ်များ အကြမ်းဖက်ခံရမှုများ အမှု (၁၀၀) ကို လေ့လာဆန်းစစ် တွေ့ရှိချက်များနှင့် ၎င်းအမှုများကို လိုက်ပါ ဆောင်ရွက်ခဲ့သော ရှေ့နေများ၏ ပြောဆိုချက်များ၊ အမှုသည်များ၏ ခံစားချက်များကို တရားမျှတမှု လက်လှမ်းမှီရရှိစေရေး၊ တရားဥပဒေစိုးမိုးရေး မြှင့်တင်ဆောင်ရွက်ရန်အတွက် သဘောရိုးဖြင့် တင်ပြထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေး မြှင့်တင်ဆောင်ရွက်ရာတွင်သော် လည်းကောင်း၊ အမျိုးသမီးများ၏ အကြမ်းဖက်မှုလျော့ကျတားဆီးရေးနှင့် တရားမျှတမှုလက်လှမ်းမှီ ရရှိရေးကို နိုင်ငံတော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးတွင် တစ်စိတ်တစ်ပိုင်း အကျိုးပြုမည် ဆိုပါက ပြုစုရကျိုးနပ်မည်ဖြစ်ပါ သည်။



# လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု



## (၁.၁) အသက် (၁၈) နှစ်အောက်မိန်းကလေးငယ်များကို ကျူးလွန်သည့်မုဒိမ်းမှုများ

### အမှတ်စဉ် (၁)

### အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ - - - - မြို့နယ်၌ ဒေါ်တိုးတိုးသည် (၁၅ - ၂ - ၂၀၁၅) ရက်နေ့ နေ့လည် (၁၂) နာရီ အချိန်တွင် စည်ပင်လိုင်းခန်းနေအိမ်၌ရှိနေစဉ် ခြေရင်းဘက်အခန်းနေ မောင်ဝင်းကို အသက် (၃၆ နှစ်) မှ ညစ်ညမ်းစွာဆဲဆိုပြီး သမီးဖြစ်သူ မမိုးမိုး အသက် (၁၁) နှစ်ကိုလည်း မတော်မတရား ပြုလုပ်ခဲ့ကြောင်း ပြောဆိုနေသဖြင့် သမီးဖြစ်သူအားမေးမြန်းရာ လွန်ခဲ့သောတစ်လခန့် ည (၁၀) နာရီကျော်အချိန်တွင် ဒေါ်တိုးတိုးသည် သန့်ရှင်းရေးလုပ်ဆောင်ရန် သွားရောက်စဉ် နေအိမ်၌

သမီးဖြစ်သူအား မောင်ဝင်းကိုမှ မိခင်ဖြစ်သူ ခေါ်ခိုင်းသည်ဟုပြောပြီး ခေါ်ဆောင်သွားခဲ့ကြောင်း၊ စည်ပင်လိုင်းခန်း အိမ်သာအနီး ခြံပုတ်အတွင်း သားမယားအဖြစ် ပြုကျင့်ကြောင်း သမီးဖြစ်သူအား ပြန်ပြောပါက သတ်ပစ်မည်ဟု သမီးဖြစ်သူအား ခြိမ်းခြောက်ကြောင်း၊ ဟိန္ဒူဘုရားကျောင်း အနီးတွင်လည်း သမီးဖြစ်သူအား မိဘအုပ်ထိန်းသူမသိဘဲ နေအိမ်မှခေါ်ဆောင်ပြီး သားမယားအဖြစ် ပြုကျင့်ကြောင်း၊ ထို့ကြောင့် မောင်ဝင်းကိုအား အရေးယူပေးပါရန် စခန်းတွင် တိုင်ချက်ဖွင့်ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားလိုပြသက်သေများ မလာခြင်း ၊ တရားခံပြသက်သေများ မလာခြင်းတို့ကြောင့် အမှုကြန့်ကြာခြင်း။
- တရားရုံးတွင် တနေကုန်အချိန်ပေးစောင့်ရခြင်း။ တချို့သက်သေများအနေဖြင့် လာရောက်မထွက်ဆိုကြ၍ အမှုကြန့်ကြာခြင်း။

**အမှုကြာချိန်** - (၉) လ၊ ရုံးချိန်း - (၃၁) ချိန်း

## အမှတ်စဉ် (၂)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ အသက် (၈) နှစ်အရွယ်ရှိသူ မသူသူမှာ (၁၈ - ၉ - ၂၀၁၃) ရက်နေ့ ည (၈) နာရီနောက်ပိုင်း ၎င်း၏အစ်မကို သွားကြိုရာလမ်းထဲရှိ ကုလားမန်ကျည်းပင်အနောက်မှ လူတစ်ယောက်က လက်ယက်လှမ်းခေါ်သဖြင့် ၎င်းက အစ်မအထင်ဖြင့်သွားရာ အစ်မမဟုတ်ဘဲ ရန်နိုင် အသက် (၁၅ နှစ်) ဖြစ်နေသည်ကို တွေ့ရသည်။ ၎င်းမှ ပြန်လှည့်မည် ပြုသော်လည်း ရန်နိုင်က လက်ကို အတင်းဆွဲပြီး ကျန်လက်တစ်ဖက်ဖြင့် ပါးစပ်ကိုပိတ်ကာ ထိုမန်ကျည်းပင်အနောက် ဆောက်လက်စအိမ်၏ ဝရန်တာကို ပွေ့ချီခေါ်တင်သွားခဲ့သည်။ ထို့နောက် ပါးစပ်ပိတ်ဖမ်းချုပ်ပြီး အဓမ္မပြုကျင့်ခဲ့သည်။ ရန်နိုင်က ၎င်း၏မိဘကို ပြန်ပြောလျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ထို့နောက် အိမ်သို့ပြန်လာပြီး ထမင်းစားနေစဉ် ည (၉) နာရီခန့်တွင် ၎င်း၏ ခြေသလုံးမှ သွေးများစီးကျလာသည်ကို မိဘများမှတွေ့ပြီး မေးသော်လည်း ကြောက်ပြီးမဖြေခဲ့ပါ။ ၎င်းတို့က မှော့ကောင်ဝင်သည်ဟုထင်ကာ မိခင်နှင့်အတူ စံပြဆေးရုံသို့သွား ဆေးစစ်ရာ မုဒိမ်းကျင့်ခံရကြောင်း သိရသည်။ ထို့နောက် မသူသူအား ချော့မေးရာ မောင်ရန်နိုင်မှ မုဒိမ်းကျင့်ကြောင်း ပြောဆိုခဲ့သဖြင့် မိဘများက အမှုသွားဖွင့်ခဲ့သည်။

## တရားရုံးစီရင်ချက်

တရားခံ ရန်နိုင်မှ ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အား ကျူးလွန်သဖြင့် ကလေးသူငယ် ဥပဒေ ပုဒ်မ - ၄၇၊ ပုဒ်မခွဲ (ဃ) အရ ကော့မှူးမြို့ လူငယ်သင်တန်းကျောင်းတွင် ထိန်းသိမ်းစောင့်ရှောက်ကာ အသက်ပြည့်သည်အထိ ခံယူစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- မျက်မြင်သက်သေမရှိသော်လည်း ပတ်ဝန်းကျင်အထောက်အထား ကွင်းဆက်မပြတ်သော သက်သေခံချက်များကြောင့် ထူးခြားသောအခက်အခဲမရှိပါ။

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၂၁) ချိန်း

## အမှတ်စဉ် (၃)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ ဒေါ်ဖြူဖြူသည် ဒေါ်မြတ်မြတ်၏ အိမ်ငှားဖြစ်သည်။ (၁၄ - ၇ - ၂၀၁၄) တွင် ဒေါ်ဖြူဖြူ၏ သမီးဖြစ်သူ မဖြူဖွေး အသက် (၁၁ နှစ်) က နေ့လည်အိမ်ထဲတွင် ခြင်ထောင်ထဲ၌ အိပ်နေသည်ကို အိမ်ရှင် ဒေါ်မြတ်မြတ်၏သား မောင်ဝေယံ အသက် (၁၇ နှစ်) မှ ခြင်ထောင်ထဲသို့ ဝင်ရောက်ပြီး ဘောင်းဘီမချွတ်ဘဲ မိန်းမကိုယ်ကို လက်ဖြင့်ကိုင်ခြင်း၊ တန်ဆာနှင့် ပွတ်ခြင်းများပြုလုပ်သည်ကို အိမ်ခြေရင်းခန်း၌နေသူ မဝင်းသော်တာက တွေ့ရှိ၍ မိခင်ဖြစ်သူ ဒေါ်ဖြူဖြူကိုပြောသည်။ သမီးမဖြူဖွေးကိုမေးမြန်းရာ ၎င်းအား ဝေယံက ပါးရိုက်မည်ဟု ခြိမ်းခြောက်သောကြောင့် မအော်ရဲကြောင်း၊ အလိုတူမဟုတ်ကြောင်း မဖြူဖွေးက မောင်ဝေယံက သူမအား ယောကျ်ားတန်ဆာဖြင့် တစ်ကြိမ်ပြုကျင့်ကြောင်း၊ လက်ဖြင့် (၄) ကြိမ် ပြုကျင့်ကြောင်း၊ ထိုသို့ ပြုလုပ်သည်ကို မဝင်းသော်တာကလည်း တွေ့မြင်ကြောင်း ဟုတ်မှန်ကြောင်း ပြောသဖြင့် ရဲစခန်းမှူးထံ တိုင်ကြားခဲ့သည်။

### တရားရုံးစီရင်ချက်

အမှုတွင် မျက်မြင်သက်သေများနှင့် ဆေးစစ်ချက်များအရ အပြစ်ရှိကြောင်း ထင်ရှားသောကြောင့် ကျူးလွန်သူ မောင်ဝေယံအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) ဖြင့် အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- နစ်နာသူ ကလေးသူငယ်ဖြစ်နေသောကြောင့် တရားရုံး၏အသုံးအနှုန်း၊ မေးမြန်းချက်များကို နားမလည်ခြင်း၊ မဖြေဆိုတတ်ခြင်း၊
- တန်ပြန်တရားစွဲမည်ဟု ခြိမ်းခြောက်ခံရခြင်း၊
- ရပ်ကွက်တွင်း အိမ်ငှားဖြစ်၍ ရပ်ကွက်မှ နှင်ထုတ်မယ်လို့ ခြိမ်းခြောက်ခြင်းခံရခြင်း။

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၂၄) ချိန်း

## အမှတ်စဉ် (၄)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ (၂၆ - ၄ - ၂၀၁၅) ရက်တွင် မောင်အောင်အောင် (၂၁ နှစ်) မှ မပြည့်ဖြိုး အသက် (၄ နှစ်) ကို နေအိမ်မှ ပေ (၃၀၀) ခန့် ဝေးသော ပြွန်ပေါက်သို့ခေါ်သွားပြီး ပါးစပ်ပိတ်၊ ပါးရိုက်၊ လည်ပင်းညှစ်ခြင်း၊ ၎င်း၏ မိန်းမကိုယ်အတွင်းသို့ ထိုးသွင်းခြင်းကို နှစ်နာသူကလေးမှ ပြောပြ၍ အုပ်ထိန်းသူမှသိရှိသဖြင့် ရဲစခန်းသို့ သွားရောက်တိုင်ကြားခဲ့သော အမှုဖြစ်သည်။ ဖြစ်စဉ်မှာ ဒေါ်တင်တင်သည် ရွာထဲသို့ အကြွေးတောင်းရန် ထွက်သွားပြီး ညနေပိုင်း နေအိမ်သို့ ပြန်လည်ရောက်ရှိလာစဉ် သမီးဖြစ်သူ ချိုချိုက မပြည့် ဖြိုးကို ချီထားသည်ကို တွေ့ရသည်။ မချိုချိုက မပြည့်ဖြိုးကို ပေတစ်ရာခန့်ဝေးသည့် ပြွန်ပေါက်တွင် တွေ့၍ခေါ်လာခဲ့ကြောင်း ပြောပြသည်။ မပြည့်ဖြိုးကို မေးကြည့်ရာ မောင်အောင်အောင်မှ အိမ်ရှေ့လမ်းပေါ်တွင် မုန့်ကျွေးမည်ဟုပြောပြီး ခေါ်သွားကာ ပါးစပ်ပိတ်၊ ပါးရိုက်၊ လည်ပင်းညှစ်ခြင်းတို့ ပြုလုပ်သည်။ ထို့ပြင် မပြည့်ဖြိုး၏ မိန်းမကိုယ်အတွင်းသို့ မောင်အောင်အောင်က ၎င်း၏အင်္ဂါကို ထိုးသွင်းသည်ဟု ပြောပြတိုင်တန်းခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

ပြစ်မှုကျူးလွန်သူ မောင်အောင်အောင်အား ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိန်းမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်နှင့် ရာဇသတ်ကြီး ပုဒ်မ - ၃၂၃ (မိမိ အလိုအလျောက် နာကျင်စေမှု) ဖြင့် ထောင်ဒဏ် (၁) နှစ်၊ သီးခြားစီကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမိန့်ချသည့်နေ့တွင် တရားခံမှာ မျက်နှာအမူအရာဖြင့် ခြိမ်းခြောက်မှုရှိခြင်း။

**အမှုကြာချိန်** - (၁၁) လ၊ ရုံးချိန်း - (၃၁) ချိန်း

## အမှတ်စဉ် (၅)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်နေ ဒေါ်စိန်နုသည် (၁၃ - ၇ - ၂၀၁၄) ရက် နေ့လည် (၂) နာရီ အချိန်ခန့်တွင် နေအိမ်၌ရှိနေစဉ် ညီမ မခင်ခင် ရောက်လာပြီး တရားလို ဒေါ်စိန်နု၏ သမီးဖြစ်သူ မခင်သန်းမြင့် (၁၄ နှစ်၊ ၄ လ) အား ငွေလှိုင်အသက် (၃၉ နှစ်) မှ လွန်ခဲ့သော (၁၀) ရက်ခန့်က ၎င်း၏ နေအိမ်သို့ ခေါ်ဆောင်သွားကြောင်း ပြောပြသည်။ မခင်သန်းမြင့်သည် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ တစ်ဦးဖြစ်သည်။ မခင်သန်းမြင့်အား မေးမြန်းရာ ၎င်းမုန့်သွားဝယ်စားသည့် နေ့တစ်နေ့တွင် ငွေလှိုင်နှင့် တွေ့ပြီး မုန့်ဖိုးပေးမည်ဟုပြောကာ အိမ်ပေါ်သို့ခေါ်ပြီး အလိုမတူဘဲ ၎င်း၏ ရင်သားကိုစုပ်ခြင်း၊ နမ်းခြင်းတို့ ပြုလုပ်ပြီး လိင်ဆက်ဆံခဲ့ကြောင်းပြောပြသဖြင့် မိခင်ဒေါ်စိန်နုမှ တရားစွဲဆို တိုင်တန်းခဲ့ခြင်း ဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် ကျူးလွန်သူအား ရာဇသတ်ကြီးဥပဒေပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၈) နှစ် ကျခံစေရန် ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ဆရာဝန်မှ အလုပ်မအားဟု အကြောင်းပြကာ စစ်ဆေးရန်အတွက် ရုံးချိန်း (၇) ချိန်း ကြာခဲ့ခြင်း။
- နစ်နာသူမှာ (၁၄) နှစ် (၄) လ သာရှိပြီး စိတ်ပိုင်းဆိုင်ရာ မသန်စွမ်း၊ ဝေဒနာခံစားနေရသူ ဖြစ်သဖြင့် အမှုစစ်ဆေးရာတွင် အခက်အခဲရှိခြင်း။
- နစ်နာသူအား ထိရောက်သော ဆေးဝါးကုသခံရမှုဆိုင်ရာ အားနည်းချက်ရှိခြင်း။
- တရားရုံး၊ ရဲစခန်းများတွင် မသန်စွမ်းသူများအတွက် အထူးသီးသန့် စီစဉ်ပေးမှု အားနည်းခြင်း။

**အမှုကြာချိန်** - (၁၂) လ၊ ရုံးချိန်း - (၃၃) ချိန်း

## အမှုတွဲ (၆)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၁၁ - ၉ - ၂၀၁၆) နေ့က တရားလိုသည် နံနက် (၉) နာရီခန့်တွင် နေအိမ်၌ သမီး မခင်လေးနွယ် (၈ နှစ်) ၊ ခင်လေးသွယ် (၄ နှစ်) နှင့် မြေးဖြစ်သူ မောင်ဖိုးထူးတို့ကို ထားခဲ့ပြီး ရွှေမြိုင်သီရိရပ်ကွက် စက်တွင်းရပ်ရှိ ဒေါ်မြမြစိုးနေအိမ်သို့ အဝတ်လျှော်ရန် သွားခဲ့သည်။ နေ့လည် (၁) နာရီခန့် နေအိမ်သို့ပြန်လာရာ အိမ်ရှေ့အရောက် အိမ်နီးချင်း ဝင်းဝင်း (ခ) မဝင်းဝင်းသူက ဒေါ်ကြည်မြ၏သမီး ခင်လေးနွယ်ကို ဒေါ်ကြည်မြ၏သမက် ဇော်ဝင်းမောင်က မတရားပြုကျင့်ကြောင်း၊ လူကြီးကိုသွားတိုင်သင့်ကြောင်း ပြောသဖြင့် သမီးဖြစ်သူ ခင်လေးနွယ်အား မေးကြည့်ရာ အစ်ကို ဇော်ဝင်းမောင်မှ ၎င်းကို ဘောင်းဘီချွတ်ပြီး ခေါင်းအုံးပေါ်တင်ပြီး ပြုကျင့်ကြောင်းနှင့် ပြုကျင့်နေစဉ် ပုခက်ထဲက ကလေးငိုနေသောကြောင့် သွားလွှဲဦးမယ်ပြောသဖြင့် လွှတ်ပေးလိုက်ကြောင်း၊ သို့သော် ဇော်ဝင်းမောင်က ၎င်းနောက်လိုက်ပြီး ဘောင်းဘီကိုချွတ် နောက်ကနေလုပ်ကြောင်း၊ နာတယ်ပြောသဖြင့် ကိုဇော်ဝင်းမောင်က ပါးစပ်ပိတ်ပြီးဆက်လုပ်ကြောင်း၊ ၎င်းက သေးပေါက်ချင်၍ ခဏလွှတ်ပေးပါ နောက်ပြန်လာခဲ့မည်ပြောပြီး လွှတ်ပေးသဖြင့် အိမ်အောက်သို့ပြေးဆင်းကာ ပြည့်ပြည့်၊ ဖိုးလုံး၊ ခင်လေးသွယ်တို့ကို သွားခေါ်ကြောင်း ရှူးပေါက်တဲ့နေရာ နာနေကြောင်း ပြောပြသိရသဖြင့် သမီးဖြစ်သူ မခင်လေးနွယ်အား အလိုမတူဘဲသားမယားအဖြစ် ပြုကျင့်ရန် ကြံစည်အားထုတ်သူ ဇော်ဝင်းမောင်အား အရေးယူပေးပါရန် တိုင်ကြားခဲ့သောအမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံ ဇော်ဝင်းမောင်အား ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အပြစ်ရှိကြောင်း ထင်ရှား၍ ထောင်ဒဏ် (၁၀) နှစ်ကျခံစေရန် ချုပ်ရက်များကို ထောင်ဒဏ်မှ ထုတ်နှုတ်ခံစားစေရန် အမိန့်ချသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများဝတ်ဆင်ကာ စစ်ဆေးခြင်းကြောင့် ကလေးမှကြောက်ရွံ့မှုရှိသဖြင့် ထွက်ဆိုချက် အဆင်မပြေခြင်း။

**အမှုကြာချိန်** - (၈) လ၊ ရုံးချိန်း - (၂၄) ချိန်း

# အမှတ်စဉ် (၇)

## အမှုဖြစ်စဉ်အကျဉ်း

ရောဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၊ မဒီးဒီး အသက် (၇) နှစ်သည် မစိုးစိုး၏ ညီမဖြစ်သည်။ တရားခံမြင့်မောင် အသက် (၃၇ နှစ်) သည် မစိုးစိုး၏ ယောကျ်ားဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်မေဦးမှာ တစ်လပြည့်ဆွမ်းသွပ်အလှူသွားနေသဖြင့် မဒီးဒီးအား သမီးဖြစ်သူ မစိုးစိုးအိမ်တွင် အပ်ထားခဲ့ပါသည်။ မစိုးစိုးသည် အဘွားဖြစ်သူအိမ်သို့ ခဏသွားပြီး ပြန်လာသောအခါ ခန်းစီးကာထားခြင်းမရှိသော မိမိတို့အိပ်နေကျနေရာတွင် စောင်ဖြင့်ကာထားသည်ကို တွေ့ရသဖြင့် ခင်ပွန်းဖြစ်သူအား ၎င်း၏ညီမ ဒီးဒီးနှင့် အခန်းတွင်းတွေ့ရပြီး ၎င်းညီမ ဒီးဒီးမှာ ဘောင်းဘီမရှိဘဲ ကျွတ်နေပြီး ၎င်းညီမ၏အင်္ဂါထဲသို့ ခင်ပွန်းမြင့်မောင်မှ လက်ဖြင့်ထိုးသွင်းကိုင်နေကြောင်း တွေ့ရသည်။ ထို့ကြောင့် မိခင်ဖြစ်သူ ဒေါ်မေဦးမှ တရားလိုပြုလုပ် တိုင်တန်းခဲ့ခြင်းဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

ပြစ်မှုကျူးလွန်သူ တရားခံမြင့်မောင်အား ရာဇသတ်ကြီးပုဒ်မ - ၃၇၇ (ဓမ္မတာနှင့် ဆန့်ကျင်သောပြစ်မှု) အရ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် ချမှတ်လိုက်သည်။


### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးမှာ သက်ဆိုင်ရာမြို့နယ်တွင် မဟုတ်ဘဲ ခရိုင်ရုံးတွင်ဖြစ်သဖြင့် ခရီးစရိတ် မတတ်နိုင်သောကြောင့် ရုံးချိန်းများကို ပုံမှန်မလာနိုင်ခဲ့ခြင်း၊
- ရဲစခန်းတွင် အမှုဖွင့်စဉ် အော်ဝေါက်ပြီး မေးမြန်းခံရခြင်း၊
- တရားရုံးတွင် စစ်ဆေးခံရသည့်အခါ တချို့ဥပဒေအသုံးအနှုန်းမေးခွန်းများကို နားမလည် သောကြောင့် မဖြေဆိုနိုင်ခြင်း၊
- အမှုဖြစ်သည့်အခါ မည်သို့မည်ပုံ သွားတိုင်ရမည်ကိုလည်း မသိရှိခြင်း။

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၂၅) ချိန်း

## အမှတ်စဉ် (၈)

## အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ --- မြို့နယ်ရှိ ဒေါ်မြမြသည် ပြည့်ဖြိုး လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်ကိုင်သူဖြစ်သည်။ (၁ - ၄ - ၂၀၁၅) နံနက် (၄) နာရီခန့်တွင် အလုပ်လုပ်ရန် ထွက်သွားရာ အိမ်တွင် သမီးဖြစ်သူ မခင်ခင်ဝင်း အသက် (၁၃ နှစ် ၂ လ) ကျန်ခဲ့သည်။ ထို့ပြင် သမီးအေးအေးမာနှင့် အရက်သောက်တတ်သည့် သားဖြစ်သူ မောင်အောင်ကိုတို့လည်း အိပ်ကျန်ခဲ့သည်။ ထို့နောက် သမီး မအေးအေးမာမှ ပြန်လာခဲ့ရန် ဖုန်းဆက်ပြောရာ အိမ်သို့ပြန်သည်။ အိမ်တွင် သမီးမခင်ခင်ဝင်းမှ အသားများတုန်ကာ ချွေးများထွက်နေသဖြင့်မေးရာ အမျိုးသားတစ်ဦးက ခြင်ထောင်ထဲဝင်ကာ သူမတစ်ကိုယ်လုံးကိုစမ်းပြီး ဘောင်းဘီချွတ်ကာ မိန်းမကိုယ်အား လက်ဖြင့် ထိုးနှိုက်ခဲ့ကြောင်း ပြောသည်။ သို့သော် မည်သူမည်ဝါမှန်း မသိပေ။ နောက်မှ ပြုကျင့်သူသည် သမီးမဖြူနှင့် အလုပ်အတူတူလုပ်နေသော ခိုင်ဦး (အသက် ၃၈ နှစ်) ဖြစ်ကြောင်းသိရ၍ ရာအိမ်မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

## တရားရုံးစီရင်ချက်

အမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များအရ တရားခံသည် မခင်ခင်ဝင်းကို အလိုမတူဘဲ ကာမစပ်ယှက်ရန် အားထုတ်ခဲ့သဖြင့် ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ လည်းကောင်း၊ ညအချိန် နေအိမ်အပေါ် ကျော်နင်းဝင်ရောက်ခဲ့သဖြင့် ပုဒ်မ - ၄၅၇ အရလည်းကောင်း အရေးယူအပြစ်ပေးရန်ဖြစ်သည်။ ထို့ကြောင့် ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှု ကျူးလွန်ရန် အားထုတ်မှု) အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်၊ ရာဇသတ်ကြီးပုဒ်မ - ၄၅၇ (ထောင်ဒဏ်ထိုက်သည့် ညဥ့်အချိန် ပုန်းလျှိုး အိမ်ကျော်နင်းမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၂) နှစ်ကို သီးခြားစီကျခံစေဟု အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိကာ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- ငွေကြေးဖြင့် စည်းရုံးခံရခြင်း။
- တချို့မလိုအပ်ဘဲ ပြန်ခေါ်စစ်မေးခြင်းကြောင့် အမှု ကြန့်ကြာခြင်း၊
- တရာရုံးတွင် တစ်နေကုန် အချိန်ပေးရ၍ အဆင်မပြေမှုရှိခြင်း၊
- တရားရုံးတွင် စောင့်ဆိုင်းနေစဉ် ထိုင်စရာခုံမရှိပဲ ဖိနပ်ချွတ်နှင့်ရုံး၏ စင်္ကြံ တွင်ထိုင်နေရခြင်း၊
- တရားခွင်တွင်လည်း ခုံအနည်းငယ်သာရှိခြင်း။ ရှေ့နေများ အဆင်မပြေခြင်း၊

**အမှုကြာချိန်** - (၁၅) လ၊ ရုံးချိန်း - (၃၆) ချိန်း

## အမှတ်စဉ် (၉)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ (၁၅ - ၁၀ - ၁၄) ရက်နေ့ ည (၉း၀၀) နာရီခန့်တွင် ဒေါ်မြင့်မြင့်သည် မောင်တူး အသက် (၁၄ နှစ်) နှင့် အကြွေးတောင်းရာမှ တံတားကလေး ဘုတာဘက်သို့ သွားရန်မှောင်နေသဖြင့် မောင်တူးအား အိမ်ပြန် လျှပ်စစ်မီးအိမ် ယူခိုင်းသည်။ ကြာနေသဖြင့် ခင်ပွန်းဖြစ်သူကို စိုးခိုင်အားခေါ်၍ အိမ်ပြန်ရာ သမီးမေဖူး (၁၁ နှစ်) မှာ ဘောင်းဘီသည် ဆီးခုံအပေါ်ထိ လျှောကျနေပြီး ဘောင်းဘီ၏ ဝဲဘက်အောက်နှုတ်ခမ်းတွင် သုတ်ရည်များ ပေနေသည်ကို တွေ့ရသည်။ ထို့ကြောင့် မောင်တူးအားမေးရာ စိတ်မထိန်းနိုင်၍ ဘောင်းဘီအား အောက်သို့ဆွဲချ၍ မိန်းမအင်္ဂါအား ပွတ်ကိုင်ကာ မိမိတန်ဆာအား လက်ဖြင့် သာယာအောင်ပြုလုပ် ထွက်လာသောအရည်များကို ဘောင်းဘီတွင်သုတ်ခဲ့သည်ဟုပြောသည်။ ထို့ကြောင့်မောင်တူးအား မုဒိမ်းကျင့်ရန် အားထုတ်ခဲ့သဖြင့် တိုင်ကြားခဲ့သည်။

## တရားရုံးစီရင်ချက်

တရားခံ မောင်တူးသည် ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန်အားထုတ်မှု) အရ အပြစ်ထင်ရှားသဖြင့် ကလေးသူငယ်ဥပဒေပုဒ်မ - ၄၇ (ဃ) အရ (၅ - ၄ - ၂၀၁၆) မှ (၅ - ၄ - ၂၀၁၈) အထိ (၂) နှစ်တိတိ ရန်ကုန်တိုင်း ဌက်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ပို့ရန် အမိန့် ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုစစ် ရဲအရာရှိအား စစ်ဆေးရန် (၇) ချိန်းတိုင် ကြာမြင့်ခဲ့ခြင်း၊
- အပြီးသတ်လျှောက်လဲချက်ပေးရာတွင် တရားခံရှေ့နေမှ အဆင်သင့်မဖြစ်သောကြောင့် (၃) ချိန်း ချိန်းခဲ့ရခြင်း၊
- ရုံးချိန်းများခြင်းကြောင့် ကျူးလွန်ခံရသူများမှာ တစ်နေ့ကုန်အလုပ်ပျက်ပြီး တရားရုံးကို အချိန်ပေးလာရောက်ရခြင်း၊

**အမှုကြာချိန်** - (၁၈) လ၊ ရုံးချိန်း - (၄၄) ချိန်း

# အမှတ်စဉ် (၁၀)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ် ဦးထူးထူးသည် (၁၁ - ၁၀ - ၁၃) ရက်နေ့ နံနက် (၃း၀၀) နာရီ ခန့်တွင် မိသားစုနှင့် အိပ်ပျော်နေစဉ် တစ်ရပ်ကွက်တည်းနေ၊ တစ်လမ်းတည်းနေ၊ နှစ်အိမ်ကျော်ရှိ မောင်ထွန်းထွန်း အသက် (၂၂ နှစ်) သည် အိမ်ခေါင်းရင်းတွင် ကာရံထားသော ဓနိအားဖြဲဝင်ပြီး အိပ်ပျော်နေသော သမီးမဖြူသန့် (၁၃) နှစ်၏ မိန်းမကိုယ်ကို လက်နှင့်ပွတ်သပ် ကိုင်တွယ်ကာ ကိုယ်ပေါ်ခွရန်ကြံနေစဉ်တွင် သမီးဖြစ်သူလန့်အော်ရာ တရားခံ မောင်ထွန်းထွန်းသည် အိမ်ပေါ်မှ ဆင်းပြေးသွားသည်။ ဦးထူးထူးသည် ပတ်ဝန်းကျင်ကို အကူညီတောင်းကာ သမက်နှင့်အတူ လိုက်ရှာဖွေသည်။ မောင်ထွန်းထွန်းသည် ထွက်ပြေးတိမ်းရှောင်သွား ပြီး မနက်မိုးလင်းသောအခါ ဈေး သွားရောင်းသည်။ နေ့လည်ခန့်တွင် တရားလို ဦးထူးထူးသည် တရားခံမောင်ထွန်းထွန်း ပြန်ရောက် နေကြောင်း ရဲစခန်းသို့ သွားရောက်တိုင်ကြားသည်။ ထို့နောက် ရဲစခန်းတွင် ပထမ သတင်းပေး တိုင်ချက်ဖွင့်ကာ တရားခံကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ - ၄၅၇ နှင့် ၄၇၇ နှင့် ၃၇၆/၅၁၁ တို့နှင့် တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

မောင်ထွန်းထွန်းသည် ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ ပြစ်မှု ထင်ရှားသည့်အတွက် အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ချမှတ်သည်။ ချုပ်ရက်ကို ထုတ်နှုတ်ခံစားခွင့် ပြုသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေထွက်ဆိုပေးရန် အိမ်နီးချင်းများမှ တစ်ရပ်ကွက်တည်း နေသူများဖြစ်သောကြောင့် ထွက်ဆိုရန် ငြင်းဆန် ခြင်း။။
- တချို့သက်သေထွက်ဆိုရာတွင် ထောက်ထားစရာများရှိသဖြင့် ပြည့်စုံစွာ မထွက်ဆိုခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၁) ချိန်း

**အမှတ်စဉ် (၁၁)**

**အမှုဖြစ်စဉ်အကျဉ်း**



ရန်ကုန်တိုင်းဒေသကြီး၊ --- မြို့နယ်၌ ဒေါ်မူမူအေးနှင့် မျိုးသူရ (၃၂ နှစ်) တို့သည် ခင်မင်ရင်းနှီးကြသည်။ ထို့ပြင် ဒေါ်မူမူအေး၏ ကလေးများနှင့် မျိုးသူရ အသက် (၃၂ နှစ်) နှင့်လည်း ရင်းနှီးကာ မုန့်ဝယ်ကျွေးလေ့ရှိသည်။ ဒေါ်မူမူအေးသည် (၅ - ၂ - ၂၀၁၃) နေ့က ခင်ပွန်းဖြစ်သူမှ အမှုရင်ဆိုင်နေရ၍ တရားရုံးသွားသည့်အတွက် ၎င်း၏သမီးဖြစ်သူများဖြစ်သည့် မိုးမိုး (၆ နှစ်) နှင့် နှင်းနှင်း (၃ နှစ်) တို့ အိမ်တွင်ကျန်ခဲ့သည်။ ထိုစဉ် မျိုးသူရရောက်လာကာ မမိုးမိုးအား သကြားလုံးကျွေးပြီး ကန်စွန်းရွက်

သွားရူးရန် ခေါ်သည်။ ကောင်းမြတ်လည်း ပါလာသည်။ သို့သော် ကောင်းမြတ်ကို အခြားနေရာသို့ လွှတ်ကာ မမိုးမိုးအား ခရာချုံထဲသို့ခေါ်ကာ မိန်းမအင်္ဂါကို ပွတ်သပ်ခြင်း၊ ယောက်ျား တန်ဆာဖြင့် ပွတ်သပ်ခြင်းများ ပြုလုပ်သည်ကို ကောင်းမြတ်ကတွေ့ရာ ဘာလုပ်တာလဲဟုမေးသည်။ မျိုးသူရမှ ချီးကုန်းပေးခြင်းဖြစ်ကြောင်းပြောရာ မဖြစ်နိုင်သောကြောင့် မိုးမိုးအမေနှင့် တိုင်မည်ဖြစ်ကြောင်း ပြောသည်။ ထို့ ကြောင့် မျိုးသူရသည် ကောင်းမြတ်ကို ခရာဆူးဖြင့်ရိုက်သည်။ မိုးမိုးကိုလည်းရိုက်သည်။ ပြန်ပြောလျှင် ရိုက်မည် ဟုလည်း ခြိမ်းခြောက်သည်။ ထို့နောက် မျိုးသူရသည် မိုးမိုးကို အိမ်သို့ပြန်ပို့ပြီး ရေချိုးပေးသည်။ ပိုက်ဆံ ၅၀ကျပ် ပေးသည်။ ညရောက်သောအခါ မိုးမိုးက မိန်းမကိုယ် နာကျင်သည်ဟု ပြော၍ ဒေါ်မူမူအေးမှမေးမြန်းရာ ဖြစ်စဉ်ကို ပြောပြသည်။ ထို့ကြောင့် မိခင်ဖြစ်သူမှ အမျိုးသမီးရေးရာ အဖွဲ့ထံ သွားရောက်ပြောကာ ရဲစခန်းတွင် တိုင်ကြားခဲ့သည်။ တရားခံကို ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၇၆/၅၁၁ အရ တရားစွဲသည်။

## တရားရုံးစီရင်ချက်

တရားခံ မျိုးသူရကို ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်အရန် အားထုတ်မှု) အရ အလုပ် နှင့် ထောင်ဒဏ် (၅) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။

**အမှုတွင်ကြုံရသောအခက်အခဲများ**

- ကလေးမှ တရားရုံး၏ မေးမြန်းချက်များကို နားမလည် မဖြေဆိုတတ်ခြင်း၊
- ကာယကံရှင်နစ်နာသူမှ တရားရုံးတွင် ကြောက်၍ထွက်ဆိုရာတွင် ထွက်ဆိုချက် ကွဲလွဲသဖြင့် ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) မှ ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၈) ချိန်း

# အမှတ်စဉ် (၁၂)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်နေ၊ ဒေါ်မူမူသည် (၈ - ၇ - ၂၀၁၃) တွင် သားသမီးများဖြစ်သည့် တီတီ (၁၈ နှစ်)၊ မောင်လတ် (၇ နှစ်)၊ မဝင်းဝင်း (၈ နှစ်)၊ မမီးမီး (၁ နှစ်) တို့ကိုထားခဲ့ကာ ရန်ကုန်တွင် အလုပ်လုပ်နေသော ခင်ပွန်းထံသို့ သွားရောက်နေသည့် အချိန်တွင် မောင်ပု အသက် (၂၇ နှစ်) ဆိုသောသူသည် ည (၆း၃၀) အချိန်တွင် ဒေါ်မူမူတို့ နေအိမ်ပေါ်သို့ တက်ကာ မဝင်းဝင်း အသက် (၈ နှစ်) အား အပေါ်မှတက်ခွ၍ ငြိမ်ငြိမ်နေ၊ အသံမထွက်နဲ့၊ နင့်အဖေနဲ့ အမေကို ပြန်ပြောရင် သတ်ပစ်မည်ဟု ပြော၍ ပုဆိုးကိုချွတ်နေသည်။ မောင်ပု အိမ်ပေါ်သို့တက်သွားသည်ကို အိမ်နားတွင် ပန်းကန်ဆေးနေသော မလွင်မှတွေ့၍ သွားကြည့်ရာ ပုဆိုးကို လှန်၍ မဝင်းဝင်းအပေါ် တက်ခွနေသော တရားခံ မောင်ပုကို တွေ့ရသည်။ ထို့ကြောင့် လန့်၍ ပန်းကန်လွတ်ကျသွားရာ မောင်ပုမှမြင်သွား၍ ဆင်းလာပြီး အိမ်ပေါက်ဝတွင် ထိုင်နေသည်။ မလွင်လည်း ထိုကိစ္စကို မအိအိဝင်းအား ပြောပြပြီး ရပ်ကွက်လူကြီး အား သွားခေါ်သည်။ ရပ်ကွက်လူကြီးများ ရောက်လာစဉ် ဒေါ်အုန်းမြင့်မှ မြင်ရတာ ကြည့်မကောင်း ဘူး၊ သားသမီးချင်း ကိုယ်ချင်းမစာဘူးဟု ပြောရာ မောင်ပုမှာ ဆင်းပြေးမည်လုပ်သဖြင့် လူများက ဝိုင်းဖမ်း ထားပြီး တရားခံ မောင်ပုကို ရာဇသတ်ကြီးဥပဒေပုဒ်မ - ၃၇၆/၅၁၁ အရ တရားစွဲဆိုသောအမှု ဖြစ်သည်။

## တရားရုံးစီရင်ချက်

ကျူးလွန်သူ တရားခံ မောင်ပုအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ ပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ကျူးလွန်ခံရသူမှာ အသက် (၈) နှစ်သာရှိ၍ တရားရုံးတွင် စစ်ဆေးမေးမြန်းသည်များကို နားလည်မှုမရှိ၍
- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၂၀) ချိန်း

# အမှုတွဲ (၁၃)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်မှ မအေးအေးသည် (၂၄ - ၁၁ - ၂၀၁၄) ရက်၊ နံနက် (၉) နာရီခန့်တွင် သမီးဖြစ်သူ မဝေဝေ အသက် (၂ နှစ် ၆လ) ကို မူကြိုသို့ပို့သည်။ နေ့လည် (၁၂) နာရီခန့်တွင် မူကြိုဆရာမမှ မအေးအေးထံ ဖုန်းဆက်ပြီး ၎င်း၏သမီး မဝေဝေသည် အောင့်တယ်၊ အောင့်တယ်ဟု ပြောပြီး ငိုနေကြောင်း အကြောင်းကြားသည်။ ထို့ကြောင့် မူကြိုမှသွားခေါ်၍ အိမ်ရောက်သောအခါ အကျိုးအကြောင်း မေးသည်။ သမီးဖြစ်သူမှ မောင်နီ အသက် (၂၃) နှစ်လက်နှင့်နှိုက်ကြောင်းပြော၍ ၎င်း၏ မိန်းမအင်္ဂါကို ညွှန်ပြသည်။ ကြည့်လိုက်ရာ မိန်းမအင်္ဂါမှာ နီရဲပြီးရောင်နေသဖြင့် ဆေးခန်းပြခဲ့သည်။ (၂၃ - ၁၁ - ၂၀၁၄) ကလည်း မောင်နီမှ ထိန်းပေးမည်ဟု ပြောပြီး အနောက်ထိပ်ရှိ ဓမ္မရုံအနီးသို့ ခေါ်သွားကာ လက်နှင့်နှိုက်ကြောင်း သိရသည်။ ထို့နောက် သမီး၏အင်္ဂါသည် မသက်သာသောကြောင့် (၃ - ၁၂ - ၂၀၁၄) တွင် ရန်ကင်းကလေးဆေးရုံသို့ပြရာ အင်္ဂါအမေးမှာ ရောင်နေကြောင်းပြော၍ ပြင်ပလူနာ အဖြစ် ကုသမှုခံယူခဲ့ရသည်။ ထို့ကြောင့် ရဲစခန်းတွင် တိုင်တန်းပြီး ရာဇသတ်ကြီးဥပဒေပုဒ်မ - ၃၇၇ အရ တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံမောင်နီအပေါ် ရာဇသတ်ကြီးပုဒ်မ - ၃၇၇/၅၁၁ (ဓမ္မတာနှင့်ဆန့်ကျင်သောပြစ်မှုကို ကျူးလွန်ရန် အားထုတ်မှု) အရ အလုပ်နှင့်ထောင်ဒဏ် (၂) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေများ လာရောက်ထွက်ဆိုမှု အားနည်းခြင်း၊
- မျက်မြင်သက်သေမရှိသည့်ပြင် ကလေးထွက်ဆိုချက်ကို ထောက်ခံသက်သေအားနည်းခြင်း၊
- သက်ဆိုင်ရာသို့ သွားတိုင်ရာတွင် အကြိမ်ကြိမ်သွားတိုင်မှ အမှုဖွင့်ပေးခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၈) ချိန်း

# အမှတ်စဉ် (၁၄)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်ရှိ မလုံးလုံးသည် ညီမ မချိုချို အသက် (၁၂ နှစ်) နှင့်အတူ နေထိုင်သည်။ (၂၈ - ၅ - ၂၀၁၅) ၊ နေ့လည် ၂း၀၀ နာရီ အချိန်တွင် အိမ်နောက်ဖေး၌ အိပ်နေချိန်တွင် လမ်းထိပ်တွင် ဆိုက်ကားနင်းသော မောင်ထွန်း အသက် (၂၆) နှစ်သည် ညီမဖြစ်သူမချိုချို၏ ထဘီနှင့် အတွင်းခံဘောင်းဘီတို့ကို ဆွဲချွတ်ပြီး၊ သားမယားအဖြစ် ပြုကျင့်အားထုတ်ခဲ့သည်။ ရုန်းကန်သော်လည်း လက်ကိုချုပ်ကိုင်ထားသောကြောင့် မရပေ။ ထို့ကြောင့် ညီမသည် အစ်မဖြစ်သူ မလုံးလုံးအား ပြောပြပြီး တိုင်ကြားခဲ့သည်။ ထို့ကြောင့် အစ်မ ဖြစ်သူ မလုံးလုံးက တရားလိုပြုလုပ်ပြီး တိုင်တန်းခဲ့သော အမှုဖြစ်သည်။ ရာဇသတ်ကြီးပုဒ်မ - ၃၇၆ အရ တရားစွဲဆိုသည်။

## တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် ချမှတ်လိုက်သည်။

**အမှုတွင်ကြုံရသောအခက်အခဲများ**

- သက်သေများမှ တရားရုံးကို လာရောက်ထွက်ဆိုပေးရန် ကြောက်ရွံ့ငြင်းဆိုကြခြင်း၊
- တရားခံအားမြင်တွေ့နေရသဖြင့် တရားရုံးတွင် ထွက်ဆိုချက်ပေးရာတွင် စိုးရိမ်မှုရှိခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၃) ချိန်း

## အမှတ်စဉ် (၁၅)

### အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်းတွင် (၁၅ - ၆ - ၂၀၁၄) နှစ် နေ့လည် (၁၂) နာရီခန့်တွင် တရားလို ဒေါ်ဝင်းဝင်း ဈေးရောင်း နေစဉ် လက်ဖက်ရည်ဆိုင်မှ မဦးဆိုသူ ထမင်းလာဝယ်ရင်း ၄င်းမြင်တွေ့ခဲ့သည့် အမြင်မတော် ဖြစ်နေသော တရားလိုဒေါ်ဝင်းဝင်း၏ မြေးများဖြစ်သည့် မဖြိုးဖြိုး အသက် (၈ နှစ်) နှင့် မစုစု အသက် (၅ နှစ်) တို့အား တုတ်ထိုးရောင်းသော ဦးမောင်မောင် (၅၇ နှစ်) မှ ပေါင်ပေါ်တွင်တင်ကာ ပုဆိုးလှန် ပေါင်ကားပြီး မဖြိုးဖြိုးနှင့် မစုစုတို့အား ဘောင်းဘီများချွတ်ခိုင်းပြီး ခွထိုင်ခိုင်းကာ ထိုင်ထ ပြုလုပ်ခိုင်း နေသည်ကို မြင်တွေ့ခဲ့ရကြောင်း ပြောပြသိရှိသဖြင့် မဖြိုးဖြိုးနှင့် မစုစုတို့မှလည်း ဟုတ်မှန်ကြောင်း ပြောဆိုခဲ့ပြီး ရပ်ကွက်ထဲရှိ ဒေါ်ဘုမနှင့် မစိုးတို့လည်း မြင်တွေ့ကြောင်း ပြောပြခဲ့ ဦးမောင်မောင် အသက် (၅၇ နှစ်) အား အရေးယူပေးပါရန် အမှုဖွင့်တိုင်တန်းခဲ့ပါသည်။

### တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ပြစ်မှုထင်ရှားသဖြင့် တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကျခံစေရန်၊ ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် (၅) နှစ်ကျခံစေရန် ပြစ်ဒဏ် (၂) ရပ်အား သီးခြားကျခံစေရန် အမိန့်ချမှတ်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့် စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအား စစ်ဆေးရာတွင် ရှက်ကြောက်မှုရှိခြင်း၊
- တရားခံဘက်မှ ငွေကြေးဖြင့်စည်းရုံးခြင်းကြောင့် သက်သေထွက်ဆို မလိုက်လိုကြခြင်း။
- ငွေကြေးအခက်အခဲရှိ တရား ရုံးသို့ ပုံမှန်မလာနိုင်ခြင်း၊

**အမှုကြာချိန်** - (၈) လ၊ ရုံးချိန်း - (၃၀) ချိန်း

## အမှတ်စဉ် (၁၆)

## အမှုဖြစ်စဉ်အကျဉ်း

ကချင်ပြည်နယ်၊ - - - မြို့၌ (၁၀ - ၉ - ၂၀၁၅) ရက်နေ့၊ ညနေ (၂း၃၀) နာရီချိန်ခန့်တွင် ဒေါ်နု၏ သမီးဖြစ်သူ မသဉ္ဇာ အသက် (၃) နှစ်အား မောင်ဖြူ အသက် (၃၅) နှစ်ဆိုသူမှ ချောင်းတွင် ငါးဖမ်းရအောင်ဟုပြောဆိုကာ ခေါ်သွားပြီး ချောင်းဘေးရိုကိုင်းတောထဲတွင် မသဉ္ဇာ၏ အင်္ကျီအား ယာဖက်လက်ညှိုးဖြင့် ပွတ်သပ်ထိုးသွင်းကာ ကလိခဲ့၍နာကျင်နေကြောင်း သမီးဖြစ်သူမှ မိခင်အား ပြောပြသဖြင့် မိခင်ဖြစ်သူဒေါ်နုမှ တိုင်ကြားခဲ့ခြင်းဖြစ်သည်။

## တရားရုံးစီရင်ချက်

အမှုတွင် ပြစ်မှုကျူးလွန်သူ တရားခံအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းကျင့်ရန်အားထုတ်မှု) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၄) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ကြောက်ရွံ့မှုရှိခြင်း၊
- အမှုရုံးချိန်းတွင် သွားစရိတ် အခက်အခဲ၊ ညအိပ်နေစရာ အခက်အခဲရှိခြင်း၊
- မြစ်ကြီးနားခရိုင်တွင် စစ်ဆေး၍ မသွားလာတတ်ခြင်း၊
- တရားရုံးမှဝေးသောကြောင့် သက်သေစရိတ်မဖူလုံခြင်း

**အမှုကြာချိန်** - (၂) လ၊ ရုံးချိန်း - (၆) ချိန်း

## အမှတ်စဉ် (၁၇)

### အမှုဖြစ်စဉ်အကျဉ်း

ကချင်ပြည်နယ်၊ - - - မြို့နေ အသွားဖြစ်သူ ဒေါ်ခနဲ့သည် (၁၃ - ၉ - ၂၀၁၅) ရက်နေ့ နံနက် (၁၀) နာရီခန့်၊ - -- ကျောင်းတိုက်တွင် သီလယူပြီး ညနေ (၄) နာရီခန့်ပြန်လာစဉ် ဒေါ်ခနဲ့၏သမီး မသင်းသင်း (မအိ၏ မိခင်) က မြေးဖြစ်သူအားသိပ်ရန် အိပ်ခန်းတွင်းဝင်သွားရာ အိပ်ခန်းအတွင်း စေးကပ်သည့်အရာများ လက်ဖြင့်ကိုင်ကြည့်မိရာ ယောကျ်ားသုတ်ရည်ဖြစ်ကြောင်းသိရ၍ အိမ်ရှိ သမီးဖြစ်သူ မအိအားမေးကြည့်ရာ ညနေ (၃) နာရီခန့်က မိခင် မသင်းသင်း ဆန်သွားဝယ်စဉ် အိမ်သို့ ဝင်ထွက်နေသူ ညွန့်မောင် အသက် (၃၂) နှစ်ရောက်ရှိလာပြီး နေအိမ်ခန်းတွင်း၌ (၁၁) နှစ်အရွယ်ရှိ မအိအား မတရားပြုကျင့်ခဲ့သဖြင့် တိုင်တန်းခဲ့သော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် ကျူးလွန်သူ တရားခံအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ပြစ်မှု ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

**အမှုတွင်ကြုံရသောအခက်အခဲများ**

- နေ့စားကျပန်း လုပ်သူများဖြစ်သဖြင့် သွားလာစရိတ် မတတ်နိုင်ခြင်း၊
- တရားရုံးတွင် တစ်နေကုန် အချိန်ပေးရ၍ နေ့စားအလုပ်များပျက်၍ ဝင်ငွေထိခိုက်ခြင်း၊
- တရားရုံးတွင် သီးသန့်တံခါးပိတ်သီးသန့် မစစ်ဆေးခြင်းနှင့် အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးမှာ ကြောက်၍ မပြောရဲခြင်း၊

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၁၆) ချိန်း

## အမှတ်စဉ် (၁၈)

### အမှုဖြစ်စဉ်အကျဉ်း

အမှုမှာ ကချင်ပြည်နယ်၊ - - - ရပ်ကွက်၊ (၇ - ၉ - ၂၀၁၅) ရက်နေ့ ညနေ (၄း၃၀) အချိန်ခန့်တွင် ဦးဘရန်မိုင်သည် နေအိမ်၌ ရှိနေစဉ် သမီးဖြစ်သူ မခေါ်နူး (၁၁) နှစ်သည် ၎င်း၏သူငယ်ချင်း မမိုင်းမိုင်နှင့်အတူ ကြက်ဟင်းခါးသီးခူးရန် ထွက်သွားပြီးနောက် ညနေ (၅း၀၀) နာရီအချိန်ခန့် သမီးဖြစ်သူ မခေါ်နူးမှ ငိုယိုပြန်လာသည်ကို တွေ့မြင်၍ မေးမြန်းရာ တစ်ရပ်ကွက်တည်းနေ မောင်နိုင်သန်း အသက် (၃၄) နှစ်မှ ယာခင်းအနီးရှိ ခြုံပုတ်ထဲသို့ ဆွဲခေါ်ပြီး လည်ပင်းညှစ် ပါးစပ်ပိတ်၍ မအော်နဲ့ သတ်ပစ်မယ်ဟု ပြောဆိုကာ စကတ်လှန်ပြီး ဘောင်းဘီတိုအား ဆွဲချွတ်ကာ သားမယားအဖြစ် နာရီဝက်ခန့်ပြုကျင့်ခဲ့ကြောင်း၊ သမီးဖြစ်သူမှ ပြောပြ သိရှိရသဖြင့် အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် ရဲစခန်းသို့သွားရောက်ကာ သမီးဖြစ်သူအား သားမယားပြုကျင့်သူ မောင်နိုင်သန်းကို ဥပဒေအရ အရေးယူပေးပါရန် ဖခင်ဖြစ်သူဦးဘရန်မိုင်မှ တရားလိုပြုလုပ်တိုင်တန်းသောအမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် တရားခံသည် ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) ကို ကျူးလွန်သဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်ကျခံစေရန် တရားရုံးမှ အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ကျူးလွန်သူမှာ ရပ်ကွက်အတွင်းအတူနေထိုင်သူဖြစ်ပြီး သိသိချင်းသွားပြောရာ ဓားကိုင်ဆွဲပြီး ရန်ပြုလာခြင်း၊
- ငွေရေးကြေးရေး အခက်အခဲရှိသဖြင့် တရားရင်ဆိုင်သောအခါတွင် ပုံမှန်လာရန် အခက်အခဲရှိခြင်း။
- တရားရုံးတွင် တစ်နေကုန်အချိန်ပေးရခြင်းကြောင့် ဝင်ငွေရှာဖွေမှုနှင့် စားဝတ်နေရေး ထိခိုက်ခြင်း၊
- တရားရုံးနှင့် ရဲစခန်းကို အကြိမ်ကြိမ်သွားရခြင်း၊
- ရုံးချိန်းသွားရမည့်ရက်များတွင် ကလေးကျောင်းပျက်ခြင်း။

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၂၁) ချိန်း

## အမှတ်စဉ် (၁၉)

### အမှုဖြစ်စဉ်အကျဉ်း

အမှုမှာ ကချင်ပြည်နယ်၊ - - - မြို့နယ်ရှိ တရားလို ဒေါ်ဝင်းဝင်းမှ (၁၉ - ၄ - ၂၀၁၅) ရက်နေ့ နံနက် (၉) နာရီအချိန်ခန့်တွင် သမီးဖြစ်သူ မတူးတူး (၃နှစ် ၃လ အရွယ်) အား ညီမဖြစ်သူ မခန့်ခန့်၏ နေအိမ်တွင် အပ်ထားခဲ့ပြီး မင်္ဂလာဆောင်သွားခဲ့ရာ (၁၀) နာရီခန့်တွင် မီးဖြစ်သူကိုခေါ်၍ ပြန်လာရာ နာရီဝက်ခန့်အကြာတွင် သမီးဖြစ်သူမှာ တအင်းအင်း ညည်းညူနေသဖြင့်မေးရာ နာတယ်ဟု ပြောသဖြင့် သမီး၏အင်္ဂါအားလှန်ကြည့်ရာ အင်္ဂါစပ်မှာ အနည်းငယ်ပြဲနေသည်ကို တွေ့ရကြောင်း၊ ညီမဖြစ်သူ မခန့်ခန့်ကို ဖုန်းဆက်ခေါ်ကာ သမီးဖြစ်သူကို မေးရာ မခန့်ခန့်နေအိမ်နှင့် အိမ်ချင်းကပ် နေထိုင်သူ မောင်နိုင် အသက် (၂၈) နှစ်မှ ကလေးအား အအေးသောက်ရန်ခေါ်ပြီး အိပ်ခန်းအတွင်း သားမယားပြုကျင့်ရန် ကြံစည်ခဲ့ကြောင်းသိရသဖြင့် အရေးယူပေးရန် တိုင်ချက်ရေးဖွင့်ရာမှ တရားစွဲဆိုတင်ပို့လာသောအမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် ပြစ်မှုကျူးလွန်သူ မောင်နိုင်အား ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းကျင့်ရန် အားထုတ်မှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် (ငါးနှစ်တိတိ) ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

**အမှုတွင်ကြုံရသောအခက်အခဲများ**

- ပြစ်မှုကျူးလွန်သူမှာ ရင်းနှီးသော ဆွေမျိုးဖြစ်၍ ကလေးမှ ကြောက်ရွံ့ခြင်း၊
- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း။
- ဟန်အမှုအရာအားဖြင့် ခြိမ်းခြောက်ခံရခြင်း၊

**အမှုကြာချိန်** - (၁၁) လ၊ ရုံးချိန်း - (၂၆) ချိန်း

# အမှတ်စဉ် ( ၂၀ )

## အမှုဖြစ်စဉ်အကျဉ်း

ရခိုင်ပြည်နယ်၊ - - - မြို့နယ်၊ ဒေါ်မြ၏ သမီးဖြစ်သူ မမေဦး အသက် (၅) နှစ်နှင့် တရားခံ ဦးကျော်စိုး အသက် (၅၀) နှစ်တို့မှာ အိမ်နီးချင်းများဖြစ်ပြီး ခင်မင်ရင်းနှီးကြပါသည်။ (၁၄ - ၁၁ - ၁၄) နေ့ ညနေ (၆း၃၀) နာရီ အချိန်တွင် မမေဦးမှာ အလေးစွန့်နေစဉ် ဦးကျော်စိုးမှာ မမေဦးအား မုန့်ပေးမည်ဟု ပြောပြီး ခြံပုတ်သို့ခေါ်ကာ မုဒိမ်းမှုကျူးလွန်ရန် အားထုတ်ခဲ့ပြီးမရသဖြင့် စအိုဝကို ဓမ္မတာနှင့် ဆန့်ကျင်ကာ ကာမစပ်ယှက် ကျူးလွန်ခဲ့သဖြင့် အရေးယူပေးပါရန် တိုင်ကြားခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် ကျခံစေရန် ၄င်းအပြင် ရာဇသတ်ကြီးပုဒ်မ - ၃၇၇ (ဓမ္မတာနှင့် ဆန့်ကျင်မှု) အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် ပြစ်ဒဏ် (၂) ရပ်ကို သီးခြားစီ ကျခံစေရန် အမိန့် ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားခံမှာ တပ်ပြေးတစ်ဦးဖြစ်နေ၍ ရဲစခန်းတွင် ချက်ချင်းအမှုဖွင့်၍ မရခြင်း။
- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရက်ကြောက်မှုရှိခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် ( ၂၂ )

### အမှုဖြစ်စဉ်အကျဉ်း

ရခိုင်ပြည်နယ်၊ - - - မြို့နယ်၊ တရားလို ဦးစိန်လှုံး၏သမီးဖြစ်သူအမှုမှ နစ်နာသူ မဖြူဖြူ အသက် (၈ နှစ်) မှာ အဟာရချို့တဲ့နေသော ကျန်းမာရေးမကောင်းသူ ဖြစ်ပါသည်။ တရားခံ ကိုပြုံးချို (၂၉ နှစ်) မှာ တရားလို၏ မွေးစားသားတစ်ဦးဖြစ်ပြီး (၂ - ၂၉ - ၁၅) နေ့ ည (၁၀) နာရီအချိန်တွင် ဦးစိန်လှုံးသည် ရပ်ကွက်ဈေးဆိုင်မှ ဖယောင်းတိုင်ဝယ်ယူပြီး နေအိမ်သို့ပြန်လာစဉ်ကို ပြုံးချိုမှာ အရက်အရမ်းမူးနေပြီး မဖြူဖြူမှာ ငိုနေသဖြင့် ဦးစိန်လှုံးမှ ဘာဖြစ်သလဲဟုမေးရာ တရားခံ ကိုပြုံးချိုမှာ အတင်းအဓမ္မပြုကျင့်ကြောင်းပြောပြီး အမှုဖွင့်တိုင်တန်းရာမှာ ပေါ်ပေါက်လာသော အမှုဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားခံမှာ တပ်ပြေးတစ်ဦးဖြစ်နေသောကြောင့် ရဲစခန်းတွင် အမှုဖွင့်ရာတွင် အခက်အခဲရှိခြင်း၊
- ကျူးလွန်သူမှ သက်သေထွက်ဆိုသူများအား တရားရုံးတွင် ဟန်အမူအရာ၊ နှုတ်ဖြင့်ခြိမ်းခြောက်မှုရှိခြင်း၊
- နေမကောင်းဖြစ်နေသူ ကလေးသူငယ်အား မတရားအကျင့်ခံရခြင်းဖြစ်ပြီး ၄င်းနောက်ပိုင်း ကလေးအား ဆေးဝါးဆိုင်ရာ အထူးကုသပေးမှု အားနည်းခြင်းကြောင့် သေဆုံးသွားခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှတ်စဥ် ( ၂၂ )

### အမှုဖြစ်စဥ်အကျဥ်း

ရခိုင်ပြည်နယ်၊ - - - မြို့၌ (၂၀ - ၉ - ၁၄) နေ့ ညနေ (၈) နာရီအချိန်တွင် တရားလို မသိန်းသိန်း အသက် (၁၄ နှစ်) သည် ညီမဖြစ်သူ မမြတ်စိုးနှင့်အတူ မိမိနေအိမ်အပေါ်ထပ်တွင် အတူအိပ်နေစဉ် တရားခံမောင်မောင် (၃၁ နှစ်) မှာ နေအိမ်အပေါ်ထပ်သို့ တက်လာပြီး မီးချောင်းအား ပိတ်ကာ မသိန်းသိန်းအိပ်နေသော ခြင်ထောင်ထဲသို့ ဝင်လာပါသည်။ ထို့နောက် မသိန်းသိန်း၏ ပါးစပ်အား လက်ဖြင့်ပိတ်ပြီး ထဘီအားဆွဲချွတ်ကာ အပေါ်မှတက်ခွ ကာမစပ်ယှက်ရန် ပြုလုပ်ရာ မသိန်းသိန်းမှ ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းရာ မောင်မောင်မှာ ဆင်းပြေးသွားပြီး ၄င်း၏ ဖိနပ်အား ယူနေစဉ် ပတ်ဝန်းကျင်မှလူများက မြင်တွေ့ ခဲ့သည်။ ထို့ကြောင့် အရေးယူပေးပါရန် မသိန်းသိန်းမှ တရားလိုပြုလုပ် တိုင်တန်းခဲ့သော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံသန်းဌေးအား ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် ကြိုးစားအားထုတ်မှု) အရ အလုပ်နှင့်ထောင်ဒဏ် (၄) နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် အမျိုးသမီးငယ်ကလေးအား စစ်ဆေးရာတွင် ရှက်ကြောက်မှုရှိခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၂) ချိန်း

## အမှတ်စဉ် ( ၂၃ )

### အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ မကြူကြူမှ (၁၈ - ၁၂ - ၁၅) ရက်နေ့တွင် နေပြည်တော်သို့ အလုပ်ကိစ္စဖြင့် သွားရောက်ရာ အိမ်တွင် သမီးထူးထူး (၁၁) နှစ်နှင့် နောက်အိမ်ထောင် ကိုမင်းမောင် အသက် (၃၃) နှစ်တို့ ကျန်ရစ်ခဲ့ကြောင်း၊ (၂၁ - ၁၂ - ၁၅) နေ့ နံနက် (၁၀) နာရီခန့် ရွာရှိ သမီးကြီး မြူးမြူး၊ အဒေါ် ဒေါ်လှလှမိုးတို့မှ ဖုန်းနှင့်ဆက်သွယ်ပြီး ထူးထူးအား ကိုမင်းမောင်က သားမယားပြုကျင့် ကြောင်း အကြောင်းကြားသဖြင့် ချက်ခြင်းပြန်လာကာ (၂၂ - ၁၂ - ၁၅) တွင် ရောက်ရှိပြီး သမီးဖြစ်သူ ထူးထူးအား မေးမြန်းရာ သမီးဖြစ်သူက ဟုတ်မှန်ကြောင်း ယခင်ကလည်း ၄/၅ ကြိမ်ခန့် နေအိမ်တွင် မိခင်မရှိခိုက် အတင်းအဓမ္မပြုကျင့်ခံရဖူးကြောင်း ပြန်လည်ပြောပြ သိရှိရသဖြင့် တိုင်တန်းသောအမှု ဖြစ်သည်။

### တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့် စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင် ထားခြင်းကြောင့် ကလေးအား စစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- ပထွေးနှင့်ဖြစ်သည့်ကိစ္စဖြစ်၍ မိခင်ရင်းမှ သက်သေထွက်ဆိုရာတွင် ပြည့်စုံစွာမထွက် ဆိုခြင်း၊
- မိသားစုပြဿနာဟု ပြောဆို၍ တချို့သူများက သက်သေထွက်ဆိုမှုမရှိခြင်း၊
- သက်သေစရိတ်ပံ့ပိုးမှုမပေး၊ ဖူလုံမှုမရှိခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၂၁) ချိန်း

## အမှုတွဲစဉ် ( ၂၄ )

### အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်ရှိ ဒေါ်မူမူသည် မြေးဖြစ်သူ မဖွေးဖွေး (၆) နှစ်နှင့် (၆) လကို ကျောက်ပုံဆိပ် တာဘောနေ ဦးဟိန်းလတ် အသက် (၇၇) နှစ်က (၂၄ - ၈ - ၂၀၁၅) ရက်နေ့ (၁၁း၀၀) နာရီခန့်တွင် ၎င်း၏အိမ်ပေါ်သို့ခေါ်ပြီး သားမယားအဖြစ်ပြုကျင့်ရန် ကြံစည်အားထုတ်စဉ် အိမ်နီးချင်းများ တွေ့မြင်ကြောင်း ပြောပြသိရှိရသဖြင့်၊ အရေးယူပေးပါရန် တိုင်တန်းခဲ့သော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းကျင့်ရန် အားထုတ်မှု) အရ ပြစ်မှုကျူးလွန်သဖြင့် အလုပ်နှင့် ထောင်ဒဏ် (၃) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- နစ်နာသူကလေးငယ်မှာ တရားရုံးတွင် တရားခံအားမြင်တွေ့ပြီး ကြောက်လန့်ငိုယိုနေခြင်း၊
- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိခြင်း၊
- တရားခံအား မြင်တွေ့နေရသဖြင့် ကြောက်လန့်နေခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၈) ချိန်း

## အမှုတွဲစဉ် ( ၂၅ )

## အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၁၇ - ၁၁ - ၂၀၁၅) နေ့ နေ့လည် (၂) နာရီခန့်တွင် ဒေါ်ဥမ္မာခင် နေအိမ်ခြံ၌ရှိနေစဉ် လယ်ကွင်းအတွင်းရှိ နေအိမ်၌နေသော ၄င်းတူမအရင်း မမြမြဝင်း (၁၅) နှစ် (၆) တန်း ကျောင်းသူသည် ၄င်း၏ သူငယ်ချင်း မဖူးပွင့်၊ မဟေမန်တို့နှင့်အတူ ရောက်လာသည်။ ထို့နောက် (၁၄ - ၁၁ - ၁၅) နေ့ နေ့လည် ၁၁နာရီခန့် မိဘများ ထင်းခုတ်နေပြီး၊ မောင်လေး မောင်အောင်စိုးမှာ မျက်ခါး ရှာထဲသွားဆော့နေ၍ နေအိမ်တွင် တစ်ယောက်တည်းရှိနေစဉ် တစ်ရွာတည်းနေ ဦးပြုး အသက် (၅၈) နှစ်မှ ကထိန်အလှူခံလာရင်း ၄င်းအား အိပ်ခန်းအတွင်း အတင်းဆွဲခေါ်ကာ သားမယားအဖြစ် တစ်ကြိမ်ပြုကျင့်ကြောင်း ပြောပြပါသည်။ ထို့အပြင် (၁၅ - ၁၁ - ၁၅) နေ့ မိဘများနှင့် ကိုလေး၊ ချစ်ကိုကိုတို့ မျက်ခါးရှာထဲ သွားလည်နေစဉ် ဦးပြုးရောက်လာပြီး၊ အိပ်ခန်းအတွင်း သားမယားအဖြစ် တစ်ကြိမ် ထပ်မံပြုကျင့်ခံရကြောင်း၊ ဦးပြုးမှ မည်သူ့ကိုမျှ ပြန်မပြောရန်နှင့် ပြောရင်သတ်ပစ်မယ်ဟု ခြိမ်းခြောက်သောကြောင့် မိဘများကိုလည်း မပြောရဲသဖြင့်၊ အဒေါ်ဖြစ်သူကို ငိုယိုပြီးလာတိုင်ပြောရာမှ သိရှိရသဖြင့် ၄င်းတူမဖြစ်သူ မမြမြဝင်းအားအလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်သူ ဦးပြုးအား အရေးယူပေးရန် တိုင်တန်းသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- သက်သေများက ဂေါပကအဖွဲ့ဝင်လူကြီးကို စွဲခြင်းဖြစ်၍ မထွက်ဆိုကြခြင်း၊
- သက်သေထွက်ဆိုသူအား တရားရုံးမှ ငွေကြေးထောက်ပံ့မှု လုံလောက်မှုမရှိခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၂၄) ချိန်း

## အမှတ်စဉ် ( ၂၆ )

### အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်ရှိ တရားခံ မောင်လှိုင်မြင့်၏ ဖခင်နှင့် တရားလို မလုံးလုံး တို့မှာ ခင်မင်ရင်းနှီးကြပါသည်။ (၃ - ၁၁ - ၂၀၁၄) ရက် နံနက် (၆) နာရီခွဲအချိန်တွင် မောင်လှိုင်မြင့်မှာ မလုံးလုံး၏အိမ်သို့ သူ၏ဖခင်အား လာရှာပါသည်။ သူ၏ဖခင်မရှိ၍ မလုံးလုံးအိမ်မပြန်ဘဲ အိပ်နေပါသည်။ ညနေ (၄) နာရီ အချိန်တွင် မလုံးလုံးအိမ်၌ မီးထွန်းရာတွင် အသုံးပြုသည့် ဘတ်ထရီအိုးအား မလုံးလုံး၏သမီး မဝင်းဝင်း အသက် (၈) နှစ်အား ယူခိုင်းရာမှ မောင်လှိုင်မြင့် (၂၃ နှစ်) မှလိုက်မည်ဆို လိုက်ပါသွားသည်။ မလုံးလုံးသမီး မဝင်းဝင်းမှာည (၇) နာရီတွင် အိမ်သို့ပြန်လာပါသည်။ မလုံးလုံးမှမေးရာ ဘက်ထရီအိုး သွားယူပြီး ပြန်လာစဉ် မောင်လှိုင်မြင့်မှ လေ့ပေါ်တွင် မဝင်းဝင်းအား အတင်းအဓမ္မပြုကျင့်ကြောင်း ပြောပါသည်။ ထို့နောက် မလုံးလုံးသည် အုပ်ချုပ်ရေးမှူးကိုခေါ်ကာ အိမ်ပေါ်တွင်အိပ်နေသော တရားခံ မောင်လှိုင်မြင့်အား ဖမ်းပြီး ညတွင်းချင်း ရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ပါသည်။

### တရားရုံးစီရင်ချက်

တရားခံမောင်လှိုင်မြင့်သည် ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၈) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးသို့ လာရောက်ရန်ပင် ခရီးစရိတ်မတတ်နိုင်ခြင်း၊ တရားရုံးမှပေးသောစရိတ် လုံလောက်မှုမရှိခြင်း၊
- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှု ရှိခြင်းကြောင့် ထွက်ဆိုချက်အဆင်မပြေခြင်း။

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၂၀) ချိန်း

## အမှတ်စဉ် ( ၂၅ )

## အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၁၃ - ၂ - ၁၆) ရက် ညနေ (၅) နာရီခန့်တွင် တရားလို ဒေါ်စန်းမြင့် (၃၉ နှစ်) သည် နေအိမ်၌ရှိနေစဉ် ဒေါ်စန်းမြင့်၏တူမ မဖြူဖြူထွန်းမှ ဒေါ်စန်းမြင့်ထံ လာရောက်ပြီး မနုနုထွေး အသက် (၁၄ နှစ်) မှာ ကျောင်းတွင် အော့အန်နေသဖြင့် ကျောင်းအုပ်ဆရာမကြီးမှ ခေါ်ယူမေးမြန်းရာ တရားခံမောင်သန်းထွန်း အသက် (၁၇) နှစ်မှ သားမယား ပြုကျင့်ကြောင်း ကျောင်းအုပ်ကြီးမှ မဖြူဖြူထွန်းအား ပြောပြသဖြင့် လာပြောပြခြင်းဖြစ်ကြောင်း ပြောပါသည်။ ဒေါ်စန်းမြင့်မှ တူမ မနုနုထွေးအား ခေါ်ယူမေးမြန်းရာ တရားခံမှ ပြုကျင့်ခဲ့ကြောင်း ထပ်မံပြောပြသဖြင့် အရေးယူပေးပါရန် တိုင်တန်းရာမှ ပေါ်ပေါက် လာသောအမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်ကျခံစေရန် ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့် စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- တရားခံမှာ အိမ်နီးချင်းဖြစ်၍ မျက်နှာပျက်မည်စိုးသောကြောင့် သက်သေများ ပြည့်စုံစွာ မထွက်ခြင်း၊

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှတ်စဉ် ( ၂၈ )

### အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၁၅ - ၆ - ၁၆) ရက် ညနေ ၅နာရီခန့်က မတိုးတိုးသည် အခြားရွာမှထင်းဝယ်ပြီး နေအိမ်သို့ပြန်လာစဉ် သမီးဖြစ်သူ မဝေဝေစိုး အသက် (၁၅) နှစ်နှင့် ခင်မောင်လွင် အသက် (၃၉) နှစ်ဆိုသူတို့ နေအိမ်ခြံထဲတွင် ဖက်နေကြကြောင်း ကိုအောင်နိုင် ပြောပြသဖြင့် သမီးဖြစ်သူ ဝေဝေစိုးအား မေးကြည့်ရာ နံနက် (၉) နာရီခန့်က ခြံဝန်းအတွင်း အုန်းလက်ဖူးများ ကောက်ရန်ထွက်လာစဉ် ခင်မောင်လွင်က ၄င်းပါးစပ်အားပိတ်ပြီး သားမယားအဖြစ် ပြုကျင့်ရန်ပြုလုပ်စဉ် ခင်မောင်လွင်၏ဇနီးဖြစ်သူကလှမ်းခေါ်သဖြင့် ပြန်သွားကြောင်း ညနေ (၃) နာရီခန့်တွင် နေအိမ်ခြံဝန်းအတွင်း သရက်သီးကောက်နေစဉ် ပါးစပ်ပိတ်ပွေ့ဖက်ပြီး အိမ်ခြေရင်း အုန်းပင်အောက်သို့ခေါ်သွားပြီး ဘောင်းဘီအားဆွဲချွတ် သားမယားအဖြစ်ပြုကျင့်ရန် ပြုလုပ်နေစဉ် ဦးမောင်မောင်နှင့် ဦးမိုးဦးတို့ ရောက်လာသဖြင့် လွှတ်ပေးခဲ့ကြောင်း သမီးဖြစ်သူ ဝေဝေစိုး ပြောပြသဖြင့် ခင်မောင်လွင်အား ဥပဒေအရ အရေးယူပေးရန် တိုင်တန်းခဲ့ရာ ခင်မောင်လွင်အပေါ် ရာဇသတ်ပုဒ်မ - ၃၇၆/၅၁၁ အရ တရားစွဲတင်ပို့လာသည့်အမှု ဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံ ခင်မောင်လွင်သည် ရာဇသတ်ကြီး ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းကျင့်ရန် ကြံစည်အားထုတ်မှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်ကျခံစေသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေများ လမ်းစရိတ်မတက်နိုင်၊ တရားရုံးမှပေးသော သက်သေစရိတ် လုံလောက်မှု မရှိခြင်း၊
- မျက်မြင်သက်သေတွေက ရင်းနှီးသူများဖြစ်၍ တရားရုံးတွင် သက်သေထွက်ချက် ပြည့်စုံစွာ မပြောခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၈) ချိန်း

# အမှတ်စဉ် ( ၂၉ )

## အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၁၅ - ၃ - ၂၀၁၆) ရက်နေ့ ညနေ (၃) နာရီအချိန်က ဒေါ်ငွေမြိုင်သည် သမီးဖြစ်သူ မသူသူ (၁၁) နှစ်၊ မောင်ဝင်းအောင် (၃) နှစ်တို့နှင့်အတူ ကောက်ရိတ်ရန် သွားရောက်ခဲ့ပါသည်။ ညနေ (၆) နာရီတွင် ကောက်ရိတ်ပြီး သားအမိသုံးဦး ပြန်လာစဉ် မောင်ဝင်းအောင်မှ အစ်မဖြစ်သူ မသူသူအပေါ်သို့ ကိုနိုင်ဦး အသက် (၁၇) နှစ်က တက်ခွတာ တွေ့ကြောင်း ပြောသဖြင့် သမီးဖြစ်သူအားမေးရာ ညနေ (၃) နာရီအချိန်က မောင်ဖြစ်သူ မောင်ဝင်းအောင်အား သွားခေါ်စဉ် ကိုနိုင်ဦး ရောက်ရှိလာပြီး ခဏလိုက်ခဲ့ရန်ခေါ်သဖြင့် လိုက်သွားကြောင်း ကိုနိုင်ဦး အိမ်နောက်ဖေးခန်းတွင် တွန်းလှဲပြီး သားမယားအဖြစ် ပြုကျင့်ရန်ကြံစည်သဖြင့် ရုန်းကန်ထွက်ပြေးကြောင်း ပြောပြပါသည်။ ထို့ကြောင့် သမီးဖြစ်သူ မသူသူအား သားမယားအဖြစ် ပြုကျင့်ရန်ကြံစည်သူ ကိုနိုင်ဦးအား အရေးယူပေးပါရန် တိုင်ကြားသောအမှုဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

တရားခံအပေါ်တွင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ရာဇသတ်ကြီးပုဒ်မ – ၃၇၆/၅၁၁ (မုဒိမ်းကျင့်ရန် ကြံစည်အားထုတ်မှု) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ်ကျခံစေရန် အမိန့်ချသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင် ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်ခြင်း၊
- မျက်မြင်သက်သေမှာ ကလေးအသက် (၃) နှစ် ဖြစ်၍ ရုံးတော်က သက်သေအဖြစ် မစစ်ဆေးခြင်း။

**အမှုကြာချိန်** – (၆) လ၊ ရုံးချိန်း – (၁၇) ချိန်း

## အမှုတွဲ (၃၀)

### အမှုဖြစ်စဉ်အကျဉ်း

ရောဝတီတိုင်း၊ - - - မြို့နယ်၊ (၁၂ - ၁၁ - ၂၀၁၅) ရက်နေ့ နေ့လည် (၁၂) နာရီခန့်တွင် တရားလို ဒေါ်စိန်မြိုင်ဆီသို့ တူမတော်သူ မဖြူဖြူ အသက် (၁၆) နှစ်မှာ ငိုရှိုက်ရောက်လာပြီး မဖြူဖြူ အိမ်အကူလုပ်သည့်အိမ်မှ တရားခံဦးကျော်စိန် အသက် (၅၇) နှစ်က မဖြူဖြူမှ မီးပူတိုက်နေစဉ် အိမ်ရှင် ဦးကျော်စိန်မှ တံခါးများဂျက်ထိုးပြီး မီးပူတိုက်နေသည့်နေရာသို့ လာရောက်ကာ ခဏလိုက်ခဲ့ရန်ခေါ်ပြီး သားမယားအဖြစ် ပြုကျင့်ခဲ့သည်။ ထို့နောက် ပိုက်ဆံ (၅) ထောင်ကို ပစ်ချပေးပြီး ရေချိုးခန်းထဲသို့ ဝင်သွားစဉ် နောက်ဖေးအိမ်တံခါးကိုဖွင့်ကာ ထွက်ပြေးလာပြီး အဒေါ်အား ပြောပြရာမှ အဒေါ်ဖြစ်သူ ဒေါ်စိန်မြိုင်မှ တိုင်တန်းရာ ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ ဖြင့် တရားစွဲတင်ပို့သောအမှု ဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီးဥပဒေပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အပြစ်ရှိကြောင်းထင်ရှားသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

**အမှုတွင်ကြုံရသောအခက်အခဲများ**

- နစ်နာသူမိသားစုမှာ ငွေကြေးချို့တဲ့ကြ၍ ကျူးလွန်သူဖက်မှ ငွေကြေးဖြင့် လိုက်လံဖြေရှင်းခြင်း၊
- သက်သေများ အပေါ် ငွေကြေးပေးထွက်ဆိုခိုင်းခြင်း၊
- နစ်နာသူ၏ အစ်မအရင်းနှင့် ဖခင်မှာ ငွေကြေးဖြင့် စည်းရုံးခံရကာ တရားခံပြသက်သေအဖြစ် ဘက်လိုက်ထွက်ဆိုပေးခြင်း၊
- နစ်နာသူအား စစ်ဆေးစဉ် တံခါးပိတ်မစစ်ခြင်း တူညီဝတ်စုံ ဝတ်ထားခြင်းကြောင့် ကလေးမှ ကြောက်နေခြင်း၊

**အမှုကြာချိန်** - (၁၀) လ၊ ရုံးချိန်း - (၃၃) ချိန်း

## အမှတ်စဉ် (၃၁)

## အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ တရားလို ဒေါ်စိုးစိုးမာ၏ ခင်ပွန်းဖြစ်သူ ဦးအေးချို အသက် (၄၃) နှစ် သည် ရေးမြို့နယ် အစင်ကျေးရွာသို့ ရေလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်ကြောင်း ထိုသို့ မသွားမီ နေ့လည် (၂) နာရီအချိန်တွင် သမီးဖြစ်သူ ခင်ခင်စိုး အသက် (၁၇ နှစ်) (စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ) အား ဖခင်ဖြစ်သူ ဦးအေးချိုမှ သားမယားအဖြစ် ပြုကျင့်ခဲ့ရာ ကိုယ်ဝန်ရင့်မာလာပြီး (၁၀ - ၂ - ၂၀၁၄) နေ့တွင် သမီးမိန်းကလေးမွေးပြီး ကလေးမှာ အသက်အဖတ်မတင်ခဲ့ပါ။ (၇ - ၅ - ၂၀၁၄) နေ့တွင် ဦးအေးချို အသက် (၄၃ နှစ်)မှာ ရွာသို့ ပြန်ရောက်လာသဖြင့် အရေးယူပေးပါရန် တိုင်တန်းသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံ ဦးအေးချိုအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် အမျိုးသမီးငယ်အား စစ်ဆေးရာတွင် ရက်ကြောက်မှုရှိ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- စကားမပြောတတ်၍ အမှုစစ်ရာတွင် အခက်အခဲရှိခြင်း၊
- အဖေရင်းဖြစ်နေ၍ သက်သေများ ထွက်ဆိုချက် မပေးလိုခြင်း၊
- တရားရုံးမှ သက်သေစရိတ်ပုံမှန်မပေးခြင်းနှင့် ပေးသောစရိတ် ဖူလုံမှုမရှိခြင်း၊
- အမှုပြီးနောက် ပတ်ဝန်းကျင်၏ ခွဲခြားမှုများကြောင့် ၄င်းဒေသမှပြောင်းရွှေ့သွားခြင်း၊
- တရားရုံးမှ မသန်စွမ်းများ စစ်ဆေးရန် သီးခြားအထူးစီစဉ်ပေးမှုမရှိ၊ အားနည်းခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၁) ချိန်း

## အမှတ်စဉ် (၃၂)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ (၅ - ၁ - ၂၀၁၄) ခုနှစ်၊ မနက် (၈) နာရီခန့်တွင် တရားလို ဒေါ်ခင်အေးသည် ကျန်စစ်သားရပ်ကွက်သို့ သွားရောက်နေစဉ် ဒေါ်ဝေဝေသည် အိမ်တွင် ထမင်းရောင်းရန် ဟင်းချက်နေချိန်တွင် မဖြူပြာရောက်လာပြီး ဘေးအိမ်တွင် တရားခံမောင်ခွေးနီ အသက် (၃၄ နှစ်) သည် မပိုးပိုး အသက် (၁၀ နှစ်) (ပိုလီယိုရောဂါသည်) အား မည်သို့ပြုလုပ်နေမှန်းမသိကြောင်း၊ ကလေးကလည်း တအင်းအင်းနှင့် အော်နေသည်ကို ကြားကြောင်းပြောသည်။ ထို့ကြောင့် မောင်လင်းလင်းနှင့်အတူ သွားကြည့်ရာတွင် အိမ်ခန်းတွင် စောင်ခြုံထားသည်ကို ဖယ်လိုက်ရာ နှစ်ဦးစလုံးသည် ဘောင်းဘီမရှိဘဲ တရားခံ၏တန်ဆာမှာ မပိုးပိုး၏ မိန်းမကိုယ်အား တေ့ထားသည်ကို တွေ့ရှိပြီး တိုင်တန်းခဲ့ခြင်း ဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ ပြစ်မှုထင်ရှား တွေ့ရှိရသည့်အတွက် အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- မသန်စွမ်းသူ မိန်းကလေးဖြစ်သောကြောင့် ထွက်ဆိုရာတွင် အခက်အခဲရှိခြင်း၊
- တရားရုံးနှင့် ရဲစခန်းများတွင် မသန်စွမ်းအမျိုးသမီးများအတွက် အထူးသီးသန့် စီစဉ်ပေးမှု မရှိခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှတ်စဉ် ( ၃၃ )

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ မစိုးစိုး (စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ) အသက် (၁၇) နှစ်သည် (၁၆ - ၆ - ၂၀၁၄) တွင် ပျောက်ဆုံးနေသောကြောင့် မိဘများမှ လိုက်ရှာဖွေရာ ဂေါက်ကွင်းအနီးတွင် တွေ့ရှိသည်။ မေးမြန်းရာ (၁၄ - ၆ - ၂၀၁၄) တွင် မစိုးစိုးသည် အဖေဖြစ်သူအား လာကြိုရာမှ အချိန်လွန်သွား၍ အိမ်သို့ပြန်လာစဉ် တစ်လမ်းတည်းနေသော မောင်ကို အသက် (၂၄ နှစ်) နှင့်တွေ့ကာ ဖြားယောင်းသွေးဆောင်ပြီး သားမယားအဖြစ် ဆက်ဆံခဲ့ကြောင်း၊ (၁၆ - ၆ - ၂၀၁၄) နေ့တွင် ပြန်လွှတ်ခဲ့သည်ဟု ပြောသည်။ ထို့ကြောင့် သမီးဖြစ်သူအား မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်မရှိဘဲ ဖြားယောင်းသွေးဆောင်သော တရားခံ မောင်ကိုအား အရေးယူပေးရန် တိုင်တန်းခဲ့သော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံကို ရာဇသတ်ကြီး ပုဒ်မ - ၃၆၆ (အတင်းအဓမ္မထိမ်းမြားပေးစားရန်အတွက် မိန်းမကို သွေးဆောင်ဆွဲခေါ် ခိုးယူမှု) အား ကျူးလွန်ကြောင်း ထင်ရှား၍ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- ကျူးလွန်ခံရသူမှာ စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူဖြစ်၍ တရားရုံးထွက်ဆိုချက်ပေးရာတွင် အခက်အခဲရှိခြင်း၊
- တရားရုံး၊ ရဲစခန်းများတွင် မသန်စွမ်းသူများအတွက် အထူးသီးသန့်စီစဉ်ပေးမှု အားနည်းခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၆) ချိန်း

## အမှတ်စဉ် (၃၄)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၂၁ - ၃ - ၂၀၁၅) ရက်တွင် ဒေါ်လွင်လွင်က နေ့လည် (၂) နာရီ ခန့်တွင် အလုပ်မှပြန်လာရာ မြရာပင်လမ်းအရောက်တွင် သမီးဖြစ်သူ မဝေဝေ အသက် (၁၄ နှစ်) က ၎င်း၏ ဖခင်ဖြစ်သူ ဦးဇော်ဇော် (၄၄ နှစ်) မှ မုဒိမ်းပြုကျင့်သဖြင့် ထွက်ပြေးခဲ့ရကြောင်းပြောရာ ရဲစခန်းသို့ တိုင်တန်းခဲ့သည်။ မနီက နေ့ခင်း (၂) နာရီခန့်တွင် မိမိသမီးရှိရာသို့ သွားရာ လမ်းဘေး အုတ်ကန်ပေါ်တွင် မဝေဝေ ဆော့နေသည်ကို တွေ့ကြောင်း၊ အဆိုပါ အုတ်ကန်ပေါ်တွင် မဝေဝေ၏ ဖခင်ဖြစ်သူ ဦးဇော်ဇော် အရက်ထိုင်သောက်နေကြောင်း မဝေဝေအားလှမ်းခေါ်ရာ မသွားသဖြင့် ဆံပင်ဆွဲပြီး အိမ်ပေါ်သို့ ဆွဲခေါ်သွားသည်ကို တွေ့ရကြောင်း၊ ရိုက်နှက်သံကြားကြောင်း ပြောပြသည်။ မဝေဝေ၏မောင်ဖြစ်သူ နေအိမ်ခန်းထဲသို့ ချောင်းကြည့်ရာ ဖခင်ဖြစ်သူမှ အမဖြစ်သူ မဝေဝေအား မုဒိမ်းကျင့်နေသည်ကို တွေ့မြင်ကြောင်း "အဖေရယ်မလုပ်ပါနဲ့၊ သမီးနာလို့ပါ" ဟု အော်သံကြား ကြောင်း ပြောဆိုသည်။ ထို့ကြောင့် မိခင်ဖြစ်သူ ဒေါ်လွင်လွင်က ရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သော အမှုဖြစ်သည်။



## တရားရုံးစီရင်ချက်

သက်သေခံချက်များအရ မုဒိမ်းပြုကျင့်ကြောင်း အထင်အရှားပေါ်ပေါက်သဖြင့် ပြစ်မှုကျူးလွန်သူအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) ကို ကျူးလွန်သဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို တိုင်ကြားရာတွင် တာဝန်ယူဆောင်ရွက်ကူညီမပေးခြင်း၊
- ရဲစခန်းသို့တိုင်တန်းရာတွင်လည်း ရဲအရာရှိမှ တရားခံမှရန်ရှာမည်ကို မကြောက်ဘူးလားဟု တရားလိုအား တွန့်ဆုတ်သွားစေလိုသော မေးခွန်းများ မေးခံရခြင်း၊
- ရုံးရှေ့တွင် အမှုစစ်ဆေးရာ၌ တရားလိုပြသက်သေမှာ တရားခံ၏ သားဖြစ်သောကြောင့် တရားခံမှ ကိုယ်ထိလက်ရောက် ရန်မူရန် ရည်ရွယ်ခဲ့ခြင်း၊
- သက်ငယ်မုဒိမ်းမှုဖြစ်၍ ခရိုင်တွင်စစ်ဆေး၍ ဝေးလွန်းသဖြင့် အချိန်ပေးမှု၊ သွားလာရ အဆင်မပြေမှုကို ကြုံရ။

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှုတွဲစဉ် (၃၅)

### အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ -- - မြို့နယ်၌ (၃၀ - ၁ - ၂၀၁၆) ရက်နေ့ နံနက် (၁၀) နာရီခန့်က ကိုမောင်မောင် အသက် (၁၉) နှစ်သည် နေအိမ်တွင် အဒေါ်ဖြစ်သူ မဖြူ အသက် (၃၈) နှစ်နှင့် ၎င်း၏ နောက်ယောကျ်ားမောင်ပု အသက် (၄၉) နှစ်၊ အဒေါ်မဖြူ၏သမီးဖြစ်သူ ၎င်း၏ညီမဝမ်းကွဲ မအေးအေး (၁၄) နှစ်တို့နှင့် အတူရှိနေသည်။ ကိုမောင်မောင်နှင့် မအေးအေးအား မောင်ပုက ပုဆိုးဝယ်ခိုင်း၍ သွားစဉ်လမ်း၌ မအေးအေးက မောင်ပုသည် ၎င်းကို သားမယားအဖြစ်ပြုကျင့်ကြောင်း ကိုမောင်မောင်အား ပြောပြ တိုင်တန်းသည်။ မအေးအေးက ထိုကိစ္စကို မိခင်ဖြစ်သူ မဖြူအားပြောပြရာ "ငါ့ယောကျ်ား ကလေး ရတာမဟုတ်ဘူး ခံလိုက်" ဟု ပြောကြောင်း ပြောပြသည်။ ပြုကျင့်နေစဉ်တွင်လည်း မဖြူက အိမ်ပေါ်မှ ထိုင်၍ လူကြည့်ပေးကြောင်း ပြောပြသည်။ ကိုမောင်မောင်က ညီမဝမ်းကွဲ မအေးအေးကိုခေါ်၍ ထွက်ပြေးရာမောင်ပုက လိုက်လံခေါ်ပြီး ရိုက်နှက်သည်။ ထို့ကြောင့် ကိုမောင်မောင်က တရားလို ပြုလုပ်ပြီး မအေးအေး၏ ပထွေးဖြစ်သူ မောင်ပုနှင့်အလိုတူအလိုပါဖြစ်သော မအေးအေး၏ မိခင် မဖြူတို့အား ဥပဒေအရ အရေးယူပေးပါရန် တရားလိုပြုလုပ် တိုင်တန်းခဲ့သော အမှု ဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) ဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် နှင့် တရားခံ၏ဇနီး အားပေးကူညီသူအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၁၁၄ (မုဒိမ်းမှုကျူးလွန်ရန် အားပေးကူညီမှု) အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- မိခင်ရင်းနှင့် ပထွေးဖြစ်၍ သက်သေများမှာ အတိအကျ မထွက်ဆိုကြခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှတ်စဉ် (၃၆)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၂ - ၈ - ၂၀၁၃) တွင် မဖြူဖြူဝင်း အသက် (၁၆ နှစ်) က ခိုင်ဇာဝင်း၏ အိမ်တွင် ဝင်းဝင်းခိုင်၊ ခိုင်ဇာဝင်း၊ မိမိ၊ ဇော်ဇော်၊ ကိုတရုတ်တို့နှင့် အပျော်တမ်းဖဲကစားပြီး ည (၁၁) နာရီ မိမိမှာ ထမင်းစားရန် အိမ်သို့ပြန်လာပါသည်။ မဖြူဖြူဝင်းအိမ်သို့ ပြန်လာနေစဉ် လမ်းတွင် မခိုင်ခိုင်ထွန်း အိမ်နားအရောက်၌ မီးငြိမ်းသွားပါသည်။ ထိုအခါတွင် ကိုတရုတ် အသက် (၃၃ နှစ်) မှာ မိမိကို ပြောစရာရှိသည်ဟူ၍ စက်တဲထဲသို့ ဆွဲခေါ်ကာ သားမယား ပြုကျင့်ပါသည်။ မိမိရုန်းကန်သည်ကို ကိုတရုတ်က လူသိရင်အရှက်တကွဲဖြစ်မည်၊ ဖြစ်လျှင်သတ်ပစ်မည်ဟု ခြိမ်းခြောက်သောကြောင့် မအော်ရဲသောကြောင့် အော်ဟစ်အကူအညီတောင်းခံခြင်းမရှိပါ။ ထို့နောက် ကိုတရုတ်က ငင်း အရင်သွားမည်ဟုဆိုကာ ထွက်သွားပြီး မိမိအနောက်မှ ထွက်လာပြီး အိမ်သို့ပြန်ခဲ့ရသည်။ နောက်တစ်နေ့တွင် ဝင်းဝင်းခိုင်နှင့် ခိုင်ဇာဝင်းက အခင်းဖြစ်ကိစ္စကို ချောင်းကြည့်ပြီးတွေ့ခဲ့ကြောင်း ဖြူဖြူဝင်း၏ အမေနှင့် အဒေါ်ကို ပြောပါသည်။ ဖြူဖြူဝင်းသည် ကိုတရုတ် ခြိမ်းခြောက်ထားသည်ကို ကြောက်၍ ဘာမှမပြောခဲ့သော်လည်း နောက်ပိုင်းတွင် ရဲစခန်းသို့ တိုင်တန်းခဲ့ပါသည်။

## တရားရုံးစီရင်ချက်

ပြစ်မှုကျူးလွန်သူအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ထောင်ဒဏ် (၅) နှစ် ကျခံစေရန် အမိန့် ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့် စစ်ဆေးခြင်းမရှိခြင်းနှင့် အမျိုးသမီးငယ်မှ စစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက်ပေးရာတွင် အခက်အခဲရှိခြင်း၊
- အမှုစစ်ဆေးစဉ် ကျူးလွန်သူအားမြင်တွေ့နေရ၍ အမူအရာ၊ အကြည့်များဖြင့် ခြိမ်းခြောက်ခံရခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၁၉) ချိန်း

## အမှတ်စဉ် (၃၇)

### အမှုဖြစ်စဉ်အကျဉ်း

ရခိုင်ပြည်နယ်၊ - - - မြို့နယ်ရှိ မကေသီ (၁၇) နှစ်သည် (၁၇ - ၉ - ၁၅) နေ့လည် (၂) နာရီအချိန်တွင် ရွာ၏ အရှေ့မြောက်ဘက် (၂) မိုင်ခန့်အကွာ တံတားဦးဘုရားအနီးတွင် နွားကျောင်းနေရင်းနှင့် ဟင်းရွက်ခူးနေစဉ် တရားခံမောင်ထွေး (၅၆ နှစ်) မှ ထမီကို အတင်းဆွဲချွတ်လှှ်ပစ်ပြီး သားမယားဖြစ် (၁၅) မိနစ်ခန့် ပြုကျင့်ခဲ့ပြီး အဆိုပါကိစ္စအား မိသားစုကို ပြန်ပြောပါက အသေထိုးသတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း အခင်းဖြစ်ကိစ္စအား အရေးယူပေးပါရန် ရဲစခန်းသို့ တိုင်တန်းခဲ့သော အမှုဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ စွဲချက်တင်ခဲ့ရာ တရားခံမှာ အပြစ်ရှိကြောင်းဝန်ခံ၍ တရားခံအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ထောင်ဒဏ် (၅) နှစ် ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုသွားရောက်တိုင်တန်းရာတွင် သက်ဆိုင်ရာဌာနမှ ချက်ခြင်း အမှုမဖွင့်ပေးခြင်း၊
- တိုင်တန်းချက်တွင် မုဒိမ်းကျင့်ခံရပါသည်ဟု တိုင်တန်းသော်လည်း ပြစ်ဒဏ်နည်းသည့် တခြားပုဒ်မတစ်ခုဖြင့် အမှုဖွင့်ပေးခြင်း၊
- တရားခံအား အမှုဖွင့်ပြီးနောက် ဖမ်းဆီးခြင်းမရှိခြင်း၊
- အမှုဖွင့်ရာတွင် တာဝန်ရှိသူများမှ နွေးထွေးပြူဌာသော ဆက်ဆံမှုအားနည်းခြင်း၊
- အမှုဖွင့်ပြီး (၃) လ လောက်ကြာသည်အထိ အကြောင်းတစ်စုံတစ်ရာ ကြားခြင်းမရှိ၍ သွားရောက်မေးမြန်းရာ မိမိဘာသာ တရားရုံးသွားတိုင်ဟု အမှုတွဲအား ပြန်ပေးခံရခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၃) ချိန်း

# အသက် ( ၁၈ ) နှစ်အောက် မိန်းကလေးငယ်များကို ကျူးလွန်သည့်မုဒိမ်းမှုများအား ကျား၊မ ရေးရာရှုထောင့်မှသုံးသပ်ချက်

ဤအမှု(၁၀၀) စာအုပ်တွင် အသက် (၁၈) နှစ်အောက် မိန်းကလေးငယ်များကို ကျူးလွန်သည့်မုဒိမ်းမှုများသည် အမှုတွဲစဉ်(၁)မှ(၃၇)အထိ(၃၇)မှုတိတိပါဝင်နေသည်ကိုတွေ့ရှိရပါသည်။ ထို(၃၇)မှုတွင်(၄)မှုမှာ သေဆုံးသည်အထိမိန်းကလေးငယ်များအားကျူးလွန်သည့်အမှုဖြစ်ပါသည်။

အမှုဖြစ်စဉ်တိုင်းတွင် မိန်းကလေးငယ်များအား စိတ် လူမှုပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ဖြစ်မှုကျူးလွန်သူတရားခံအား တရားရုံးတွင် တွေ့ရသည့်အခါ တရားခံမှ မျက်နှာအမူအရာဖြင့် ခြိမ်းခြောက်ခြင်းနှင့် မြင်လိုက်သည့်ပုံရိပ်များကြောင့် မိန်းကလေးငယ်များသည် ကြောက်ရွံ့တုန်လှုပ်မှုများ ရှိကြောင်းနှင့် ကြောက်ရွံ့မှုကြောင့် ထွက်ဆိုချက်များကို ပြောဆိုရာတွင် ပြည့်စုံစွာမပြောဆိုနိုင်သည့်အချက်များကို တွေ့ရှိရပါသည်။ ယင်းအပြင် ကလေးငယ်များမှာ ဥပဒေဝေါဟာရများ၏ ဝေါဟာရ (ဥပမာ) အခေါ်အဝေါ်ကို မြင်တွေ့သည့်အခါ ကြောက်ရွံ့မှုများရှိနေကြောင်းကို တွေ့ရှိရပါသည်။ အကြမ်းဖက်ခံရသူ မိန်းကလေးငယ်များအား စစ်ဆေးရာတွင် ကလေးမှ နားလည်လွယ်သော အသုံးအနှုန်းများကို သုံးသင့်ပါသည်။ ယင်းအပြင် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ ကလေးငယ်များသည်လည်း တရားစီရင်ရေးလုပ်ငန်းများကို နားမလည်ခြင်း မိမိတို့ခံစားရသည့်များကို ပေါ်ပြုရာတွင် အခက်အခဲရှိခြင်းများကို သုံးသပ်တွေ့ရှိရပါ၍ ထိုသို့သောအချက်များအား ပြည့်စုံသေချာစွာစီစဉ် အထူးလုပ်ထုံးလုပ်နည်းများ ထားရှိရန်လိုအပ်ကြောင်း အကြံပြုလိုပါသည်။

သို့ပါ၍ အကြမ်းဖက်မှုကျူးလွန်ခံရသူ မိန်းကလေးငယ်များအား တရားစီရင်ဆိုင်ရာတွင် စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှု ပေးရာတွင်ဂရုပြုလုပ်ပေးရန် လိုအပ်ကြောင်းနှင့် အထူးတရားရုံးနှင့် အထူးလုပ်ထုံးလုပ်နည်းများ ကျင့်သုံးခြင်းအားဖြင့် အမှုစစ်ဆေးရာတွင် ပိုမိုအဆင်ပြေစေနိုင်ကြောင်း ကျား၊မ ရေးရာရှုထောင့်မှ သုံးသပ်တင်ပြအပ်ပါသည်။

မှတ်ချက်။ ။ အထူးတရားရုံးဆိုသည်မှာ သီးခြားတည်ဆောက်ထားရှိ လောင်းကြိုပြင်ဆင်ထားသည့် သီးသန့်စစ်ဆေးသည့် ထောက်ပံ့ပေးခြင်း၊ စစ်ဆေးနေစဉ်ကာလတွင် အကြမ်းဖက်ခံရသူနှင့် တရားခံတို့ တစ်ဦးကိုတစ်ဦး မမြင်တွေ့နိုင်အောင် အကာအရံထားရှိပေးခြင်း စသည့်နည်းလမ်းများအားဖြင့် ကလေးသူငယ်၏ ကာကွယ်မှုကို မူတည်သော အထူးစီမံထားသော ကြားနာပေးနိုင်မည့် သူ့အားသော တရားရုံးတွင် ထားရှိပေးခြင်းသည့်တို့ဖြစ်ပါသည်။

အကြမ်းဖက်ခြင်းခံရမှုများတွင် အသက်မပြည့်သေးသော ကလေးသူငယ်များသည် သူတို့အတွက်မှတ်သော တရားရုံးသို့ လာရောက် အထိတ်တလန့်ဖြစ်တတ်ပါသည်။ သို့မဟုတ်ပါက ထိုကလေးငယ်အား တရားရုံးမှတစ်ဆင့် သူ့ဘဝနှင့်ပတ်သက်၍ ကြားခံမှုဖြင့် ကြီးထွားလာနိုင်သည့် ကလေးငယ်တရားရုံး၌ လာရောက်ရန်နှင့်ပတ်သက်၍ ထိုကိုယ်စားလှယ်များ ကလေးအားကိုယ်စား ဖြေဆိုပေးခြင်း ဖြစ်သည်။ ယင်းအပြင်အကြမ်းဖက်ခံရသူ အသက်မပြည့်သေးသော ကလေးငယ်မှ မိမိတို့ဘေးမှ အလေးရာတ် တရားရုံးတွင် လာရောက်ထွက်ဆိုရသော အချိန်တွင် တရားရုံးမကျောက်ထိုင်တွင် ကလေးငယ်အား တရားရုံးအကြောင်း ပေးရှင်းလင်းပြခြင်း တရားခွင်အား ထိတ်လန့်မှုမရှိစေရန် ပုံများဖြင့်ပြသခြင်းနှင့် တရားသူကြီးများ ရှေ့နေများ ဥပဒေ အရာရှိများ၏ ဝတ်စုံများကိုရှင်းပြ၍ ကလေးငယ်အား စစ်ဆေးရာတွင် ထိုင်ရမည့်နေရာ တရားခံထိုင်မည့်နေရာများကို ကြိုတင်ပြသပေးခြင်းစသည့် ပြုလုပ်ပေးခြင်းအားဖြင့် ထိခိုက်ခံစားရသည့် ကလေးငယ်၏ စိတ်ပိုင်းဆိုင်ရာအား ပံ့ပိုးမှုပြုလုပ်နိုင်ပါသည်။ ထိုနည်းလမ်းများအားဖြင့် ကလေးငယ်သည် အထိတ်တလန့်မဖြစ်ဘဲ ပိုမိုကောင်းမွန်စွာ ထွက်ဆိုနိုင်မည်ဟု အကြံပြုတင်ပြအပ်ပါသည်။

# (၁.၂) အသက် (၁၈) နှစ်နှင့်အထက် အမျိုးသမီးများကို ကျူးလွန်သည့်မုဒိမ်းမှုများ

## အမှတ်စဉ် (၃၈)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ မကြည်ကြည် အသက် (၄၁ နှစ်) သည် ပန်းရံလုပ်ရာတွင် သိန်းမောင် အသက် (၄၀ နှစ်) နှင့် သိသည်။ သိန်းမောင်သည် အလုပ်သမားခေါင်းဆောင်ဖြစ်ပြီး ၎င်းအား အလုပ်ရှာပေးမည်ဆိုကာ ဘုရင့်နောင်တံတားတွင် တွေ့ရန်ချိန်းဆိုခဲ့သည်။ တံတားသို့ ရောက်သောအခါ သဲကွင်းသို့သွားရန် ပြောသဖြင့်ငြင်းခဲ့သည်။ ထိုအခါ သိန်းမောင်မှ နင့်ယောက်ျားမြင်မယ်ဟု ဆိုကာ သဲကွင်းသို့ ဆွဲခေါ်သွားသည်။ ထိုသို့ မပြုလုပ်ရန်ပြောသော်လည်း တရားခံသိန်းမောင်မှ သားမယားအဖြစ်နေမှသာ အလုပ်အမြဲရမည်ဟု ပြောခဲ့သည်။ ရုန်းကန်သော်လည်း အင်အားမမျှသောကြောင့် ကျူပင်များထဲတွန်းချကာ ကိုယ်ပေါ်တက်ခွပြီး ထမီအား ဆွဲလှန်ခဲ့သည်။ ထို့နောက် သားမယားအဖြစ် ပြုကျင့်ရန် ကြံစည်သဖြင့် ရုန်းကန်စဉ် အင်္ကျီနှင့် အတွင်းခံအင်္ကျီတို့ စုတ်ပြဲပြီး၊ မကြည်ကြည်၏ပါးစပ်အား လက်ဖြင့်ပိတ်ခဲ့သည်။ အတင်းရုန်းကန်ပြီး ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းခဲ့ရာ သိန်းမောင်မှ ထွက်ပြေးသွားပြီး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တစ်ဆင့် ရဲစခန်းသို့သွား၍ တိုင်ကြားခဲ့သည်။

### တရားရုံးစီရင်ချက်

တရားခံသိန်းမောင်သည် ရာဇသတ်ကြီး ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် ကြိုးစားအားထုတ်မှု) အရ ပြစ်မှုထင်ရှား၍ ယင်းပြစ်မှုဖြင့် ထောင်ဒဏ် (၂) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပြစ်ဒဏ်နည်း၍ နစ်နာသူမှ ကျေနပ်မှုမရှိခြင်း၊
- ခင်ပွန်းမှ မိန်းမအား အနေအထိုင်မတက်၍ ဒီလိုလုပ်ခံရခြင်းဟုဆိုကာ မိန်းမအား ခြိမ်းခြောက်ပြီး ကတ်ကြေးဖြင့်ထိုးခြင်း၊
- ယောက်ျားမှ ရန်ရှာနေ၍ နောက်တစ်မူ ယောက်ျားအား စွဲဆိုရခြင်း၊

**အမှုကြာချိန်** - (၉) လ၊ ရုံးချိန်း - (၂၁) ချိန်း

## အမှတ်စဉ် (၃၉)

### အမှုဖြစ်စဉ်အကျဉ်း

ရေဝတီတိုင်းဒေသကြီး၊ ‑‑‑ မြို့နယ်၌ တရားလို မဝင်းဝင်းသန်း အသက် (၂၇ နှစ်) နှင့် ၎င်း၏ မိသားစုသည် တရားခံ ဦးမင်းမင်း အသက် (၄၇) နှစ်၏ ခွင့်ပြုချက်ဖြင့် တရားခံ ခြံဝင်းထဲတွင် တဲအိမ်ဆောက်၍ နေထိုင်ပါသည်။ တရားခံမှာ တရားလို၏ခင်ပွန်း အလုပ်သွားနေသည့် (၁၅ ‑ ၁၁ ‑ ၂၀၁၅) နေ့တွင် တရားလိုနေထိုင်သော တဲအိမ်သို့ ရောက်ရှိလာပြီး တရားလိုအား အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခဲ့ပါသည်။ ၎င်းတဲထဲသို့ ပွေ့ခေါ်သွားပြီး (၂) ကြိမ်တိုင်တိုင် သားမယားအဖြစ် ထပ်မံပြုကျင့်ခဲ့ပါသည်။ တရားလိုမှ ငြင်းဆန်ရုန်းကန်သော်လည်း ရုန်းကန်၍ မရခဲ့ပါ။ တရားလိုနှင့် တရားခံတို့မှာ ဆွေမျိုးများဖြစ်ကြပြီး လူမှုရေးအရ ညှိနှိုင်းဖြေရှင်းပေးရန် ပြောဆိုသော်လည်း ပြေလည်မှုမရှိသဖြင့် တရားလိုမှ တရားခံဦးမင်းမင်းအပေါ် အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်ပါ သည်။

### တရားရုံးစီရင်ချက်

တရားခံ ဦးမင်းမင်းအား ရာဇသတ်ကြီးပုဒ်မ ‑ ၃၇၆ (မုဒိမ်းမှု) အရ တရားစွဲဆိုထားခြင်းအား တရားလိုမှ ရုပ်သိမ်းလွှာတင်သဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ‑ ၄၉၄ (က) အရ စွဲချက်မတင်ခင် လွှတ်လိုက်သည်။

**အမှုတွင်ကြုံရသောအခက်အခဲများ**

- မည်သည့်နေရာ သွားတိုင်ရမည်ကို ကျူးလွန်ခံရသူများ မသိရှိခြင်း၊

**အမှုကြာချိန်** ‑ (၅) လ၊ ရုံးချိန်း ‑ (၁၃) ချိန်း

## အမှတ်စဉ် (၄၀)

### အမှုဖြစ်စဉ်အကျဉ်း

ရောဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်မှ ဒေါ်မိုးမိုးသည် (၁၉ - ၂ - ၁၆) ရက်နေ့က နေ့လည် (၁) နာရီခန့်တွင် ညီမဖြစ်သူ ဒေါ်နုနုအား မိမိ၏သမီး မသီသီ အသက် (၂၅) နှစ်နှင့်အတူ ဈေးရောင်းပေးရန် အပ်နှံခဲ့သည်။ သမီးမသီသီသည် စကားပြောရာတွင် အခက်အခဲရှိသည့် မသန်စွမ်းဖြစ်သည်။ သူမသည် (၁) နာရီခွဲခန့်အချိန်တွင် တစ်ရွာတည်းနေ ဦးချစ်အောင်၏ ရေကန်သို့ သောက်ရေ သွားဝယ်ပြီး ရေထမ်းပြန်လာရာ၊ ယူကလစ်ခြံအလယ်၌ နားနေစဉ် တစ်ရပ်ကွက်တည်းနေ ဦးမောင်ဦး အသက် (၄၈) နှစ်ရောက်လာပြီး၊ ၎င်းအား လမ်းဘေးရှိခြံထဲသို့ အတင်းအားဓမ္မ ဆွဲခေါ်သွားကာ အလိုမတူဘဲ သားမယားအဖြစ်ပြုကျင့်ခဲ့သည်ကို သမီးမသီသီမှ ပြန်လည်ပြောပြ သိရသဖြင့် မိခင်ဖြစ်သူ ဒေါ်မိုးမိုးက တရားလို ပြုလုပ်ပြီး အရေးယူပေးပါရန် တိုင်တန်းခြင်းဖြစ်သည်။

### တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အလုပ်နှင့်ထောင်ဒဏ် (၈) နှစ်တိတိကျခံစေရန် အမိန့်ချမှတ် လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ကျူးလွန်ခံရသူမှာ မသန်စွမ်း စကားပြောရာတွင် အခက်အခဲရှိသည့်အတွက် တရားရုံးတွင် သေချာစွာ ပြောပြနိုင်မှုအားနည်းခြင်း၊
- တရားရုံးတွင် မသန်စွမ်းများအတွက် သီးသန့်အထူးစီစဉ်ပေးမှုများ ရှိမနေခြင်း၊ အားနည်းခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှတ်စဉ် (၃၁)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ --- မြို့နယ်တွင် မဝေဝေသည် ညီမအငယ်ဆုံးဖြစ်သူ မတိုးတိုးနှင့် မိခင်၏အိမ်တွင် အတူနေထိုင်သည်။ မတိုးတိုးသည် အသက် (၃၂ နှစ်) ရှိပြီး အကြောရောဂါနှင့် ကျန်းမာရေးမကောင်းသော မသန်စွမ်းသူ ဖြစ်သည်။ (၁၄ - ၁၀ - ၂၀၁၃) ရက်နေ့တွင် အစ်မဖြစ်သူ မဝေဝေမှ နေ့လည် (၁၂) နာရီတွင် ထမင်းလာကျွေး၍ စားပြီး အိမ်အခန်းထဲတွင် နေနေပါသည်။ ထိုအချိန်တွင် မောင်မောင်နှင့် စိုးငွေ (၃၆ နှစ်) မှာ အရက်သောက်ပြီးအိပ်နေသည်။ ၄င်းနောက် စိုးငွေမှာ မတိုးတိုးအခန်းထဲသို့ ဝင်၍ ဖမ်းချုပ်ရာ မတိုးတိုးက ရုန်းကန်သော်လည်း အတင်းချုပ်၍ အဓမ္မပြုကျင့်ပြီးနောက် ရေချိုးပြီး ပြန်သွားခဲ့သည်။ မတိုးတိုးမှာ ကျောက်စည်နားတွင် ထိုင်ငိုနေချိန် တူမဖြစ်သူ မနီက ကျောင်းမှပြန်လာ၍ မတိုးတိုးငိုနေသည်ကိုတွေ့၍ မေးမြန်းရာ စိုးငွေ အဓမ္မကျင့်၍ ငိုနေသည်ဖြစ်ကြောင်းတွေ့ရ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတဆင့် တိုင်တန်းခဲ့သောအမှုဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် ဆေးစစ်ဆေးချက်များနှင့် တရားလိုပြသက်သေများ၏ ထွက်ဆိုချက်အရ တရားခံမှာ မုဒိမ်းမှုကျူးလွန်ကြောင်း ထင်ရှားသောကြောင့် ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ထောင်ဒဏ် (၅) နှစ် ချမှတ် သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- နစ်နာသူမှာ အကြောရောဂါရှိသူ မသန်စွမ်းဖြစ်၍ တရားရုံးတွင်မေးမြန်းသည်များကို နားမလည်၍ပြန်မဖြေနိုင်ခြင်း
- တရားရုံးတွင် မသန်စွမ်းများအတွက် သွားလာရအဆင်ပြေစေရန်သော်လည်းကောင်း၊ လွယ်ကူစွာနားလည်နိုင်သာ စစ်ဆေးမှုပြုလုပ်ထားခြင်း မရှိခြင်း၊
- တရားခံဖက်မှ အယူခံတက်သောကြောင့် နစ်နာသူမှာ ထပ်၍ အမှုရင်ဆိုင်ဖြေရှင်းရခြင်း။

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၁၉) ချိန်

## အမှတ်စဉ် (၄၂)

## အမှုဖြစ်စဉ်အကျဉ်း



အမှုမှာ ကချင်ပြည်နယ်၊ - - - မြို့တွင် (၂၂ - ၁၁ - ၁၄) နေ့၊ နေ့လည် (၁း၃၀) နာရီတွင် မခေါင်နန်း နေအိမ်သို့ နောင်နန်းကျေးရွာနေ နော်ဂျာ အသက် (၃၅) နှစ် စပါးကြိတ်ရန် ရောက်လာ၍ မခေါင်နန်း ခင်ပွန်းက စပါးကြိတ်ပေးပြီး ပြန်ထွက်သွားပြီးနောက် နော်ဂျာက ၎င်းဆန်အိတ်အား ချည်နှောင်နေစဉ်

မခေါင်နန်းမှ နောက်ဖေးသို့ဝက်စာ သွားကျွေးခဲ့ရာ အပြန်တွင် နေအိမ်အခန်းတွင်း ၎င်း၏ယောင်းမ မခေါင်နော၏အသက် (၂၂) နှစ် (ဆွံ့အနေသော မသန်စွမ်း)၏ ဂါဝန်ရင်ဘတ်သို့ လှန်ထားပြီး ပက်လက်အနေအထားဖြင့် နော်ဂျာက မခေါင်နော၏အပေါ်မှနေ၍ သားမယားအဖြစ် အပြုကျင့်ရန် ကြံစည်နေသောကြောင့် တိုင်ကြားခဲ့သောအမှုဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် ပြစ်မှုကျူးလွန်သူအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းကျင့်ရန် အားထုတ်မှု) ကျူးလွန်သောကြောင့် အလုပ်နှင့်ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချမှတ် လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- စိတ်ပိုင်းထိခိုက်မှုရှိ၍ စိတ်ရောဂါဆရာဝန်နှင့်ပြပြီးမှာ စစ်ဆေးခံရခြင်း၊
- ဆေးပညာအရ ထိရောက်အောင် ကုသပေးမှုအားနည်းခြင်း၊
- တရားခံအား မြင်နေရ၍ ၎င်းဟန်အမှုအရာကြောင့် ကြောက်ရွံ့စိတ်ရှိခြင်း၊
- ကလေးမသည် စိတ်ပိုင်းဆိုင်ရာဒဏ်ရာရသွား၍ ကျောင်းထွက်လိုက်ရခြင်း၊
- တရားရုံးတွင် မသန်စွမ်းများအတွက် သီးသန့်အထူးဆောင်ရွက်ပေးမှုအားနည်းခြင်း၊

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၁၇) ချိန်း

## အမှတ်စဉ် (၄၃)

## အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ တရားလို မခင်ခင်မြ အသက် (၂၃) နှစ်သည် တရားခံ ဦးနီ အသက် (၄၇) နှစ်၏ သမီးရင်းဖြစ်ပြီး တတိယသမီးဖြစ်ပါသည်။ မခင်ခင်မြ၏မိခင်မှာ လေဖြတ်နေ၍ မထနိုင်ဘဲ အိပ်ယာထဲတွင် လဲနေပါသည်။ မိခင်လေဖြတ်ပြီး (၄) လခန့်အကြာတွင် ဖခင်မှ တရားလို အိပ်ယာထဲသို့ဝင်လာပြီး သားမယားအဖြစ်ပြုကျင့်ပါသည်။ ဖခင်အား ငယ်စဉ်ကတည်းက ကြောက်ရ၍ မပြောရဲပါ။ မခင်ခင်မြ ကိုယ်ဝန်ရလာသည့်အခါ ဖခင်မှ ဆေးတိုက်ပြီးဖျက်ချခဲ့ပါသည်။ မခင်ခင်မြ အမနှင့် အမေမှာ သိသော်လည်း ငယ်စဉ်ကတည်းက ဖခင်အားကြောက်ရ၍ မပြောခဲ့ပါ။ ထို့နောက် မခင်ခင်မြ ထွက်ပြေးခဲ့သော်လည်း ဖခင်မှ လိုက်ခေါ်ခဲ့ပါသည်။ (၁၆ - ၉ - ၁၅) ရက်နေ့ မခင်ခင်မြ အိပ်ပျော်နေစဉ် ဖခင်ထပ်မံပြီး သားမယားပြုကျင့်ရန် ရောက်လာစဉ် မခင်ခင်မြမှ မခံနိုင်တော့ဘဲ အနီးရှိ စမ်းမိသည့်တုတ်ဖြင့် ရိုက်လိုက်၍ ဖခင်ခေါင်းကွဲသွားပြီး ဆေးရုံတက်ခဲ့ရပါသည်။ ထို့နောက် မခင်ခင်မြကရဲစခန်း၌ အမှုဖွင့်ခဲ့ပြီး တရားစွဲဆိုခဲ့ပါသည်။

## တရားရုံးစီရင်ချက်

တရားခံသည် ပြစ်မှုထင်ရှားကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ထောင်ဒဏ် တစ်သက်တစ်ကျွန်း (နှစ် ၂၀) ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့် စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများဝတ်ဆင်ထားခြင်းကြောင့် အမျိုးသမီးငယ်မှာ စစ်ဆေးရာတွင် လိင်ကိစ္စ ပြောရာ၌ ရှက်ကြောက်နေခြင်း၊
- ဖခင်နှင့်သားသမီးဖြစ်နေ၍ ဆွေမျိုးများမှာ ဖုံးဖိရန်ကြိုးစားခြင်း၊
- ဖခင်နှင့်သားသမီးများဖြစ်နေ၍ သက်သေထွက်ဆိုကြသည့်အခါ ပြည့်စုံစွာမထွက်ဆိုခြင်း၊
- အိမ်နီးချင်းသက်သေများက ကျူးလွန်သူပြန်လွတ်လာလျှင် ရန်ရှာမည်စိုး၍မထွက်ဆိုခြင်း၊

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၁၈) ချိန်း

# အသက် (၁၈) နှစ် နှင့်အထက် အမျိုးသမီးများကို ကျူးလွန်သည့်မုဒိမ်းမှုများအား ကျား၊မ ရေးရာရှုထောင့်မှသုံးသပ်ချက်

အသက် (၁၈) နှစ်နှင့်အထက် အမျိုးသမီးများကို ကျူးလွန်သောအမှုများမှာ အမှုတွဲစုစု (၁၈)မှု (၄၃) အထိ မြို့ ပါဝင်ပြီး ထို(၆)မှုတွင်မှ(၁) မှုမှာ မသန်စွမ်းအမျိုးသမီးကို မုဒိမ်းကျင့်မှုဖြစ်ပါသည်။

အကြမ်းဖက်ခံရသူအမျိုးသမီးအား သူမ၏ဘဝရှင်သန်မှုနှင့်ပတ်သက်သော ရှာဖွေစားသောက်ရေးနှင့် သူမအားထောက်ပံ့ပေးမည့်သူကို အကြမ်းဖက်သူသည်အမှု ထောက်ခံသူမိဘများ၏ အကြမ်းဖက်မှုများဖြစ်နေ၍ ထပ်မံအကြမ်းဖက်ခံရမည် ကိုစိုးရိမ်နေခြင်းများကိုလည်း သုံးသပ်တွေ့ရှိရပါသောကြောင့် အကြမ်းဖက်ခံရသူအမျိုးသမီးများ၏ ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးအတွက် ထိရောက်သော ကာကွယ်စောင့်ရှောက်မှုများ လိုအပ်နေကြောင်းတွေ့ရှိရပါသည်။

တရားရုံးတွင် အကြမ်းဖက်ခံရသူအား မြင်နေရပါသောကြောင့် နစ်နာသူအမျိုးသမီးမှာကြောက်ရွံ့စိတ်များ ရှိနေကြောင်းနှင့် တစ်ချိန်တရားရုံးတွင် တစ်ဦးတစ်ယောက်အကြောင်းပြောနေရခြင်း ပေါ်ပါသောကြောင့် နစ်နာသူအမျိုးသမီးမှာ ထိခိုက်ခံစားရကြောင်း စစ်ဆေးမေးမြန်းရာတွင် ရုက်ကြောက်လာ စိတ်မထက်မသောထပ်မံဆင့်ဖြစ်ပွားမှုကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ၎င်းအပြင် မသန်စွမ်းအမျိုးသမီးများအတွက် စစ်ဆေးမှုတွင် သီးသန့်အထောက်အကူပြုမှုမရှိခြင်း တရားရုံးတွင် မသန်စွမ်း များအတွက်သွားလာရေးအဆင်ပြေစေရန်ဆောင်ရွက်မှုများ လိုအပ်နေကြောင်းကိုတွေ့ရှိရပါသည်။

တရားခံမှ နစ်နာသူအမျိုးသမီးအား တယ်လီဖုန်းဖြင့်တရားစွဲဆိုခြင်းကိုရုပ်သိမ်းရန်ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လျှက်ရှိသည်။ တရားရုံးမှ တိကျစွာကြားနာနိုင်ရန် အမျိုးသမီးများအတွက် တရားရုံးအကြောင်းရာ ထိရောက်စွာ အကာအကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ အကြမ်းဖက်ခံရသူအမျိုးသမီးများအား စိတ်ဒဏ်ရာထပ်မံမရစေသော နည်းလမ်းများဖြင့် စစ်ဆေးရန်လိုအပ်ပြီး တရားရုံးတွင် တရားခံနှင့် တရားလိုတို့ တစ်ဦးကိုတစ်ဦးမတွေ့မြင်ရစေရန်အတွက် အထူးအစီအမံများ (ဥပမာ- ဗီဒီယိုအသုံးပြု၍ မေးမြန်းခြင်း) ပြုလုပ်ပေးရန်လိုအပ်ပါသည်။ တရားစီရင်ရေးဝန်ထမ်းများ၊ ရဲဝန်ထမ်းများတွင် အမျိုးသမီးဝန်ထမ်းများနှင့် အမျိုးသမီးဆိုင်ရာ အမှုကို ကိုင်တွယ်ဆောင်ရွက်နိုင်သော ဝန်ထမ်းများ လိုအပ်နေကြောင်းကိုလည်း သုံးသပ်တွေ့ရှိရပါသည်။ ၎င်းအပြင် အထူးတရားရုံးနှင့် အထူးလုပ်ထုံးလုပ်နည်းများ လိုအပ်ကြောင်းထပ်မံအကြံပြုလိုပါသည်။

## (၁.၃) ကာမလိမ်လည်ရယူမှု

**အမှတ်စဉ် (၄၄)**

**အမှုဖြစ်စဉ်အကျဉ်း**



ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်မှ တရားလို မနွယ်နွယ် (၂၄) နှစ်သည် ၂၀၀၉ ခုနှစ်က ဦးလေးဖြစ်သူ ကွမ်းယာဆိုင်တွင် ဝင်ရောက်ကူညီရောင်းပေးရာမှ တရားခံမောင်လွင် အသက် (၂၆ နှစ်) နှင့် ၂၀၁၁ ခုနှစ်တွင် စတင်သိကျွမ်းခဲ့ပြီး ၄င်းကို ချစ်ကြိုက်ကြောင်း ပြောလာသဖြင့်

ခြောက်လခန့်အကြာ မှ ပြန်လည်ချစ်ကြိုက်ကြောင်း အဖြေပေးခဲ့သည်။ (၂၀၁၄) ခုနှစ်၊ ဧပြီလ သင်္ကြန်မတိုင်ခင် (၁၀) ရက်ခန့်က မြောက်ဥက္ကလာပရှိ တည်းခိုခန်းသို့ တစ်ကြိမ်၊ နောက် (၄) လခန့်အကြာတွင် ဒလဘက်ရှိ တည်းခိုခန်းတစ်ခုသို့ တစ်ကြိမ်၊ (၇ - ၁၀ - ၂၀၁၄) ရက်နေ့တွင် တရားလိုအား ဘုရားသွားမည်ဟုဆိုကာ မရမ်းကုန်းမြို့နယ်ရှိ တည်းခိုခန်းသို့ ထပ်မံ၍တစ်ကြိမ် လက်ထပ်မည်ဟုဆိုကာ ခေါ်သွားပြီး ကာမရယူခဲ့သည်။ ဘယ်တော့ လက်ထပ်မလဲဟု မေးမြန်းရာ မောင်လွင်မှ ငွေစုနေကြောင်း၊ တင့်တောင်းတင့်တယ်ထားလို၍ဟုဆိုကာ အကြောင်းပြ ရှောင်လွှဲ ပြောဆိုခဲ့သည်။ (၅ - ၁၁ - ၂၀၁၄) ရက်နေ့တွင် မောင်လွင်မှ မသူသူဆိုသူနှင့် လက်ထပ်ရန် လူကြီးများစုံရာဖြင့် သွားရောက်တောင်းရမ်းကြောင်းသိရသဖြင့် ဘယ်လိုလုပ်တာလဲ၊ နင်ငါ့ကို ယူမယ်ပြောပြီး တခြားအမျိုးသမီးအားလက်ထပ်ပေါင်းသင်းရန် ဘာကြောင့်တောင်းရမ်းရတာလဲ"ဟု မနွယ်နွယ်မှ မေးမြန်းရာ မောင်လွင်မှ မနွယ်နွယ်ကို မယူနိုင်တော့ကြောင်း ငြင်းဆန်သဖြင့် တရားရုံးသို့ ဦးတိုက်စွဲဆို၍ ပေါ်ပေါက်လာသော အမှုဖြစ် သည်။

## တရားရုံးစီရင်ချက်

တရားခံပြုလုပ်မှုကြောင့် တရားလိုတွင် အပျိုစင်ဘဝဆုံးရှုံးခဲ့ရပြီး အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရသည်။ ထို့ကြောင့် တရားခံအပေါ် ၄င်းကျူးလွန်ခဲ့သည့် ပြစ်မှုနှင့်သင့်လျော်သည့် ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ (လိမ်လည်ကာမရယူမှု) အရ အလုပ်နှင့်ထောင်ဒဏ် (၆) လတိတိ ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးအများရှေ့တွင် မေးမြန်းစစ်ဆေးခံရသဖြင့် လိင်ဆက်ဆံသည့်အခြေအနေ ပြောရသည့်အချိန်တွင် နစ်နာသူ အမျိုးသမီးမှ အဆင်မပြေမှုများ ကြုံရခြင်း၊
- ရဲစခန်းသွားတိုင်ရာတွင် ရဲအရေးမပိုင်သည့်အမှုဖြစ်၍ အမှုဖွင့်၍မရခြင်း၊
- အမှုရင်ဆိုင်ချိန် တစ်နှစ်လုံးလုံး အချိန်ပေးရသဖြင့် ရုံးချိန်းသွားသည့်နေ့များတွင် ဝင်ငွေ ထိခိုက်ခြင်း၊

**အမှုကြာချိန်** - (၁၂) လ၊ ရုံးချိန်း - (၂၇) ချိန်း

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ တရားလို မသူဇာနှင့် တရားခံမောင်မောင်တို့မှာ (၂၀ - ၁၀ - ၁၅) ရက်နေ့တွင် တရားရုံး၌ လက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုနေ့တွင်ပင် တရားလို မသူဇာသည် ၎င်း၏မိဘနှင့်နေထိုင်ပြီး၊ တရားခံမောင်မောင်သည် ၎င်းမိဘထံတွင် နေထိုင်ကြကြောင်း၊ နောက်ပိုင်း တရားခံမောင်မောင်မှ တရားလိုမသူဇာအား ဆက်သွယ်ခြင်းမရှိ ရှောင်နေသဖြင့် အုပ်ချုပ်ရေးမှူးရုံးသို့ တိုင်ကြားရာ အုပ်ချုပ်ရေးမှူးမှ မသူဇာနှင့် မောင်မောင်တို့အား မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးပြီး မောင်မောင်မှ ဇနီးမယားအဖြစ် ပေါင်းသင်းမည်ဟု ပြောဆိုသဖြင့် အကြင်လင်မယားအဖြစ် တစ်ရက် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ နောက်နေ့တွင် မောင်မောင်သည် မသူဇာကိုထားခဲ့ပြီး ထွက်သွားသဖြင့် မသူဇာမှဆက်သွယ်သော်လည်း အကြောင်းအမျိုးမျိုးပြ ငြင်းဆိုခဲ့သည်။ ထို့ကြောင့် တရားဝင်ဇနီးအဖြစ် တရားရုံးတွင် ယုံကြည်အောင် ပြောဆိုလက်ထပ် စာချုပ်ပြုလုပ်ကာ သားမယားအဖြစ် (၁) ရက်ပေါင်းသင်းပြီး ယခုအခါ ဆက်လက် ပေါင်းသင်းခြင်း မရှိတော့ဘဲ အကြောင်းအမျိုးမျိုးပြကာ ကာမလိမ်လည်ရယူပြီး ရှောင်တိမ်းနေသူ၊ မောင်မောင်အား အမှုဖွင့်ပေးပါရန် တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ (လိမ်လည်မှု) ဖြင့် မောင်မောင်အား စွဲချက်တင်ပြီးနောက် ညှိနှိုင်းသည်။ ပြန်ပေါင်းမည်ပြောသော်လည်း မသူဇာမှလက်မခံဘဲ ကွာရှင်းပေးပါက ရုပ်သိမ်းပေးမည်ဟု ညှိနှိုင်းသည်။ မောင်မောင်မှ လက်ခံသဖြင့် ကွာရှင်းစာချုပ်ပြုလုပ်ပြီး ကျေအေးလျှောက်လွှာ တင်သောကြောင့် ရုံးမှ အပြီးပြတ်လွှတ်သည့်အမိန့် ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားခံမှာ စွဲချက်တင်ခံရသည့်အဆင့်တွင် ညှိနှိုင်းလိုကြောင်း ကမ်းလှမ်းလာ၍ ကျေအေးလွှာတင်၍ ကျူးလွန်သူမှ အပြစ်ပေးခြင်းမှ လွတ်မြောက်သွားခြင်း။

**အမှုကြာချိန်** - (၈) လ၊ ရုံးချိန်း - (၁၉) ချိန်း

## အမှုတွဲစဉ် (၄၆)

### အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်းဒေသကြီး၊ (- - - ) မြို့နယ်၊ တရားလို မချမ်းချမ်း အသက် (၁၉) နှစ်သည် တရားခံ ကိုထက် အသက် (၂၂) နှစ်နှင့် လျှပ်စစ်ပစ္စည်းဆိုင်တွင် လုပ်ကိုင်ကြရင်း ရင်နှီးခဲ့ရာမှ (၁၈ - ၅ - ၂၀၁၄) တွင် သမီးရည်းစားဖြစ်ခဲ့ပြီး (၁၈ - ၆ - ၂၀၁၄) တွင် ကိုထက်မှ လက်ထပ်မည်ဟုဆိုကာ တရားလိုအား ကာမကိုတောင်းဆိုခဲ့၍ ကာမရယူခဲ့သည်။ ထို့နောက်တွင်လည်း ကာမအကြိမ်ကြိမ် ရယူခဲ့ပြီး မချမ်းချမ်းမှ လက်ထပ်ရန်ပြောသည့်အခါ ကိုထက်သည် အသက်ငယ်သေး၍ ခေတ္တစောင့်ရန် တောင်းဆိုခဲ့သည်။ ထို့နောက် အဆက်သွယ်ပြတ်သွားပြီး (၃ - ၈ - ၂၀၁၅) တွင် နေမကောင်း၍ ဆေးခန်းသွားပြခဲ့ရာမှ မချမ်းချမ်းတွင် ကိုယ်ဝန်ရှိကြောင်းသိရသည်။ ထို့ကြောင့် ကိုထက်ကို ဆက်သွယ်ရာ တာဝန်မယူနိုင်ကြောင်း ငြင်းဆန်ခဲ့သည်။ မချမ်းချမ်း၏ မိဘများမှ ကိုထက် နေအိမ်သို့သွားပြီး၊ လူကြီးချင်းစကားပြောရာ ကိုထက်၏မိဘများမှ တာဝန်ယူမည်ဖြစ်ကြောင်း ကိုထက်မှာလည်း အိမ်သို့လာကာ လက်ထပ်ပါမည်ဟုပြောခဲ့သည်။ ထို့နောက်တွင် ဆက်သွယ်ခြင်း မရှိတော့ပြန်သဖြင့် ရပ်ကွက်ရုံး၌ညှိနှိုင်းရာ မပြေလည်၍ ကာမလိမ်လည်ရယူခဲ့သူ တရားခံအား ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ အရ အရေးယူ ဆောင်ရွက်ခဲ့သည့်အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ (လိမ်လည်ကာမရယူမှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၉) လတိတိ ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ငွေကြေးမတတ်နိုင်ခြင်း၊ တရားရုံးကို ပုံမှန်လာရန် အခက်အခဲရှိခြင်း၊
- တချို့တရားရုံးချိန်းတွင် တစ်နေကုန် အချိန်ပေးစောင့်နေရခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၂၁) ချိန်း

## အမှတ်စဉ် (၄၇)

## အမှုဖြစ်စဉ်အကျဉ်း




မန္တလေးတိုင်းဒေသကြီး၊ - - - မြို့နယ်နေ မမိုးမိုး အသက် (၁၈) နှစ်နှင့် မောင်အောင်ဦး အသက် (၂၁) နှစ်တို့ သမီးရည်းစားဖြစ်သည်မှာ (၃) လခန့်ရှိပြီး (၁ - ၅ - ၁၄) ရက်နေ့ နံနက် (၉) နာရီအချိန်တွင် မမိုးမိုး အသက် (၁၈) နှစ်သည် ခြင်ထောင်ဆိုင်တွင် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူဖြစ်၍ အလုပ်ရှိရာ

သွားရောက်ခဲ့စဉ် လမ်းတွင် မောင်အောင်ဦးနှင့်ဆုံ၍ ကုသိုလ်တော်ဘုရားသို့ ဆိုင်ကယ်ဖြင့် သွားခဲ့သည်။ ညနေ (၅) နာရီအချိန်တွင် ဒေါ်မာမာ၏ အိမ်သို့၄င်းတို့ရောက်ရှိလာပြီး မောင်အောင်ဦးမှ ၄င်းအား လက်ထပ်ပေါင်းသင်းမည်ဟု ပြောဆိုကာ ဒေါ်မာမာ၏အိမ်တွင် တစ်ညအိပ်ခဲ့ကြောင်း နောက်နေ့တွင် ပုသိမ်ကြီးသို့ သွားရောက်၍ ဦးတိုးတိုးနေအိမ်တွင် တစ်လလျှင် နှစ်သောင်းကျပ်ဖြင့် အိမ်ငှား၍ အတူနေခဲ့သည်။ မောင်အောင်ဦးက လူပျိုဟုပြော၍ အုပ်ချုပ်ရေးမှူးထံ နှစ်ဦးသဘောတူ လက်ထပ်စာချုပ် ချုပ်ဆိုခဲ့ပြီး လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြသည်။ (၁၂ - ၆ - ၁၄) နေ့တွင် နံနက် (၉) နာရီတွင် မောင်အောင်ဦးက မမိုးမိုးအား အိမ်ပြန်ဦးမည်ဟုပြောပြီး ထွက်သွားရာ ပြန်မလာ၍ စုံစမ်းရာ မောင်အောင်ဦးသည် တရားဝင်မယားကြီးရှိကြောင်း သိခဲ့ရသည်။ သို့ဖြစ်ရာ လူပျိုဖြစ်ကြောင်း ပြောဆိုပြီး ကာမကို လိမ်လည်ယူခဲ့သူ မောင်အောင်ဦးအား ဥပဒေအရ အရေးယူပေးပါရန် ဦးတိုက် လျှောက်ထား တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ (လိမ်လည်ကာမရယူမှု) အရ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေလိုက်ပေးသောသူများသည် ချို့တဲ့သောကြောင့် တချို့ရုံးချိန်းများတွင် တနေကုန်စောင့်နေရခြင်းကြောင့် အလုပ်မလုပ်ရ၍ ဝင်ငွေထိခိုက်ခြင်း၊
- သက်သေများထွက်ဆိုဖို့ ငြင်းဆန်ခြင်း၊
- ခရီးဝေးမှလာရ၍ ခရီးစရိတ်မတတ်နိုင်ခြင်း၊
- တရားခံမှ ရုံးကို ပုံမှန်မလာ၍ ရဲစခန်း ဖမ်းခိုင်းရန် အကြိမ်ကြိမ်သွားပြောရခြင်း၊
- တည်းခိုခန်းမှာတည်းခိုကြောင်း အထောက်အထားမပေးခြင်းနှင့် သက်သေအဖြစ် မထွက်ဆိုခြင်း၊

**အမှုကြာချိန်** - (၂) လ၊ ရုံးချိန်း - (၁၁) ချိန်း

## အမှုတွဲစဥ် (၄၈)

### အမှုဖြစ်စဥ်အကျဥ်း

မန္တလေးတိုင်းဒေသကြီး၊ - - - မြို့နယ်၌ တရားလို မသက်သက် အသက် (၁၈) နှစ်သည် လွန်ခဲ့သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီအတွင်း ဖုန်းမှားဆက်သွယ်ရာမှ ညောင်လေးပင်ကျေးရွာနေ ဦးမောင်စိုးငွေ အသက် (၃၂) နှစ် ဆိုသူနှင့် ရင်းနှီးပြီး ၄င်းမှာ လူပျိုလူလွတ်ဖြစ်ကြောင်း စက်ရုံမှ အရာရှိဖြစ်ကြောင်း ပြောဆိုပြီး သမီးရည်းစားဖြစ်ပြီးနောက် တရားလို မသက်သက်အား လက်ထပ်ယူမည်ဖြစ်ကြောင်း လယ် ၂ ဧကနှင့် နွားတစ်ရှည်း ငွေ သိန်း (၁၀၀) တင်တောင်းမည်ဟု ပြောပြီး ယခုနှစ် သင်္ကြန်မတိုင်မီ (၁၂ - ၄ - ၁၅) တွင် ဖုန်းဖြင့် ချိန်းပြီး ဇရပ်ကွင်းကျေးရွာတွင် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး တံတားအောက်တွင် တစ်ကြိမ် (၁၄ - ၄ - ၁၅) တွင် ငါးပြေမကျေးရွာတွင် ကားလမ်းဘေး လယ်ကွင်းထဲတွင် တစ်ကြိမ် (၁၇ - ၄ - ၁၅) တွင် သရက်ခြံတွင် တစ်ကြိမ်၊ တရားလိုနှင့် ကျူးလွန်ဆက်ဆံမိပြီး မိခင်နှင့် ဦးလေးတို့ကို ပြောပြီးနောက် မိခင်နှင့် ဦးလေးတို့မှ ဦးမောင်စိုးငွေထံ ဆက်သွယ်ပြီး လက်ထပ်ယူရန်ပြောရာ ဦးမောင်စိုးငွေက ၄င်းထံတွင် မယားနှင့် ကလေးရှိကြောင်း လွတ်လပ်သူမဟုတ်၍ မယူနိုင်ကြောင်းပြောဆိုသဖြင့် တရားလို မသက်သက်ထံမှ ကာမကို လိမ်လည် လှည့်ဖျား အကြိမ်ကြိမ်ရယူသူ ဦးမောင်စိုးငွေအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ - ၄၁၇ အရ အရေးယူပေးရန် ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့သောအမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ (လိမ်လည်ကာမရယူမှု) ကို ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ငွေကြေးမတတ်နိုင်သဖြင့် တရားရုံးသို့ပုံမှန်လာရန် အခက်အခဲရှိခြင်း။

**အမှုကြာချိန်** - (၉) လ၊ ရုံးချိန်း - (၂၄) ချိန်း

## အမှတ်စဉ် ( ၄၉ )

### အမှုဖြစ်စဉ်အကျဉ်း

မွန္တလေးတိုင်းဒေသကြီး၊ - - - မြို့နယ်၊ တရားခံ မောင်ငွေပုံ အသက် (၃၀) နှစ်မှာ မုန့်ဟင်းခါး ရောင်းပြီး တရားလို မတိုးတိုး အသက် (၂၈) နှစ်နှင့် ရင်းနှီးခဲ့ကြပါသည်။ တရားလိုနှင့် တရားခံတို့သည် (၁၀ - ၁၂ - ၁၃) ရက်နေ့တွင် ချစ်သူဖြစ်ခဲ့ကြပါသည်။ ချစ်သူဖြစ်ပြီး မောင်ငွေပုံမှာ မတိုးတိုးနှင့် မကြာခဏ လည်ပတ်ကြပါသည်။ အတူလည်ပတ်စဉ် မတိုးတိုးအား မောင်ငွေပုံမှ အမှန်တကယ် လက်ထပ်ယူပါမည်ဟု ယုံကြည်အောင်ပြောဆိုပြီး ကာမအကြိမ်ကြိမ်ရယူခဲ့ပါသည်။ တရားလိုမှ လက်ထပ်ယူရန်ပြောသည့်အခါ မိခင်ကွယ်လွန်လျှင် လက်ထပ်ပါမည်ဟု ယုံကြည်အောင်ပြောဆိုပြီး (၃ - ၅ - ၂၀၁၄) တွင် ၎င်း၏ မိခင်ကွယ်လွန်သွားသော်လည်း တရားခံသည် လက်ထပ်ယူခဲ့ခြင်း မရှိပေ။ ထို့ကြောင့် အမျိုးသမီးရေးရာသို့ အကူအညီတောင်းရာ မောင်ငွေပုံအား လာရောက်တွေ့ဆုံ ဖြေရှင်းရန် ဆင့်ခေါ်ရာမလာဘဲ မတိုးတိုးထံ ဖုန်းဆက်၍မယူနိုင်ကြောင်းပြောခဲ့ပါသည်။ ထို့အပြင် မောင်ငွေပုံမှ နောက်ထပ်မိန်းမတစ်ယောက်နှင့် ခိုးယူပေါင်းသင်းနေရာ ၎င်းအား လက်ထပ်ပါမည်ဟု ယုံ ကြည်အောင်ပြောပြီး အကြိမ်ကြိမ် ကာမရယူခဲ့သူ မောင်ငွေပုံအား ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းရာမှ အရေးယူဆောင်ရွက်သော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်


တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ (လိမ်လည်ကာမရယူမှု) အရ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေအထောက်အထားတင်ပြရန် အခက်အခဲရှိခြင်း။
- ၎င်း၏သူငယ်ချင်းများမှ မိတ်ပျက်မှာစိုး၍ သက်သေမထွက်ဆိုကြခြင်း၊
- တည်းခိုခန်းများမှာလည်း တည်းခိုကြောင်းသက်သေအထောက်အထားမပေးခြင်း၊
- ခရီးစရိတ်မတတ်နိုင်ခြင်းကြောင့် ရုံးချိန်းလာရန် အခက်အခဲဖြစ်ခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၁၅) ချိန်း

အမှတ်စဉ် ( ၅၀ )



## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး - - - -၊ မြို့နယ်ရှိ တရားလို မဝေလွင် (၂၄) နှစ်က တစ်ရပ်ကွက်တည်းနေ ကိုမောင်မောင် အသက် (၂၆) နှစ်နှင့် ၂၀၁၁ ခုနှစ်က စတင်ချစ်ကြိုက်ခဲ့ပြီးနောက်ပိုင်း ဒီနှစ်ထဲယူမည်။ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းမည်။ လူကြီးများနှင့် လာရောက် တောင်းရမ်းမည်ဟုဆိုကာ အကြိမ်ကြိမ်ကာမဆက်ဆံပြီး နောက်ပိုင်း အခြားအမျိုးသမီး တစ်ဦးကို လက်ထပ်ပေါင်းသင်းခဲ့သဖြင့် ကာမကို လိမ်လည် ရယူခဲ့သူ ကိုမောင်မောင်အား အရေးယူပေးပါရန် မဝေလွင်က ဦးတိုက်လျှောက်ထားစွဲဆိုခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၁၇ အရ အလုပ်နှင့် ထောင်ဒဏ် (၆) လတိတိကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တချို့ရုံးချိန်းများတွင် တနေကုန်အချိန်ပေး စောင့်ရခြင်း။
- တရားရုံးများအရှေ့တွင် မေးမြန်း စစ်ဆေးခံရသဖြင့် လိင်ဆက်ဆံခံရသည့် အခြေအနေကို ပြန်ပြောရချိန်တွင် နစ်နာသူအမျိုးသမီးမှ အဆင်မပြေမှုများ ကြုံရခြင်း။

**အမှုကြာချိန်** - (၉) လ၊ ရုံးချိန်း - (၂၁) ချိန်း

## အမှတ်စဉ် (၅၁)

## အမှုဖြစ်စဉ်အကျဉ်း

အမှုမှာ ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်တွင် တရားလို ဒေါ်တင်လှ၏သမီး မဖြူဖြူ အသက် (၁၅နှစ်၊ ၉လ) အား (၂၂ - ၁၀ - ၂၀၁၄) ရက်နေ့ နံနက် (၁၀) နာရီတွင် နေမကောင်းသဖြင့် ဒေါ်ရင်ရင်နှင့် ခေါ်ယူကြည့်ရှုရာ မဖြူဖြူတွင် ကိုယ်ဝန်ရှိကြောင်းသိရှိရပြီး ကိုမောင်မောင် အသက် (၃၂) နှစ်နှင့် ရကြောင်းကို မဖြူ ဖြူမှ ပြောပြပါသည်။ သင်္ကြန်ပြီး (၁၀) ရက်အကြာတွင် ကိုမောင်မောင်မှ မဖြူဖြူအား ဓားနှင့်ထောက်လျက် အတင်းအဓမ္မကာမရယူခဲ့ကြောင်း မဖြူဖြူမှာ ငြင်းဆန်ရာ ဓားနှင့်ခုတ်သတ်မည် တစ်ခုခုဖြစ်လျှင် တာဝန်ယူမည်ပြောကြား၍ မိဘများအား ပြောဆိုတိုင်တန်းမှု မပြုခဲ့ကြောင်း နောက်နေ့များတွင် ကိုမောင်မောင်မှ အလီလီ ကာမရယူကြောင်း ယခုကိုယ်ဝန်မှာ (၅) လခွဲ ကျော်ပြီး ကိုမောင်မောင် အတင်းအဓမ္မခြိမ်းခြောက်ပြီး ကာမဆက်ဆံစဉ် မဖြူဖြူမှာ (၁၅) နှစ် (၉) လ သာ ရှိကြောင်း ကိုမောင်မောင်အား ကိုယ်ဝန်ရှိကြောင်းပြောရာ တာဝန်မယူနိုင် ကြောင်းပြောသဖြင့် ဥပဒေအရ အရေးယူပေးရန် ဦးတိုက်လျှောက်ထားခြင်း ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံ ကိုမောင်မောင်သည် ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၄၁၇ (ကာမလိမ်လည်ရယူမှု) အရ အပြစ်ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၆) လကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- နှစ်နာသူမိသားစုသည် ဆင်းရဲလွန်း၍ ငွေကြေးမတတ်နိုင်သဖြင့် ရုံးချိန်လာရန်ခက်ခဲခြင်း၊
- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအား စစ်ဆေးရာတွင် ရှက်ကြောက်မှုရှိခြင်း၊

**အမှုကြာချိန်** - (၁၃) လ၊ ရုံးချိန်း - (၂၂) ချိန်း

# ကာမလိမ်လည်ရယူသည့်အမှုများနှင့် စပ်လျဉ်း၍ ကျား၊မ ရေးရာရှုထောင့်မှ သုံးသပ်ချက်

ကာမလိမ်လည်ရယူမှုများသည် အမှတ်စဉ် (၄၇) မှ (၅၃) အထိ (၇) မှုရှိပါသည်။

နစ်နာသူအမျိုးသမီးအများစုမှာ ငွေကြေးချို့တဲ့သူများဖြစ်ပြီး တရားစွဲဆိုရေးကာလအတွင်း တရားရုံးသို့ သွားရောက်သည့် စရိတ်များ မတတ်နိုင်ခြင်း ကြားနာရေးနှင့်ပတ်သက်သောအမှုဖြစ်ပါသဖြင့် နစ်နာသူအမျိုးသမီးများအတွက်လည်း နိုင်ငံတော်မှ လုံလောက်သော ထောက်ပံ့မှုပေးခြင်းမရှိပါသဖြင့် တရားရုံးသို့ ကြားနာရန် လာသည့်အခါ စရိတ်များမတတ်နိုင်ခြင်း စသည့်အခက်အခဲများအတွက် ထိခိုက်ခံစားရမှုများကို ကြုံတွေ့ရကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့အပြင် တည်းခိုစရာနေရာသို့ သွားရောက်သည့်အခါတွင် ကျူးလွန်သူအမျိုးသားများမှာ ဦးစားပေးကာ တည်းခိုစရာတွင် အဆင်ပြေစေရန်ဖြစ်ခြင်း ပြုလုပ်သည့်အတွက် နစ်နာသူအမျိုးသမီးများမှာ အဆင်မပြေဖြစ်မှုများကိုလည်း သိရှိခြင်း မရှိသဖြင့် သက်သေအတွက် တည်းခိုစရာနေရာ အခက်အခဲရှိကြောင်း တွေ့ရှိရပါသည်။

တရားရုံးတွင် စစ်ဆေးသောအခါ လူအများအလယ်တွင် လိင်မှုဆိုင်ရာအကြောင်းအရာ စစ်ဆေးခံရသဖြင့် နစ်နာသူအမျိုးသမီးများမှာ ရှက်ရွံ့ကြောက်ရွံ့မှုကြောင့် အဆင်မပြေဖြစ်ရမှုများ ကြုံတွေ့ရပါသည်။ တရားခံမှ နစ်နာသူအမျိုးသမီးအား တယောက်ထဲခေါ်တွေ့၍ တရားရုံးမှ အမှုမှ ရုပ်သိမ်းရန် ဖိအားပေးခြင်း တရားရုံးမှ ပေးသော ကာကွယ်မှုမရှိခြင်းကြောင့် အမျိုးသမီးများအတွက် ထိခိုက်နစ်နာစွာ အကာအကွယ်ပေးနိုင်သည်ဖြစ်ပါသည်။

သို့ဖြစ်၍ အကြံပြုချက်အနေဖြင့် နစ်နာသူအမျိုးသမီးများ၏ ကိုယ်ရေးကိုယ်တာလုံခြုံမှုကို ကာကွယ်ပေးသည့်အနေဖြင့် စစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ တရားရုံးများတွင် အမျိုးသမီးဆိုင်ရာ ဝန်ထမ်းများနှင့် အမျိုးသမီးအတွက် အထောက်အကူပြုသည့် ဝန်ဆောင်မှုများ လိုအပ်နေကြောင်းကိုလည်း သုံးသပ်တွေ့ရှိရပါသည်။ ထို့အပြင် အထူးတရားရုံးနှင့် အထူးရှေ့နေအဖွဲ့များ ဖွဲ့စည်းရန်လိုအပ်ကြောင်း အကြံပြုလိုပါသည်။

## အမှုတွဲ (၅၂)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်တွင် (၁၆ - ၆ - ၂၀၁၅) ရက်နေ့ ည (၁၁) နာရီ အချိန်ခန့်တွင် တရားလိုဒေါ်နီသည် သားဖြစ်သူ ညီညီနှင့်အတူ တီဗွီကြည့်နေစဉ် မြေးဖြစ်သူ မဖြိုးဖြိုး အသက် (၁၃ နှစ်) အိပ်သော အိပ်ခန်းထဲသို့ တရားခံ တိုးမောင်မှ ဝင်ရောက်ပြီး မဖြိုးဖြိုး၏ရင်ဘတ်အား လက်ဖြင့် ကိုင်၍ အော်ရင်သတ်ပစ်မယ်ဟုပြောဆိုပြီး (၁၇ - ၆ - ၁၅) ရက်နေ့တွင်လည်း နံနက် (၂း၀၀) နာရီခန့်တွင် မြေးဖြစ်သူ မီးမီး အသက် (၆) နှစ်သည် ၎င်း၏ ဖခင်ဖြစ်သူ ညီညီနှင့် အိပ်ပျော်နေစဉ် တရားခံတိုးမောင်မှ မီးမီး၏တန်ဆာအား ကိုင်ခဲ့ကြောင်းပြောပြသဖြင့် တရားလို၏ နေအိမ်အတွင်း ညည့်အချိန်ဝင်ရောက်ပြီး ပြစ်မှုကျူးလွန်ခဲ့သူ တရားခံ တိုးမောင်အား ဥပဒေအရ အရေးယူပေးရန် တိုင်တန်းသော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံမှာ ယခင်ကပြစ်မှုကျူးလွန်မှုမရှိခြင်း၊ ငယ်ရွယ်သူဖြစ်ခြင်း၊ အမှုတွင် နှောင်တရနေသည်ဟု သုံးသပ်ပြီး ရုံးတော်မှ ရာဇသတ်ကြီးပုဒ်မ - ၃၅၄ (ကာယိန္ဒြေပျက်စီးစေရန်အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု) အရ ထောင်ဒဏ် (၂) လ၊ ရာဇသတ်ကြီးပုဒ်မ - ၄၅၆ (ညဥ့်အချိန် ပုန်းလျှိုး အိမ်ကျော်နင်းမှု) အရ ထောင်ဒဏ် (၉) လ၊ ရာဇသတ်ကြီးပုဒ်မ - ၅၀၆ (ရာဇဝတ်မကင်းသော ခြောက်လှန့်မှု) အရ ထောင်ဒဏ် (၁) လ၊ ပေါင်း (၉) လ တပေါင်းတည်းကျခံရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- ငွေကြေးမတတ်နိုင်သောကြောင့် ကလေးများ၏ တရားမျှတမှု ရရှိနိုင်မှုအပိုင်းတွင် မိခင်မှ စိုးရိမ်ကြောင့်ကြမှုများ ရှိခြင်း။
- ငွေကြေးအခက်အခဲကြောင့် အမှုသည်များမှ တရားရုံးအား ရုံးချိန်းပုံမှန်မလာလိုကြခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၃) ချိန်း

## အမှတ်စဉ် ( ၅၇ )

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ တရားလို ဒေါ်စိုးစိုးက သမီးဖြစ်သူ မဖြတ်စိုး အသက် (၁၆) နှစ်သည် (၁၂ - ၂ - ၁၄) ရက်နေ့ (၇) နာရီအချိန်တွင် အထည်ချုပ်စက်ရုံသို့ အလုပ်ဆင်းရာမှ ပျောက်သွားကြောင်း၊ (၂၀ - ၂ - ၁၄) ရက်နေ့တွင် ရဲစခန်းသို့ လူပျောက်တိုင်ကြောင်း၊ (၁၃ - ၃ - ၁၄) ရက်နေ့တွင် တစ်ရွာတည်းနေ မယုယုကခေါ်ပြီး လာပို့သဖြင့် မေးမြန်းရာ အလုပ်မဆင်းဘဲ ဆုထွေးနှင့် လျှောက်သွားရာ အောင်မြေသာယာ ဘုရားပွဲတွင် ပူစူးက ချစ်ရေးဆိုသဖြင့် ချစ်ကြိုက်ခဲ့ပြီး တရားဝင်လက်ထပ်မည်ဆို၍ ဘုရားပွဲ လမ်းဘေးတဲတွင် ကာမဆက်ဆံမှု (၄) ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် - - - ဈေးရှိ ဒေါ်မိုးအိမ်သို့ ခေါ်ဆောင်သွားပြီး ဒေါ်မိုးထံ အပ်ထားခဲ့ကြောင်း၊ (၁၆ - ၂ - ၁၄) ရက်နေ့တွင် ဒေါ်မိုးအိမ်သို့ရောက်ရှိစဉ် ဒေါ်မိုးက ပူစူးနှင့် ကာမဆက်ဆံ ခိုင်းကြောင်း၊ ပူစူးက ဒေါ်မိုးထံ ပြည့်တန်ဆာလုပ်ရန် ရောင်းထားခဲ့သဖြင့် ခိုင်းတာလုပ်ရမည်ဆိုသောကြောင့် နေ့ရောညပါ ပြည့်တန်ဆာလုပ်ခဲ့ရကြောင်း ပြောပြသိရသဖြင့် ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းသောအမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံနှစ်ဦးသည် ဘဝရပ်တည်ရန်ခက်ခဲနေသည့် မဖြတ်စိုးနှင့် ဆုထွေးတို့နှစ်ဦးကို ပြည့်တန်ဆာ အဖြစ်စေခိုင်းခြင်း၊ လုပ်အားခများမပေးခြင်း၊ ခေါင်းပုံဖြတ်ခြင်းများ ပြုလုပ်ကြကြောင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ - ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်စီကျခံရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပူးတွဲတရားခံ ထွက်ပြေးသဖြင့် အပြစ်ပေးနိုင်ခြင်း မရှိခြင်း၊
- တရားခံမှ ဝန်ခံပြီးနောက်ပိုင်း ငြင်းဆန်ခြင်း၊

**အမှုကြာချိန်** - (၁၂) လ၊ ရုံးချိန်း - (၃၇) ချိန်း

## အမှုတွဲ (၅၄)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်တွင် (၁၉ - ၄ - ၁၃) နေ့ ည (၈) နာရီက ဒေါ်သန်း၏သမီး မဇင်ဇင် (၁၇နှစ် ၅လ) သည် အဒေါ်ဖြစ်သူ ဒေါ်အေးထံ ခရီးသွားရန်အတွက် ပိုက်ဆံပေးရန် ထွက်သွားစဉ် မထူးထူးတို့ လင်မယားက အအေးသောက်ရန် ခေါ်သွားခဲ့သည်။ အအေးသောက်ပြီး - - - ရပ်ကွက်ရှိ ဒေါ်စိန်စိန်အိမ်တွင် မထူးထူး၏မောင်ဝမ်းကွဲ ကျော်ကျော် အသက် (၁၈ နှစ်) နှင့် စကားပြောရာ ၄င်းကချစ်ကြိုက်သည်ဟုပြောပြီး သားမယားအဖြစ် ဆက်ဆံခဲ့သည်။ (၂၀ - ၄ - ၁၃) နေ့မနက်တွင် မဇင်ဇင် အသက် (၁၇ နှစ် ၅ လ)၏ လက်စွပ်ကို ရပ်ကွက်တွင်းရှိ - - - အပေါင်ဆိုင်၌ ၃၀၀၀၀ိ ကျပ်နှင့်ပေါင်ပြီး မဇင်ဇင်ထံပါသည့်ငွေ ၅၀၀၀ိ ကျပ်ကို မထူးထူးတို့လင်မယားနှင့် ကျော်ကျော်တို့ သုံးစွဲပြီး ကွမ်းခြံကုန်းသို့ သွားခဲ့ပါသည်။ ကွမ်းခြံကုန်း၌ ညအိပ်၍ သားမယားအဖြစ် ဆက်ဆံကြောင်း၊ (၂၁ - ၄ - ၁၃) နေ့တွင် မနက်စောစော၌ ကွမ်းခြံကုန်းမှ မော်လမြိုင်သို့သွားမည်ဆိုကာ မထူးထူးတို့လင်မယားနှင့် ကျော်ကျော်က ကားဖြင့်ခေါ်လာရာ လှိုင်သာယာဘီအိုစီအဝိုင်းတွင် မဇင်ဇင်က မလိုက်နိုင်သေးကြောင်း ငြင်းဆန်၍မဇင်ဇင်ကို ထားပစ်ခဲ့သည်။ မိခင်ဖြစ်သူသိရှိရ၍ ဒေါ်သန်းသန်းအားပြောပြရာ မဇင်ဇင်အား ဖြားယောင်း သွေးဆောင်၍ ကာမဖျက်ဆီးသူ မထူးထူးတို့ လင်မယားနှင့် ကျော်ကျော်တို့အပေါ်အရေးယူပေးရန် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ - ၃၆၆ အရ တရားလို ဒေါ်သန်းက စွဲဆိုသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံကျော်ကျော်အပေါ် ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၆၆ (အတင်းအားဓမ္မထိမ်းမြားပေးစားရန် စသည်တို့အတွက် မိန်းမကို သွေးဆောင်ဆွဲခေါ်ခိုးယူမှု) အရ ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား သဖြင့် ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ကာမဆက်ဆံသည့်အကြောင်းများအား ရုံးတွင်ထွက်ဆိုသည့်အခါတွင် တံခါးပိတ်သီးသန့် စစ်ဆေးခြင်း မရှိခြင်းကြောင့် ရှက်ရွံ့ခြင်း၊

**အမှုကြာချိန်** - (၈) လ၊ ရုံးချိန်း - (၂၅) ချိန်း

# အမှုတွဲစဉ် ( ၅၅ )

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်တွင် တရားလို ဒေါ်ဌေးသည် (၂၀ - ၅ - ၂၀၁၃) ရက်နေ့တွင် မိသားစုနှင့်အတူ နေအိမ်တွင် အိပ်ယာဝင်ပါသည်။ သမီးဖြစ်သူ မစိုးစိုး (၁၄ နှစ် ၂ လ) မှာ အတွင်းခန်းတွင် အိပ်ပါသည်။ (၂၁ - ၅ - ၂၀၁၃) ရက်နေ့ နံနက် (၄) နာရီ အိပ်ယာမှထ၍ ကြည့်ရာသမီးဖြစ်သူ မစိုးစိုးအား အိပ်ခန်းတွင်းမတွေ့ရ၍ ပျောက်နေရာ လိုက်လံရှာဖွေသော်လည်း မတွေ့ရသဖြင့် ဆက်လက်ရှာဖွေရာ (၂၁ - ၅ - ၂၀၁၃) ညနေ ၄ နာရီအချိန် ပျောက်ဆုံးနေသော သမီးဖြစ်သူ မစိုးစိုး ပြန်ရောက်လာသဖြင့် မေးမြန်းရာ (၂၁ - ၅ - ၂၀၁၃) ရက်နေ့တွင် ညောင်ပင်ရပ်ကွက်နေ ၄င်း၏ရည်းစားဖြစ်သူ ကိုပေါက် အသက် (၂၇ နှစ်) မှ လာခိုးသဖြင့် လိုက်သွားခဲ့ကြောင်း ထိုသို့ခိုးယူရာတွင် ကိုပေါက်၏ သူငယ်ချင်းများဖြစ်သော နေမျိုး၊ ကျော်ကြီး၊ ဗိုက်ပူတို့မှ ၄င်းတို့မှာ ဆိုင်ကယ်ပေါ်တင်၍ တွံတေးမြို့ရှိ တည်းခိုခန်းတစ်ခုသို့ လိုက်ပို့ပေးခဲ့သည်။ ထိုတည်းခိုခန်းတွင် ကိုပေါက်မှ သားမယားအဖြစ် တစ်ကြိမ် ပေါင်းသင်းခဲ့ကြောင်း ထိုနေ့ညနေ ၃နာရီတွင် ကိုပေါက်၏ သူငယ်ချင်းများဖြစ်သော နေမျိုး၊ ကျော်ကြီး၊ ဗိုက်ပူနှင့် စိုးသူတို့ လာပြန်ခေါ်သဖြင့်နေအိမ်သို့ ပြန်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ သို့ဖြစ်ရာ မိဘအုပ်ထိန်းမှုအောက်ရှိ မစိုးစိုး (၁၄ နှစ် ၂ လ) အား တရားလို၏ ခွင့်ပြုချက်မရှိဘဲ ခိုးယူပေါင်းသင်းသူ ကိုပေါက်နှင့် ခိုးယူနိုင်အောင် အားပေးကူညီသူ နေမျိုး၊ ကျော်ကြီး၊ ၊ ဗိုက်ပူ ပေါင်း (၄) ဦး အား ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းရာမှ အမှုပေါ်ပေါက်လာရခြင်း ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံကိုပေါက်အပေါ် ရာဇသတ်ကြီးပုဒ်မ - ၃၆၃ (မိဘအုပ်ထိန်းသူထံမှ ခိုးမှု) အရ ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချသည်။ ကျန်တရားခံများဖြစ်သည့် နေမျိုး၊ ဗိုက်ပူတို့အပေါ် ရာဇသတ်ကြီး ပုဒ်မ - ၃၆၃/၁၁၄ (မိဘအုပ်ထိန်းသူထံမှ ခိုးယူရာတွင် အားပေးကူညီမှု) အရ ပြစ်မှုကျူးလွန်ကြောင်း မတွေ့ရှိရ၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ - ၂၅၈ (၁) အရ အမှုမှ အပြီးအပြတ်လွှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေစရိတ် ပုံမှန်ထုတ်ပေးမှုမရှိခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် (၅၆)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်နေ မသော်သော် အသက် (၁၄ နှစ် ၁၀ လ) မှာ မိခင်ဖြစ်သူ ဒေါ်ဝင်းဝင်းအား ဘုရားသွားမည်ဟု ပြောဆိုပြီးနောက် ၎င်း၏အိမ်သို့ ပြန်ရောက်လာခြင်းမရှိပါ။ နောက်တစ်နေ့တွင်မှ ၎င်း၏သူငယ်ချင်းဖြစ်သူမှ ၎င်း၏မိဘထံသို့ ပြောပြ၍ အဖေ ဦးလှနှင့် အဒေါ် ဒေါ်မာမာဖြစ်သူတို့မှ နတ်တလင်းသို့ လိုက်သွားကြပါသည်။ မသော်သော်မှ ၎င်း၏ရည်းစားဖြစ်သူ ဇော်ဇော်အောင် (၁၇ နှစ်) အား ပြန်ရန်ပြောရာ အအေးသောက်ပြီး ပြန်ပို့ပေးမည်ဟု ပြောကြားပြီး အအေးသောက်ပြီးနောက် ဘာဖြစ်မှန်းမသိကြောင်း၊ ၎င်း၏ဆွဲကြိုးကိုလည်း ပေါင်သုံး၍ နတ်တလင်းသို့သွားရန်ခေါ်ရာ ညဘက်တွင် နတ်တလင်းသို့ရောက်ခဲ့သည်။ ရည်းစားဖြစ်သူ ဇော်ဇော်အောင် အသက် (၁၇ နှစ်) မှ မသော်သော်အား အလိုမတူဘဲ မုဒိမ်းပြုကျင့်ပါသည်။ နတ်တလင်းတွင် နောက်တစ်နေ့၌ အဒေါ် ဒေါ်မာမာနှင့် အဖေ ဦးလှဖြစ်သူမှာ လာရောက်၍ခေါ်ပြီး အိမ်သို့ပြန်ရောက်ခဲ့သည်။ အသက်မပြည့်သေးသူ မသော်သော်အား မိဘ၏ခွင့်ပြုမရှိဘဲ အုပ်ထိန်းသူအောက်မှ ခိုးယူပေါင်းသင်းခြင်းဖြစ်ရာ တရားလိုမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ - ၃၆၃ အရ အရေးယူပေးရန် အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာရ ခြင်းဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၆၃ (မိဘအုပ်ထိန်းသူထံမှ ခိုးမှု) အရ ထောင်ဒဏ် (၁) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေစရိတ် ပုံမှန်ထုတ်မပေးခြင်း၊
- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၁၃) ချိန်း

## အမှတ်စဉ် ( ၅၇ )

### အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ တရားလို ဒေါ်မြင့်မြင့်မှာ (၂၃ - ၈ - ၂၀၁၃) နေ့တွင် နေ့လည် (၂း၀၀) နာရီအချိန်တွင် နေအိမ်သို့ ပြန်လာစဉ် သမီးဖြစ်သူ မသူသူထွေး အသက် (၁၅) နှစ်အား မတွေ့ဘဲ လိုက်လံရှာဖွေခဲ့သည်။ (၂၄ - ၈ - ၂၀၁၃) ရက်နေ့ မနက် (၁) နာရီတွင် သမီးဖြစ်သူ ပြန်လည်ရောက်ရှိလာပြီးမေးမြန်းရာ သမီးဖြစ်သူက အိမ်နီးချင်းနေသူ မိုးဝင်း (၄၂ နှစ်) မှ ဒဂုံတံတားသို့ သွားရန်ခေါ်၍ ဆိုင်ကယ်ကယ်ရီသမားမှ လိုက်ပို့ပေးသည်။ ထိုစဉ် ဆိုင်ကယ်စီးလာသူနှင့် လူ (၃) ဦးနှင့် စကားပြောပြီး ဆိုင်ကယ်စီးလာ သူပြန်သွားစဉ် သမီးဖြစ်သူ မသူသူထွေးအား ထိုလူ (၃) ယောက် နောက်မှလိုက်ရန်ပြောပြီး အတင်းခေါ်သွားကြောင်း ရပ်ထားသော အဖြူရောင်နောက်တွဲမပါ

ကွန်တိန်နာကား၏ ခေါင်းခန်းအတွင်းသို့တက်ခိုင်းပြီး အမည်မသိ ကားသမားများထံမှ မရွှေရည် အသက် (၁၉ နှစ်) နှင့် ကိုဝင်းဌေး အသက် (၁၇ နှစ်) တို့မှ ငွေကြေးရယူသွားပြီး အမည်မသိ ကားသမား (၃) ဦးတို့နှင့် သမီးဖြစ်သူအား ကာမစပ်ယှက်ခိုင်းစေခဲ့ကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ သမီး မသူသူထွေးအား ငွေကြေးရယူပြီး အနိုင်အထက်ပြုကျင့်၍ သွေးဆောင်စေခိုင်းခဲ့သူများ ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားရာမှာ အမှုပေါ်ပေါက်လာရခြင်းဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံ (၃) ဦးဖြစ်သည့် မိုးဝင်း၊ မရွှေရည်၊ ကိုဝင်းဌေးတို့အား စွဲချက်တင်ထားသည့်အတိုင်း ရာဇသတ်ကြီး ပုဒ်မ - ၃၆၆ (က) (ကာမပွဲစားအဖြစ်ဖြင့် အရွယ်မရောက်သေးသော မိန်းကလေးကို ရှာပေးခြင်း) အား ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုသွားဖွင့်ရာ၌ အမှုမဖွင့်ပေး၍ ရပ်/ကျေး ဥက္ကဋ္ဌအကူအညီဖြင့်သာ အမှုဖွင့်၍ရခြင်း၊
- ကျူးလွန်သူ မိသားစုများမှ ဆဲဆိုခြိမ်းခြောက်မှုရှိခြင်း၊
- ကျောင်းအုပ်ဆရာမမှ ကျောင်းဂုဏ်သိက္ခာကြောင့် ကျောင်းဆက်တက်၍ မရဟုပြောခြင်း၊
- ကျူးလွန်သူများမှာ တရားရုံးစစ်ဆေးရာတွင် ဟန်အမူအရာဖြင့် ခြိမ်းခြောက်ခြင်း၊

**အမှုကြာချိန်** - (၁၂) လ၊ ရုံးချိန်း - (၅၀) ချိန်း

## အမှတ်စဉ် (၅၈)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ တရားလို မမြင့်မြင့် အသက် (၂၇ နှစ်) သည် (၂၆ - ၇ - ၂၀၁၄) ရက်နေ့ (၁၆း၃၀) နာရီအချိန် စက်ရုံမှအပြန် တရားခံ လင်းလင်း (၁၈ နှစ်) နှင့် ပိုင်ပိုင် (၁၄ နှစ်) တို့နှစ်ယောက်မှာ ဆိုင်ကယ်ဖြင့်ပြန်ပို့ပေးမည်ဆိုကာ - - - မြို့နယ်ရှိ တည်းခိုခန်းသို့ ခေါ်သွားသည်။ တရားလို မမြင့်မြင့်က တည်းခိုခန်းမှထွက်မည်ပြုစဉ် လင်းလင်း (၁၈ နှစ်) နှင့် ပိုင်ပိုင် (၁၄ နှစ်) တို့မှ တရားလို၏ပါးစပ်ကိုပိတ်ကာ အော်ရင် မူဆယ်ကိုပို့ပြီး တရုတ်မယားအဖြစ် ခြောက်လပေါင်းရမည်။ ထိုသို့မပေါင်းလျှင် ၄င်းကိုယူရမည်ဟု ပိုင်ပိုင်မှ ပြောပြီး လင်းလင်းမှ တရားလိုခြေထောက်နှင့် လက်ကိုကိုင်ပေးပြီး ပိုင်ပိုင်မှ သားမယားအဖြစ် (၁၅) မိနစ်ခန့် ပြုကျင့်ပါသည်။ ထို့နောက် နောက်နေ့တွင် လင်းလင်းပြန်သွားပြီး ပိုင်ပိုင်မှ တရားလိုအား သားမယားအပြစ် တစ်ကြိမ် ပေါင်းသင်းပါသည်။ တရားလို မမြင့်မြင့်မှ ရှက်၍ အော်ဟစ်ခြင်းမရှိပါ။ ပိုင်ပိုင်ကို ပြန်လည်ရန်ပြုခြင်းလည်း မရှိပါ။ နောက်နေ့မနက် (၅) နာရီတွင် တရားလို မမြင့်မြင့်မှာ အိပ်ယာမှနိုးလာပြီး အခန်းတံခါးဖွင့်ကြည့်ရာ ပွင့်သွားပြီး အပြင်ထွက်၍ ကုန်စုံဆိုင်မှ ဖုန်းဖြင့်မိဘများထံ လာရောက်ခေါ်ယူရန်ပြောပြီး တည်းခိုခန်းသို့ ပြန်ဝင်ခဲ့ပါသည်။ ထို့နောက်တရားလို၏ မိခင်လာခေါ်ရာ အိမ်သို့ပြန်ခဲ့ရပါသည်။ အိမ်သို့မရောက်ခင် တရားလို မမြင့်မြင့်မှ ရဲစခန်းသို့ သွားရောက်အမှုဖွင့်သဖြင့် အမှုပေါ်ပေါက်လာရခြင်း ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၃၆၆ (အတင်းအဓမ္မထိမ်းမြားပေးစားရန် စသည်တို့အတွက် မိန်းမကို သွေးဆောင်ဆွဲခေါ်ခိုးယူမှု) အား ကျူးလွန်သဖြင့် ထောင်ဒဏ် (၉) လ ကျခံစေဟု အမိန့်ချမှတ်ခဲ့ပါသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ


- တရားခွင် အပြောင်းအလဲရှိ၍ အမှုတွင် ကြန့်ကြာမှုရှိခြင်း။

**အမှုကြာချိန်** - (၁၀) လ၊ ရုံးချိန်း - (၂၅) ချိန်း

## အမှတ်စဉ် (၅၉)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ ဦးဝင်း၏သမီးဖြစ်သူ မြမြဝင်း အသက် (၂၀ နှစ်) သည် လှိုင်သာယာရှိ အဒေါ်ဖြစ်သူ မမြင့်မြင့်ထံတွင် နေထိုင်ပြီး အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်သည်။ သို့သော် မည်သည့်စက်ရုံမှန်း ဦးဝင်း မသိပေ။ (၂၇ - ၁၂ - ၂၀၁၃) နေ့တွင် မြမြဝင်းသည် ရဲရင့်ဆွေ အသက် (၂၅ နှစ်) ဖုန်းဆက်၍ ခေါ်သဖြင့် လိုက်သွားခဲ့သည်။ သူငယ်ချင်းများ စောင့်နေသည်ပြော၍ လိုက်သွားခဲ့ပြီး တကယ်တမ်းတွင် မရှိသဖြင့်မေးသည်။



ထိုအခါမှ သူ့အား ခိုးလာကြောင်းကိုပြောပြီး အော်ရင်သတ်မည်ဟု ဓားဖြင့်ခြိမ်းခြောက်၍ ဘားအံမှတစ်ဆင့် မြဝတီသို့ ခေါ်သွားခဲ့သည်။ ရဲရင့်ဆွေ၏ အသိအိမ်တွင် (၂) ရက် ခန့်နေပြီး ၄င်းစက်ရုံအနီးရှိ အခန်းတွင်ထားခဲ့သည်။ ရဲရင့်ဆွေ အပြင်ထွက်သွားချိန်တွင် ဘေးခန်းမှ အမျိုးသမီးကို အကူအညီတောင်းပြီး ရဲရင့်ဆွေမှ မိမိအား ခြိမ်းခြောက်ခဲ့ကြောင်း ပြောပြခဲ့သည်။ ထိုအတောအတွင်း အလိုမတူ ပြုကျင့်ခဲ့သည်။ ထိုစဉ် တရားခံမှ သိသွား၍ ပြန်ပို့မည်ဟု ပြောသော်လည်း အိမ်အကူအဖြစ် (၄) လခန့် လုပ်ခိုင်းခဲ့သည်။ ထိုအိမ် ရောက်မှ ကိုယ်ဝန်ရှိလာခဲ့ပါသည်။ ၎င်းအတောအတွင်း တရားခံမှ ရန်ကုန်ပြန်စဉ်က မမြမြဝင်း၏ဖခင်မှ လူပျောက်တိုင်ထားသည်ကိုသိ၍ မြမြဝင်းကို ပြန်ပို့ခဲ့ပြီး လှိုင်သာယာရှိ အဆောင်တစ်ခုတွင် ထားသည်။ ထို့နောက် စက်ရုံတစ်ခုတွင် အလုပ်ဝင်လုပ်ခဲ့သည်။ ရဲရင့်ဆွေမှ စကားများ၍ ထွက်သွားခဲ့သဖြင့် ရဲရင့်ဆွေ၏ မိဘများထံ စုံစမ်းသော်လည်း မရှိကြောင်း ပြော၍ အုပ်ချုပ်ရေးမှူးထံ တိုင်တန်းပြီးမှ တရားရုံးမှ တရားစွဲဆိုခဲ့သည်။

## တရားရုံးစီရင်ချက်

တရားခံရဲရင့်ဆွေသည် ရာဇသတ်ကြီး ဥပဒေပုဒ်မ – ၃၆၆ (အတင်းအဓမ္မ ထိမ်းမြားပေးစားရန်အတွက် မိန်းမကို သွေးဆောင်ဆွဲခေါ် ခိုးယူမှု) အရ အလုပ်နှင့်ထောင်ဒဏ် (၉) လကျခံရန် ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပြစ်ဒဏ်နည်းသဖြင့် အမှုသည်မှာ ကျေနပ်မှုမရှိခြင်း၊
- စက်ရုံတွင် လုပ်သည့်အလုပ်သမားဖြစ်၍ အမှုရင်ဆိုင်သည့်အခါတွင် ခွင့်မရခြင်း၊
- ရုံးချိန်းသွားရခြင်းကြောင့် အလုပ်ပျက်သဖြင့် ဝင်ငွေထိခိုက်ခြင်း၊

**အမှုကြာချိန်** – (၁၀) လ၊ ရုံးချိန်း – (၂၂) ချိန်း

## အမှတ်စဉ် (၆၀)

## အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်နေ ဒေါ်မြင့်မြင့်သည် (၁၇ - ၉ - ၂၀၁၃) တွင် ကျူရှင်ပြပြီး အိမ်အပြန်တွင် သမီးဖြစ်သူ မနီးနီး အသက် (၁၈ နှစ်) ပျောက်နေ၍ စုံစမ်းခဲ့ရာတွင် အောင်အောင် (၂၇ နှစ်) ခေါ်သွားခဲ့ပြီး ည (၁၀) နာရီခွဲခန့်ရောက်မှ အိမ်သို့ပြန်လာပို့သည်။ သမီးဖြစ်သူမှ ပြဿနာ မလုပ်မှသာ ပို့မည်ဟုလည်းပြော၍ အိမ်ပြန်ရောက်လာခြင်းဖြစ်သည်။ မိခင် ဒေါ်မြင့်မြင့်မှ သမီးအား အပျိုရည်ပျက်သလားဟုမေးရာ ဘာမှမဖြစ်ကြောင်းပြောသည်။ မကြာမီ အောင်အောင် အသက် (၂၇ နှစ်) ၏ မိခင်နှင့်အစ်မများရောက်လာပြီး ပိုက်ဆံတစ်သိန်းပေး၍ မတိုင်ပါနဲ့ဟုပြောခဲ့ရာ လက်မခံသဖြင့် ရိုင်းပြစွာပြောခဲ့သည်။ ထိုသူတို့ပြန်သွားကာမှ သမီးဖြစ်သူမှာ ၎င်းအားစော်ကားခဲ့ကြောင်း ပြောဆိုသည်။ သို့သော် အမှုမဖွင့်ခဲ့ပေ။ ထို့နောက် စိတ်ညစ်၍ အညာပြန်မည်ဟု လက်မှတ်ဝယ်ပြီး ပြန်လာစဉ် သမီးမှာ ပျောက်သွားသည်။ (၂) လပိုင်း (၁) ရက်နေ့တွင် သူ့အား လာကယ်ရန်၊ တစ်ယောက်တည်းမလာရန် ဖုန်းဆက်၍ပြောခဲ့သည်။ ထို့ကြောင့် ရန်ကုန်သို့ပြန်လာပြီး ရဲများနှင့်

သွား၍ကယ်ရာတွင် နေမကောင်းဖြစ်နေ၍ ဗဟိုအမျိုးသမီးဆေးရုံတွင် (၈) ရက်ခန့် ဆေးကုသခဲ့ရာမှ စိတ်ကျန်းမာရေးဆေးရုံသို့ ပြသရန်ပါ ညွှန်ကြားခဲ့သည်။ မြိမ်းခြောက်ကာမရယူသဖြင့် မနီးနီးထံတွင် ကိုယ်ဝန်ရှိလာသော်လည်း အောင်အောင်ကရိုက်နှက်၍ ကိုယ်ဝန်ပျက်ကျခဲ့သည်။ ထို့ကြောင့် ရဲစခန်းတွင် မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်က တရားလိုပြုလုပ်ပြီး အရေးယူပေးရန် တိုင်ကြားခဲ့သောအမှု ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၆၆ (အတင်းအဓမ္မ ထိမ်းမြားပေးစားရန်အတွက် မိန်းမကို သွေး ဆောင်ဆွဲခေါ် ခိုးယူမှု) ပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၇) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ♦ တရားလိုဘက်မှသက်သေများအား တရားခံဘက်မှစည်းရုံးထား၍ ရဲထံတစ်မျိုး၊ တရားရုံးရှေ့တစ်မျိုး ထွက်ဆိုကြခြင်း။

**အမှုကြာချိန်** - (၁၆) လ၊ ရုံးချိန်း - (၅၅) ချိန်း

## အမှုတွဲ (၆၁)

### အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်းဒေသကြီး၊ - - - မြို့နယ်ရှိ တရားလို ဒေါ်ဖြူ၏ သမီးဖြစ်သူ မအိတင်ဇာ အသက် (၁၈) နှစ်သည် (၁၂ - ၆ - ၁၆) နေအိမ်မှ ထွက်သွားပြီးနောက် ပြန်မလာသဖြင့် ပတ်ဝန်းကျင်သို့ လိုက်လံစုံစမ်းရာတွင် အောင်အောင် အသက် (၂၃) နှစ်သည် ဆိုင်ကယ်နှင့် မအိတင်ဇာအား ဖျားယောင်းသွေးဆောင်ခေါ်သွားကြောင်း သိခဲ့ရပါသည်။ ထို့ကြောင့် ဒေါ်ဖြူသည် အုပ်ချုပ်ရေးမှူးနှင့်အတူ တောင်ငူမြို့နယ်သို့ လိုက်သွားရာ (၁၄ - ၆ - ၁၆) ရက်နေ့တွင် ကိုအောင်အောင်နှင့် မအိတင်ဇာကို လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ကြသည်ကို တွေ့ခဲ့ရပါသည်။ ထိုကဲ့သို့လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရန် ခေါ်ဆောင်ခဲ့သူ ကိုအောင်အောင်ကို ဥပဒေအရ အရေးယူပေးရန် တိုင်တန်းသော အမှုဖြစ် သည်။

### တရားရုံးစီရင်ချက်

တရားခံအောင်အောင်ကို ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၆၃ (မိဘအုပ်ထိန်းသူထံမှ ခိုးယူမှု) အရ ထောင်ဒဏ် ၄ နှစ်ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- ငွေကြေးအခက်အခဲကြောင့် တရားရုံးသို့ ပုံမှန်လာဖို့ အခက်အခဲတွေ့၊
- သက်သေစရိတ်ထုတ်ပေးမှု မရှိခြင်း၊
- ကျောင်းနာမည်ပျက်မည်ဟုဆို၊ ကျောင်းအုပ်က သက်သေမထွက်ဆိုခြင်း၊
- ပြစ်ဒဏ်နည်း၍ အမှုသည်မှာ ကျေနပ်မှုမရှိခြင်း။

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၀) ချိန်း

## အမှုတွဲ (၆၂)

### အမှုဖြစ်စဉ်အကျဉ်း

ကချင်ပြည်နယ်၊ - - - မြို့နေ ဦးပေါလုသည် သမီးဖြစ်သူ မဂျာ အသက် (၁၈ နှစ်) အား ကျောင်းတက်ရန် ဒေါ်ခွမ်ဂျာ အိမ်သို့ပို့ထားခဲ့ကြောင်း၊ ဒေါ်ခွမ်ဂျာနှင့် ရင်းနှီးသူ မခိုင်မှ သမီးဖြစ်သူ မဂျာအား ရွှေလီမြို့ရှိ အထည်ဆိုင်တွင် အလုပ်လုပ်ပါက ဝင်ငွေကောင်းပြီး အဆင်ပြေမည့်အကြောင်း စည်းရုံးပြောဆိုသဖြင့် မဂျာမှ ၎င်းဆန္ဒဖြင့် ရွှေလီမြို့သို့သွားခဲ့ပြီး နောက်ပိုင်း မဂျာအားဆက်သွယ်ရာ ရွှေလီမြို့တွင် မရှိကြောင်းသိရသဖြင့် ပွဲစားမခိုင် အသက် (၃၁) နှစ်မှ တရုတ်နိုင်ငံတွင် ရောင်းစား လိုက်သည်ဟု သိရှိခဲ့ရပါသည်။ ဦးပေါလုမှ သမီးဖြစ်သူအား စည်းရုံးခေါ်သွားပြီး တရုတ်နိုင်ငံသို့ ရောင်းစားခဲ့သူမခိုင်အား အရေးယူပေးပါရန် မြို့မရဲစခန်းသို့ တိုင်တန်းရာမှ တရားစွဲတင်ပို့သော အမှုဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် ပြစ်မှုကျူးလွန်သူ မခိုင်အား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ (၂၄) အရ အလုပ်နှင့်ထောင်ဒဏ် (၁၂) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေမလာ၍ အမှုကြန့်ကြာခြင်း၊
- ခရီးဝေးသဖြင့် မျက်မြင်သက်သေက တရားခွင်လာဖို့ အခက်အခဲရှိခြင်း၊
- ခရိုင်တရားရုံးတွင် စစ်ဆေး၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် အချိန်ကုန်၊
- ငွေကြေးမတတ်နိုင်မှု အလုပ် ပျက်ခြင်းများရှိခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် (၆၃)

## အမှုဖြစ်စဉ်အကျဉ်း

ရောဝတီတိုင်းဒေသကြီး၊ - - မြို့တွင် (၁၀ - ၁၀ - ၂၀၁၅) ရက်နေ့ နံနက် (၀၇း၀၀) နာရီအချိန်ခန့်၌ ဒေါ်သန်းသန်းသည် သမီးဖြစ်သူ မဖြူဖြူ အသက် (၁၄) နှစ်အား ဈေးသို့ ဈေးဝယ်ရန် စေလွှတ်ခဲ့ပါသည်။ နေ့လည်အထိ ပြန်မလာဘဲ၊ ညနေ (၆) နာရီတွင် သမီးဖြစ်သူ ဖုန်းဆက်ရာမှ၊ မအောင်မေ (၄၃ နှစ်) နှင့်အတူ ဖုန်းဆိုင်တွင် အလုပ်ရမည်ပြော၍ မချမ်းမြေ့နှင့်အတူ လိုက်သွားသည်ဟု သိရသည်။ စုံစမ်းရာတွင် မအောင်မေနှင့် သမီးဖြစ်သူ မဖြူဖြူက မရွှေရည်နှင့် မအိအိသူတို့အား မန္တလေးတွင် ပြည့်တန်ဆာလုပ်ခိုင်းသည်ဟု သိရကြောင်း၊ သမီးဖြစ်သူ မဖြူဖြူမှာ ရွာသို့ မသင်းမာ၊ မမူယာတို့နှင့်အတူ ပြန်ရောက်လာသောအခါ မေးကြည့်ရာတွင် မန္တလေးနှင့် စစ်ကိုင်းတို့တွင် ပြည့်တန်ဆာလုပ်ရသည်ဟု ပြောပြသည်။ ထို့ကြောင့် ရဲစခန်းတွင် မိခင် ဒေါ်သန်းသန်းက တိုင်တန်းရာမှ ပေါ်ပေါက်လာသောအမှုဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

တရားခံ မအောင်မေနှင့် တရားခံ အငယ်လေးတို့သည် ၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အပြစ်ရှိသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်စီ ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- စွဲချက်တင်ရာတွင် အဓိကသက်သေများအား ချန်လှပ်ထားခဲ့ခြင်း၊
- တရားလိုမှာ ငွေကြေးမတတ်နိုင်၍ ရုံးချိန်းပုံမှန်မလာနိုင်ခြင်း၊
- တရားရုံးမှပေးသော သက်သေစရိတ် လုံလောက်မှုမရှိခြင်း၊ ပုံမှန်ထုတ်မပေးခြင်း၊

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၂၂) ချိန်း

## အမှတ်စဉ် (၆၄)

### အမှုဖြစ်စဉ်အကျဉ်း



ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၊ (၇ - ၁၁ - ၂၀၁၄) ရက်နေ့ ည (၁၀) နာရီခန့် ခင်ပွန်းဖြစ်သူ ကိုထွန်းထွန်းမှာ ပင်လယ်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူဖြစ်ပြီး သမီးညီမများနှင့်အတူ အိပ်နေစဉ် ဦးမြဝင်း အသက် (၄၆) နှစ်အား ခြင်ထောင်အတွင်းထဲတွင် တွေ့ရပြီး မခင်ဝင်း အသက် (၂၁ နှစ်) လုံချည်အား လှန်သဖြင့် အရေးယူပေးပါရန် တိုင်ကြားခြင်းဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် ကြံစည်အားထုတ်မှု) ကို ကျူးလွန်သည့်အတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၂) နှစ် ချမှတ်လိုက်သည်။


#### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားခံမိသားစုများမှ ခြိမ်းခြောက်ခြင်း၊

**အမှုကြာချိန်** - (၈) လ၊ ရုံးချိန်း - (၂၂) ချိန်း

**အမှတ်စဉ် (၆၅)**

**အမှုဖြစ်စဉ်အကျဉ်း**



ရောဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၊ (၁၈ - ၅ - ၂၀၁၅) နေ့ နံနက် (၆) နာရီခန့်တွင် တရားလို ဒေါ်စန်းစန်းသည် ဈေးမှနေအိမ်သို့လာစဉ် သမီးဖြစ်သူ မမီးမီး အသက် (၁၅ နှစ် ၆ လ)၏ အဝတ်အစားများကို မတွေ့၍ သမီးဖြစ်သူ ဈေးရောင်းရာ (၂) ရပ်ကွက်သို့ သွားရောက်ကြည့်ရာတွင် မတွေ့ပေ။ (၂၀ - ၅ - ၂၀၁၅) တွင် သမီးဖြစ်သူမှ သူငယ်ချင်းများနှင့် ရန်ကုန်သို့ အလုပ်လုပ်ရန် ရောက်နေကြောင်း ဖုန်းဆက်ပြောသည်။ သို့သော် (၂၁ - ၅ - ၂၀၁၅) တွင် (၁၅) ရပ်ကွက်မှ ကိုလွှမ်းမိုး အသက် (၁၉) နှစ်ဆိုသူနှင့် လိုက်သွားရမည်ဟုဖုန်းဆက်ခဲ့သည်။ ထို့နောက် ကိုလွှမ်းမိုးဆိုသူမှ မမီးမီးအား သွေးဆောင်ခေါ်သွားကြောင်း ထပ်မံပြောသဖြင့် ကိုလွှမ်းမိုးအား

တရားလို ဒေါ်စန်းစန်းမှ တရားဥပဒေအရ အရေးယူပေးပါရန် ရဲစခန်းသို့ တိုင်တန်းရာမှ ရာဇသတ်ကြီး ပုဒ်မ ၃၆၃ ဖြင့် တရားစွဲဆိုလာသော အမှုဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၃၆၃ (မိဘအုပ်ထိန်းသူထံမှ ခိုးယူမှု) ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၄) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တစ်နေကုန်စောင့်နေရ၍ အဆင်မပြေမှုရှိခြင်း၊
- အိမ်နီးနားချင်းမှသိရှိ၊ မြင်တွေ့သူများမှာ အိမ်နီးချင်းများဖြစ်၍ မိတ်ပျက်မည်စိုး၍ သက်သေအဖြစ် မထွက်ဆိုလိုခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၃) ချိန်း

## အမှတ်စဉ် (၆၆)

## အမှုဖြစ်စဉ်အကျဉ်း

ရေဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၁၀ - ၁၀ - ၁၄) ရက်နေ့ (၂၂) နာရီအချိန် ဒေါ်ဝင်းမှ ရန်ကုန်မြို့သို့ အလုပ်ကိစ္စဖြင့် သွားရောက်နေစဉ် ဒေါ်ဝင်း၏ သမီးဖြစ်သူ မဖြိုးဖြိုး အသက် (၁၅) နှစ်မှာ ည (၇) နာရီတွင် အပြင်ထွက်သွားပြီး ညအချိန်ပြန်လည်ရောက်ရှိလာခြင်းမရှိသေးကြောင်း၊ ၄င်းတို့လည်း လိုက်လံရှာဖွေနေကြောင်း ယောက်မဖြစ်သူမှ တယ်လီဖုန်းဖြင့် အကြောင်းကြားသဖြင့် (၁၁ - ၁၀ - ၁၄) ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လာပြီးစုံစမ်းရာ မောင်တိုးဝေ အသက် (၃၀) နှစ် မိန်းမရှိကလေးတစ်ယောက်ဖခင်နှင့် ခိုးရာလိုက်သွားကြောင်း စုံစမ်းသိရှိရ၍ မိဘအုပ်ထိန်းမှုအောက်မှ ခွင့်ပြုချက်မရှိဘဲ သမီးဖြစ်သူ မဖြိုးဖြိုးအား ခိုးယူပေါင်းသင်းသူကို အရေးယူပါရန် တိုင်တန်းသော အမှုဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

တရားခံ မောင်တိုးဝေအား ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၆၃ (မိဘအုပ်ထိန်းသူထံမှ ခိုးယူမှု) အရ ထောင်ဒဏ် (၁) နှစ်နှင့် (၆) လ ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- ပတ်ဝန်းကျင်၏ ခွဲခြားဆက်ဆံခံရမှုကြောင့် အမှုပြီးနောက် တခြားနေရာပြောင်းရွှေ့သွားခြင်း၊

**အမှုကြာချိန်** - (၂၀) ရက်၊ ရုံးချိန်း - (၄) ချိန်း


# လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှု၊ ခေါင်းပုံဖြတ်မှု၊ ဒုံ့သူပေါင်းသင်းမှုများနှင့်စပ်လျဉ်း၍ ကျား၊မ ရေးရာရှုထောင့်မှ သုံးသပ်ချက်

လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်မှုများသည် အမှတ်စဉ်(၅၂) မှ(၆၆) အထိ(၁၅) မှုရှိပါသည်။

ထိုအမှုများထဲတွင် မှတ်တမ်းကျွန်ုပ်ကြားသည်ဖြစ်၍ ကာလပေါ်လည်းရှုသူကာ မတရားစော်ကားခြင်း လှောင်ပြောင်ခြင်း ပြုမူခြင်းတို့ကို ပါဝင်ပြီး သက်ကြီးရွယ်အိုနှင့်ကလေးငယ်များ အပါအဝင် အမျိုးသမီးများလည်း ပါဝင်ပါသည်။ အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုများနှင့်ပတ်သက်၍ ထိခိုက်ရာတွင် အမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာထိခိုက်မှု ထပ်ဆင့်ဖြစ်ပွားစေကာ အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ လူအများအရှေ့ ဖော်ပြသည့်အတွက် ရှက်ရွံ့ကာ စိတ်ပေါက်ပေါက်ဖြစ်စေပါသည်။ တရားခံ ထိုကဲ့သို့ပြုမူသည့်အတွက် အမျိုးသမီးများနှင့်အမျိုးသမီးအခွင့်အရေးကိုလေးစားလိုက်နာစေသော ထိုကဲ့သို့အမှုများ ရှောင်ရှားရန်လိုအပ်ကြောင်းကိုလည်း သုံးသပ်တွေ့ရှိရပါသည်။

အမှုဖြစ်ပွားသည့်ကာလအတွင်း ကျူးလွန်သူနှင့် သူ၏မိသားစုမှ နစ်နာသူအမျိုးသမီးများအား ခြိမ်းခြောက်သည် ကိုလည်း တွေ့ရှိရပါသောကြောင့် နစ်နာသူများ၏လုံခြုံရေးအတွက် ထိရောက်သည့်အကာအကွယ်ပေးမှု လိုအပ်ကြောင်းနှင့် ကျူးလွန်သူများမှလည်း အမှုစစ်ဆေးသည့်ကာလအတွင်း နစ်နာသူများအား ထပ်မံထိခိုက်သည့် အပြုအမူများမပြုလုပ်စေရန် သတိပေးထိန်းသိမ်းရန်လည်းလိုအပ်ပါသည်။

ဖုန်းအပြင် အသက်မပြည့်သေးသည့် အမျိုးသမီးငယ်များသည် သူစိမ်းများ၏ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုအား တရားစွဲရာတွင် မျက်နှာချင်းဆိုင်မေးမြန်းရာ၌ ကြောက်ရွံ့ကာ မလုံမခြုံဖြစ်ရကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့ကြောင့် အမျိုးသမီးများ၏လုံခြုံရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထပ်မံထိခိုက်နစ်နာမှုမဖြစ်ပွားစေရန်အတွက် အထူးသတိပြုရန်နှင့် အထူးသင်တန်းပေးထားသည့် ရဲအရာရှိများကို ခိုင်းစေ၍ အမှုစစ်ဆေးခြင်းနှင့် နစ်နာသူအမျိုးသမီး၏ အခွင့်အရေး လေးစားရမည့်အချက်များ ကွန်ယက်များ၏ အကြံပေးဆွေးနွေးမှုများကို အလေးထားကာ လုပ်ဆောင်သင့်ကြောင်း တွေ့ရှိရပါသည်။




# စိတ်ပိုင်း / ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု



## အမှတ်စဉ် (၆၇)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ တရားလို မစိုးစိုး (၂၃ နှစ်) နှင့် တရားခံ မောင်တင်ထွန်း (၂၃ နှစ်) တို့မှာ လူငယ်သဘာဝ ချစ်သူများဖြစ်ခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ လမ်းခွဲခဲ့ကြသည်။ ၎င်းလမ်းခွဲပြီးနောက်ပိုင်းတွင် တရားခံ မောင်တင်ထွန်းမှ တရားလို မစိုးစိုး၏ ဓာတ်ပုံများကို အသုံးပြုပြီး ညစ်ညမ်းသော စာသားများရေးကာ Facebook ပေါ်တွင် တင်၍ ဖြန့်ခဲ့သည်။ ထို့ပြင် တရားလို မစိုးစိုး၏မိတ်ဆွေ၊ သူငယ်ချင်းများကိုပါ message မှ တစ်ဆင့် မကြားဝံ့မနာသာ ညစ်ညမ်းစွာ ရေးသား၍ ပို့ခဲ့ပါ သည်။ လုပ်ငန်းခွင်ရှိ သူငယ်ချင်းများထံသို့ တရားလို မစိုးစိုးသည် မကောင်းသည့်မိန်းမဖြစ်ကြောင်း Facebook မှ တဆင့် ပြောဆိုခဲ့သည်။ ထို့ကြောင့် တရားလိုမစိုးစိုးမှ မိမိအား ယခုကဲ့သို့ ပြုလုပ်သူ မောင်တင်ထွန်းအား ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့်ခဲ့ပါသည်။ လူမှုကွန်ရက် Facebook ကို အသုံးပြု၍ မိန်းမသားတစ်ယောက်၏ ဂုဏ်သိက္ခာညှိုးနွမ်း၍ နာမည်ဖျက်ပြီး အလုပ်ကိုထိခိုက်စေရန် ခြိမ်းခြောက်နှောင့်ယှက်နေသဖြင့် အရေးယူပေးပါရန် တရားခံအား တိုင်ကြားခဲ့သည်။



## တရားရုံးစီရင်ချက်

တရားခံသည် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ (၈၇) အရ တရားခံပြေးကြေငြာကြောင်းနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ (၈၈) အရ တရားခံပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်း/ မရွှေ့ပြောင်း နိုင်သောပစ္စည်းများအား ဝရမ်းကပ်ကြောင်း အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုသွားဖွင့်ရာတွင် Facebook လူမှုကွန်ယက်မှ ပြုလုပ်ကြောင်းပြောရာ လုပ်တဲ့သူနှင့် သက်သေအထောက် အထားများ သေချာမှုရှိ/မရှိ အကြိမ်ကြိမ် မေးမြန်းခံရခြင်း၊
- မိမိတွင် လူသက်သေ၊ လူမှုကွန်ယက် ၎င်းတင်ထားသည့်သက်သေများရရှိရန် များစွာ ကြိုးပမ်းရခြင်း၊
- အမှုတိုင်ထားစဉ်အတွင်း လူမှုကွန်ယက်ရှိပုံများကို ဖြုတ်ချဖို့ ဖျက်ပေးနိုင်ခြင်း မရှိခြင်း၊ တရားရုံးတော်မှ မျှတသောအမိန့်ကို ချမှတ်ပေးသော်လည်း အမှုတွင် တရားခံအား ဖမ်းဆီးမှု မရနိုင်၍ တရားမျှတမှု ရရှိသည်ဟု မခံစားရခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၁) ချိန်း

# အမှတ်စဉ် (၆၈)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်တွင် (၃၀ - ၃ - ၂၀၁၃) နေ့ (၆) နာရီ အချိန်က မမာအေးသည် နီတိုးနှင့်အတူ ဈေးရောင်းရန်သွားစဉ် တစ်ရပ်ကွက်တည်းနေ ခင်မင်ရင်းနှီးသော မောင်မောင် အသက် (၂၄) နှစ်က အရက်မူးပြီး ပိုက်ဆံတောင်းရာ မပေးသဖြင့် မမာအေး အသက် (၄၄) နှစ်ကို ဆောင့်တွန်းကြောင်း၊ အနီးနားရှိ နီတိုးကိုလည်း အုတ်ခဲနှင့်ထုပြီး လဲကျသွားသော မမာအေး၏ ဦးခေါင်းကိုလည်း ဖူးယောင်ပေါက်ပြဲဒဏ်ရာများရရှိအောင် ပြုလုပ်ကြောင်း၊ ဈေးဆိုင်မှ ဦးဘိုဖြူ ရောက်လာကာ ဆေးရုံသို့ပို့ကြောင်း သိရ၍ မမာအေးနှင့် နီတိုးတို့အား လုယက်မှုကျူးလွန်ရာတွင် ဒဏ်ရာရအောင် ပြုလုပ်သူ မောင်မောင်အပေါ် ဥပဒေအရ အရေးယူပေးရန် တိုင်တန်းရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီးပုဒ်မ - ၃၉၄ (လုယက်မှုကျူးလွန်ရာတွင် မိမိအလိုအလျောက်နာကျင်မှု) အရ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည် ထောင်ဒဏ်မှ ချုပ်ရက်များကို ထုတ်နုတ် ကျခံစေသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေများအား တဖက်မှ စည်းရုံးခံရခြင်း၊ သက်သေများ လာရောက်မထွက်ဆိုကြခြင်း၊
- ရပ်/ကျေး အုပ်ချုပ်ရေးမှူးမှ ပူးပေါင်းကူညီမှုအားနည်းခြင်း၊
- တရားရုံးတွင် တချို့ရုံးချိန်းများတွင် တစ်နေကုန်စောင့်ရ၍ ကလေးကျောင်းပျက်၊ အမှုသည်များ ဈေးရောင်းပျက်၍ ဝင်ငွေထိခိုက်ခြင်း၊

**အမှုကြာချိန်** - (၁၁) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် (၉၉)

## အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ - - မြို့နယ်ရှိ မရီရီ အသက် (၄၆) နှစ်သည် ဈေးရောင်းနေစဉ် မခိုင်ခိုင် အသက် (၁၉) နှစ် ရောက်ရှိလာပြီး တစ်လလျှင် (၃) သိန်းရနိုင်ကြောင်း ပြောသဖြင့် သဘောတူသောကြောင့် နောက်တစ်နေ့တွင် ဒဂုံ - ရောအဝေးပြေးဂိတ်မှ ကားစီး၍ ကားပေါ် ရောက်သောအခါမှ ၎င်းနှင့်ဆွေမျိုးတော်စပ်သူ မောင်ခင်ဝင်း၊ မတူးတူးနှင့် မဝေဝေတို့ကို တွေ့ရခြင်း ဖြစ်ကြောင်း၊ ထားဝယ်မှ မြိတ်သို့ရောက်ရှိပြီး ဆိုင်ကယ် (၃) စီးဖြင့် ၎င်းတို့ (၅) ဦးသည် တောလမ်း အတိုင်းစီးသွားပြီး မောတောင်မြို့သို့ရောက်ရှိကြောင်း၊ ထိုမှတစ်ဆင့် ဆိုင်ကယ်ဖြင့် တစ်ဖက်နိုင်ငံသို့ ရောက်ရှိ၍ မေးမြန်းသောအခါ ထိုင်းနိုင်ငံရောက်မှန်းသိရ၍ မရီရီနှင့် မခိုင်ခိုင်တို့စကားများကြကြောင်း၊ တရားလိုက ပြန်လိုကြောင်းပြောရာတွင် မခိုင်ခိုင်က ပြန်ဖို့မစဉ်းစားနဲ့ဟု ပြောကြောင်း၊ တရားလိုသည်

ထိုင်းနိုင်ငံ နာနတ်သီးစက်ရုံတစ်ခုတွင် သန့်ရှင်းရေးအလုပ်လုပ်ရပြီး ထိုစက်ရုံတွင် (၉) လတိတိ လုပ်ကိုင်ခဲ့သော်လည်း အမှန်တကယ်ရရှိမည့် တစ်ပတ်လျှင် အချိန်ပိုလုပ်ခအပါအဝင် ဘတ် (၂၀၀၀ - ၃၀၀၀) ခန့် ရရှိမည်ဖြစ်သော်လည်း ထိုင်းဘတ် (၃၀၀) သာလျှင် မခိုင်ခိုင်မှ ပေးသဖြင့် လောက်ငှခြင်းမရှိ မစုမိဘဲ ဆန်ပြုတ်ကိုသာ အမြဲစားခဲ့ရကြောင်းစသဖြင့် အခင်းဖြစ်ကိစ္စအား လူကုန်ကူးမှုတားဆီးရေးအဖွဲ့သို့ ဆက်သွယ် တိုင်တန်းသောအမှု ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံမခိုင်ခိုင်သည် မရီရီနှင့်အတူ (၅) ဦးအား စည်းရုံးခေါ်ဆောင်ကာ ထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ့ကြကြောင်း၊ မရီရီကို အကြွေးဖြင့်ချည်နှောင်ကာ ၄င်း၏ လုပ်ခလစာများအား ဖြတ်တောက်ရယူခြင်း၊ ခြိမ်းခြောက်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းများပြုခဲ့ကြပြီး တရားခံ ဖော်ဖော်သည် တရားခံ မခိုင်ခိုင်က ခေါ်လာသူများကို အခကြေးငွေရယူကာ အလုပ်အကိုင်ရှာဖွေပေးခဲ့ကြောင်းနှင့် တရားခံ မခိုင်ခိုင်က ၄င်းတို့အပေါ် ပြုမူနေမှုများအား သိရှိနိုင်သည့် အနေအထားရှိပါလျက် တားမြစ်ခြင်း၊ ဟန့်တားခြင်း မရှိဘဲ တရားခံ မခိုင်ခိုင်ကို အားပေးကူညီခဲ့သည်ဟု သုံးသပ်ရသဖြင့် ပြစ်မှုရှိကြောင်း ထင်ရှား ပေါ်ပေါက်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ - ၂၄/၃၂ အရ တရားခံနှစ်ဦးအား တစ်ဦးလျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၁၀) နှစ်စီကျခံရန် အမိန့်ချမှတ်လိုက်သည်။


### အမှုတွင်ကြုံရသောအခက်အခဲများ

- ဆွေမျိုးများဖြစ်နေ၍ အမှုရုပ်သိမ်းပေးရန် ဖိအားပေးခံရခြင်း။
- သက်သေများအား တဖက်မှစည်းရုံး၍ သက်သေများစိုးရိမ်မှုရှိသဖြင့် ပြည့်စုံစွာ မထွက်ဆိုကြခြင်း။
- အမှုစစ်ဆေးပြီး တရားရုံးအမိန့်ချရန် (၁၀) ချိန်းကြာခြင်း။

**အမှုကြာချိန်** - (၁၃) လ၊ ရုံးချိန်း (၅၁) ချိန်း

**အမှတ်စဉ် (၇၀)**

**အမှုဖြစ်စဉ်အကျဉ်း**



ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၅ - ၉ - ၂၀၁၄) နေ့ (၉း၃၀) နာရီခွဲတွင် "Billion 123 Company" ကုမ္ပဏီလီမိတက်ဝန်ထမ်း မောင်ထင်ကျော်သည် လှိုင်မြို့မရဲစခန်းသို့ ရောက်လာပြီး ၎င်းတို့ ကုမ္ပဏီရုံးခန်းတွင် ကုမ္ပဏီဝန်ထမ်း မထွေးထွေးနှင့် ရည်းစားဖြစ်သူ ဖိုးအောင်တို့ ကုမ္ပဏီ ရေချိုးခန်းအတွင်း တံခါးပိတ်ပြီး ရန်ဖြစ်သံများ ကြားရကြောင်းနှင့် မဖွေးဖွေး အသက် (၂၃ နှစ်)၏ "ကယ်ပါ" ဟု အော်သံများ ကြားရကြောင်း၊ ရေချိုးခန်းတံခါး အားအတွင်းမှ ဂျက်ထိုးထားကြောင်း လာရောက်အကြောင်းကြားသဖြင့် ဒုရဲအုပ်ဖြိုးဝေသိန်းနှင့်အဖွဲ့သည် သွားရောက်စစ်ဆေးရာ ကုမ္ပဏီနောက်ဖေးရေချိုး ခန်းတံခါးအားအတွင်းမှ ဂျက်ချထားပြီး အသံမကြားရသဖြင့် ဖွင့်ခိုင်းရာ မဖွင့်ပေးသောကြောင့် တံခါးဂျက်ကို ဖျက်ဆီးဝင်ရောက်ခဲ့ရာ ရေချိုးခန်းအတွင်း၌ မထွေးထွေးသည် ဝဲဘက်နံစောင်း ထိုးသွင်းဒဏ်ရာ ၄ ချက်၊ ဝဲဘက်ရင်အုံတွင် ထိုးသွင်း ဒဏ်ရာ (၄) ချက်၊ ညာဘက် လက်မ၊ ယာဘက် လက်ခလယ်နှင့် လက်ညိုးကြား၊ ဘယ်ဘက်လက်သန်း၊ ဘယ်ဘက်

လက်ကောက်ဝတ်တို့တွင် ပြတ်ရှဒဏ်ရာ (၁) ချက်စီနှင့် သေဆုံးသည်ကိုတွေ့ရှိပြီး ဖိုးအောင်မှာ ဝဲဘက်လက်ဖျံရှိ သွေးပြန်ကြောအား မိမိကိုင်ဆောင်ထားသော ဓားဖြင့်လှီးဖြတ်ကာ သတိလစ်နေသည်ကိုတွေ့ရှိပြီး ၎င်းအနီး ကြမ်းပြင်ပေါ်တွင် အရိုးအသွား (၁၁) လက်မခန့်ရှိ မီးဖိုချောင်သုံး ဓားဦးချွန် (၁) ချောင်းကို သွေးများ ပေကျံလျက်တွေ့ရသဖြင့် ဒဏ်ရာရသူ ဖိုးအောင်နှင့်သေဆုံးသူ မဖွေးဖွေးတို့အား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ မဖွေးဖွေးအား ဓားနှင့်ထိုးသတ်ပြီး မိမိကိုယ် မိမိ သေကြောင်းကြံစည်သူ ဖိုးအောင်အား အရေးယူပေးပါရန် လှိုင်မြို့မ ရဲစခန်းတွင် တိုင်ချက်ရေးဖွင့်သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၀၂ (၂) (တင်ကူးကြံရွယ်ချက်ဖြင့် လူသတ်မှု) အရ လူသတ်မှု ကျူးလွန်ကြောင်းထင်ရှားပြီး တစ်သက်တစ်ကျွန်း ကျခံစေရန်နှင့် ရာဇသတ်ကြီးပုဒ်မ - ၃၀၉ (မိမိကိုယ်ကို သတ်ရန် အားထုတ်မှု) အရ မိမိကိုယ်ကို သတ်သေရန် ကြံစည်ကြောင်း ထင်ရှားသဖြင့် ထောင်ဒဏ် (၆) လ တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ကျူးလွန်သူမိသားစုဘက်မှ အမှုအားပြစ်ဒဏ်လျော့ပေါ့ရန် နစ်နာသူမိသားစုအား စည်းရုံးမှုရှိခြင်း၊
- အမှုအား ကျေအေးရုပ်သိမ်းပေးရန် ညှိနှိုင်းဖိအားပေးမှုများရှိခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း (၂၃) ချိန်း

## အမှတ်စဉ် (၇၁)

## အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၃၁ - ၇ - ၂၀၁၄) ရက်နေ့ (၂၁း၁၅) အချိန်တွင် မချစ်ချစ်သည် မောင်ဖြစ်သူ ရဲပိုင် အသက် (၂၂ နှစ်) နှင့် အဒေါ်ဖြစ်သူ အိမ်မှ လမ်းလျှောက်ပြန်လာစဉ် ဆိုင်ကယ်တစ်စီးတည်းဖြင့် (၃) ယောက် စီးလာသူ မောင်မျိုးအသက် (၃၀ နှစ်) တို့မှ မိမိတို့အား လိုက်မလား ဘယ်လောက်ကျကျပေးမည်။ စားချင်တယ်ဟု အော်ဟစ်ပြောဆိုသွားခဲ့၍ ၄င်းတို့အား လှည့်ကြည့်ရာ အောင်အောင်မှ ရဲပိုင်အား ဘာကြည့်တာလဲဟုပြောပြီး ငါနဲ့ခိုင်းနှိုင်းဆဲဆိုပြီး လက်သီးဖြင့် ဝိုင်းဝန်းထိုးကြိတ်ကြသည်။ မချစ်ချစ်မှ ဝင်ရောက်ဆွဲရာ မချစ်ချစ်ဘက်သို့လှည့်၍ ဆံပင်အားဆွဲပြီး ဆဲဆိုကာ မြေကြီးပေါ်သို့ပစ်လှဲပြီး အပေါ်မှတတ်ခွကာ မျက်နှာအားထိုးကြိတ်ခဲ့ပြီး ထို့နောက် ရဲပိုင်မှ ပတ်ဝန်းကျင်ကို အကူအညီတောင်းပြီး နီးစပ်ရာဆိုင်သို့ ပြေးဝင်၍ မိဘများထံ ဖုန်းဆက်ကြောင်း အချင်းဖြစ်နေရာတွင် ပစ္စည်းကျန်ခဲ့၍ ပစ္စည်းသွားယူစဉ် မောင်မျိုးမှ ဓားတစ်ချောင်းဖြင့် လိုက်ထိုးကြောင်း မချစ်ချစ်တို့လည်း လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ပြေးရာ ဆိုင်ရှင်မှ ၄င်းတို့အား အမှုပတ်မည်ကိုစိုး၍ မောင်းထုတ်သဖြင့် ဆိုင်ကယ်ငှား၍ ပြန်လာရာ - - - ဘုရားနား အရောက်တွင် အဖေနှင့် အမေဖြစ်သူတို့ မှ တွေ့ပြီး မချစ်ချစ်နှင့် ရဲပိုင်တွင် ဒဏ်ရာအသီးသီး

ရရှိခဲ့သဖြင့် မောင်မျိုး (ပါ ၃ ဦး) အပေါ် အရေးယူပေးပါရန် မချစ်ချစ်မှ တရားလိုပြုလုပ်၍ တိုင်တန်းရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံမောင်မျိုးနှင့် အောင်အောင်တို့အား ရာဇသတ်ကြီးပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာ နေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ငွေဒဏ် ၁၀၀၀၀ (တစ်သောင်းကျပ်) စီ ပေးဆောင်ရန်နှင့် မဆောင်ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ် (၁၅) ရက် စီကျခံစေရန်နှင့် ရာဇသတ်ကြီးပုဒ်မ - ၃၂၅ (မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၃) လ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

အဘ ဦးငွေး၏ သားဖြစ်သူ (၃) တရားခံ မင်းနောင်အား ရာဇသတ်ကြီးပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ငွေဒဏ် ကျပ်တစ်သောင်း ၁၀၀၀၀ိကျပ် ပေးဆောင်ရန် မဆောင်ဘဲ ပျက်ကွက်ပါက အလုပ်နှင့် ထောင်ဒဏ် (၁၅) ရက်ကျခံစေ ရာဇသတ်ကြီး ပုဒ်မ - ၃၂၃ (မိမိအလိုအလျောက် နာကျင်စေမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၁) လ ကျခံစေရန် ရာဇသတ်ကြီးပုဒ်မ - ၃၂၅ (မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၃) လကျခံစေ ပြစ်ဒဏ်များကို တစ်ပြိုင်တည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- နစ်နာသူမှာ တရားရုံးကချမှတ်သည့် အမိန့်ပြစ်ဒဏ်နည်းသဖြင့် ကျေနပ်မှုမရှိခြင်း။
- အမျိုးသမီးအကြမ်းဖက်ခံရ၍ ဆိုင်ထဲသို့ ဝင်ပြေးသည့်အခါ အမှုပတ်မှာစိုး၍ မောင်းထုတ်ခံရခြင်း၊

**အမှုကြာချိန်** - (၁၈) လ၊ ရုံးချိန်း - (၄၃) ချိန်း

## အမှတ်စဉ် (၅၂)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်တွင် (၁၁ - ၆ - ၂၀၁၄) ရက်နေ့ (၁) နာရီ ခွဲအချိန်တွင် တရားလို မတင်ဇာဦး အသက် (၁၄ နှစ်) သည် အစ်မဝမ်းကွဲတော်သူ မဇာခြည် စီးလာသော စက်ဘီးအနောက်မှ ထိုင်စီးလာစဉ် မာလာလမ်းအရောက် တစ်ရပ်ကွက်တည်းနေသော ကိုပေါက်ကြီး အသက် (၃၃ နှစ်) နှင့်တွေ့ပြီး ၄င်းမှာ အရက်မူးလာရာ တရားလိုတို့၏စက်ဘီးအား လက်ဖြင့်ဆွဲကာ ရင်သားအား ဆုတ်ကိုင် ပုဆိုးလှန်ပြပြီး ညစ်ညမ်းစွာ ဆဲဆိုခဲ့သည့်အတွက် ရာဇသတ်ကြီးပုဒ်မ - ၃၅၄၊ ၂၉၄၊ ၅၀၉ အရ တရားစွဲဆိုတိုင်တန်းမှာ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရာခံအား ရာဇသတ်ကြီးပုဒ်မ - ၂၉၄ (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာပြောဆိုမှု) အရ ထောင်ဒဏ် (၁၅) ရက်နှင့် ရာဇသတ်ကြီး ပုဒ်မ - ၃၅၄ (ကာယိန္ဒြေကို ပျက်စီးစေရန်အကြံဖြင့် ကျူးလွန်သည့် လက်ရောက်မှု) အရ ထောင်ဒဏ် (၁) လ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ♦ အမှုစစ္စဲချိန်တွင် တရားခံမှ မိမိအား စိုက်ကြည့်ပြီး ဟန်အမူအရာအားဖြင့် ခြိမ်းခြောက်ခြင်း၊
- ♦ ပြစ်ဒဏ်နည်းသည့်အတွက် အချိန်တိုအတွင်း တရားခံမှ ပြန်လွတ်လာပြီး ရန်မူမည်ကို စိုးရိမ်မှုရှိခြင်း၊
- ♦ အမှုစစ်ဆေးချိန် တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် အမျိုးသမီးငယ်အား စစ်ဆေးရာတွင် ရှက်ကြောက်ခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် (၇၃)

### အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်း၊ - - - မြို့နယ်တွင် (၂၀ - ၅ - ၂၀၁၄) တွင် တရားလို မသဲသဲ အသက် (၁၆ နှစ်) ဆေးဝယ်ရန် ထွက်အလာ အစ်မဖြစ်သူ၏ အိမ်ရှေ့အရောက်တွင် အစ်မ၏ ယောက္ခမနှင့် ယောက်မတို့ ဝိုင်းရိုက်နေသည်ကို တွေ့သည်။ အစ်မမှ အဖေနှင့် အမေကို သွားခေါ်ပေးရန်ပြော၍ သွားခေါ် ပေးရာတွင် အစ်မ၏ယောက်ျား၊ အဒေါ်နှင့် အစ်မတို့မှ အိမ်ထဲသို့ ဆွဲခေါ်ပြီး မကြားဝံ့မနာသာအောင် ပြောကာ ၎င်း၏အစ်မယောက်ျား၏အဒေါ်မှ တစ်ချက်၊ ကျန်အဒေါ်နှင့် အစ်မများမှလည်း ရိုက်နက်ခဲ့ကြသည်။ ထိုစဉ် အဖွားရောက်လာ၍ လွတ်သွားပြီး ရပ်ကွက်လူကြီးများကို တိုင်ရန်ပြေးစဉ် သတိမေ့သွား၍ မန္တလေးဆေးရုံသို့ပို့၍ ကုသခဲ့ရသည်။ ထို့ကြောင့် ဥပဒေအရ အရေးယူပေးပါရန် ပြစ်မှု ပုဒ်မ - ၃၂၃ အရ အရေးယူဆောင်ရွက်ခဲ့သည့် အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံဒေါ်တိုးလွင်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ငွေဒဏ် (၁၀၀၀/ - ) ပေးဆောင်စေ၊ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ် (၁၅) ရက်ကျခံစေရန် ပြစ်မှုပုဒ်မ - ၃၂၃ အရလည်း ငွေဒဏ် (၁၀၀၀/ -) ပေးဆောင်ရန် ငွေဒဏ်မဆောင်ပါက အလုပ်မဲ့ထောင်ဒဏ် (၁) လ ကျခံစေ အမိန့်ချမှတ်သည်။ တရားခံဒေါ်မိမိ၊ တရားခံဒေါ်ဝင်းဝင်း (ခ) ဝင်းမာ (ခ) မာမာနှင့် တရားခံ မအေးအေးတို့သည် ပြစ်မှု ပုဒ်မ - ၃၂၃ (မိမိအလိုအလျောက် နာကျင်စေမှု) အရ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် ငွေဒဏ် (၁၀၀၀/ - ) စီကျခံရန်၊ ငွေဒဏ်မဆောင်ပါက အလုပ်မဲ့ထောင်ဒဏ် (၁) လစီကျခံစေရန် အမိန့်ချမှတ် သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- တာဝန်ရှိသူများမှ အမှုဖွင့်ပေးသည့်အပိုင်းတွင် အရေးတယူလုပ်ဆောင်ပေးမှုအားနည်းခြင်း၊

**အမှုကြာချိန်** - (၉) လ၊ ရုံးချိန်း - (၂၈) ချိန်း

# အမှတ်စဉ် (၇၄)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်နေ မသိန်းညွန့် (၄၀) နှစ်၏ အိမ်နီးနားချင်းဖြစ်သူ ကလေးအမေမှ အကူအညီတောင်း၍ တရားလို၏ ညီမဖြစ်သူ မဇင်မာ သွားရောက်ကူညီပေးရာ တရားခံ ဦးဇော်မင်း (၆၃) နှစ်မှ "ဘာမှမဆိုင်ဘဲနဲ့ ဟိုချွန်ဒီချွန်မလုပ်နဲ့ ပါးစပ်ပေါက်တွေပိတ်ထား၊ သေသွားမယ် ကြည့်နေ၊ ကြည့်စား"ဟု ပြော၍ စကားများကြရာမှ တရားခံ ဦးဇော်မင်းမှ ခဲနှင့်ပေါက်၍ အပြန်အလှန်ရန်ဖြစ်ရာမှ တရားလို မသိန်းညွန့်တွင် ဒဏ်ရာများ အသီးသီးရရှိသဖြင့် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားပြီး စွဲဆိုသောအမှုဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

အမှုတွင် တရားခံ ဦးဇော်မင်းသည် ရာဇသတ်ကြီးပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) ကို ကျူးလွန်သည်ဖြစ်ကြောင်း ထင်ရှား၍ ငွေဒဏ်တစ်ထောင် (၁၀၀၀ဝိကျပ်) ပေးရန် မပေးဆောင်ပါက ထောင်ဒဏ် (၁၅) ရက် ကျခံစေရန် ၂၀၁၆ မေလ ၂ ရက်နေ့တွင် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အိမ်နီးချင်းများမှ ထောက်ထားစရာအကြောင်းရှိနေ၍ မျက်မြင်သက်သေများမှ ထွက်ဆိုမှု မရှိခြင်း၊
- တရားခံမှ တရားရုံးတွင် စစ်ဆေးသည့်အခါ မထီမဲ့မြင်ပြု၍ ကောင်းစွာမဖြေခြင်း၊

**အမှုကြာချိန်** - (၉) လ၊ ရုံးချိန်း - (၂၀) ချိန်း

## အမှတ်စဉ် (၇၅)

## အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ (- - -) မြို့နယ်နေ မစန်းစန်းဝင်း (၃၃) နှစ်သည် (၂၉ - ၁ - ၂၀၁၅) ရက်နေ့ နေ့လည် (၂း၀၀) အချိန်တွင် နေအိမ်၌ ခင်ပွန်းဖြစ်သူ ဦးစောမြင့်နှင့် စကားများရန်ဖြစ်ပြီး ခင်ပွန်းဖြစ်သူ အိမ်ပေါ်မှ ဆင်းသည်ကို လှမ်းဆဲရာ တစ်လမ်းတည်းနေ တရားခံဖြစ်သူ ကိုမျိုးချစ် (၃၄) နှစ်မှ

ငှင်းအားဆဲသည်ဟုထင်ပြီး မေးမြန်းရာ တရားလိုက ငှင်းခင်ပွန်းကို ဆဲခြင်းဖြစ်ကြောင်း ပြန်ပြောသည်။ ထိုသို့ပြောဆိုနေစဉ် တရားလို၏ ညီမဖြစ်သူ မွေးမွေးရောက်လာပြီး ဝင်ရောက်ရှင်းပြရာ တရားခံ ဦးမျိုးချစ်သည် မွေးမွေးအား လက်သီးဖြင့်ထိုးရာတွင် တရားလိုမှဝင်ဆွဲရာ တရားလိုအား လက်သီးဖြင့်ထိုးခြင်း၊ ဆံပင်ဆွဲခြင်း၊ ခင်းထားသည့်အင်္ဂတေနှင့် ကိုင်ဆောင့်ခြင်းတို့ကြောင့် တရားလိုက ရဲစခန်းတွင် တိုင်တန်းခဲ့သည်။

## တရားရုံးစီရင်ချက်

အမှုတွင် တရားခံ ဦးမျိုးချစ်သည် ရာဇသတ်ကြီးပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) /၃၂၃ (မိမိအလိုအလျောက်နာကျင်စေမှု) တို့အရ ပြစ်မှုထင်ရှားသဖြင့် ရာဇသတ်ကြီးပုဒ်မ - ၃၂၃ (မိမိအလိုအလျောက်နာကျင်စေမှု) အရ ထောင်ဒဏ် (၁၄) ရက်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ - ၂၉ ၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ငွေဒဏ် ၅၀ ပေးဆောင်ရန်၊ မဆောင်ပါက ထောင်ဒဏ် (၇) ရက် ကျခံရန် (၂၈ - ၈ - ၂၀၁၅) နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပြစ်ဒဏ်လျော့နည်းစွာချမှတ်၍ နစ်နာသူမှ မကျေနပ်ခြင်း၊
- ဥပဒေအရပြစ်ဒဏ်နည်းသော်လည်း အပေါ်ရုံးသို့ပြစ်ဒဏ်တိုးရန် တက်ခွင့်မရှိခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၈) ချိန်း

## အမှတ်စဉ် (၇၆)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်နေ တရားလို မထွေးထွေး အသက် (၃၂ နှစ်) သည် သူငယ်ချင်းများဖြစ်သည့် မောင်လွင်လွင်၊ မောင်ဖြိုးကို၊ မအိအိ၊ မစိုးစိုး၊ မဇင်မာ၊ မဝေဝေတို့နှင့်အတူ ဈေးပွဲတော်သို့ သွားခဲ့ကြသည်။ ထို့နောက် ဘုရားပေါ်တက်ကြရာတွင် ဘုရားတန်ဆောင်း မြေကွက်လပ်တွင် ရှိနေကြသော ကိုပြည့်ဖြိုး အသက် (၁၇) နှစ်၊ ကိုကျော်ကျော် အသက် (၂၃) နှစ်၊ ကိုနေလင်း အသက် (၁၉ နှစ်) ၊ ကိုဖြိုးဝေ အသက် (၂၀ နှစ်) ၊ ကိုဒွေး အသက် (၂၀ နှစ်) တို့က မထွေးထွေးနှင့် အတူပါလာသော မအိအိ၊ မစိုးစိုး၊ မဇင်မာ၊ မဝေဝေတို့အား "ငါ့မယားလေးတွေ၊ အချစ်လေးတွေ"ဟု ပြောရာ မထွေးထွေးက မစနောက်ကြရန် ပြောသည့်အခါ မထွေးထွေးအား မိုက်ရိုင်းစွာပြောဆိုပြီး သူတို့အဖွဲ့ပါ ယောက်ျားလေးနှစ်ယောက်အားလည်း လက်သီးဖြင့် ထိုးခဲ့ကြသည့်အတွက် မထွေးထွေးက တိုင်တန်းရာမှ ပေါ်ပေါက်လာသောအမှု ဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံ ကိုပြည့်ဖြိုး အသက် (၁၇ နှစ်) ၊ ကိုကျော်ကျော် အသက် (၂၃ နှစ်) ၊ ကိုနေလင်း အသက် (၁၉ နှစ်) ၊ ကိုဖြိုးဝေ အသက် (၂၀ နှစ်) ၊ ကိုဒွေး အသက် (၂၀ နှစ်) သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ပြစ်မှုထင်ရှားသဖြင့် ငွေဒဏ် ၂၀ဝိကျပ် ပေးဆောင်ရန်၊ မဆောင်က ထောင်ဒဏ် (၁၅) ရက် ကျခံစေရန်၊ ရာဇသတ်ကြီးပုဒ်မ - ၃၂၃ (မိမိအလိုအလျောက် ထိခိုက်နာကျင် စေမှု) အရ ပြစ်မှုထင်ရှားသဖြင့် ရုံးတက် ရုံးဆင်း ထောင်ဒဏ် (၁) ရက် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပြစ်ဒဏ်နည်း၍ အမှုသည်မှ ကျေနပ်မှုမရှိခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် (၇၇)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - -) မြို့နယ်၌ တရားလို မဌေး အသက် (၄၈) နှစ်သည် (၂ - ၆ - ၂၀၁၆) နေ့တွင် နေ့လည် (၃) နာရီခန့်အချိန်တွင် ဈေးသွားဝယ်ပြီး ပြန်လာစဉ် ကားမှတ်တိုင်နား အရောက် ၎င်းနှင့် ကွာရှင်းထားသော တရားခံ ဦးမောင်ဝင်း အသက် (၄၅) နှစ်က အတင်းဆွဲပြီး မှတ်တိုင်ကို ခေါ်လာသည်။ ကားမှတ်တိုင်တွင် ၎င်းအား "လင်ငယ်နေတဲ့ကောင်မ၊ နင့်လင်ငယ်ငါ့ခေါ်ပေး" ဟု ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုသည့်အပြင် မကြားဝံ့မနာသာဆဲဆိုပြီး လက်သီးနှင့်ထိုး၍ တရားလို မဌေး၏ မျက်လုံးညိုမည်းဖူးရောင် နာကျင်ဒဏ်ရာ၊ လက်ဖျံနာကျင်ဒဏ်ရာတို့ ရရှိခဲ့သည်။ ရင်ဘက်နာကျင်ဒဏ်ရာ၊ လက်ဖျံနာကျင်ဒဏ်ရာတို့ ရရှိခဲ့သည်။ အနီးအနားရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်တိုင်တန်းပြီး ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားခဲ့သည်။ ထိုမှတစ်ဆင့် ဆေးရုံကြီးသို့ သွားရောက်ပြသပြီး ဆေးကုသမှုခံယူခဲ့ရသည်။ ထို့ကြောင့် မဌေးက ၎င်းအား မကြားဝံ့မနာသာ ဆဲဆိုခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုပြီး မျက်နာနှင့် လက်တို့တွင် နာကျင်ဒဏ်ရာရအောင် လက်သီးနှင့်ထိုးသူ တရားခံအား အရေးယူပေးရန် တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံ ဦးမောင်ဝင်းသည် ရာဇသတ်ကြီး ပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ အပြစ်ရှိသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၅) ရက် ကျခံစေရန် ရာဇသတ်ကြီး ပုဒ်မ - ၃၂၃ (မိမိ အလိုအလျောက် နာကျင်စေမှု) အရ အပြစ်ရှိကြောင်း တွေ့ရှိသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၃) လ ကျခံစေရန် ရာဇသတ်ကြီး ပုဒ်မ - ၃၅၄ (ကာယိန္ဒြေပျက်စီးစေရန် အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု) အရ အပြစ်ရှိကြောင်း တွေ့ရှိသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၂) လ ကျခံစေရန် ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် အမိန့်ချမှတ် ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုစစ်ဆေးချိန်တွင် ဥပဒေအရာရှိမှ အချိန်မီ မလာရောက်၍ သွားရောက်ခေါ်ရခြင်း၊
- တရားရုံးတွင် တစ်နေကုန် စောင့်ခိုင်းခြင်း၊ တစ်နေ့လုံး အချိန်ပေးရခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၂) ချိန်း

## အမှုတွဲစဉ် (၇၈)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်၌ မသဲဆု အသက် (၂၀) နှစ်သည် City Hall Mart ရှိ အရောင်းဆိုင် ဖွင့်လှစ်နေစဉ် ၎င်းနှင့် ချစ်ကြိုက်ခဲ့ဖူးသူ ကိုရဲဝင်း အသက် (၂၃) နှစ် ရောက်ရှိလာသည်။ မသဲဆုက ၎င်းအား အဆက်အသွယ်ဖြတ်သည့် ကိစ္စကို မကျေနပ်သဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။ တရားလို မသဲဆုမှာ ဆိုင်ခင်းနေစဉ် တရားခံထွက်သွားပြီဟု ထင်လိုက်သည်။ ၎င်းသတိမထားမိသည့် အချိန်တွင် ၎င်း၏ နောက်ကျောသို့ ရောက်ရှိလာပြီး အနောက်မှနေ၍ တရားလို၏လည်ပင်းကို သိုင်းဖက်ပြီး နာခေါင်း၊ ပါးစပ်ကို လက်နှင့်ပိတ်ပြီး ၎င်း၏မျက်လုံးကို ချွန်ထက်သောအရာတစ်ခုနှင့် အချက်ပေါင်းများစွာ ထိုးခဲ့ပါသည်။ မသဲဆုမှာ သတိလစ်ပြီး လဲကျသွားခဲ့သည်။ သတိရတစ်ချက်၊ မရတစ်ချက် ဖြစ်နေသောအချိန်တွင် ကတ်ကြေးနှင့်ထိုးကြောင်းသိရသည်။ တရားခံကိုရဲဝင်း၏ ပြုလုပ်မှုကြောင့် မသဲဆုတွင် ယာမျက်လုံးပေါက်ဒဏ်ရာ၊ ဝဲမျက်လုံးဖူးယောင်၊ ဝဲမျက်လုံးအောက် ထိုးသွင်းဒဏ်ရာ၊ ဝဲနားထင်၊ ယာမျက်လုံး၊ မေးစေ့၊ ယာလက်ခုံး၊ ယာလက်ဖဝါး၊ ယာဂျိုစောင်းတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် တရားခံအပေါ် ဥပဒေနှင့်အညီ အရေးယူပေးပါရန် ဆိုင်တာဝန်ခံတစ်ဦးဖြစ်သည့် မဝင်းဝင်း အသက် (၃၀) နှစ်က တရားလိုပြုလုပ်၍ ရဲစခန်းသို့ တိုင်ကြားခဲ့သောအမှု ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၃၀၇ (လူသတ်မှုကို ကျူးလွန်ရန် အားထုတ်ခြင်း) ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် ကျခံစေရန်၊ ရာဇသတ်ကြီး ပုဒ်မ - ၃၂၆ (ဘေးဖြစ်စေတတ်သော လက်နက်ဖြင့် မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှု) ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်ကျခံစေရန်၊ ပြစ်ဒဏ်များကို သီးခြားစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- နစ်နာသူအား ဆေးဝါးထိရောက်စွာ ကုသပေးမှုအားနည်းခြင်း၊
- နစ်နာသူအား ငွေနှင့်စည်းရုံးမှုရှိခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၇) ချိန်း


## စိတ်ပိုင်း / ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့်အမှုများအား ကျား၊မရေးရာရှုထောင့်မှသုံးသပ်ချက်

စိတ်ပိုင်း/ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်သည့်အမှုများမှာ အမှတ်စဉ်(၆၇)မှ(၇၈)အထိ(၁၂)မှုရှိပါသည်။

ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့်အမှုများမှာ သိသာထင်ရှားသည့်အတွက် တရားရုံးမှ သက်သေအထောက် အထားပြရန်လွယ်ကူမှုရှိသော်လည်း စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများတွင် မှုခင်းရာဇဝတ်မှုများကဲ့သို့ သက်သေအထောက်အထားပြရန် ခက်ခဲနိုင်မှုများသည် အကြမ်းဖက်ခံရသူအမျိုးသမီးအတွက် လွန်စွာ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ တရားမျှတမှုလည်းမရှိပေ။ ထို့ကြောင့် အကြမ်းဖက်သည့်အမှုများတွင် သက်သေပြရန် တာဝန်အား အကြမ်းဖက်သူထံတွင်သာ ရှိသင့်သည်။ အကြမ်းဖက်မှုကိုကျူးလွန်သည်ဟု သံသယရှိသူသည် အကြမ်းဖက်မှုကိုမကျူးလွန်ကြောင်းသက်သေပြရန်တာဝန်ရှိသင့်သည်။

အကြမ်းဖက်ခံရသူအမျိုးသမီးများ၏ အခြေအနေကိုထိခိုက်နိုင်မှုမှာ အကြမ်းဖက်သူမှ နောက်တစ်ဖန် သူမအပေါ်၌ အကြမ်းဖက်မှုကို အမြဲကြုံတွေ့ရသည်။ စိတ်ပိုင်း/ရုပ်ပိုင်းအကြမ်းဖက်မှုများတွင် ဖြစ်မှုဖြစ်ရပ်ရှည်ကြာနေသော ကြောင့် ထိုသူထောင်မှလွတ်လာလျှင် ထပ်မံ၍အကြမ်းဖက်ခံရမည်ကိုအမျိုးသမီးများ စိုးရိမ်မှုများ ရှိနေသည်ကို သုံးသပ်တွေ့ရှိရပါသည်။ အကျဉ်းထောင်များတွင် အကြမ်းဖက်ခံရသူ အမျိုးသမီးများ၏ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှု ဖြစ်လာစေရန် စိတ်/လူမှု ပံ့ပိုးကူညီမှုပေးသည့် ဝန်ဆောင်မှုများလိုအပ်ပါသည်။ သို့မှသာလျှင် သူတို့ပြစ်ဒဏ်မှ လွတ်မြောက်လာချိန်စိတ်သစ်လူသစ်နှင့်လူ့ဘောင်ကိုအကျိုးပြုနိုင်သောသူများ အမျိုးသမီးများ၏လူမှုအခွင့်အရေးကို လေးစားလိုက်နာတတ်သောသူများဖြစ်လာနိုင်မည်ဖြစ်ပါသည်။

အမှုစစ်ဆေးနေစဉ်အတွင်းလည်း ကျူးလွန်သူမှ အကြမ်းဖက်ခံရသူအမျိုးသမီးအား နောက်ထပ်အမှုအသေးအဖွဲ့ဖြင့် ဖိအားပေးခြင်း တရားရုံးတွင်တရားလိုပြင်ဆင်ဖို့ ကြိုးစားခြင်းများရှိသည့်အတွက်ကြောင့် အမျိုးသမီးများမှာ ကြောက်ရွံ့ထိတ်လန့်ခြင်းနှင့် မလုံခြုံခြင်း စိတ်မသက်မသာဖြစ်ခြင်းများတွေ့ကြုံနေရကြောင်း သုံးသပ်တွေ့ရှိရသောကြောင့် အထူးတရားရုံးနှင့် အထူးလုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်က စနစ်တကျ ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါသည်။



# အိမ်တွင်းအကြမ်းဖက်မှု



## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ် တရားလို မအေးအေး (၂၆ နှစ်) နှင့် တရားခံ ဦးကျော်ကျော် (၂၆ နှစ်) နှင့် ချစ်ကြိုက်ပြီး ၂၀၁၄ ခုနှစ်တွင် ဘုရားရှိခိုးကျောင်း၌ မင်္ဂလာဆောင် လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ထိုသို့ လက်ထပ်ပြီးနောက် ၁၀ လခန့်အကြာတွင် တရားလို မအေးအေး ကိုယ်ဝန်ရှိလာသည်ကို တရားခံ ဦးကျော်ကျော်မှ မလိုချင်ကြောင်းပြောသော်လည်း တရားလို မအေးအေးသည် တရားခံ ဦးကျော်ကျော်နှင့်ရရှိသော ကိုယ်ဝန်အား မွေးဖွားခဲ့ပါသည်။ ကလေးမွေးဖွားပြီး ၃ ရက်အကြာတွင် တရားခံ ဦးကျော်ကျော်ရောက်ရှိလာပြီး ပြုစုယုယခြင်းမရှိသည့်အပြင် နင်နဲ့ငါနဲ့ဘာမှမဆိုင် တော့ဘူး ဟု အော်ဟစ်ရမ်းကားခဲ့သည်။ ကလေး (၇) လ အကြာတွင် တရားခံ ဦးကျော်ကျော်မှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းပြီး နောက်ထပ် အိမ်ထောင်ပြုသွားသည့် အတွက် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေဖြင့် အရေးယူပေးပါရန် အမှုစွဲဆိုခဲ့ပါသည်။

## တရားရုံးစီရင်ချက်

တရားခံ ဦးကျော်ကျော်အား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ - ၁၃ (တရားဝင်မယားရှိနေစဉ်အတွင်း နောက်အိမ်ထောင်ပြုမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၁) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ဥပဒေအရာရှိမှ မေးမြန်းရန်အကြံပြုသည့် မေးခွန်းများကို မေးမြန်းပေးမှု အားနည်းခြင်း၊
- ပြစ်ဒဏ်နည်း၍ပြင်ဆင်မှုတက်ရခြင်း၊

**အမှုကြာချိန်** - (၁၃) ၊ ရုံးချိန်း (၃၄) ချိန်း

# အမှတ်စဉ် (၈၀)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ် တရားလို ဒေါ်ဖြူ (၄၉ နှစ်) သည် တရားခံ ဦးမောင်မောင် (၄၈ နှစ်) နှင့် လက်ထပ်ပေါင်းသင်းပြီး ကလေးတစ်ဦး ထွန်းကားပါသည်။ ကလေးရပြီးနောက်ပိုင်းတွင် လင်မယားစကားများရန်ဖြစ်ကြပြီး ရန်ဖြစ်ကြတိုင်း နင်တို့ကိုသတ်ပစ်မည်ဟု ပြောဆိုသည့်ပြင် အိမ်ပေါ်မှ ဆင်းသွားပါသည်။ ၎င်းအိမ်ပေါ်မှ ဆင်းပြီးနောက် တရားလို ဒေါ်ဖြူအား လူမှုကွန်ယက် facebook ပေါ်တွင် ဂုဏ်သိက္ခာကျဆင်းအောင် ဓာတ်ပုံများတင်ခြင်း၊ စာရေးပြီးတင်ခြင်း၊ ခြိမ်းခြောက်သည့် စကားများဖြစ်သော လူသတ်ချင်တယ်၊ သေဖို့သာပြင်ထား စသည်များကို facebook လူမှုကွန်ယက်မှ တစ်ဆင့်ပေးပို့ခြင်းများ ပြုလုပ်သဖြင့် တရားလို ဒေါ်ဖြူမှ အရေးယူပေးရန် တိုင်တန်း တရားစွဲဆိုခဲ့ပါသည်။

## တရားရုံးစီရင်ချက်

တရားခံ ဦးမောင်မောင်အား ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) (ဆက်သွယ်ရေး ကွန်ယက် တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ကိုယ်/စိတ် အသရေ ပျက်စီးစေရန် ခြိမ်းခြောက်မှု) ဖြင့် အလုပ်နှင့် ထောင်ဒဏ် (၆) လ ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားခံမှ ကွာရှင်းခွင့်မပေး၍ ထပ်မံ၍ တရားစွဲဆိုရခြင်း။

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှုတွဲ ( ၈၁ )

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - မြို့နယ်၊ တရားလို ဒေါ်မမ အသက် (၃၈နှစ်) နှင့် တရားပြိုင် ဦးလှ အသက် (၄၅ နှစ်) တို့သည် ၁၉၉၇ ခုနှစ်ကတည်းက ပေါင်းသင်းနေထိုင်လာပြီး သားသမီး (၃) ဦး ထွန်းကားခဲ့ပြီးနောက် တရားလိုမှ စျေးရောင်း၍ရှာဖွေကျွေးမွေးခဲ့သော်လည်း တရားပြိုင်မှ အိမ်ဖော်ခေါ်ထားပြီး အိမ်ဖော်နှင့် လူမှုရေးဖောက်ပြန်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့ခြင်းများ ရှိခဲ့ပါသည်။ တရားလိုမှာ စျေးရောင်းသည့်အလုပ်ကို ရိုးရိုးသားသားလုပ်ကိုင်ခဲ့သော်လည်း တရားပြိုင်သည် တရားလိုကို လူတကာနှင့် သမုတ်သဖြင့် စိတ်ဆင်းရဲခဲ့ကြောင်း၊ တရားလိုစျေးရောင်းရင် စုဆောင်းငွေများဖြင့် ဝယ်ယူထားသည့် ရွှေနှင့်ငွေများကို တရားပြိုင်သည် ခိုးခြောက်၍ စားပြတိုက်သကဲ့သို့လုယူခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ တရားလိုမှာ တရားပြိုင်၏နှိပ်စက်အကြမ်းဖက်မှုဒဏ်ကို မခံနိုင်သဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။ နောက်ပိုင်း တရားပြိုင်မှာ မတင်ဇာဆိုသည့် အမျိုးသမီးနှင့် ပေါင်းသင်းနေကာ တရားလိုမိသားစုကို လာရောက်နှောင့်ယှက်မှုများ ပြုလုပ်နေပါသဖြင့် လင်မယား ကွာရှင်းခွင့်ပြုရန် ရုံးတော်သို့ဦးတိုက်လျှောက်ထားသော အမှုဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

လင်မယားကွာရှင်းပေးစေလိုမှုတွင် တရားပြိုင်မှာ သမ္မာန်စာ အတည်ဖြစ်သော်လည်း မလာသဖြင့် တဖက်သတ်စစ်ဆေးရန် အမိန့်ချပြီးနောက် တရားလိုနှင့်လိုပြသက်သေများ စစ်ဆေးပြီးနောက် ရုံးတော်မှ လင်မယား ကွာရှင်းခွင့်ရထိုက်ကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်ခဲ့ပါသည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- ♦ တရားပြိုင် ရုံးရှေ့သို့မလာရောက်ခြင်း။

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၁) ချိန်း

## အမှတ်စဉ် (၈၂)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - မြို့နယ်မှ တရားလို ဒေါ်သင်းသင်း (၃၅နှစ်) နှင့် တရားပြိုင် ဦးစိုး (၃၄ နှစ်) တို့သည် ၁၉၉၆ ခုနှစ်ကတည်းက လက်ထပ်ပေါင်းသင်းခဲ့ကြပြီး သမီး (၂) ဦးနှင့် သား (၁) ဦး ထွန်းကားခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ်တွင် သမီးကြီး မဖြူဖြူကို မွေးဖွားပြီးနောက် အရက်သေစာ နေ့စဉ်သောက်စားကာ တရားလိုကို ရှာဖွေကျွေးမွေးခြင်း မရှိကြောင်း၊ သမီးလတ်ကို ၂၀၀၂ ခုနှစ်တွင် မွေးဖွားပြီးနောက် တရားလိုမှာ တရားပြိုင်နှင့်အတူ မနေထိုင်နိုင်တော့၍ တရားလို မိဘအိမ်သို့ ဆင်းလာခဲ့ကြောင်း၊ (၁) လခန့်အကြာ တရားပြိုင် လိုက်လာပြီး ထပ်မံ မဆိုးတော့ကြောင်း၊ ကတိပြု၍ တရားပြိုင်နှင့် ပြန်လည်ပေါင်းသင်းခဲ့ကြောင်း၊ တရားပြိုင်မှာ နှစ်ပတ်ခန့် ကောင်းမွန်စွာနေပြီး နောက်ပိုင်းတွင် အရက်သောက်ပြီး ဆဲဆိုကြောင်း တရားပြိုင်မှ ရှာဖွေကျွေးမွေးခြင်းမရှိ၍ အဝတ်လျှော်သည့် အလုပ်လုပ်ကိုင်ရာ၊ အဝတ်လျှော်ပြီး ပြန်လာသည့်အခါများတွင် တရားပြိုင်မှ လင်ငယ်နေသည်၊ ဖာခံသည်ဟု မတရားစွပ်စွဲပြောဆိုပါကြောင်း၊ အမြဲတစေ စိတ်ဆင်းရဲပူပင်သောက ရောက်နေရကြောင်း၊ သို့ဖြစ်ပါ၍ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့၍ တရားစွဲဆိုရာမှ ပေါ်ပေါက်လာသော အမှုဖြစ် သည်။

## တရားရုံးစီရင်ချက်

တရားပြိုင်ဦးစိုးသည် တရားလိုဒေါ်သင်းသင်းအပေါ် ရက်စက်ညှင်းပန်းမှုရှိခဲ့သဖြင့် ကွာရှင်းခွင့် ရထိုက်ကြောင်း အနိုင်ဒီကရီ ချမှတ်ပေးလိုက်ပါသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုရင်ဆိုင်နေစဉ် တရားပြိုင်မှ တရားလိုအား ခြိမ်းခြောက်ခြင်း။
- ကွာရှင်းပြီးနောက် လင်ယောကျ်ားမှ မိမိနေထိုင်ရာသို့ လာရောက်ရန်ပြုမည်ကို စိုးရိမ်မှုရှိခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် (၈၃)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်ရှိ တရားလို မအိအိ (၃၄) နှစ် နှင့် တရားပြိုင် မင်းမင်းဦး (၄၅) နှစ် တို့သည် ၂၀၁၅ ခုနှစ်တွင် လက်ထပ်ခဲ့ပြီးနောက် တစ်ခါတလေ လင်မယားစကားများသည့်အခါတွင် အကြောင်းမရှိအကြောင်းရှာပြီး မတရားရိုက်နှက်လေ့ရှိသဖြင့် တရားလိုမအိအိမှ သည်းမခံနိုင်တော့ဘဲ တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းခဲ့ပါသည်။ ၎င်းနောက်တရားပြိုင် မင်းမင်းဦးမှ နောက်နောင်လုံးဝရိုက်နှက်ခြင်းမပြုတော့ပါဟု တောင်းပန်သဖြင့် တရားလိုမအိအိမှ ပြန်လည်ပေါင်းသင်းခဲ့သော်လည်း တရားပြိုင် မင်းမင်းဦးမှ အရက်များသောက်စားမူးယစ်ပြီး ဆိုးရွားစွာအကြောင်းမဲ့ ရိုက်နှက်မှုများ ပြုလာသဖြင့် နေအိမ်မှ ဆင်းလာခဲ့ပြီးနောက် တရားပြိုင် မင်းမင်းဦးနှင့် မပေါင်းသင်းနိုင်တော့သောကြောင့် လင်မယားကွာရှင်းပေးစေလိုမှု စွဲဆိုခဲ့ပါသည်။

### တရားရုံးစီရင်ချက်

တရားပြိုင်မင်းမင်းဦးမှ တရားလို မအိအိ တောင်းဆိုသည့်အတိုင်း နောက်ဆုံးတွင် ကွာရှင်းပေးသဖြင့် ကွာရှင်းပေးစေလိုမှု ရုပ်သိမ်းခွင့်ကို ခွင့်ပြုကြောင်းအမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားစွဲထားစဉ် မိခင်မှသားနှင့် တွေ့ခွင့်ကို တရားပြိုင်ခင်ပွန်းမှ ပိတ်ပင်ခဲ့၍ တွေ့ခွင့်မရရှိခြင်း၊
- အမှုတွင် တရားပြိုင်ခင်ပွန်းမှ တန်ပြန်၍ မယားခေါ်လိုမှုစွဲဆိုသဖြင့် ၎င်းအမှုအားလည်း ခုခံခဲ့ရသည့်အတွက် အချိန်ပေးခဲ့ပြီး စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရခြင်း။

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၉) ချိန်း

## အမှတ်စဉ် ( ၈၄ )

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်၊ တရားလို ဒေါ်မြင့်မြင့်မှ ၎င်း၏ သမီးဖြစ်သူ မသဉ္ဇာ (၁၈ နှစ်) မှာ အလုပ်ဆင်းသွားရာ ပြန်မလာသဖြင့် ၎င်းနှင့်ယခင်ကပေါင်းသင်းခဲ့ဖူးသော ယောကျ်ားမှ အနိုင်အထက်ပြု ခေါ်ယူသွားပြီး၊ ၎င်း၏အိမ်တွင် ပိတ်လှောင်ထားခြင်း၊ သံကြိုးနှင့်ခတ်ခြင်း၊ လက်သီးနှင့်ထိုး၊ ရိုက်နှက်ခြင်းများ၊ ဓားနှင့်ဆွဲခြစ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း ထို့ကြောင့် မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်မှ တရားလိုပြုလုပ်၍ တရားစွဲဆို တိုင်တန်းခဲ့ပါသည်။

## တရားရုံးစီရင်ချက်

ပြစ်မှုကျူးလွန်သူ တရားခံ အောင်အောင်ဦးအား ရာဇသတ်ကြီးပုဒ်မ - ၃၂၃ (မိမိအလိုအလျှောက် နာကျင်စေမှု) ထောင်ဒဏ် (၂) နှစ်၊ ရာဇသတ်ကြီးပုဒ်မ - ၃၆၅ (မတရားဖမ်းဆီးချုပ်နှောင်မှု) ဖြင့် ထောင်ဒဏ် (၅) နှစ်၊ တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပြစ်ဒဏ်နည်း၍ ပြင်ဆင်မှုတက်ရခြင်း၊ ဥပဒေအရာရှိမှ လိုအပ်ချက်ကြောင့် မေးမြန်းရန်လိုအပ်သည့် မေးခွန်းတိုင်းကို မေးမြန်းပေးခြင်း မရှိခြင်း၊
- တရားလိုဘက်မှ သက်သေများမှ တရားခံဘက်သို့ ဘက်လိုက်ထွက်ဆိုပေးခြင်း၊
- တရားခံမှာ သားသတ်ရောင်းသူဖြစ်ပြီး ကြောက်၍ သက်သေထွက်ပေးရန် တွန့်ဆုတ်ကြခြင်း၊

**အမှုကြာချိန်** - (၁၀) လ၊ ရုံးချိန်း - (၃၀) ချိန်း

## အမှတ်စဉ် (၈၅)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်၌ တရားလို ဒေါ်မမ အသက် (၃၄ နှစ်) သည် တရားပြိုင် ဦးလှ အသက် (၃၄ နှစ်) နှင့် လက်ထပ်ခဲ့ပြီး သားသမီး (၃) ဦး ထွန်းကားခဲ့သည်။ ဦးလှသည် အရက်သေစာ နေ့စဉ် သောက်စားပြီး ဇနီးဖြစ်သည့် ဒေါ်မမကို တစ်စုံတစ်ရာ ရှာဖွေကျွေးမွေးခြင်း မရှိပါ။ ဦးလှက ရှာဖွေကျွေးမွေးခြင်းမရှိသဖြင့် ဇနီးဖြစ်သူ ဒေါ်မမသည် အဝတ်လျှော်သည့်အလုပ်ကို လုပ်ကိုင်ခဲ့ရ သည်။ အဝတ်လျှော်ပြီး ပြန်လာသည့်အခါများတွင် ဦးလှက ၎င်းအား “လင်ငယ်နေသည်၊ ဖာခံသည်” ဟု မတရားစွပ်စွဲပြောဆိုသည်။ တရားပြိုင် ဦးလှ၏ ညှင်းပန်းနှိပ်စက်မှုဒဏ်ကို မခံနိုင်သဖြင့် ရပ်ကွက်ရုံးကို တိုင်ကြားခဲ့သည်။ အကြိမ်ကြိမ် ဝန်ခံကတိများပေးပြီး ချိုးဖောက်သည်။ အရက်မူးလာသည့်အခါများတွင် အိမ်ကိုမီးရှို့မည်ပြော၍ အမြဲတစေစိတ်ဆင်းရဲခဲ့ရသဖြင့် ဆက်လက် ပေါင်းသင်းရန် ဆန္ဒမရှိ၍ ကွာရှင်းပေးရန် ဦးလှအပေါ်တွင် တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားလိုဒေါ်မမသည် တရားပြိုင်ဦးလှထံမှ အကြင်လင်မယားအဖြစ်မှ ကွာရှင်းခွင့်ရထိုက်ကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ◆ တရားရုံးအမှုစစ်ဆေးချိန်တွင် အမျိုးသားဖြစ်သူလင်ယောကျ်ားမှ ဟန်အမူအရာဖြင့် ခြိမ်းခြောက်မှုရှိခြင်း၊
- ◆ ကွာရှင်းခွင့်အမိန့်ချမှတ်သော်လည်း လင်ယောကျ်ား၏ ရန်ပြုမည်ကို စိုးရိမ်မှုရှိခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၆) ချိန်း

## အမှုတွဲ (၈၆)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်၌ တရားလို မအေးအေး (၄၄) နှစ်သည် တရားခံ ဦးမြင့်မောင် (၄၁) နှစ်နှင့် အိမ်ထောင်ကျပြီး သားသမီး (၂) ဦး ထွန်းကားခဲ့သည်။ တရားခံ ဦးမြင့်မောင်သည် တရားလို မအေးအေးနှင့် ယူပြီးနောက်ပိုင်းတွင် အလုပ်ကိုပုံမှန်မလုပ်တော့ဘဲ အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ ပြုလုပ်လာသည်။ တရားလို မအေးအေးသည် တရားခံ ဦးမြင့်မောင်၏ အသုံးစရိတ်အဖြစ် တစ်နေ့လျှင် ၃၀၀၀ိ ကျပ် ပေးရသော်လည်း နောက်ပိုင်းတွင် ၅၀၀၀ိ ကျပ် ပေးရသည်။ ၎င်းအားလည်း လင်ငယ်နေသည်ဟု ပြောဆိုပြီး အရက် သောက်ပြီး ပြန်လာသည့်အခါ ပြဿနာရှာပြီး ရိုက်နှက်သည်။ လက်သီးနှင့်ထိုး ခြေထောက်နှင့်ကန်သဖြင့် ရဲစခန်းတွင် အမှုဖွင့် တိုင်တန်းရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံ ဦးမြင့်မောင်အား စွဲချက်တင်သည့်အချိန်တွင် နှစ်ဦးနှစ်ဖက်ကွာရှင်းစာချုပ်ပြုလုပ်ပြီး အမှုအား ကျေအေးခွင့်ပြုခဲ့ပါသည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- သားသမီးများကိုငဲ့ညှာ၍ ကျေအေးခွင့်တင်သွင်းခဲ့ရာ ပြစ်မှုကျူးလွန်သူအား အပြစ်ပေးမှု မရှိခဲ့ခြင်း၊

**အမှုကြာချိန်** - (၂) လ၊ ရုံးချိန်း - (၉) ချိန်း

## အမှုတွဲ (၈၇)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - -) မြို့နယ်နေ မစိုးစိုး (၃၆ နှစ်) နှင့် ဦးအောင်အောင် (၅၀ နှစ်) တို့ သည် လွန်ခဲ့သော ၁၆ နှစ်ခန့်က အိမ်ထောင်ပြုခဲ့ကြသည်။ သားသမီး ၂ ဦးရှိသည်။ (၁၇ - ၁၀ - ၂၀၁၆) နေ့က မစိုးစိုးအား ဦးအောင်အောင်က လင်ငယ်နေသည်ဟု စွပ်စွဲပြီးဆဲဆိုသည်။ အပြန်အလှန် စကားများရန်ဖြစ်ကြသည်။ နောက်တစ်နေ့တွင် ထပ်မံစကားများရန်ဖြစ်ကြပြီး မစိုးစိုးအား ဦးအောင်အောင်က ခေါင်းကိုလက်သီးနှင့်ထိုး၍ ဦးခေါင်းကွဲသွားသည်။ နာခေါင်းကိုလည်း ထိုးသည်၊ လက်တွင်လည်း အညိုမဲစွဲအောင် ရိုက်လိုက်သည်။ ဦးအောင်အောင်မှာ အလုပ်အတည်တကျမလုပ်၍ မစိုးစိုးက ထမင်းကြော်၊ လက်ဖက်ရည်ရောင်းပြီး မိသားစုအား ရှာဖွေကျွေးမွေးရသည်။ ထိုကဲ့သို့ ဆဲဆိုပြီး ရိုက်နှက်မှုကြောင့် ရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

## တရားရုံးစီရင်ချက်

အမှုတွင် တရားခံဖြစ်သူ ဦးအောင်အောင်က ရာဇသတ်ကြီး ပုဒ်မ - ၃၂၃ (မိမိ အလိုအလျောက် နာကျင်စေမှု) ဖြင့် စွဲချက်တင်ပြီးနောက် တရားခံအားစစ်ဆေးရန် ချိန်းဆိုသည့်အချိန်တွင် နှစ်ဦးနှစ်ဖက်ကွာရှင်းကြရန် ညှိနှိုင်းပြီးနောက် ဦးအောင်အောင်နှင့် မစိုးစိုးတို့ ကွာရှင်းပြတ်စဲ စာချုပ်ချုပ်ဆိုကြသည်။ အမှုအား ကြေအေးခွင့်ပြုကြောင်း အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ကျူးလွန်သူအား စွဲချက်တင်ပြီး နောက်တွင်မှ ကွာရှင်းပေးရန် ညှိနှိုင်းကြရခြင်း။

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၁၂) ချိန်း

## အမှုတွဲ (၈၈)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ ဒေါ်ခိုင်ခိုင်ဝင်း အသက် (၃၇ နှစ်) သည် ခင်ပွန်း ဦးစိုးစိုး အသက် (၄၆ နှစ်) နှင့် လွန်ခဲ့သော (၁၃ နှစ်) က အိမ်ထောင်ကျပြီး သမီးတစ်ဦး ထွန်းကားခဲ့သည်။ ယခင်က ဒညင်းကုန်းဈေးဘက်တွင်နေထိုင်ပြီး အခြားနေရာသို့ ပြောင်းရွှေ့ခဲ့သည်။ ခင်ပွန်းဖြစ်သည့် တရားခံ ဦးစိုးစိုးမှာ အရက်သောက်သည့် အလေ့အထရှိသည်။ လွန်ခဲ့သော (၄) နှစ်ခန့်ကစ၍ တရားခံဦးစိုးစိုးသည် အရက်အလွန်အကျွံသောက်သည့်အခါ စိတ်ဖောက်ပြန်ပြီး ရပ်ကွက်ထဲ အော်ဟစ်ပြီး ကိုယ်တုံးလုံးချွတ်လျက် သွားလာနေခဲ့သည်။ ရပ်ကွက်ထဲမှ လူများက စိတ်ကျန်းမာရေး ဆေးရုံကို ပို့ဆောင်ခဲ့ကြသည်။ (၄) (၅) ကြိမ်ခန့် စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ (၉ - ၃ - ၂၀၁၆) နေ့တွင် ဒေါ်ခိုင်ခိုင်ဝင်း ဈေးရောင်းနေစဉ် ဦးစိုးစိုးမှာ အရက်သောက်ပြီး ပါလာသောဓားနှင့် ဒေါ်ခိုင်ခိုင်ဝင်းအား (၈) ချက်ခန့် ခန္ဓာကိုယ်အနှံ့အပြားသို့ ဓားနှင့်ခုတ်သဖြင့် ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ ထို့ကြောင့် ဒေါ်ခိုင်ခိုင်ဝင်း၏ ညီမဖြစ်သူ ဒေါ်သန်းသန်းဝင်းက တရားလို ပြုလုပ်ပြီး ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

## တရားရုံးစီရင်ချက်

အမှုတွင် တရားခံဖြစ်သူ ဦးစိုးစိုးအား ရာဇသတ်ကြီးပုဒ်မ - ၃၂၆ (ဘေးဖြစ်စေတတ်သော လက်နက်ဖြင့် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု) ဖြင့် ထောင်ဒဏ် (၉) လ ကျခံစေရန် (၁၂ - ၁၂ - ၂၀၁၆) နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုတွင် တရားခံအားမစစ်ဆေးမီ ရူးသွပ်ခြင်း ရှိ/မရှိ မေးခွန်းများ မေးမြန်းပြီးမှ သာမာန်ဖြစ်ကြောင်း ပြောဆိုပြီး အမှုကို ဆက်လက်စစ်ဆေးခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် ( ၈၉ )

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ ( - - - ) မြို့နယ်၌ ဒေါ်မာမာ အသက် (၃၇ နှစ်) နှင့် ဦးမောင်ဝင်း အသက် (၂၉ နှစ်) တို့သည် ၂၀၁၁ ခုနှစ်က လက်ထပ်ခဲ့ပြီး သားတစ်ဦးထွန်းကားခဲ့သည်။ တရားလို ဒေါ်မာမာ မိသားစုသည် ယောက်ခထီးနှင့်အတူ အိမ်ငှားနေကြသည်။ အတူမနေချင်၍ အိမ်ငှားပေးရန် ပြောရာ ထိုကိစ္စနှင့်ပတ်သက်၍ စကားများရန်ဖြစ်ခဲ့ကြသည်။ ဦးမောင်ဝင်းသည် နောက်မိန်းမထပ်ယူထား သဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ ဒေါ်မာမာက ပြောသောအခါ နောက်ပိုင်းတွင် တရားလိုထံ မလာရောက် တော့ပါ။ ထို့ကြောင့် ဒေါ်မာမာက တစ်လင်တစ်မယား ဥပဒေပုဒ်မ - ၁၃ ဖြင့် ရဲစခန်းသို့ သွားရောက် အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

(၃၀ - ၁၂ - ၂၀၁၆) နေ့က တရားခံ ဦးမောင်ဝင်းအား တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ - ၁၃ (တရားဝင်ထိမ်းမြားမှုအတည်ဖြစ်နေစဉ်အတွင်း နောက်ထပ်မိန်းမယူမှု) အရ ထောင်ဒဏ် (၆) လ ချမှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပြစ်ဒဏ်နည်းသည့်အတွက် နစ်နာသူမှ ကျေနပ်မှု မရှိခြင်း၊

**အမှုကြာချိန်** - (၂) လ၊ ရုံးချိန်း - (၄) ချိန်း

## အမှတ်စဉ် (၉၀)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - -) မြို့နယ်၌ တရားလို မဝင်းဝင်းအေး အသက် (၂၇ နှစ်) နှင့် တရားပြိုင် ဦးကျော်ကျော် အသက် (၂၇ နှစ်) တို့သည် ၂၀၀၄ ခုနှစ်ကတည်းက လက်ထပ်ခဲ့ကြသည်။ သမီးတစ်ဦး ထွန်းကားခဲ့သည်။ အိမ်ထောင်ကျပြီးချိန်မှစ၍ မဝင်းဝင်းအေးကသာလျှင် စက်ရုံတွင်အလုပ်လုပ်ခြင်း၊ ဈေးရောင်းခြင်းတို့ဖြင့် မိသားစု၏ စားသောက်စရိတ်ကို ရှာဖွေခဲ့ရသည်။ ယောကျ်ားတစ်ယောက်၏ ဝတ္တရားရှိသည်နှင့်အညီ ရှာဖွေကျွေးမွေးခြင်းမရှိပါ။ တရားလို မဝင်းဝင်းအေးက ပြင်ပမှ အတိုးဖြင့် ငွေချေးပြီး ကျန်းမာရေး၊ စားသောက်စရိတ်တို့ကို ဖြေရှင်းရသည်။ အကြွေးလာတောင်း၍ ကြောက်ပြီး သူငယ်ချင်းထံ ပြေးသွားရသည်။ မဝင်းဝင်းအေး၏ မိဘများက ထိုအကြွေးများကို ဆပ်ပေးခဲ့ရသည်။ ဦးကျော်ကျော်သည် မဝင်းဝင်းအေးနှင့် စကားများရန်ဖြစ်ပြီး မပေါင်းနိုင်ဟုဆိုကာ ၎င်း၏မိဘအိမ်ကို ပြန်သွားခဲ့သည်။ မဝင်းဝင်းအေးသည် ကိုယ်တိုင် ရှာဖွေစားသောက်ပြီး ဘဝကို ခက်ခဲစွာရင်ဆိုင်ရသည်။ ဦးကျော်ကျော်၏ အစ်မများက မဝင်းဝင်းအေးအား နောက်အိမ်ထောင်ပြုသွားသည်၊ လင်ငယ်နေသည်၊ လူပျောက်တိုင်သဖြင့် ရဲစခန်းတွင်အမှုဖွင့်ခဲ့၍ သွားရောက်ဖြေရှင်းရသည်။ ဦးကျော်ကျော်သည် မဝင်းဝင်းအေးအား ရှာဖွေကျွေးမွေး ထောက်ပံ့မှုမရှိသည့်အပြင် စိတ်ဆင်းရဲစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် အမျိုးမျိုးပြောဆို၍ တရားလို မဝင်းဝင်းအေးက ဦးကျော်ကျော်အား လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုကို စွဲဆိုခဲ့သည်။

### တရားရုံးစီရင်ချက်

(၁၆ - ၁၁ - ၂၀၁၆) နေ့က တရားလို မဝင်းဝင်းအေး တရားစွဲဆိုထားသည့်အတိုင်း တရားပြိုင် ဦးကျော်ကျော်အပေါ် အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပေးစေရန် အနိုင်ဒီကရီချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုတွင် တရားပြိုင်မှာ ရုံးရှေ့သို့ရောက်ရှိလာပြီး နောက်ပိုင်းတွင် လာရောက်ခြင်းမရှိ၍ တစ်ဖက်သတ် စစ်ဆေးပေးရန် လျှောက်ထားရာ ခွင့်ပြုသဖြင့် တရားလိုနှင့်သက်သေများကို စစ်ဆေးပြီးနောက် အမိန့်ချမှတ်ခဲ့ခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၂) ချိန်း

## အမှတ်စဉ် (၉၁)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်နေ တရားလိုဖြစ်သူ ဒေါ်ဝါဝါ အသက် (၃၅ နှစ်) မှ ၎င်း၏ သမီးဖြစ်သူ မထက်ထက် အသက် (၁၅ နှစ် ၈ လ) အား ၎င်း၏ ခင်ပွန်းဖြစ်သည့် ကိုမင်းမင်း အသက် (၁၉ နှစ်) က ညစ်ညမ်းစွာဆဲဆိုပြီး ဒဏ်ရာများရရှိအောင် ရိုက်နှက်နေကြောင်း သမီးဖြစ်သူ မထက်ထက်က ဖုန်းဖြင့် အကြောင်းကြား၍ သွားရောက်ခဲ့သည်။ အဆိုပါအိမ်သို့ ရောက်ရှိစဉ် တရားခံ ကိုမင်းမင်းက သမီးဖြစ်သူ မထက်ထက်အား ညစ်ညမ်းစွာဆဲဆိုပြီး ခြေထောက်နှင့်ကန်ခြင်း၊ ပါးရိုက်ခြင်း၊ ဆံပင်ဆွဲ၍ ဦးခေါင်းနှင့် အုတ်နံရံအား ကိုင်ဆောင့်ခြင်းတို့ ပြုလုပ်ခဲ့သည်။ တရားခံမှ မထက်ထက်အား "စောက်ကောင်မကို မပေါင်းနိုင်ဘူး" ဟု သမီး ဖြစ်သူ ပြောပြချက်အရ သိရှိရသဖြင့် ရဲစခန်းသို့ သွားရောက်ပြီး မိခင်ဖြစ်သူ တရားလို ဒေါ်ဝါဝါက အမှုဖွင့် တိုင် ကြားခြင်းဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံအား စွဲချက်တင်ရာတွင် ဝန်ခံသည်။ (၂၇ - ၇ - ၂၀၁၆) နေ့စွဲပါ အမိန့်ဖြင့် တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၂၉၄ (ခ) /၃၂၃ (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ပြစ်မှုများ ကျူးလွန်ခဲ့ကြောင်း ထင်ရှားခဲ့သဖြင့် ရာဇဝတ်ကြီး ပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာ နေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ဒဏ်ငွေ (၅၀၀၀) ကျပ် ပေးဆောင်ရန် ပျက်ကွက်က ထောင်ဒဏ် (၁၅) ရက် ကျခံစေရန်နှင့် ရာဇသတ်ကြီး ပုဒ်မ - ၃၂၃ (မိမိအလိုအလျောက် နာကျင်စေမှု) အရ ဒဏ်ငွေ (၂၀၀၀၀) ကျပ် ပေးဆောင်ရန် ပျက်ကွက်က ထောင်ဒဏ် (၁) လတိတိ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားလိုနှင့် တရားခံမှာ ဆွေမျိုးတော်စပ်ပြီး နစ်နာသူကလည်း ၎င်း၏ခင်ပွန်းဖြစ်နေ၍ တရားခံအား ပြစ်ဒဏ် မကျခံစေလိုခြင်း၊
- အမှုအား ရုပ်သိမ်းလွှာတင်ရန် ပြုလုပ်သော်လည်း နစ်နာသူအား နာကျင်အောင် ပြုလုပ်ခဲ့သည်မှာ ပေါ်လွင်သဖြင့် စွဲချက်တင် အပြစ်ပေးခဲ့ခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၈) ချိန်း

## အမှတ်စဉ် (၉၂)

### အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်းရှိ တရားလို မလုံးလုံး အသက် (၃၀ နှစ်) နှင့် တရားပြိုင် ကိုနိုင်နိုင် အသက် (၃၁ နှစ်) တို့သည် ၂၀၀၇ ခုနှစ်၊ (၁၁) ပိုင်း (၁၁) ရက်နေ့တွင် လက်ထပ်ခဲ့ကြပြီး တရားပြိုင်သည် အလုပ်မရှိ၍ တရားလို၏ ဖခင်မှ အလုပ်သွင်းပေးခဲ့ရသည်။ သို့သော် တရားပြိုင်သည် အလုပ်ထဲတွင် လောင်းကစားများပြုလုပ်ခြင်း၊ လိုအပ်သည့်ငွေများကိုလည်း မလုံးလုံးထံမှ တောင်းခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် မလုံးလုံး၏ လက်ဝတ်လက်စားများ ရောင်းကာ ကိုနိုင်နိုင်ကို ပေးခဲ့ရသည်။ မလုံးလုံး၏ ဖခင်ထံမှလည်း ငွေကျပ် သိန်း (၄၀) ဖိုး လိမ်လည်သုံးစွဲခဲ့သည်။ ၎င်းပြင် အလုပ်ရှင်ထံမှလည်း ငွေကျပ် သိန်း (၃၀) ကို လိမ်လည်ခဲ့သည်။ ထို့ပြင် ၎င်းတို့အိမ်ခြံမြေနှင့် ပတ်သက်၍ အမှုဖြစ်ရာတွင်လည်း ထိုအမှုကို အကြောင်းပြပြီး ငွေကျပ်သိန်း (၉၀) ကို တောင်းခံခဲ့သည်။ ကိုနိုင်နိုင်နှင့် ပေါင်းသင်းနေစဉ်ကာလအတွင်း မလုံးလုံးအားမထောက်ပံ့ပဲ ၎င်း၏ အကြွေးများ၊ လူမှုရေးပြဿနာများကိုသာ ဖြေရှင်းပေးခဲ့ရသည်။ ထို့ပြင် အမျိုးသမီးတစ်ယောက်နှင့် လည်း ဖောက်ပြန်နေသည်။ ထို့ကြောင့် ကိုနိုင်နိုင်သည် မလုံးလုံးအား စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်သဖြင့် ကွာရှင်းပေးပါရန် စွဲဆိုခဲ့သောအမှုဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

တရားလိုသည် တရားပြိုင်နှင့် လင်မယားကွာရှင်းခွင့်ရထိုက်ကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ် လိုက်သည်။

> **အမှုတွင်ကြုံရသောအခက်အခဲများ**
>
> - ငွေကြေးအခက်အခဲရှိ၍ တရားရုံးသို့ ပုံမှန်မလာနိုင်ခြင်း၊
> - တရားရုံး အမှုစစ်ဆေးရာတွင် တရားပြိုင်အမျိုးသားအား မြင်တွေ့နေရ၍ အမှုအရာ အကြည့်ဖြင့် ခြိမ်းခြောက် ခံရခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၁၀) ချိန်း

## အမှတ်စဉ် (၉၃)

## အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်းဒေသကြီး၊ - - - မြို့နယ်၌ တရားလို မပပမျိုး အသက် (၂၅) နှစ်နှင့် တရားပြိုင် ကိုအောင်နိုင် (၃၀ နှစ်) သည် ရည်းစားဖြစ်ပြီး (၂) နှစ်အကြာတွင် လက်ထပ်ခဲ့ပါသည်။ မပပမျိုးနှင့် လက်ထပ်ပေါင်းသင်းစဉ်ကတည်းက တရားပြိုင် အောင်နိုင် အသက် (၃၀) နှစ်သည် မရွှေမိုးဆိုသည့် အမျိုးသမီးနှင့် တွဲသွားတွဲလာ လုပ်ပါသည်။ ထိုမိန်းကလေးနှင့် ပတ်သက်၍ စကားများရန်ဖြစ်ရာ တရားပြိုင်မှ တရားလိုအား ကိုယ်ထိလက်ရောက် ရိုက်နှက်ပါသည်။ လက်ထပ်ကတည်းကပင် တရားပြိုင်သည် တရားလိုအား လုပ်ကိုင်ကျွေးမွေးခြင်းမရှိဘဲ တရားလို ရှာဖွေထားသည်များကိုပင် သုံးစွဲပါသည်။ လွန်ခဲ့သောတစ်နှစ်ခန့်က မပပမျိုးတွင် ကိုယ်ဝန်ရှိလာရာ ကိုအောင်နိုင်မှ ကိုယ်ဝန်ဖျက်ချရန်ပြော၍ ဆေးဝယ်လာပြီး သုံးခိုင်းပါသည်။ ဆေးမှာ မိန်းမအင်္ဂါအတွင်းသို့ ထည့်ရသောဆေး ဖြစ်ပါသည်။ ကိုအောင်နိုင်မှ မပပမျိုးအား တစ်ပတ်လုံး ပြောဆိုရိုက်နှက်ပါသည်။ မပပမျိုး ဆေးမထည့်၍ လည်ပင်းကိုညှစ်ပြီး ကိုအောင်နိုင်ကိုယ်တိုင် ဆေးထည့်ပါသည်။ ဆေးအတင်းထည့်သဖြင့် နောက်တစ်နေ့ မနက်ပိုင်းတွင် သွေးဆင်းပါသည်။ ကိုယ်ဝန်ဖျက်ချ ခိုင်းရာတွင် ကိုယ်ဝန်မှာ (၂) လခွဲ (၃) လခန့်ရှိပြီး ဖြစ်သည်။ ထို့နောက် မပပ မျိုးမှာ သွေးဆင်းပြီး နေမကောင်းဖြစ်၍ ဆေးခန်းပြရာ ဆေးရုံတင်ခိုင်းသဖြင့် ဗဟိုအမျိုးသမီးဆေးရုံသို့ တက်ရောက် ကုသခဲ့ပါသည်။ ကိုအောင်နိုင်အား တရားပြိုင်မှ ကိုယ်ဝန်ဖျက်ချခိုင်းသည့် ကိစ္စပြောလျှင် တစ်အိမ်လုံးကို မီးရှို့သတ်မည်ဟုပြောပါသည်။ ခင်ပွန်း၏ ရက်စက်မှုကို မခံနိုင်၍ လင်မယားကွာရှင်း ပေးစေလိုမှုကို စွဲဆိုခဲ့ပါသည်။



## တရားရုံးစီရင်ချက်

တရားပြိုင်သည် တရားလိုအား ခန္ဓာကိုယ်သာမက စိတ်ကိုပါ ဆင်းရဲအောင် ပြုမူခံစားခဲ့ရ၍ ကြီးလေးသော ရက်စက်မှုဖြစ်ကြောင်း ထင်ရှားသဖြင့် ကွာရှင်းခွင့်ရထိုက်ကြောင်း စရိုက်နှင့်တကွ အနိုင်ဒီကရီ ချမှတ် လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ကွာရှင်းပေးမည်ဟု ကတိပြု၍ နောက်ပိုင်း မကွာပေးခြင်း၊
- တရားပြိုင် (ယောက်ျား) မှ ရုံးသို့မလာရောက်ခြင်း၊
- တရားပြိုင်ထံသို့ အကြောင်းကြားစာပေးပြီးနောက်ပိုင်း တရားလိုအမျိုးသမီးအား မချေမငံ ပြောဆိုမှုများခံရခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၄) ချိန်း

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်နေ တရားလို မဖြူဖြူ အသက် (၂၃) နှစ်၊ တရားပြိုင် ကိုသူရ အသက် (၂၀နှစ်) တို့သည် ၂၀၁၅ ခုနှစ်က လက်ထပ်ခဲ့ကြသည်။ ထိုသို့ လက်ထပ်ခဲ့သော်လည်း ကိုသူရသည် မဖြူဖြူအား လင့်ဝတ္တရားနှင့်အညီ ကျွေးမွေးစောင့်ရှောက်ခြင်း၊ ထောက်ပံ့ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သည်။ တရားလိုသည် ကိုယ်ဝန်ရှိနေစဉ်တွင်လည်း လင်ယောကျ်ားတစ်ဦးအနေဖြင့် လုပ်ဆောင်ပေးရမည့် ဝတ္တရားများ ပျက်ကွက်ခဲ့သည်။ ထို့ကြောင့် တရားလိုအပေါ်တွင် မယားစရိတ်၊ ကလေးမွေးဖွားစရိတ်များပေးရန် တောင်းဆိုခဲ့သည့်အခါတွင် ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိ ပေးခဲ့သော်လည်း အကြိမ်ကြိမ် ပျက်ကွက်ခဲ့သဖြင့် မယားစရိတ်နှင့် ကလေးစရိတ် ရရှိရန် တရားရုံးသို့ လျှောက်ထားပြီး တရားစွဲဆိုခဲ့သောအမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားပြိုင် ကိုသူရမှာ ရုံးရှေ့သို့ရောက်ရှိခဲ့ပြီး တရားလိုစွဲဆိုသည့်အမှုအား ဝန်ခံသော်လည်း နောက်ပိုင်းတွင် ရုံးတော်သို့ လာရောက်ခဲ့ခြင်း မရှိခဲ့ပါ။ တရားပြိုင် ကိုသူရမှ တရားလို မဖြူဖြူသည် ၎င်း၏ဇနီးမယားမဟုတ်ကြောင်းလည်း ငြင်းဆိုခြင်း မရှိပါ။ ထို့ကြောင့် တစ်လလျှင် မယားစရိတ်ငွေ ၅၀၀၀၀ိ/ – ကျပ်နှုန်းဖြင့် တရားပြိုင်မှ တရားလိုသို့ ထောက်ပံ့ရန် အနိုင်ဒီဂရီချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- စားဝတ်နေရေး အဆင်မပြေ၊ ငွေကြေးမတတ်နိုင်၍ ရုံးချိန်းပုံမှန်မလာနိုင်ခြင်း၊
- တရားပြိုင် (ခင်ပွန်း) မှ ၎င်းအမှုတွင် လိုက်ပါနေသော ရှေ့နေ၏ လိပ်စာကတ် အတုလုပ်၍ နာမည်ဖျက်ရန် ကြိုးစားခြင်း၊

**အမှုကြာချိန်** – (၆) လ၊ ရုံးချိန်း – (၁၅) ချိန်း

# အမှတ်စဉ် (၉၅)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်၌ (၁၄ - ၇ - ၂၀၁၅) နေ့က ဒေါ်ခင်ခင် အသက် (၅၆) နှစ်သည် တူမတော်စပ်သူ မသန်းသန်း အသက် (၁၆) နှစ်အား ဒေါ်မြမြ အသက် (၅၅) နှစ် အိမ်သို့ မိသားစုနှင့် အတူနေရန် ထည့်ပေးခဲ့သည်။ မသန်းသန်း၏ မိခင်မှာ ၎င်းငယ်စဉ်ကပင် ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။ ၎င်း၏ဖခင်ဖြစ် သူမှာ အရက်သေစာသောက်စားပြီး စီးပွားရေးအဆင်မပြေဖြစ်နေ၍ ရွာတွင် အလှူလာလုပ်သူ ဒေါ်မြမြတို့က အိမ်အလုပ်များ ဝိုင်းလုပ်ပေးရန်နှင့် ကလေးထိန်းပေးရန် ၎င်းတို့ အိမ်သို့ လိုက်ခဲ့ရန်ပြောပြီး ခေါ်သွားခဲ့ပါသည်။ ဒေါ်မြမြအိမ်၌နေစဉ် ကာလတစ်လျှောက်လုံး မသန်းသန်းအား အလုပ်လုပ်ကိုင်ခိုင်း၍ အဆင်မပြေသည့်အခါတိုင်း၌ ဒေါ်မြမြက သံယောင်းမနှင့် ခေါက်ခြင်း၊ ခွေးချည်သည့် သံကြိုးနှင့်ရိုက်ခြင်း၊ ရေနွေးပူလောင်းခြင်း၊ ငရုတ်ကြည်ပွေ့နှင့်ထုခြင်း၊ ကတ်ကြေးနှင့်ထုခြင်း၊ ပလာယာနှင့်ညှပ်ခြင်းများ ပြုလုပ်ခဲ့သည်။ ၎င်း၏သမက်ဖြစ်သူ ဇော်ဇော် အသက် (၂၄) နှစ်နှင့် သားတော်စပ်သူ ကျော်ကျော် အသက် (၂၃ နှစ်) တို့က ခြေထောက်နှင့် ကန်ခြင်း၊ လက်သီးနှင့် ထိုးခြင်းတို့ ပြုလုပ်ခဲ့သည်။ ဒေါ်မြမြ၏သမီး မမာမာ အသက် (၃၀ နှစ်) က ပါးရိုက်ခြင်းတို့ ပြုလုပ်သည်။ ၎င်းတို့၏ နှိပ်စက်မှုဒဏ်များကို မခံနိုင်၍ ထွက်ပြေးသည်တွင် ထဘီကျွတ်ကျန်သည့် အခြေအနေသို့ ရောက်ရှိကာ ရပ်ကွက်ထဲရှိ အိမ်တစ်အိမ်သို့ အကူအညီတောင်းပြီး ထိုအိမ်မှတစ်ဆင့် ရပ်ကွက်ရုံး၊ ရဲစခန်းသို့ ရောက်ရှိကာ ဆေးရုံ၌ ဆေးကုခဲ့ရသည်။ အဒေါ်ဖြစ်သူ ဒေါ်ခင်ခင်က ၎င်း၏



တူမဖြစ်သူ မသန်းသန်းအား ကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ဆဲဆိုကာ သံယောက်မ၊ သံဆူးကြိုးများဖြင့် ရိုက်နှက်၍ နာကြင်ဒဏ်ရာများရရှိပြီး ကာယအိန္ဒြေပျက်အောင် ပြုလုပ်ခဲ့သူ ဒေါ်မြမြ၊ ကိုဇော်ဇော်၊ ကိုကျော်ကျော်၊ မမာမာတို့အား အရေးယူပေးပါရန် တိုင်တန်းခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

ဒေါ်မြမြသည် ရာဇသတ်ကြီးပုဒ်မ - ၃၀၇ (လူသတ်မှုကျူးလွန်ရန် အားထုတ်ခြင်း) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် ကျခံစေရန် ကိုဇော်ဇော်သည် ရာဇသတ်ကြီး ပုဒ်မ - ၃၂၅ (မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ကျခံစေရန် ကိုကျော်ကျော်သည် ရာဇသတ်ကြီး ပုဒ်မ - ၃၂၅ (မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှု) အရ ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ကျခံစေရန်၊ မမာမာသည် ရာဇသတ်ကြီးပုဒ်မ - ၃၂၃ (မိမိအလိုအလျောက် နာကျင်စေမှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားလိုပြသက်သေ ဆရာဝန်အား စစ်ဆေးရန် ချိန်းဆိုသည့်အချိန်တွင် ငါးကြိမ်မြောက်ရုံးချိန်းတွင်မှ စစ်ဆေးရခြင်း၍ အမှုကြန့်ကြာခြင်း၊
- အိမ်တွင်းတွင် ညှင်းပန်းနှိပ်စက်ခံရခြင်းဖြစ်၍ သက်သေပြရသည့်အပိုင်း ခက်ခဲခြင်း၊

**အမှုကြာချိန်** - (၁) နှစ်နဲ့ (၄) လ၊ ရုံးချိန်း - (၅၄) ချိန်း

## အမှတ်စဉ် (၉၆)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်နေ မအေးအေး (၃၈ နှစ်) နှင့် ဦးမောင်စိုး (၄၄)နှစ် တို့သည် ၁၉၉၇ ခုနှစ်ကတည်းက ပေါင်းသင်းခဲ့ပြီး သားသမီး (၃) ဦး ထွန်းကားခဲ့ပြီး တရားလိုမှ ဈေးရောင်း၍ ရှာဖွေကျွေးမွေးခဲ့ကြောင်း၊ တရားပြိုင်မှ အိမ်အကူခေါ်ထားပြီး ထိုအိမ်အကူ အမျိုးသမီးနှင့် ဖောက်ပြန်မှုများရှိပြီး တရားလို စုဆောင်းထားသော ရွှေငွေများကိုလည်း ခြိမ်းခြောက်၍ အတင်းအဓမ္မ တောင်းခြင်း လုယူခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထိုဒဏ်များကို မခံနိုင်၍ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သော်လည်း လိုက်လံနှောင့်ယှက်မှုများရှိခဲ့ပြီး တရားပြိုင်မှာ အိမ်ကိုရောင်းချလိုက်ပြီး ထိုအိမ်ဖော် အမျိုးသမီးနှင့် ပေါင်းသင်းနေပြီးနောက်ပိုင်းတွင် တရားပြိုင် ဦးမောင်စိုးမှ မိသားစုကို နှောင့်ယှက်မှုများ ပြုလုပ်နေသဖြင့် လင်မယားကွာရှင်းခွင့်ပြုရန် ရုံးတော်သို့ လျှောက်ထား ခဲ့သည်။

## တရားရုံးစီရင်ချက်

အမှုတွင် တရားလိုသည် တရားပြိုင်အား ကွာရှင်းခွင့်ရထိုက်သူဖြစ်ကြောင်း (၂၀ - ၁၀ - ၂၀၁၅) စရိတ်နှင့် အနိုင်ဒီဂရီကို ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားပြိုင် (ခင်ပွန်း) ရုံးရှေ့ရောက်လာခြင်းမရှိ၍ တဖက်သတ်ကြားနာ၍ အမိန့်ချခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း (၁၀) ချိန်း

# အမှုတွဲ (၉၇)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်နေ မအေးအေး အသက် (၃၆ နှစ်) နှင့် ကိုမောင်မောင် အသက် (၃၇ နှစ်) တို့သည် ၂၀၀၀ ခုနှစ်ကတည်းက လက်ထပ်ခဲ့ပြီး သမီးနှစ်ဦး ထွန်းကားခဲ့သည်။ တရားပြိုင် ကိုမောင်မောင်သည် ပြစ်မှုတစ်ခုဖြင့် ပြစ်ဒဏ်ကျခံပြီးနောက် နောက်ပိုင်းတွင် အခြား အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ရေး ဖောက်ပြန်နေသည်ဟု သိရှိရသည့်အတွက် တရားလို မအေးအေးမှာ စိတ်ဆင်းရဲမှုများစွာဖြစ်ခဲ့ရသည်။ တရားပြိုင် ကိုမောင်မောင်သည် ပြစ်ဒဏ်ကျခံ နေရစဉ်ကာလအတွင်း တရားလို မအေးအေးသည် မိမိကိုယ်တိုင် ချို့တဲ့စွာဖြင့် သားသမီးနှစ်ဦးအား ဒုက္ခဆင်းရဲခံကာ ရှာဖွေကျွေးမွေးပြီး ဘဝကိုရပ်တည်ခဲ့ရသည်။ သားသမီးများ၏ စားဝတ်နေရေး၊ ကျောင်းစရိတ်တို့ရရှိရန် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရှာဖွေကျွေးမွေးခဲ့ရသည်။ တစ်ခါတစ်ရံ အိမ်သို့ ပြန်လာသည့်အခါများတွင် တရားလို မအေးအေးအား အကြောင်းအမျိုးမျိုးရှာ၍ ကိုယ်ထိလက်ရောက် ညှင်းပန်းနှိပ်စက်ခြင်းကြောင့် အရှက်ရ၍ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုကို စွဲဆိုခဲ့ခြင်း ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားပြိုင်မှ ရုံးရှေ့သို့ ရောက်ရှိလာပြီး ကွာရှင်းပေးမည်ဟု ပြောဆိုပြီး တရားလို မအေးအေး တောင်းဆိုသည့်အတိုင်း လာရောက် ကွာရှင်းပေးသဖြင့် အမှုအား ကျေအေးရပ်သိမ်းခွင့်ပြုကြောင်း (၁၂ - ၁ - ၂၀၁၆) နေ့က အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားပြိုင် (ခင်ပွန်း) မှာ သမ္မာန်စာ (ဆင့်ခေါ်စာ) ဖြင့် ခေါ်ရာတွင် အတည်မဖြစ်၍ (၃) ကြိမ် တိုင်တိုင် ချမှတ်ရခြင်း၊
- နောက်ဆုံး ရှေ့နေမှ ကိုယ်တိုင်ယူ၍ ဆင့်ခေါ်စာပို့ရခြင်း၊

**အမှုကြာချိန်** - (၂) လ၊ ရုံးချိန်း - (၅) ချိန်း

## အမှတ်စဉ် (၄၈)

## အမှုဖြစ်စဉ်အကျဉ်း



ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်မှ တရားလို မခက်ခက်မာ အသက် (၂၃) နှစ်သည် တရားပြိုင် မောင်ကျော်ညွန့် (၂၃ နှစ်) နှင့် တက္ကသိုလ်တက်ရင်း ချစ်ကြိုက်ပြီး ခိုးရာလိုက်ပြေးခဲ့ပါသည်။ ထိုမတိုင်မီ မခက်ခက်မာမှ မောင်ကျော်ညွန့်အား ၎င်းတွင် ယခင် စေ့စပ်ဖူးသူရှိကြောင်းပြောရာ တရားပြိုင်မှ ခွင့်လွှတ်နားလည်၍ နှစ်ဦးသဘောတူ ခိုးပြေးပေါင်းသင်းကြပါသည်။ ထို့နောက် မောင်ကျော်ညွန့်မှ ယခင်စေ့စပ်ဖူးသူနှင့် သမုတ်ကာ ပါးရိုက်ခြင်း၊ ပြဿနာရှာကာ နှိပ်စက်ခြင်း၊ ဈေးဆိုင်သို့ လာဝယ်သည့် ယောက်ျားလေးများနှင့် သမုတ်ခြင်း၊ facebook ပေါ်တွင် မဟုတ်ကဟုတ်ကပုံများ တွေ့သည်ဆိုပြီး စွပ်စွဲကာ ရိုက်နှက်ခြင်းများ ပြုလုပ်ရုံတင်မကဘဲ

မခက်ခက်မာမိခင်အား ဆဲဆိုကာ အိမ်ပေါ်မှ ဆင်းသွားပါသည်။ မခက်ခက်မာမှာ စိတ်ဆင်းရဲမှုဒဏ်များ မခံနိုင်တော့၍ မောင်ကျော်ညွှန့်အား ဆက်လက်ပေါင်းသင်းလိုစိတ်မရှိတော့၍ ကွာရှင်းလိုခြင်း ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားလို မခက်ခက်မာက တရားပြိုင် မောင်ကျော်ညွှန့်အပေါ် လင်မယားကွာရှင်းပြတ်စဲစေသည့် အနိုင်ဒီဂရီကို ချမှတ်ပေးခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေများမှာ ကျူးလွန်သူယောကျ်ားမှ ရန်ပြုမည်ကိုစိုးရိမ်၍ ရုံးရှေ့တွင် ၎င်းတို့ တွေ့မြင်သည်များကို အလုံးစုံမထွက်ဆိုခြင်း၊
- အမှုဖြစ်နေစဉ် တရားပြိုင်မှ ဖုန်းmessageများဖြင့် နှောင့်ယှက်ခြိမ်းခြောက်ခြင်း၊
- တရားရုံးတွင် သက်သေထွက်ဆိုစဉ် ကျူးလွန်သူယောကျ်ားအား မြင်တွေ့နေရ၍ မျက်နှာ နာရမည်စိုး၍ အမျိုးသမီး ရိုက်ခံရမှုများကို ပြည့်စုံစွာ မထွက်ဆိုကြခြင်း၊

**အမှုကြာချိန်** - (၁၀) လ၊ ရုံးချိန်း - (၂၂) ချိန်း

## အမှုတွဲ ( ၉၉ )

### အမှုဖြစ်စဉ်အကျဉ်း

မအူပင်မြို့နယ်နေ မသင်း အသက် (၄၂) နှစ်သည် ဦးမောင်မောင်နှင့် အိမ်ထောင်ကျပြီး ဝင်းမေဆိုသူ သမီးတစ်ဦး ထွန်းကားပြီးနောက် လင်မယား ကွာရှင်းခဲ့ပါသည်။ ၃နှစ်အကြာတွင် တစ်ရပ်ကွက်ထဲနေ ဇော်ဇော် အသက် (၃၅) နှစ်နှင့် ထပ်မံအိမ်ထောင်ပြုကာ သမီးဖြစ်သူအား အဒေါ်တော်စပ်သူ ဒေါ်အေးဝင်းထံ ပို့ထားခဲ့ပါသည်။ ထို့နောက်ပိုင်း သမီးဖြစ်သူ ဝင်းမေ - - - သီလရှင် စာသင်တိုက်တွင် သီလရှင်ဝတ်နေရာမှ သွားရောက်ခေါ်ပြီး နေအိမ်တွင် ပြန်လည်ခေါ်ထားပါသည်။ (၂၄ - ၅ - ၁၆) ရက် ညပိုင်းတွင် ဇော်ဇော်မှ အလုပ်သွားရာမှ ပြန်မလာသဖြင့် (၂၅ - ၅ - ၁၆) မနက်ပိုင်းတွင် သမီးဖြစ်သူမှာလဲ ပျောက်ဆုံးနေသဖြင့် စုံစမ်းရာ ဇော်ဇော်မှ ခိုးယူပေါင်းသင်း ကြောင်းသိ၍ အရေးယူပေးပါရန် တိုင်ကြားခြင်း ဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ - ၁၃ အရ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချလိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- နစ်နာသူမှာ တရားခံ၏ လွှမ်းမိုးမှုအောက်ဖြစ်နေ၍ သက်သေထွက်ဆိုရာ၌ လိုအပ်ချက်ရှိ၍ မပြည့်စုံခြင်း၊
- နစ်နာသူနှင့် တရားလိုမှာ သားအမိရင်းဖြစ်နေ၍ ကျူးလွန်သူမှာ ခင်ပွန်းဖြစ်နေကြောင်း နာကျည်းမှုဖြင့် သက်သေထွက်ဆိုရာ၌ အမှန်တရားထက် ပိုမိုထွက်ဆိုနေခြင်း၊
- အခြားသောသက်သေများမှာ တရပ်ကွက်တည်းနေသူများဖြစ်နေ၍ တစ်ဦးနှင့်တစ်ဦး မျက်နှာနာပြီး သက်သေမထွက်ဆိုချင်သောကြောင့် အစစ်ခံရာ၌ လိုအပ်ချက်များ ရှိနေခြင်း၊

**အမှုကြာချိန်** - (၂၃) ရက်၊ ရုံးချိန်း - (၃) ချိန်း

## အမှတ်စဉ် (၁၀၀)

ရန်ကုန်တိုင်းဒေသကြီး - - - မြို့နယ်နေထိုင်သူဒေါ်အေးသည်၊ သမီးဖြစ်သူမနီ (၁၆နှစ်) မှာ၊ (၁၂ - ၉ - ၂၀၁၆) နေ့ ညဘက်တွင် အလုပ်လုပ်ရာမှ နေအိမ်သို့ ပြန်ရောက်မလာသဖြင့် အိမ်နီးချင်းဖြစ်သူ မမြမြအား မေးမြန်းစုံစမ်းရာ မနီနှင့်စက်ရုံတွင် အတူလုပ်ကိုင်နေသော မောင်အောင်အောင် အသက် (၂၀)နှစ် က ခိုးပြေးသွားကြောင်းသိရသည်။ ထို့နောက် ထပ်မံစုံစမ်းခဲ့ရာ ၎င်းတို့နှစ်ဦးသည် ဧရာဝတီတိုင်းဒေသကြီးရှိမြို့နယ်တစ်ခုတွင် ရောက်ရှိနေကြောင်းသိရသည်။ မောင်အောင်အောင် ဆိုသူတွင် အိမ်ထောင်ရှိပြီး တရားဝင်ကွာရှင်းခြင်းမရှိသေးဘဲ လူလွတ်ဟုပြောဆိုကာ မနီအား ခိုးယူပေါင်းသင်းခဲ့သည်။ ထို့ကြောင့် မိခင်ဖြစ်သူဒေါ်အေးက တရားလိုပြုလုပ်ပြီးကွာရှင်းခြင်း မရှိသေးဘဲ ထပ်မံ တရားမဝင်ထိမ်းမြားလက်ထပ်မှုပြုလုပ်ခဲ့သူ မောင်အောင်အောင်အား တစ်လင်တစ်မယားဥပဒေအရ အရေးယူပေးပါရန် စွဲဆိုခဲ့သောအမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံဖြစ်သူ မောင်အောင်အောင်အား တစ်လင်တစ်မယားဥပဒေပုဒ်မ (၁၃) ထိမ်းမြားမှု တည်မြဲနေစဉ် ကာလအတွင်း ထပ်မံထိမ်းမြားခြင်း (သို့) လင်မယားအဖြစ် တရားမဝင်နေထိုင် ပေါင်းသင်းနေထိုင်ခြင်း) ဖြင့်စွဲချက်တင်ခဲ့ရာအပြစ်ရှိကြောင်း ဝန်ခံသဖြင့်ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေခံပစ္စည်းများသိမ်းဆည်းမှုမရှိပါ၊
- စာရွက်စာတမ်း သိမ်းဆည်းမှုအားနည်းသည်၊
- အမှုစစ်အရာရှိအား စစ်ဆေးရန်ချိန်းဆိုရာတွင် (၆) ချိန်း ဆင့်ခေါ်ပြီးမှရောက်ရှိ၍ စစ်ဆေး ရသည်၊

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်းအရေအတွက် - (၁၇)ချိန်း

# အိမ်တွင်းအကြမ်းဖက်မှုများအား
# ကျား၊မရေးရာရှုထောင့်မှသုံးသပ်ချက်

အိမ်တွင်းအကြမ်းဖက်မှုများ စာမျက်နှာ(၇၉)မှ(၁၀၀)အထိ(၂၂)မျက်နှာရှိပါသည်။

အိမ်တွင်းအကြမ်းဖက်မှုများတွင် အကြမ်းဖက်သူနှင့်တစ်မိုးအောက်တွင် နေထိုင်ရသည့် အကြမ်းဖက်ခံရသူ အမျိုးသမီးများ၏ မလုံခြုံမှုနှင့် ထပ်မံအကြမ်းဖက်ခံရခြင်းကို စိုးရိမ်မှုများအား ထိရောက်စွာတုံ့ပြန်ပေးနိုင်သည့် နည်းလမ်းများကိုလည်းဆွေးနွေးထားကြောင်း သုံးသပ်တွေ့ရှိရပါသည်။ သို့ရာတွင် အိမ်တွင်းအကြမ်းဖက်မှုဖြစ်စဉ်တွင် အကြမ်းဖက်ခံရသူ အမျိုးသမီးအား အကာအကွယ်ပေးနိုင်ရန်အတွက် အကြမ်းဖက်မှုကျူးလွန်သူအား အချိန်ကာလနှင့်အသေအချာဖြင့်အနေအထားသို့ရောက်မှုကိုဖြစ်နိုင်အောင် တားမြစ်ပေးသော ထိရောက်သော ယာယီအကာအကွယ်ပေးနိုင်သည့်အမိန့်မျိုး သက်ဆိုင်ရာတာဝန်ရှိသူမှ ထုတ်ပြန်ပေးနိုင်မည်ဆိုပါက အမျိုးသမီးများအတွက် စိတ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် ကြောက်ရွံ့နိုင်သည့် မလိုလားအပ်သည့် အကြမ်းဖက်မှု အန္တရာယ်များအား လျော့ချပေးနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့ပြင် တစ်မျိုးအိမ်တွင်းအကြမ်းဖက်ခံရသည့် အမျိုးသမီးအား အကြမ်းဖက်ခံရသည့် အခြေအနေတွင်သော်လည်းကောင်း အကြမ်းဖက်မှုကျူးလွန်သော်လည်းကောင်း အမှုကို တိုင်တန်းထားချိန်တွင်လည်းကောင်း ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာအပေါ်အထိ ထိခိုက်နစ်နာမှုများအား ကာကွယ်ပေးသည့်အနေဖြင့် လုံခြုံသည့်နေရာထိုင်ခင်းများအား နိုင်ငံတော်မှတာဝန်ယူထောက်ပံ့ပေးခြင်းဖြင့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများ၏ ဘဝလုံခြုံမှုများအား ထိရောက်သော အကာအကွယ်ပေးရာရောက်မည်ဖြစ်ပါသည်။ အကြမ်းဖက်ခံရသူအမျိုးသမီးများ၏ ခွန်အားပြည့်စုံစေရန်အတွက် စိတ်ပိုင်းဆိုင်ရာကုသမှုနှင့် အခြေခံအတွက် ဝန်ဆောင်မှုများကို နိုင်ငံတော်မှတာဝန်ယူဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

အခြားအကြမ်းဖက်မှုများကဲ့သို့ပင် အမှုစစ်ဆေးနေချိန်တွင်လည်း ကျားမနှစ်ဦးစလုံး အကြမ်းဖက်ခံရသူအမျိုးသမီးနှင့် သက်သေများအား ခြိမ်းခြောက်မှုမှကာကွယ်၍ ခြိမ်းခြောက်ခြင်းမျိုးမဖြစ်စေရန်အတွက် သက်သေများအား အကာအကွယ်ပေးနိုင်သည့် ဥပဒေပိုင်းဆိုင်ရာများရှိရန်လိုအပ်ပြီး အမျိုးသမီးများအား မလိုအပ်ဘဲ စိတ်ဒဏ်ရာမရစေရေးအတွက် အထူးသင်တန်းများနှင့် အထူးလုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း သုံးသပ်ရပါသည်။




LEGAL CLINIC MYANMAR နှင့် GEN

အဖွဲ့တို့မှ ပူးပေါင်းထုတ်ဝေသည်၊

စိမ်ချက်တွင်းကာန့်သတ်

## အမှတ်စဉ် (၄)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ (၂၆ - ၄ - ၂၀၁၅) ရက်တွင် မောင်အောင်အောင် (၂၁ နှစ်) မှ မပြည့်ဖြိုး အသက် (၄ နှစ်) ကို နေအိမ်မှ ပေ (၃၀၀) ခန့် ဝေးသော ပြွန်ပေါက်သို့ခေါ်သွားပြီး ပါးစပ်ပိတ်၊ ပါးရိုက်၊ လည်ပင်းညှစ်ခြင်း၊ ၎င်း၏ မိန်းမကိုယ်အတွင်းသို့ ထိုးသွင်းခြင်းကို နှစ်နာသူကလေးမှ ပြောပြ၍ အုပ်ထိန်းသူမှသိရှိသဖြင့် ရဲစခန်းသို့ သွားရောက်တိုင်ကြားခဲ့သော အမှုဖြစ်သည်။ ဖြစ်စဉ်မှာ ဒေါ်တင်တင်သည် ရွာထဲသို့ အကြွေးတောင်းရန် ထွက်သွားပြီး ညနေပိုင်း နေအိမ်သို့ ပြန်လည်ရောက်ရှိလာစဉ် သမီးဖြစ်သူ ချိုချိုက မပြည့် ဖြိုးကို ချီထားသည်ကို တွေ့ရသည်။ မချိုချိုက မပြည့်ဖြိုးကို ပေတစ်ရာခန့်ဝေးသည့် ပြွန်ပေါက်တွင် တွေ့၍ခေါ်လာခဲ့ကြောင်း ပြောပြသည်။ မပြည့်ဖြိုးကို မေးကြည့်ရာ မောင်အောင်အောင်မှ အိမ်ရှေ့လမ်းပေါ်တွင် မုန့်ကျွေးမည်ဟုပြောပြီး ခေါ်သွားကာ ပါးစပ်ပိတ်၊ ပါးရိုက်၊ လည်ပင်းညှစ်ခြင်းတို့ ပြုလုပ်သည်။ ထို့ပြင် မပြည့်ဖြိုး၏ မိန်းမကိုယ်အတွင်းသို့ မောင်အောင်အောင်က ၎င်း၏အင်္ဂါကို ထိုးသွင်းသည်ဟု ပြောပြတိုင်တန်းခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

ပြစ်မှုကျူးလွန်သူ မောင်အောင်အောင်အား ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိန်းမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်နှင့် ရာဇသတ်ကြီး ပုဒ်မ - ၃၂၃ (မိမိ အလိုအလျောက် နာကျင်စေမှု) ဖြင့် ထောင်ဒဏ် (၁) နှစ်၊ သီးခြားစီကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမိန့်ချသည့်နေ့တွင် တရားခံမှာ မျက်နှာအမူအရာဖြင့် ခြိမ်းခြောက်မှုရှိခြင်း။

**အမှုကြာချိန်** - (၁၁) လ၊ ရုံးချိန်း - (၃၁) ချိန်း

## အမှတ်စဉ် (၅)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်နေ ဒေါ်စိန်နုသည် (၁၃ - ၇ - ၂၀၁၄) ရက် နေ့လည် (၂) နာရီ အချိန်ခန့်တွင် နေအိမ်၌ရှိနေစဉ် ညီမ မခင်ခင် ရောက်လာပြီး တရားလို ဒေါ်စိန်နု၏ သမီးဖြစ်သူ မခင်သန်းမြင့် (၁၄ နှစ်၊ ၄ လ) အား ငွေလှိုင်အသက် (၃၉ နှစ်) မှ လွန်ခဲ့သော (၁၀) ရက်ခန့်က ၎င်း၏ နေအိမ်သို့ ခေါ်ဆောင်သွားကြောင်း ပြောပြသည်။ မခင်သန်းမြင့်သည် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ တစ်ဦးဖြစ်သည်။ မခင်သန်းမြင့်အား မေးမြန်းရာ ၎င်းမုန့်သွားဝယ်စားသည့် နေ့တစ်နေ့တွင် ငွေလှိုင်နှင့် တွေ့ပြီး မုန့်ဖိုးပေးမည်ဟုပြောကာ အိမ်ပေါ်သို့ခေါ်ပြီး အလိုမတူဘဲ ၎င်း၏ ရင်သားကိုစုပ်ခြင်း၊ နမ်းခြင်းတို့ ပြုလုပ်ပြီး လိင်ဆက်ဆံခဲ့ကြောင်းပြောပြသဖြင့် မိခင်ဒေါ်စိန်နုမှ တရားစွဲဆို တိုင်တန်းခဲ့ခြင်း ဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် ကျူးလွန်သူအား ရာဇသတ်ကြီးဥပဒေပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၈) နှစ် ကျခံစေရန် ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ဆရာဝန်မှ အလုပ်မအားဟု အကြောင်းပြကာ စစ်ဆေးရန်အတွက် ရုံးချိန်း (၇) ချိန်း ကြာခဲ့ခြင်း။
- နစ်နာသူမှာ (၁၄) နှစ် (၄) လ သာရှိပြီး စိတ်ပိုင်းဆိုင်ရာ မသန်စွမ်း၊ ဝေဒနာခံစားနေရသူ ဖြစ်သဖြင့် အမှုစစ်ဆေးရာတွင် အခက်အခဲရှိခြင်း။
- နစ်နာသူအား ထိရောက်သော ဆေးဝါးကုသခံရမှုဆိုင်ရာ အားနည်းချက်ရှိခြင်း။
- တရားရုံး၊ ရဲစခန်းများတွင် မသန်စွမ်းသူများအတွက် အထူးသီးသန့် စီစဉ်ပေးမှု အားနည်းခြင်း။

**အမှုကြာချိန်** - (၁၂) လ၊ ရုံးချိန်း - (၃၃) ချိန်း

## အမှတ်စဉ် (၆)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၁၁ - ၉ - ၂၀၁၆) နေ့က တရားလိုသည် နံနက် (၉) နာရီခန့်တွင် နေအိမ်၌ သမီး မခင်လေးနွယ် (၈ နှစ်) ၊ ခင်လေးသွယ် (၄ နှစ်) နှင့် မြေးဖြစ်သူ မောင်ဖိုးထူးတို့ကို ထားခဲ့ပြီး ရွှေမြိုင်သီရိရပ်ကွက် စက်တွင်းရပ်ရှိ ဒေါ်မြမြစိုးနေအိမ်သို့ အဝတ်လျှော်ရန် သွားခဲ့သည်။ နေ့လည် (၁) နာရီခန့် နေအိမ်သို့ပြန်လာရာ အိမ်ရှေ့အရောက် အိမ်နီးချင်း ဝင်းဝင်း (ခ) မဝင်းဝင်းသူက ဒေါ်ကြည်မြ၏သမီး ခင်လေးနွယ်ကို ဒေါ်ကြည်မြ၏သမက် ဇော်ဝင်းမောင်က မတရားပြုကျင့်ကြောင်း၊ လူကြီးကိုသွားတိုင်သင့်ကြောင်း ပြောသဖြင့် သမီးဖြစ်သူ ခင်လေးနွယ်အား မေးကြည့်ရာ အစ်ကို ဇော်ဝင်းမောင်မှ ၎င်းကို ဘောင်းဘီချွတ်ပြီး ခေါင်းအုံးပေါ်တင်ပြီး ပြုကျင့်ကြောင်းနှင့် ပြုကျင့်နေစဉ် ပုခက်ထဲက ကလေးငိုနေသောကြောင့် သွားလွှဲဦးမယ်ပြောသဖြင့် လွှတ်ပေးလိုက်ကြောင်း၊ သို့သော် ဇော်ဝင်းမောင်က ၎င်းနောက်လိုက်ပြီး ဘောင်းဘီကိုချွတ် နောက်ကနေလုပ်ကြောင်း၊ နာတယ်ပြောသဖြင့် ကိုဇော်ဝင်းမောင်က ပါးစပ်ပိတ်ပြီးဆက်လုပ်ကြောင်း၊ ၎င်းက သေးပေါက်ချင်၍ ခဏလွှတ်ပေးပါ နောက်ပြန်လာခဲ့မည်ပြောပြီး လွှတ်ပေးသဖြင့် အိမ်အောက်သို့ပြေးဆင်းကာ ပြည့်ပြည့်၊ ဖိုးလုံး၊ ခင်လေးသွယ်တို့ကို သွားခေါ်ကြောင်း ရှူးပေါက်တဲ့နေရာ နာနေကြောင်း ပြောပြသိရသဖြင့် သမီးဖြစ်သူ မခင်လေးနွယ်အား အလိုမတူဘဲသားမယားအဖြစ် ပြုကျင့်ရန် ကြံစည်အားထုတ်သူ ဇော်ဝင်းမောင်အား အရေးယူပေးပါရန် တိုင်ကြားခဲ့သောအမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံ ဇော်ဝင်းမောင်အား ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အပြစ်ရှိကြောင်း ထင်ရှား၍ ထောင်ဒဏ် (၁၀) နှစ်ကျခံစေရန် ချုပ်ရက်များကို ထောင်ဒဏ်မှ ထုတ်နှုတ်ခံစားစေရန် အမိန့်ချသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများဝတ်ဆင်ကာ စစ်ဆေးခြင်းကြောင့် ကလေးမှကြောက်ရွံ့မှုရှိသဖြင့် ထွက်ဆိုချက် အဆင်မပြေခြင်း။

**အမှုကြာချိန်** - (၈) လ၊ ရုံးချိန်း - (၂၄) ချိန်း

## အမှတ်စဉ် (၇)

### အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၊ မဒီးဒီး အသက် (၇) နှစ်သည် မစိုးစိုး၏ ညီမဖြစ်သည်။ တရားခံမြင့်မောင် အသက် (၃၇ နှစ်) သည် မစိုးစိုး၏ ယောက်ျားဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်မေဦးမှာ တစ်လပြည့်ဆွမ်းသွပ်အလှူသွားနေသဖြင့် မဒီးဒီးအား သမီးဖြစ်သူ မစိုးစိုးအိမ်တွင် အပ်ထားခဲ့ပါသည်။ မစိုးစိုးသည် အဘွားဖြစ်သူအိမ်သို့ ခဏသွားပြီး ပြန်လာသောအခါ ခန်းစီးကာထားခြင်းမရှိသော မိမိတို့အိပ်နေကျနေရာတွင် စောင်ဖြင့်ကာထားသည်ကို တွေ့ရသဖြင့် ခင်ပွန်းဖြစ်သူအား ၎င်း၏ညီမ ဒီးဒီးနှင့် အခန်းတွင်းတွေ့ရပြီး ၎င်းညီမ ဒီးဒီးမှာ ဘောင်းဘီမရှိဘဲ ကျွတ်နေပြီး ၎င်းညီမ၏အင်္ကျီထဲသို့ ခင်ပွန်းမြင့်မောင်မှ လက်ဖြင့်ထိုးသွင်းကိုင်နေကြောင်း တွေ့ရသည်။ ထို့ကြောင့် မိခင်ဖြစ်သူ ဒေါ်မေဦးမှ တရားလိုပြုလုပ် တိုင်တန်းခဲ့ခြင်းဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

ပြစ်မှုကျူးလွန်သူ တရားခံမြင့်မောင်အား ရာဇသတ်ကြီးပုဒ်မ - ၃၇၇ (ဓမ္မတာနှင့် ဆန့်ကျင်သောပြစ်မှု) အရ အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် ချမှတ်လိုက်သည်။


**အမှုတွင်ကြုံရသောအခက်အခဲများ**

- တရားရုံးမှာ သက်ဆိုင်ရာမြို့နယ်တွင် မဟုတ်ဘဲ ခရိုင်ရုံးတွင်ဖြစ်သဖြင့် ခရီးစရိတ်မတတ်နိုင်သောကြောင့် ရုံးချိန်းများကို ပုံမှန်မလာနိုင်ခဲ့ခြင်း၊
- ရဲစခန်းတွင် အမှုဖွင့်စဉ် အော်ငေါက်ပြီး မေးမြန်းခံရခြင်း၊
- တရားရုံးတွင် စစ်ဆေးခံရသည့်အခါ တချို့ဥပဒေအသုံးအနှုန်းမေးခွန်းများကို နားမလည်သောကြောင့် မဖြေဆိုနိုင်ခြင်း၊
- အမှုဖြစ်သည့်အခါ မည်သို့မည်ပုံ သွားတိုင်ရမည်ကိုလည်း မသိရှိခြင်း။

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၂၅) ချိန်း

**အမှတ်စဉ် (၈)**

**အမှုဖြစ်စဉ်အကျဉ်း**



ရန်ကုန်တိုင်းဒေသကြီး၊ --- မြို့နယ်ရှိ ဒေါ်မြမြသည် ပြည့်ဖြိုး လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်ကိုင်သူဖြစ်သည်။ (၁ - ၄ - ၂၀၁၅) နံနက် (၄) နာရီခန့်တွင် အလုပ်လုပ်ရန် ထွက်သွားရာ အိမ်တွင် သမီးဖြစ်သူ မခင်ခင်ဝင်း အသက် (၁၃ နှစ် ၂ လ) ကျန်ခဲ့သည်။ ထို့ပြင် သမီးအေးအေးမာနှင့် အရက်သောက်တတ်သည့် သားဖြစ်သူ မောင်အောင်ကိုတို့လည်း အိပ်ကျန်ခဲ့သည်။ ထို့နောက် သမီး မအေးအေးမာမှ ပြန်လာခဲ့ရန် ဖုန်းဆက်ပြောရာ အိမ်သို့ပြန်သည်။ အိမ်တွင် သမီးမခင်ခင်ဝင်းမှ အသားများတုန်ကာ ချွေးများထွက်နေသဖြင့်မေးရာ အမျိုးသားတစ်ဦးက ခြင်ထောင်ထဲဝင်ကာ သူမတစ်ကိုယ်လုံးကိုစမ်းပြီး ဘောင်းဘီချွတ်ကာ မိန်းမကိုယ်အား လက်ဖြင့် ထိုးနှိုက်ခဲ့ကြောင်း ပြောသည်။ သို့သော် မည်သူမည်ဝါမှန်း မသိပေ။ နောက်မှ ပြုကျင့်သူသည် သမီးမဖြူနှင့် အလုပ်အတူတူလုပ်နေသော ခိုင်ဦး (အသက် ၃၈ နှစ်) ဖြစ်ကြောင်းသိရ၍ ရာအိမ်မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး မှတစ်ဆင့် ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

## တရားရုံးစီရင်ချက်

အမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များအရ တရားခံသည် မခင်ခင်ဝင်းကို အလိုမတူဘဲ ကာမစပ်ယှက်ရန် အားထုတ်ခဲ့သဖြင့် ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ လည်းကောင်း၊ ညအချိန် နေအိမ်အပေါ် ကျော်နင်းဝင်ရောက်ခဲ့သဖြင့် ပုဒ်မ - ၄၅၇ အရလည်းကောင်း အရေးယူအပြစ်ပေးရန်ဖြစ်သည်။ ထို့ကြောင့် ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှု ကျူးလွန်ရန် အားထုတ်မှု) အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်၊ ရာဇသတ်ကြီးပုဒ်မ - ၄၅၇ (ထောင်ဒဏ်ထိုက်သည့် ညဥ့်အချိန် ပုန်းလျှိုး အိမ်ကျော်နင်းမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၂) နှစ်ကို သီးခြားစီကျခံစေဟု အမိန့်ချမှတ်သည်။

### အမှုတွင်တွေ့ရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရက်ကြောက်မှုရှိကာ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- ငွေကြေးဖြင့် စည်းရုံးခံရခြင်း။
- တချို့မလိုအပ်ဘဲ ပြန်ခေါ်စစ်မေးခြင်းကြောင့် အမှု ကြန့်ကြာခြင်း၊
- တရာရုံးတွင် တစ်နေကုန် အချိန်ပေးရ၍ အဆင်မပြေမှုရှိခြင်း၊
- တရားရုံးတွင် စောင့်ဆိုင်းနေစဉ် ထိုင်စရာခုံမရှိပဲ ဖိနပ်ချွတ်နှင့်ရုံး၏ စင်္ကြံ တွင်ထိုင်နေရခြင်း၊
- တရားခွင်တွင်လည်း ခုံအနည်းငယ်သာရှိခြင်း။ ရှေ့နေများ အဆင်မပြေခြင်း၊

**အမှုကြာချိန်** - (၁၅) လ၊ ရုံးချိန်း - (၃၆) ချိန်း

## အမှတ်စဉ် (၉)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ (၁၅ - ၁၀ - ၁၄) ရက်နေ့ ည (၉း၀၀) နာရီခန့်တွင် ဒေါ်မြင့်မြင့်သည် မောင်တူး အသက် (၁၄ နှစ်) နှင့် အကြွေးတောင်းရာမှ တံတားကလေး ဘုတာဘက်သို့ သွားရန်မှောင်နေသဖြင့် မောင်တူးအား အိမ်ပြန် လျှပ်စစ်မီးအိမ် ယူခိုင်းသည်။ ကြာနေသဖြင့် ခင်ပွန်းဖြစ်သူကို စိုးခိုင်အားခေါ်၍ အိမ်ပြန်ရာ သမီးမေဖူး (၁၁ နှစ်) မှာ ဘောင်းဘီသည် ဆီးခုံအပေါ်ထိ လျှောကျနေပြီး ဘောင်းဘီ၏ ဝဲဘက်အောက်နှုတ်ခမ်းတွင် သုတ်ရည်များ ပေနေသည်ကို တွေ့ရသည်။ ထို့ကြောင့် မောင်တူးအားမေးရာ စိတ်မထိန်းနိုင်၍ ဘောင်းဘီအား အောက်သို့ဆွဲချ၍ မိန်းမအင်္ဂါအား ပွတ်ကိုင်ကာ မိမိတန်ဆာအား လက်ဖြင့် သာယာအောင်ပြုလုပ် ထွက်လာသောအရည်များကို ဘောင်းဘီတွင်သုတ်ခဲ့သည်ဟုပြောသည်။ ထို့ကြောင့်မောင်တူးအား မုဒိမ်းကျင့်ရန် အားထုတ်ခဲ့သဖြင့် တိုင်ကြားခဲ့သည်။

### တရားရုံးစီရင်ချက်

တရားခံ မောင်တူးသည် ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန်အားထုတ်မှု) အရ အပြစ်ထင်ရှားသဖြင့် ကလေးသူငယ်ဥပဒေပုဒ်မ - ၄၇ (ဃ) အရ (၅ - ၄ - ၂၀၁၆) မှ (၅ - ၄ - ၂၀၁၈) အထိ (၂) နှစ်တိတိ ရန်ကုန်တိုင်း ဧက်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ပို့ရန် အမိန့် ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုစစ် ရဲအရာရှိအား စစ်ဆေးရန် (၇) ချိန်းတိုင် ကြာမြင့်ခဲ့ခြင်း၊
- အပြီးသတ်လျှောက်လဲချက်ပေးရာတွင် တရားခံရှေ့နေမှ အဆင်သင့်မဖြစ်သောကြောင့် (၃) ချိန်း ချိန်းခဲ့ရခြင်း၊
- ရုံးချိန်းများခြင်းကြောင့် ကျူးလွန်ခံရသူများမှာ တစ်နေကုန်အလုပ်ပျက်ပြီး တရားရုံးကို အချိန်ပေးလာရောက်ရခြင်း၊

**အမှုကြာချိန်** - (၁၈) လ၊ ရုံးချိန်း - (၄၄) ချိန်း

## အမှတ်စဉ် (၁၀)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ် ဦးထူးထူးသည် (၁၁ - ၁၀ - ၁၃) ရက်နေ့ နံနက် (၃း၀၀) နာရီခန့်တွင် မိသားစုနှင့် အိပ်ပျော်နေစဉ် တစ်ရပ်ကွက်တည်းနေ၊ တစ်လမ်းတည်းနေ၊ နှစ်အိမ်ကျော်ရှိ မောင်ထွန်းထွန်း အသက် (၂၂ နှစ်) သည် အိမ်ခေါင်းရင်းတွင် ကာရံထားသော ဓနိအားဖြဲဝင်ပြီး အိပ်ပျော်နေသော သမီးမဖြူသန့် (၁၃) နှစ်၏ မိန်းမကိုယ်ကို လက်နှင့်ပွတ်သပ် ကိုင်တွယ်ကာ ကိုယ်ပေါ်ခွရန်ကြံနေစဉ်တွင် သမီးဖြစ်သူလန့်အော်ရာ တရားခံ မောင်ထွန်းထွန်းသည် အိမ်ပေါ်မှ ဆင်းပြေးသွားသည်။ ဦးထူးထူးသည် ပတ်ဝန်းကျင်ကို အကူညီတောင်းကာ သမက်နှင့်အတူ လိုက်ရှာဖွေသည်။ မောင်ထွန်းထွန်းသည် ထွက်ပြေးတိမ်းရှောင်သွား ပြီး မနက်မိုးလင်းသောအခါ ဈေးသွားရောင်းသည်။ နေ့လည်ခန့်တွင် တရားလို ဦးထူးထူးသည် တရားခံမောင်ထွန်းထွန်း ပြန်ရောက်နေကြောင်း ရဲစခန်းသို့ သွားရောက်တိုင်ကြားသည်။ ထို့နောက် ရဲစခန်းတွင် ပထမ သတင်းပေးတိုင်ချက်ဖွင့်ကာ တရားခံကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ - ၄၅၇ နှင့် ၄၇၇ နှင့် ၃၇၆/၅၁၁ တို့နှင့် တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

မောင်ထွန်းထွန်းသည် ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ ပြစ်မှုထင်ရှားသည့်အတွက် အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ချမှတ်သည်။ ချုပ်ရက်ကို ထုတ်နှုတ်ခံစားခွင့်ပြုသည်။

**အမှုတွင်ကြုံရသောအခက်အခဲများ**

- သက်သေထွက်ဆိုပေးရန် အိမ်နီးချင်းများမှ တစ်ရပ်ကွက်တည်း နေသူများဖြစ်သောကြောင့် ထွက်ဆိုရန် ငြင်းဆန် ခြင်း။၊
- တချို့သက်သေထွက်ဆိုရာတွင် ထောက်ထားစရာများရှိသဖြင့် ပြည့်စုံစွာ မထွက်ဆိုခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၁) ချိန်း

## အမှတ်စဉ် ( ၁၁ )

## အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ ဒေါ်မူမူအေးနှင့် မျိုးသူရ (၃၂ နှစ်) တို့သည် ခင်မင်ရင်းနှီးကြသည်။ ထို့ပြင် ဒေါ်မူမူအေး၏ ကလေးများနှင့် မျိုးသူရ အသက် (၃၂ နှစ်) နှင့်လည်း ရင်းနှီးကာ မုန့်ဝယ်ကျွေးလေ့ရှိသည်။ ဒေါ်မူမူအေးသည် (၅ - ၂ - ၂၀၁၃) နေ့က ခင်ပွန်းဖြစ်သူမှ အမှုရင်ဆိုင်နေရ၍ တရားရုံးသွားသည့်အတွက် ၄င်း၏သမီးဖြစ်သူများဖြစ်သည့် မိုးမိုး (၆ နှစ်) နှင့် နှင်းနှင်း (၃ နှစ်) တို့ အိမ်တွင်ကျန်ခဲ့သည်။ ထိုစဉ် မျိုးသူရရောက်လာကာ မမိုးမိုးအား သကြားလုံးကျွေးပြီး ကန်စွန်းရွက်

သွားခူးရန် ခေါ်သည်။ ကောင်းမြတ်လည်း ပါလာသည်။ သို့သော် ကောင်းမြတ်ကို အခြားနေရာသို့ လွှတ်ကာ မမိုးမိုးအား ခရာချုံထဲသို့ခေါ်ကာ မိန်းမအင်္ဂါကို ပွတ်သပ်ခြင်း၊ ယောက်ျား တန်ဆာဖြင့် ပွတ်သပ်ခြင်းများ ပြုလုပ်သည်ကို ကောင်းမြတ်ကတွေ့ရာ ဘာလုပ်တာလဲဟုမေးသည်။ မျိုးသူရမှ ချီးကုန်းပေးခြင်းဖြစ်ကြောင်းပြောရာ မဖြစ်နိုင်သောကြောင့် မိုးမိုးအမေနှင့် တိုင်မည်ဖြစ်ကြောင်း ပြောသည်။ ထို့ ကြောင့် မျိုးသူရသည် ကောင်းမြတ်ကို ခရာဆူးဖြင့်ရိုက်သည်။ မိုးမိုးကိုလည်းရိုက်သည်။ ပြန်ပြောလျှင် ရိုက်မည် ဟုလည်း ခြိမ်းခြောက်သည်။ ထို့နောက် မျိုးသူရသည် မိုးမိုးကို အိမ်သို့ပြန်ပို့ပြီး ရေချိုးပေးသည်။ ပိုက်ဆံ ၅၀ကျပ် ပေးသည်။ ညရောက်သောအခါ မိုးမိုးက မိန်းမကိုယ် နာကျင်သည်ဟု ပြော၍ ဒေါ်မူမူအေးမှမေးမြန်းရာ ဖြစ်စဉ်ကို ပြောပြသည်။ ထို့ကြောင့် မိခင်ဖြစ်သူမှ အမျိုးသမီးရေးရာ အဖွဲ့ထံ သွားရောက်ပြောကာ ရဲစခန်းတွင် တိုင်ကြားခဲ့သည်။ တရားခံကို ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၇၆/၅၁၁ အရ တရားစွဲသည်။

## တရားရုံးစီရင်ချက်

တရားခံ မျိုးသူရကို ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်အရန် အားထုတ်မှု) အရ အလုပ် နှင့် ထောင်ဒဏ် (၅) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ကလေးမှ တရားရုံး၏ မေးမြန်းချက်များကို နားမလည် မဖြေဆိုတတ်ခြင်း၊
- ကာယကံရှင်နစ်နာသူမှ တရားရုံးတွင် ကြောက်၍ထွက်ဆိုရာတွင် ထွက်ဆိုချက် ကွဲလွဲသဖြင့် ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) မှ ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှုတွဲစဉ် (၁၂)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်နေ ဒေါ်မူမူသည် (၈ - ၇ - ၂၀၁၃) တွင် သားသမီးများဖြစ်သည့် တီတီ (၁၈ နှစ်)၊ မောင်လတ် (၇ နှစ်)၊ မဝင်းဝင်း (၈ နှစ်)၊ မမီးမီး (၁ နှစ်) တို့ကိုထားခဲ့ကာ ရန်ကုန်တွင် အလုပ်လုပ်နေသော ခင်ပွန်းထံသို့ သွားရောက်နေသည့် အချိန်တွင် မောင်ပု အသက် (၂၇ နှစ်) ဆိုသောသူသည် ည (၆း၃၀) အချိန်တွင် ဒေါ်မူမူတို့ နေအိမ်ပေါ်သို့ တက်ကာ မဝင်းဝင်း အသက် (၈ နှစ်) အား အပေါ်မှတက်ခွ၍ ငြိမ်ငြိမ်နေ၊ အသံမထွက်နဲ့၊ နင့်အဖေနဲ့ အမေကို ပြန်ပြောရင် သတ်ပစ်မည်ဟု ပြော၍ ပုဆိုးကိုချွတ်နေသည်။ မောင်ပု အိမ်ပေါ်သို့တက်သွားသည်ကို အိမ်နားတွင် ပန်းကန်ဆေးနေသော မလွင်မှတွေ့၍ သွားကြည့်ရာ ပုဆိုးကို လှန်၍ မဝင်းဝင်းအပေါ် တက်ခွနေသော တရားခံ မောင်ပုကို တွေ့ရသည်။ ထို့ကြောင့် လန့်၍ ပန်းကန်လွတ်ကျသွားရာ မောင်ပုမှမြင်သွား၍ ဆင်းလာပြီး အိမ်ပေါက်ဝတွင် ထိုင်နေသည်။ မလွင်လည်း ထိုကိစ္စကို မအိအိဝင်းအား ပြောပြပြီး ရပ်ကွက်လူကြီးအား သွားခေါ်သည်။ ရပ်ကွက်လူကြီးများ ရောက်လာစဉ် ဒေါ်အုန်းမြင့်မှ မြင်ရတာ ကြည့်မကောင်း ဘူး၊ သားသမီးချင်း ကိုယ်ချင်းမစာဘူးဟု ပြောရာ မောင်ပုမှာ ဆင်းပြေးမည်လုပ်သဖြင့် လူများက ဝိုင်းဖမ်းထားပြီး တရားခံ မောင်ပုကို ရာဇသတ်ကြီးဥပဒေပုဒ်မ - ၃၇၆/၅၁၁ အရ တရားစွဲဆိုသောအမှု ဖြစ်သည်။

### တရားရုံးစီရင်ချက်

ကျူးလွန်သူ တရားခံ မောင်ပုအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ ပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ကျူးလွန်ခံရသူမှာ အသက် (၈) နှစ်သာရှိ၍ တရားရုံးတွင် စစ်ဆေးမေးမြန်းသည်များကို နားလည်မှုမရှိ၍
- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၂၀) ချိန်း

# အမှတ်စဉ် ( ၁၃ )

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်မှ မအေးအေးသည် (၂၄ - ၁၁ - ၂၀၁၄) ရက်၊ နံနက် (၉) နာရီခန့်တွင် သမီးဖြစ်သူ မဝေဝေ အသက် (၂ နှစ် ၆လ) ကို မူကြိုသို့ပို့သည်။ နေ့လည် (၁၂) နာရီခန့်တွင် မူကြိုဆရာမမှ မအေးအေးထံ ဖုန်းဆက်ပြီး ၎င်း၏သမီး မဝေဝေသည် အောင့်တယ်၊ အောင့်တယ်ဟု ပြောပြီး ငိုနေကြောင်း အကြောင်းကြားသည်။ ထို့ကြောင့် မူကြိုမှသွားခေါ်၍ အိမ်ရောက်သောအခါ အကျိုးအကြောင်း မေးသည်။ သမီးဖြစ်သူမှ မောင်နီ အသက် (၂၃) နှစ်လက်နှင့်နှိုက်ကြောင်းပြော၍ ၎င်း၏ မိန်းမအင်္ဂါကို ညွှန်ပြသည်။ ကြည့်လိုက်ရာ မိန်းမအင်္ဂါမှာ နီရဲပြီးရောင်နေသဖြင့် ဆေးခန်းပြခဲ့သည်။ (၂၃ - ၁၁ - ၂၀၁၄) ကလည်း မောင်နီမှ ထိန်းပေးမည်ဟု ပြောပြီး အနောက်ထိပ်ရှိ ဓမ္မရုံအနီးသို့ ခေါ်သွားကာ လက်နှင့်နှိုက်ကြောင်း သိရသည်။ ထို့နောက် သမီး၏အင်္ဂါသည် မသက်သာသောကြောင့် (၃ - ၁၂ - ၂၀၁၄) တွင် ရန်ကင်းကလေးဆေးရုံသို့ပြရာ အင်္ဂါအမေးမှာ ရောင်နေကြောင်းပြော၍ ပြင်ပလူနာ အဖြစ် ကုသမှုခံယူခဲ့ရသည်။ ထို့ကြောင့် ရဲစခန်းတွင် တိုင်တန်းပြီး ရာဇသတ်ကြီးဥပဒေပုဒ်မ - ၃၇၇ အရ တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံမောင်နီအပေါ် ရာဇသတ်ကြီးပုဒ်မ - ၃၇၇/၅၁၁ (ဓမ္မတာနှင့်ဆန့်ကျင်သောပြစ်မှုကို ကျူးလွန်ရန် အားထုတ်မှု) အရ အလုပ်နှင့်ထောင်ဒဏ် (၂) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေများ လာရောက်ထွက်ဆိုမှု အားနည်းခြင်း၊
- မျက်မြင်သက်သေမရှိသည့်ပြင် ကလေးထွက်ဆိုချက်ကို ထောက်ခံသက်သေအားနည်းခြင်း၊
- သက်ဆိုင်ရာသို့ သွားတိုင်ရာတွင် အကြိမ်ကြိမ်သွားတိုင်မှ အမှုဖွင့်ပေးခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်ရှိ မလုံးလုံးသည် ညီမ မချိုချို အသက် (၁၂ နှစ်) နှင့်အတူ နေထိုင်သည်။ (၂၈ - ၅ - ၂၀၁၅) ၊ နေ့လည် ၂း၀၀ နာရီ အချိန်တွင် အိမ်နောက်ဖေး၌ အိပ်နေချိန်တွင် လမ်းထိပ်တွင် ဆိုက်ကားနင်းသော မောင်ထွန်း အသက် (၂၆) နှစ်သည် ညီမဖြစ်သူမချိုချို၏ ထဘီနှင့် အတွင်းခံဘောင်းဘီတို့ကို ဆွဲချွတ်ပြီး၊ သားမယားအဖြစ် ပြုကျင့်အားထုတ်ခဲ့သည်။ ရှန်းကန်သော်လည်း လက်ကိုချုပ်ကိုင်ထားသောကြောင့် မရပေ။ ထို့ကြောင့် ညီမသည် အစ်မဖြစ်သူ မလုံးလုံးအား ပြောပြပြီး တိုင်ကြားခဲ့သည်။ ထို့ကြောင့် အစ်မ ဖြစ်သူ မလုံးလုံးက တရားလိုပြုလုပ်ပြီး တိုင်တန်းခဲ့သော အမှုဖြစ်သည်။ ရာဇသတ်ကြီးပုဒ်မ - ၃၇၆ အရ တရားစွဲဆိုသည်။

## တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိရသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေများမှ တရားရုံးကို လာရောက်ထွက်ဆိုပေးရန် ကြောက်ရွံ့ငြင်းဆိုကြခြင်း၊
- တရားခံအားမြင်တွေ့နေရသဖြင့် တရားရုံးတွင် ထွက်ဆိုချက်ပေးရာတွင် စိုးရိမ်မှုရှိခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၃) ချိန်း

## အမှုတွဲ (၁၅)

## အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်းတွင် (၁၅ - ၆ - ၂၀၁၄) နှစ် နေ့လည် (၁၂) နာရီခန့်တွင် တရားလို ဒေါ်ဝင်းဝင်း စျေးရောင်း နေစဉ် လက်ဖက်ရည်ဆိုင်မှ မဦးဆိုသူ ထမင်းလာဝယ်ရင်း ၄င်းမြင်တွေ့ခဲ့သည့် အမြင်မတော် ဖြစ်နေသော တရားလိုဒေါ်ဝင်းဝင်း၏ မြေးများဖြစ်သည့် မဖြိုးဖြိုး အသက် (၈ နှစ်) နှင့် မစုစု အသက် (၅ နှစ်) တို့အား တုတ်ထိုးရောင်းသော ဦးမောင်မောင် (၅၇ နှစ်) မှ ပေါင်ပေါ်တွင်တင်ကာ ပုဆိုးလှန် ပေါင်ကားပြီး မဖြိုးဖြိုးနှင့် မစုစုတို့အား ဘောင်းဘီများချွတ်ခိုင်းပြီး ခွထိုင်ခိုင်းကာ ထိုင်ထ ပြုလုပ်ခိုင်း နေသည်ကို မြင်တွေ့ခဲ့ရကြောင်း ပြောပြသိရှိသဖြင့် မဖြိုးဖြိုးနှင့် မစုစုတို့မှလည်း ဟုတ်မှန်ကြောင်း ပြောဆိုခဲ့ပြီး ရပ်ကွက်ထဲရှိ ဒေါ်ဘုမနှင့် မစိုးတို့လည်း မြင်တွေ့ကြောင်း ပြောပြခဲ့ ဦးမောင်မောင် အသက် (၅၇ နှစ်) အား အရေးယူပေးပါရန် အမှုဖွင့်တိုင်တန်းခဲ့ပါသည်။

## တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ပြစ်မှုထင်ရှားသဖြင့် တစ်သက်တစ်ကျွန်း ထောင်ဒဏ်ကျခံစေရန်၊ ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် (၅) နှစ်ကျခံစေရန် ပြစ်ဒဏ် (၂) ရပ်အား သီးခြားကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့် စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအား စစ်ဆေးရာတွင် ရှက်ကြောက်မှုရှိခြင်း၊
- တရားခံဘက်မှ ငွေကြေးဖြင့်စည်းရုံးခြင်းကြောင့် သက်သေထွက်ဆို မလိုက်လိုကြခြင်း။
- ငွေကြေးအခက်အခဲရှိ တရား ရုံးသို့ ပုံမှန်မလာနိုင်ခြင်း၊

**အမှုကြာချိန်** - (၈) လ၊ ရုံးချိန်း - (၃၀) ချိန်း

## အမှတ်စဉ် (၁၆)

### အမှုဖြစ်စဉ်အကျဉ်း

ကချင်ပြည်နယ်၊ - - - မြို့၌ (၁၀ - ၉ - ၂၀၁၅) ရက်နေ့၊ ညနေ (၂း၃၀) နာရီချိန်ခန့်တွင် ဒေါ်နု၏ သမီးဖြစ်သူ မသဉ္ဇာ အသက် (၃) နှစ်အား မောင်ဖြူ အသက် (၃၅) နှစ်ဆိုသူမှ ချောင်းတွင် ငါးဖမ်းရအောင်ဟုပြောဆိုကာ ခေါ်သွားပြီး ချောင်းဘေးရှိကိုင်းတောထဲတွင် မသဉ္ဇာ၏ အင်္ဂါအား ယာဖက်လက်ညှိုးဖြင့် ပွတ်သပ်ထိုးသွင်းကာ ကလိခဲ့၍နာကျင်နေကြောင်း သမီးဖြစ်သူမှ မိခင်အား ပြောပြသဖြင့် မိခင်ဖြစ်သူဒေါ်နုမှ တိုင်ကြားခဲ့ခြင်းဖြစ်သည်။

### တရားရုံးစီရင်ချက်

အမှုတွင် ပြစ်မှုကျူးလွန်သူ တရားခံအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းကျင့်ရန်အားထုတ်မှု) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၄) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ကြောက်ရွံ့မှုရှိခြင်း၊
- အမှုရုံးချိန်းတွင် သွားစရိတ် အခက်အခဲ၊ ညအိပ်နေစရာ အခက်အခဲရှိခြင်း၊
- မြစ်ကြီးနားခရိုင်တွင် စစ်ဆေး၍ မသွားလာတတ်ခြင်း၊
- တရားရုံးမှဝေးသောကြောင့် သက်သေစရိတ်မဖူလုံခြင်း

**အမှုကြာချိန်** - (၂) လ၊ ရုံးချိန်း - (၆) ချိန်း

## အမှတ်စဉ် (၁၇)

## အမှုဖြစ်စဉ်အကျဉ်း

ကချင်ပြည်နယ်၊ - - - မြို့နေ အသွားဖြစ်သူ ဒေါ်ခနို့သည် (၁၃ - ၉ - ၂၀၁၅) ရက်နေ့ နံနက် (၁၀) နာရီခန့်၊ - - - ကျောင်းတိုက်တွင် သီလယူပြီး ညနေ (၄) နာရီခန့်ပြန်လာစဉ် ဒေါ်ခနို့၏သမီး မသင်းသင်း (မအိ၏ မိခင်) က မြေးဖြစ်သူအားသိပ်ရန် အိပ်ခန်းတွင်းဝင်သွားရာ အိပ်ခန်းအတွင်း စေးကပ်သည့်အရာများ လက်ဖြင့်ကိုင်ကြည့်မိရာ ယောက်ျားသုတ်ရည်ဖြစ်ကြောင်းသိရ၍ အိမ်ရှိ သမီးဖြစ်သူ မအိအားမေးကြည့်ရာ ညနေ (၃) နာရီခန့်က မိခင် မသင်းသင်း ဆန်သွားဝယ်စဉ် အိမ်သို့ ဝင်ထွက်နေသူ ညွှန့်မောင် အသက် (၃၂) နှစ်ရောက်ရှိလာပြီး နေအိမ်ခန်းတွင်း၌ (၁၁) နှစ်အရွယ်ရှိ မအိအား မတရားပြုကျင့်ခဲ့သဖြင့် တိုင်တန်းခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် ကျူးလွန်သူ တရားခံအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ပြစ်မှု ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- နေ့စားကျပန်း လုပ်သူများဖြစ်သဖြင့် သွားလာစရိတ် မတတ်နိုင်ခြင်း၊
- တရားရုံးတွင် တစ်နေ့ကုန် အချိန်ပေးရ၍ နေ့စားအလုပ်များပျက်၍ ဝင်ငွေထိခိုက်ခြင်း၊
- တရားရုံးတွင် သီးသန့်တံခါးပိတ်သီးသန့် မစစ်ဆေးခြင်းနှင့် အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးမှာ ကြောက်၍ မပြောရဲခြင်း၊

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၁၆) ချိန်း

## အမှတ်စဉ် ( ၁၈ )

### အမှုဖြစ်စဉ်အကျဉ်း

အမှုမှာ ကချင်ပြည်နယ်၊ - - - ရပ်ကွက်၊ (၇ - ၉ - ၂၀၁၅) ရက်နေ့ ညနေ (၄း၃၀) အချိန်ခန့်တွင် ဦးဘရန်မိုင်သည် နေအိမ်၌ ရှိနေစဉ် သမီးဖြစ်သူ မခေါ်နူး (၁၁) နှစ်သည် ၎င်း၏သူငယ်ချင်း မမိုင်းမိုင်နှင့်အတူ ကြက်ဟင်းခါးသီးခူးရန် ထွက်သွားပြီးနောက် ညနေ (၅း၀၀) နာရီအချိန်ခန့် သမီးဖြစ်သူ မခေါ်နူးမှ ငိုယိုပြန်လာသည်ကို တွေ့မြင်၍ မေးမြန်းရာ တစ်ရပ်ကွက်တည်းနေ မောင်နိုင်သန်း အသက် (၁၄) နှစ်မှ ယာခင်းအနီးရှိ ခြုံပုတ်ထဲသို့ ဆွဲခေါ်ပြီး လည်ပင်းညှစ် ပါးစပ်ပိတ်၍ မအော်နဲ့ သတ်ပစ်မယ်ဟု ပြောဆိုကာ စကတ်လှန်ပြီး ဘောင်းဘီတိုအား ဆွဲချွတ်ကာ သားမယားအဖြစ် နာရီဝက်ခန့်ပြုကျင့်ခဲ့ကြောင်း၊ သမီးဖြစ်သူမှ ပြောပြ သိရှိရသဖြင့် အုပ်ချုပ်ရေးမှူးမှ တစ်ဆင့် ရဲစခန်းသို့သွားရောက်ကာ သမီးဖြစ်သူအား သားမယားပြုကျင့်သူ မောင်နိုင်သန်းကို ဥပဒေအရ အရေးယူပေးပါရန် ဖခင်ဖြစ်သူဦးဘရန်မိုင်မှ တရားလိုပြုလုပ်တိုင်တန်းသောအမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် တရားခံသည် ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) ကို ကျူးလွန်သဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်ကျခံစေရန် တရားရုံးမှ အမိန့်ချမှတ်လိုက်သည်။

**အမှုတွင်ကြုံရသောအခက်အခဲများ**

- ကျူးလွန်သူမှာ ရပ်ကွက်အတွင်းအတူနေထိုင်သူဖြစ်ပြီး သိသိချင်းသွားပြောရာ ဓားကိုင်ဆွဲပြီး ရန်ပြုလာခြင်း၊
- ငွေရေးကြေးရေး အခက်အခဲရှိသဖြင့် တရားရင်ဆိုင်သောအခါတွင် ပုံမှန်လာရန် အခက်အခဲရှိခြင်း။
- တရားရုံးတွင် တစ်နေကုန်အချိန်ပေးရခြင်းကြောင့် ဝင်ငွေရှာဖွေမှုနှင့် စားဝတ်နေရေး ထိခိုက်ခြင်း၊
- တရားရုံးနှင့် ရဲစခန်းကို အကြိမ်ကြိမ်သွားရခြင်း၊
- ရုံးချိန်းသွားရမည့်ရက်များတွင် ကလေးကျောင်းပျက်ခြင်း။

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၂၁) ချိန်း

## အမှတ်စဉ် (၁၉)

## အမှုဖြစ်စဉ်အကျဉ်း

အမှုမှာ ကချင်ပြည်နယ်၊ - - - မြို့နယ်ရှိ တရားလို ဒေါ်ဝင်းဝင်းမှ (၁၉ - ၄ - ၂၀၁၅) ရက်နေ့ နံနက် (၉) နာရီအချိန်ခန့်တွင် သမီးဖြစ်သူ မတူးတူး (၃နှစ် ၃လ အရွယ်) အား ညီမဖြစ်သူ မခန့်ခန့်၏ နေအိမ်တွင် အပ်ထားခဲ့ပြီး မင်္ဂလာဆောင်သွားခဲ့ရာ (၁၀) နာရီခန့်တွင် မီးဖြစ်သူကိုခေါ်၍ ပြန်လာရာ နာရီဝက်ခန့်အကြာတွင် သမီးဖြစ်သူမှာ တအင်းအင်း ညည်းညူနေသဖြင့်မေးရာ နာတယ်ဟု ပြောသဖြင့် သမီး၏အင်္ဂါအားလှန်ကြည့်ရာ အင်္ဂါစပ်မှာ အနည်းငယ်ပြဲနေသည်ကို တွေ့ရကြောင်း၊ ညီမဖြစ်သူ မခန့်ခန့်ကို ဖုန်းဆက်ခေါ်ကာ သမီးဖြစ်သူကို မေးရာ မခန့်ခန့်နေအိမ်နှင့် အိမ်ချင်းကပ် နေထိုင်သူ မောင်နိုင် အသက် (၂၈) နှစ်မှ ကလေးအား အအေးသောက်ရန်ခေါ်ပြီး အိပ်ခန်းအတွင်း သားမယားပြုကျင့်ရန် ကြံစည်ခဲ့ကြောင်းသိရသဖြင့် အရေးယူပေးရန် တိုင်ချက်ရေးဖွင့်ရာမှ တရားစွဲဆိုတင်ပို့လာသောအမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် ပြစ်မှုကျူးလွန်သူ မောင်နိုင်အား ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းကျင့်ရန် အားထုတ်မှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် (ငါးနှစ် တိတိ) ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပြစ်မှုကျူးလွန်သူမှာ ရင်းနီးသော ဆွေမျိုးဖြစ်၍ ကလေးမှ ကြောက်ရွံ့ခြင်း၊
- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း။
- ဟန်အမူအရာအားဖြင့် ခြိမ်းခြောက်ခံရခြင်း၊

**အမှုကြာချိန်** - (၁၁) လ၊ ရုံးချိန်း - (၂၆) ချိန်း

## အမှတ်စဉ် ( ၂၀ )

### အမှုဖြစ်စဉ်အကျဉ်း

ရခိုင်ပြည်နယ်၊ - - - မြို့နယ်၊ ဒေါ်မြ၏ သမီးဖြစ်သူ မမေဦး အသက် (၅) နှစ်နှင့် တရားခံ ဦးကျော်စိုး အသက် (၅၀) နှစ်တို့မှာ အိမ်နီးချင်းများဖြစ်ပြီး ခင်မင်ရင်းနှီးကြပါသည်။ (၁၄ - ၁၁ - ၁၄) နေ့ ညနေ (၆း၃၀) နာရီ အချိန်တွင် မမေဦးမှာ အလေးစွန့်နေစဉ် ဦးကျော်စိုးမှာ မမေဦးအား မုန့်ပေးမည်ဟု ပြောပြီး ခြံပုတ်သို့ခေါ်ကာ မုဒိမ်းမှုကျူးလွန်ရန် အားထုတ်ခဲ့ပြီးမရသဖြင့် စအိုဝကို ဓမ္မတာနှင့် ဆန့်ကျင်ကာ ကာမစပ်ယှက် ကျူးလွန်ခဲ့သဖြင့် အရေးယူပေးပါရန် တိုင်ကြားခဲ့သော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် ကျခံစေရန် ၄င်းအပြင် ရာဇသတ်ကြီးပုဒ်မ - ၃၇၇ (ဓမ္မတာနှင့် ဆန့်ကျင်မှု) အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် ပြစ်ဒဏ် (၂) ရပ်ကို သီးခြားစီ ကျခံစေရန် အမိန့် ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားခံမှာ တပ်ပြေးတစ်ဦးဖြစ်နေ၍ ရဲစခန်းတွင် ချက်ချင်းအမှုဖွင့်၍ မရခြင်း။
- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရက်ကြောက်မှုရှိခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှုတွဲ ( ၂၂ )

### အမှုဖြစ်စဉ်အကျဉ်း

ရခိုင်ပြည်နယ်၊ - - - မြို့နယ်၊ တရားလို ဦးစိန်လုံး၏သမီးဖြစ်သူအမှုမှ နစ်နာသူ မဖြူဖြူ အသက် (၈ နှစ်) မှာ အဟာရချို့တဲ့နေသော ကျန်းမာရေးမကောင်းသူ ဖြစ်ပါသည်။ တရားခံ ကိုပြုံးချို (၂၉ နှစ်) မှာ တရားလို၏ မွေးစားသားတစ်ဦးဖြစ်ပြီး (၂ - ၂၉ - ၁၅) နေ့ ည (၁၀) နာရီအချိန်တွင် ဦးစိန်လုံးသည် ရပ်ကွက်ဈေးဆိုင်မှ ဖယောင်းတိုင်ဝယ်ယူပြီး နေအိမ်သို့ ပြန်လာစဉ်ကို ပြုံးချိုမှာ အရက်အရမ်းမူးနေပြီး မဖြူဖြူမှာ ငိုနေသဖြင့် ဦးစိန်လုံးမှ ဘာဖြစ်သလဲဟုမေးရာ တရားခံ ကိုပြုံးချိုမှာ အတင်းအဓမ္မပြုကျင့်ကြောင်းပြောပြီး အမှုဖွင့်တိုင်တန်းရာမှာ ပေါ်ပေါက်လာသော အမှုဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားခံမှာ တပ်ပြေးတစ်ဦးဖြစ်နေသောကြောင့် ရဲစခန်းတွင် အမှုဖွင့်ရာတွင် အခက်အခဲ ရှိခြင်း၊
- ကျူးလွန်သူမှ သက်သေထွက်ဆိုသူများအား တရားရုံးတွင် ဟန်အမူအရာ၊ နှုတ်ဖြင့် ခြိမ်းခြောက်မှုရှိခြင်း၊
- နေမကောင်းဖြစ်နေသူ ကလေးသူငယ်အား မတရားအကျင့်ခံရခြင်းဖြစ်ပြီး ၎င်းနောက်ပိုင်း ကလေးအား ဆေးဝါးဆိုင်ရာ အထူးကုသပေးမှု အားနည်းခြင်းကြောင့် သေဆုံးသွားခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၈) ချိန်း

# အမှတ်စဉ် (၂၂)

## အမှုဖြစ်စဉ်အကျဉ်း

ရခိုင်ပြည်နယ်၊ - - - မြို့၌ (၂၀ - ၉ - ၁၄) နေ့ ညနေ (၈) နာရီအချိန်တွင် တရားလို မသိန်းသိန်း အသက် (၁၄ နှစ်) သည် ညီမဖြစ်သူ မမြတ်စိုးနှင့်အတူ မိမိနေအိမ်အပေါ်ထပ်တွင် အတူအိပ်နေစဉ် တရားခံမောင်မောင် (၃၁ နှစ်) မှာ နေအိမ်အပေါ်ထပ်သို့ တက်လာပြီး မီးချောင်းအား ပိတ်ကာ မသိန်းသိန်းအိပ်နေသော ခြင်ထောင်ထဲသို့ ဝင်လာပါသည်။ ထို့နောက် မသိန်းသိန်း၏ ပါးစပ်အား လက်ဖြင့်ပိတ်ပြီး ထဘီအားဆွဲချွတ်ကာ အပေါ်မှတက်ခွ ကာမစပ်ယှက်ရန် ပြုလုပ်ရာ မသိန်းသိန်းမှ ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းရာ မောင်မောင်မှာ ဆင်းပြေးသွားပြီး ၄င်း၏ ဖိနပ်အား ယူနေစဉ် ပတ်ဝန်းကျင်မှလူများက မြင်တွေ့ ခဲ့သည်။ ထို့ကြောင့် အရေးယူပေးပါရန် မသိန်းသိန်းမှ တရားလိုပြုလုပ် တိုင်တန်းခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံသန်းဌေးအား ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် ကြိုးစားအားထုတ်မှု) အရ အလုပ်နှင့်ထောင်ဒဏ် (၄) နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် အမျိုးသမီးငယ်ကလေးအား စစ်ဆေးရာတွင် ရှက်ကြောက်မှုရှိခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၂) ချိန်း

## အမှတ်စဉ် ( ၂၃ )

## အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ မကြူကြူမှ (၁၈ - ၁၂ - ၁၅) ရက်နေ့တွင် နေပြည်တော်သို့ အလုပ်ကိစ္စဖြင့် သွားရောက်ရာ အိမ်တွင် သမီးထူးထူး (၁၁) နှစ်နှင့် နောက်အိမ်ထောင် ကိုမင်းမောင် အသက် (၃၃) နှစ်တို့ ကျန်ရစ်ခဲ့ကြောင်း၊ (၂၁ - ၁၂ - ၁၅) နေ့ နံနက် (၁၀) နာရီခန့် ရွာရှိ သမီးကြီး မြူးမြူး၊ အဒေါ် ဒေါ်လှလှမိုးတို့မှ ဖုန်းနှင့်ဆက်သွယ်ပြီး ထူးထူးအား ကိုမင်းမောင်က သားမယားပြုကျင့် ကြောင်း အကြောင်းကြားသဖြင့် ချက်ခြင်းပြန်လာကာ (၂၂ - ၁၂ - ၁၅) တွင် ရောက်ရှိပြီး သမီးဖြစ်သူ ထူးထူးအား မေးမြန်းရာ သမီးဖြစ်သူက ဟုတ်မှန်ကြောင်း ယခင်ကလည်း ၄/၅ ကြိမ်ခန့် နေအိမ်တွင် မိခင်မရှိခိုက် အတင်းအဓမ္မပြုကျင့်ခံရဖူးကြောင်း ပြန်လည်ပြောပြ သိရှိရသဖြင့် တိုင်တန်းသောအမှု ဖြစ်သည်။

## တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့် စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင် ထားခြင်းကြောင့် ကလေးအား စစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- ပထွေးနှင့်ဖြစ်သည့်ကိစ္စဖြစ်၍ မိခင်ရင်းမှ သက်သေထွက်ဆိုရာတွင် ပြည့်စုံစွာမထွက် ဆိုခြင်း၊
- မိသားစုပြဿနာဟု ပြောဆို၍ တချို့သူများက သက်သေထွက်ဆိုမှုမရှိခြင်း၊
- သက်သေစရိတ်ပံ့ပိုးမှုမပေး၊ ဖူလုံမှုမရှိခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၂၁) ချိန်း

## အမှုတွဲစဉ် ( ၂၄ )

### အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်ရှိ ဒေါ်မူမူသည် မြေးဖြစ်သူ မဖွေးဖွေး (၆) နှစ်နှင့် (၆) လကို ကျောက်ပုံဆိပ် တာဘေားနေ၊ ဦးဟိန်းလတ် အသက် (၇၇) နှစ်က (၂၄ - ၈ - ၂၀၁၅) ရက်နေ့ (၁၁း၀၀) နာရီခန့်တွင် ၎င်း၏အိမ်ပေါ်သို့ခေါ်ပြီး သားမယားအဖြစ်ပြုကျင့်ရန် ကြံစည်အားထုတ်စဉ် အိမ်နီးချင်းများ တွေ့ မြင်ကြောင်း ပြောပြသိရှိရသဖြင့်၊ အရေးယူပေးပါရန် တိုင်တန်းခဲ့သော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းကျင့်ရန် အားထုတ်မှု) အရ ပြစ်မှုကျူးလွန်သဖြင့် အလုပ်နှင့် ထောင်ဒဏ် (၃) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- နှစ်နှာသူကလေးငယ်မှာ တရားရုံးတွင် တရားခံအားမြင်တွေ့ပြီး ကြောက်လန့်ငိုယိုနေခြင်း၊
- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိခြင်း၊
- တရားခံအား မြင်တွေ့နေရသဖြင့် ကြောက်လန့်နေခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၈) ချိန်း

# အမှတ်စဉ် ( ၂၅ )

## အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၁၇ - ၁၁ - ၂၀၁၅) နေ့ နေ့လည် (၂) နာရီခန့်တွင် ဒေါ်ဥမ္မာခင် နေအိမ်ခြံ၌ရှိနေစဉ် လယ်ကွင်းအတွင်းရှိ နေအိမ်၌နေသော ၎င်းတူမအရင်း မမြမြဝင်း (၁၅) နှစ် (၆) တန်း ကျောင်းသူသည် ၎င်း၏ သူငယ်ချင်း မဖူးပွင့်၊ မပဟေမန်တို့နှင့်အတူ ရောက်လာသည်။ ထို့နောက် (၁၄ - ၁၁ - ၁၅) နေ့ နေ့လည် ၁၁နာရီခန့် မိဘများ ထင်းခုတ်နေပြီး၊ မောင်လေး မောင်အောင်စိုးမှာ မျက်ခါး ရှာထဲသွားဆော့နေ၍ နေအိမ်တွင် တစ်ယောက်တည်းရှိနေစဉ် တစ်ရွာတည်းနေ ဦးပြူး အသက် (၅၈) နှစ်မှ ကထိန်အလှူခံလာရင်း ၎င်းအား အိပ်ခန်းအတွင်း အတင်းဆွဲခေါ်ကာ သားမယားအဖြစ် တစ်ကြိမ်ပြုကျင့်ကြောင်း ပြောပြပါသည်။ ထို့အပြင် (၁၅ - ၁၁ - ၁၅) နေ့ မိဘများနှင့် ကိုလေး၊ ချစ်ကိုကိုတို့ မျက်ခါးရှာထဲ သွားလည်နေစဉ် ဦးပြူးရောက်လာပြီး၊ အိပ်ခန်းအတွင်း သားမယားအဖြစ် တစ်ကြိမ် ထပ်မံပြုကျင့်ခံရကြောင်း၊ ဦးပြူးမှ မည်သူ့ကိုမျှ ပြန်မပြောရန်နှင့် ပြောရင်သတ်ပစ်မယ်ဟု ခြိမ်းခြောက်သောကြောင့် မိဘများကိုလည်း မပြောရဲသဖြင့်၊ အဒေါ်ဖြစ်သူကို ငိုယိုပြီးလာတိုင်ပြောရာမှ သိရှိရသဖြင့် ၎င်းတူမဖြစ်သူ မမြမြဝင်းအားအလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်သူ ဦးပြူးအား အရေးယူပေးရန် တိုင်တန်းသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- သက်သေများက ဂေါပကအဖွဲ့ဝင်လူကြီးကို စွဲခြင်းဖြစ်၍ မထွက်ဆိုကြခြင်း၊
- သက်သေထွက်ဆိုသူအား တရားရုံးမှ ငွေကြေးထောက်ပံ့မှု လုံလောက်မှုမရှိခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၂၄) ချိန်း

## အမှတ်စဉ် ( ၂၆ )

### အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်ရှိ တရားခံ မောင်လှိုင်မြင့်၏ ဖခင်နှင့် တရားလို မလုံးလုံး တို့မှာ ခင်မင်ရင်းနှီးကြပါသည်။ (၃ - ၁၁ - ၂၀၁၄) ရက် နံနက် (၆) နာရီခွဲအချိန်တွင် မောင်လှိုင်မြင့်မှာ မလုံးလုံး၏အိမ်သို့ သူ၏ဖခင်အား လာရှာပါသည်။ သူ၏ဖခင်မရှိ၍ မလုံးလုံးအိမ်မပြန်ဘဲ အိပ်နေပါသည်။ ညနေ (၄) နာရီ အချိန်တွင် မလုံးလုံးအိမ်၌ မီးထွန်းရာတွင် အသုံးပြုသည့် ဘတ်ထရီအိုးအား မလုံးလုံး၏သမီး မဝင်းဝင်း အသက် (၈) နှစ်အား ယူခိုင်းရာမှ မောင်လှိုင်မြင့် (၂၃ နှစ်) မှလိုက်မည်ဆို လိုက်ပါသွားသည်။ မလုံးလုံးသမီး မဝင်းဝင်းမှာည (၇) နာရီတွင် အိမ်သို့ပြန်လာပါသည်။ မလုံးလုံးမှမေးရာ ဘက်ထရီအိုး သွားယူပြီး ပြန်လာစဉ် မောင်လှိုင်မြင့်မှ လှေပေါ်တွင် မဝင်းဝင်းအား အတင်းအဓမ္မပြုကျင့်ကြောင်း ပြောပါသည်။ ထို့နောက် မလုံးလုံးသည် အုပ်ချုပ်ရေးမှူးကိုခေါ်ကာ အိမ်ပေါ်တွင်အိပ်နေသော တရားခံ မောင်လှိုင်မြင့်အား ဖမ်းပြီး ညတွင်းချင်း ရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ပါသည်။

### တရားရုံးစီရင်ချက်

တရားခံမောင်လှိုင်မြင့်သည် ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ပြစ်မှုကျူးလွန်ကြောင်း တွေ့ရသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၈) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ♦ တရားရုံးသို့ လာရောက်ရန်ပင် ခရီးစရိတ်မတတ်နိုင်ခြင်း၊ တရားရုံးမှပေးသောစရိတ် လုံလောက်မှုမရှိခြင်း၊
- ♦ တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရက်ကြောက်မှု ရှိခြင်းကြောင့် ထွက်ဆိုချက်အဆင်မပြေခြင်း။

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၂၀) ချိန်း

## အမှတ်စဉ် ( ၂၅ )

### အမှုဖြစ်စဉ်အကျဉ်း

ရေဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၁၃ - ၂ - ၁၆) ရက် ညနေ (၅) နာရီခန့်တွင် တရားလို ဒေါ်စန်းမြင့် (၃၉ နှစ်) သည် နေအိမ်၌ရှိနေစဉ် ဒေါ်စန်းမြင့်၏တူမ မဖြူဖြူထွန်းမှ ဒေါ်စန်းမြင့်ထံ လာရောက်ပြီး မနုနုထွေး အသက် (၁၄ နှစ်) မှာ ကျောင်းတွင် အော့အန်နေသဖြင့် ကျောင်းအုပ်ဆရာမကြီးမှ ခေါ်ယူမေးမြန်ရာ တရားခံမောင်သန်းထွန်း အသက် (၁၇) နှစ်မှ သားမယား ပြုကျင့်ကြောင်း ကျောင်းအုပ်ကြီးမှ မဖြူဖြူထွန်းအား ပြောပြသဖြင့် လာပြောပြခြင်းဖြစ်ကြောင်း ပြောပါသည်။ ဒေါ်စန်းမြင့်မှ တူမ မနုနုထွေးအား ခေါ်ယူမေးမြန်ရာ တရားခံမှ ပြုကျင့်ခဲ့ကြောင်း ထပ်မံပြောပြသဖြင့် အရေးယူပေးပါရန် တိုင်တန်းရာမှ ပေါ်ပေါက် လာသောအမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်ကျခံစေရန် ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့် စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- တရားခံမှာ အိမ်နီးချင်းဖြစ်၍ မျက်နှာပျက်မည်စိုးသောကြောင့် သက်သေများ ပြည့်စုံစွာ မထွက်ခြင်း၊

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှတ်စဉ် ( ၂၈ )

## အမှုဖြစ်စဉ်အကျဉ်း

ရေဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၁၅ - ၆ - ၁၆) ရက် ညနေ ၅နာရီခန့်က မတိုးတိုးသည် အခြားရွာမှထင်းဝယ်ပြီး နေအိမ်သို့ပြန်လာစဉ် သမီးဖြစ်သူ မဝေဝေစိုး အသက် (၁၅) နှစ်နှင့် ခင်မောင်လွင် အသက် (၃၉) နှစ်ဆိုသူတို့ နေအိမ်ခြံထဲတွင် ဖက်နေကြကြောင်း ကိုအောင်နိုင် ပြောပြသဖြင့် သမီးဖြစ်သူ ဝေဝေစိုးအား မေးကြည့်ရာ နံနက် (၉) နာရီခန့်က ခြံဝန်းအတွင်း အုန်းလက်ဖူးများ ကောက်ရန်ထွက်လာစဉ် ခင်မောင်လွင်က ၄င်း၏ပါးစပ်အားပိတ်ပြီး သားမယားအဖြစ် ပြုကျင့်ရန်ပြုလုပ်စဉ် ခင်မောင်လွင်၏ဇနီးဖြစ်သူကလှမ်းခေါ်သဖြင့် ပြန်သွားကြောင်း ညနေ (၃) နာရီခန့်တွင် နေအိမ်ခြံဝန်းအတွင်း သရက်သီးကောက်နေစဉ် ပါးစပ်ပိတ်ပွေ့ဖက်ပြီး အိမ်ခြေရင်း အုန်းပင်အောက်သို့ခေါ်သွားပြီး ဘောင်းဘီအားဆွဲချွတ် သားမယားအဖြစ်ပြုကျင့်ရန် ပြုလုပ်နေစဉ် ဦးမောင်မောင်နှင့် ဦးမိုးဦးတို့ ရောက်လာသဖြင့် လွှတ်ပေးခဲ့ကြောင်း သမီးဖြစ်သူ ဝေဝေစိုး ပြောပြသဖြင့် ခင်မောင်လွင်အား ဥပဒေအရ အရေးယူပေးရန် တိုင်တန်းခဲ့ရာ ခင်မောင်လွင်အပေါ် ရာဇသတ်ပုဒ်မ - ၃၇၆/၅၁၁ အရ တရားစွဲတင်ပို့လာသည့်အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံ ခင်မောင်လွင်သည် ရာဇသတ်ကြီး ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းကျင့်ရန် ကြံစည်အားထုတ်မှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်ကျခံစေသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေများ လမ်းစရိတ်မတက်နိုင်၊ တရားရုံးမှပေးသော သက်သေစရိတ် လုံလောက်မှု မရှိခြင်း၊
- မျက်မြင်သက်သေတွေက ရင်းနှီးသူများဖြစ်၍ တရားရုံးတွင် သက်သေထွက်ချက် ပြည့်စုံစွာ မပြောခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၈) ချိန်း

# အမှတ်စဉ် ( ၂၉ )

## အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၁၅ - ၃ - ၂၀၁၆) ရက်နေ့ ညနေ (၃) နာရီအချိန်က ဒေါ်ငွေမြိုင်သည် သမီးဖြစ်သူ မသူသူ (၁၁) နှစ်၊ မောင်ဝင်းအောင် (၃) နှစ်တို့နှင့်အတူ ကောက်ရိတ်ရန် သွားရောက်ခဲ့ပါသည်။ ညနေ (၆) နာရီတွင် ကောက်ရိတ်ပြီး သားအမိသုံးဦး ပြန်လာစဉ် မောင်ဝင်းအောင်မှ အစ်မဖြစ်သူ မသူသူအပေါ်သို့ ကိုနိုင်ဦး အသက် (၁၇) နှစ်က တက်ခွတာ တွေ့ကြောင်း ပြောသဖြင့် သမီးဖြစ်သူအားမေးရာ ညနေ (၃) နာရီအချိန်က မောင်ဖြစ်သူ မောင်ဝင်းအောင်အား သွားခေါ်စဉ် ကိုနိုင်ဦး ရောက်ရှိလာပြီး ခဏလိုက်ခဲ့ရန်ခေါ်သဖြင့် လိုက်သွားကြောင်း ကိုနိုင်ဦး အိမ်နောက်ဖေးခန်းတွင် တွန်းလှဲပြီး သားမယားအဖြစ် ပြုကျင့်ရန်ကြံစည်သဖြင့် ရုန်းကန်ထွက်ပြေးကြောင်း ပြောပြပါသည်။ ထို့ကြောင့် သမီးဖြစ်သူ မသူသူအား သားမယားအဖြစ် ပြုကျင့်ရန်ကြံစည်သူ ကိုနိုင်ဦးအား အရေးယူပေးပါရန် တိုင်ကြားသောအမှုဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

တရားခံအပေါ်တွင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းကျင့်ရန် ကြံစည်အားထုတ်မှု) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ်ကျခံစေရန် အမိန့်ချသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင် ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်ခြင်း၊
- မျက်မြင်သက်သေမှာ ကလေးအသက် (၃) နှစ် ဖြစ်၍ ရုံးတော်က သက်သေအဖြစ် မစစ်ဆေးခြင်း။

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၇) ချိန်း

## အမှုတွဲ (၃၀)

## အမှုဖြစ်စဉ်အကျဉ်း

ရောဝတီတိုင်း၊ - - - မြို့နယ်၊ (၁၂ - ၁၁ - ၂၀၁၅) ရက်နေ့ နေ့လည် (၁၂) နာရီခန့်တွင် တရားလို ဒေါ်စိန်မြိုင်ဆီသို့ တူမတော်သူ မဖြူဖြူ အသက် (၁၆) နှစ်မှာ ငိုရှိုရောက်လာပြီး မဖြူဖြူ အိမ်အကူလုပ်သည့်အိမ်မှ တရားခံဦးကျော်စိန် အသက် (၅၇) နှစ်က မဖြူဖြူမှ မီးပူတိုက်နေစဉ် အိမ်ရှင် ဦးကျော်စိန်မှ တံခါးများဂျက်ထိုးပြီး မီးပူတိုက်နေသည့်နေရာသို့ လာရောက်ကာ ခဏလိုက်ခဲ့ရန်ခေါ်ပြီး သားမယားအဖြစ် ပြုကျင့်ခဲ့သည်။ ထို့နောက် ပိုက်ဆံ (၅) ထောင်ကို ပစ်ချပေးပြီး ရေချိုးခန်းထဲသို့ ဝင်သွားစဉ် နောက်ဖေးအိမ်တံခါးကိုဖွင့်ကာ ထွက်ပြေးလာပြီး အဒေါ်အား ပြောပြရာမှ အဒေါ်ဖြစ်သူ ဒေါ်စိန်မြိုင်မှ တိုင်တန်းရာ ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ ဖြင့် တရားစွဲတင်ပို့သောအမှု ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီးဥပဒေပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အပြစ်ရှိကြောင်းထင်ရှားသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- နစ်နာသူမိသားစုမှာ ငွေကြေးချို့တဲ့ကြ၍ ကျူးလွန်သူဖက်မှ ငွေကြေးဖြင့် လိုက်လံဖြေရှင်းခြင်း၊
- သက်သေများ အပေါ် ငွေကြေးပေးထွက်ဆိုခိုင်းခြင်း၊
- နစ်နာသူ၏ အစ်မအရင်းနှင့် ဖခင်မှာ ငွေကြေးဖြင့် စည်းရုံးခံရကာ တရားခံပြသက်သေအဖြစ် ဘက်လိုက်ထွက်ဆိုပေးခြင်း၊
- နစ်နာသူအား စစ်ဆေးစဉ် တံခါးပိတ်မစစ်ခြင်း တူညီဝတ်စုံ ဝတ်ထားခြင်းကြောင့် ကလေးမှ ကြောက်နေခြင်း၊

**အမှုကြာချိန်** - (၁၀) လ၊ ရုံးချိန်း - (၃၃) ချိန်း

## အမှုတ်စဉ် (၃၁)

### အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ --- မြို့နယ်၌ တရားလို ဒေါ်စိုးစိုးမာ၏ ခင်ပွန်းဖြစ်သူ ဦးအေးချို အသက် (၄၃) နှစ် သည် ရေးမြို့နယ် အစင်ကျေးရွာသို့ ရေလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်ကြောင်း ထိုသို့ မသွားမီ နေ့လည် (၂) နာရီအချိန်တွင် သမီးဖြစ်သူ ခင်ခင်စိုး အသက် (၁၇ နှစ်) (စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ) အား ဖခင်ဖြစ်သူ ဦးအေးချိုမှ သားမယားအဖြစ် ပြုကျင့်ခဲ့ရာ ကိုယ်ဝန်ရင့်မာလာပြီး (၁၀ - ၂ - ၂၀၁၄) နေ့တွင် သမီးမိန်းကလေးမွေးပြီး ကလေးမှာ အသက်အဖတ်မတင်ခဲ့ပါ။ (၇ - ၅ - ၂၀၁၄) နေ့တွင် ဦးအေးချို အသက် (၄၃ နှစ်)မှာ ရွာသို့ ပြန်ရောက်လာသဖြင့် အရေးယူပေးပါရန် တိုင်တန်းသော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံ ဦးအေးချိုအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် အမျိုးသမီးငယ်အား စစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- စကားမပြောတတ်၍ အမှုစစ်ရာတွင် အခက်အခဲရှိခြင်း၊
- အဖေရင်းဖြစ်နေ၍ သက်သေများ ထွက်ဆိုချက် မပေးလိုခြင်း၊
- တရားရုံးမှ သက်သေစရိတ်ပုံမှန်မပေးခြင်းနှင့် ပေးသောစရိတ် ဖူလုံမှုမရှိခြင်း၊
- အမှုပြီးနောက် ပတ်ဝန်းကျင်၏ ခွဲခြားမှုများကြောင့် ၄င်းဒေသမှပြောင်းရွှေ့သွားခြင်း၊
- တရားရုံးမှ မသန်စွမ်းများ စစ်ဆေးရန် သီးခြားအထူးစီစဉ်ပေးမှုမရှိ၊ အားနည်းခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၁) ချိန်း

## အမှုတွဲစဉ် (၃၂)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ (၅ - ၁ - ၂၀၁၄) ခုနှစ်၊ မနက် (၈) နာရီခန့်တွင် တရားလို ဒေါ်ခင်အေးသည် ကျန်စစ်သားရပ်ကွက်သို့ သွားရောက်နေစဉ် ဒေါ်ဝေဝေသည် အိမ်တွင် ထမင်းရောင်းရန် ဟင်းချက်နေချိန်တွင် မဖြူပြာရောက်လာပြီး ဘေးအိမ်တွင် တရားခံမောင်ခွေးနီ အသက် (၃၄ နှစ်) သည် မပိုးပိုး အသက် (၁၀ နှစ်) (ပိုလီယိုရောဂါသည်) အား မည်သို့ပြုလုပ် နေမှန်းမသိကြောင်း၊ ကလေးကလည်း တအင်းအင်းနှင့် အော်နေသည်ကို ကြားကြောင်းပြောသည်။ ထို့ကြောင့် မောင်လင်းလင်းနှင့်အတူ သွားကြည့်ရာတွင် အိမ်ခန်းတွင် စောင်ခြုံထားသည်ကို ဖယ်လိုက်ရာ နစ်ဦးစလုံးသည် ဘောင်းဘီမရှိဘဲ တရားခံ၏တန်ဆာမှာ မပိုးပိုး၏ မိန်းမကိုယ်အား တေ့ထားသည်ကို တွေ့ရှိပြီး တိုင်တန်းခဲ့ခြင်း ဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် အားထုတ်မှု) အရ ပြစ်မှုထင်ရှား တွေ့ရှိရသည့်အတွက် အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- မသန်စွမ်းသူ မိန်းကလေးဖြစ်သောကြောင့် ထွက်ဆိုရာတွင် အခက်အခဲရှိခြင်း၊
- တရားရုံးနှင့် ရဲစခန်းများတွင် မသန်စွမ်းအမျိုးသမီးများအတွက် အထူးသီးသန့် စီစဉ်ပေးမှု မရှိခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှတ်စဉ် ( ၃၃ )

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ မစိုးစိုး (စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းသူ) အသက် (၁၇) နှစ်သည် (၁၆ - ၆ - ၂၀၁၄) တွင် ပျောက်ဆုံးနေသောကြောင့် မိဘများမှ လိုက်ရှာဖွေရာ ဂေါက်ကွင်းအနီးတွင် တွေ့ရှိသည်။ မေးမြန်းရာ (၁၄ - ၆ - ၂၀၁၄) တွင် မစိုးစိုးသည် အဖေဖြစ်သူအား လာကြိုရာမှ အချိန်လွန်သွား အိမ်သို့ပြန်လာစဉ် တစ်လမ်းတည်းနေသော မောင်ကို အသက် (၂၄ နှစ်) နှင့်တွေ့ကာ ဖြားယောင်းသွေးဆောင်ပြီး သားမယားအဖြစ် ဆက်ဆံခဲ့ကြောင်း၊ (၁၆ - ၆ - ၂၀၁၄) နေ့တွင် ပြန်လွှတ်ခဲ့သည်ဟု ပြောသည်။ ထို့ကြောင့် သမီးဖြစ်သူအား မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်မရှိဘဲ ဖြားယောင်းသွေးဆောင်သော တရားခံ မောင်ကိုအား အရေးယူပေးရန် တိုင်တန်းခဲ့သော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံကို ရာဇသတ်ကြီး ပုဒ်မ - ၃၆၆ (အတင်းအဓမ္မထိမ်းမြားပေးစားရန်အတွက် မိန်းမကို သွေးဆောင်ဆွဲခေါ် ခိုးယူမှု) အား ကျူးလွန်ကြောင်း ထင်ရှား၍ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- ကျူးလွန်ခံရသူမှာ စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူဖြစ်၍ တရားရုံးထွက်ဆိုချက်ပေးရာတွင် အခက်အခဲရှိခြင်း၊
- တရားရုံး၊ ရဲစခန်းများတွင် မသန်စွမ်းသူများအတွက် အထူးသီးသန့်စီစဉ်ပေးမှု အားနည်းခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၆) ချိန်း

## အမှတ်စဉ် (၃၄)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၂၁ - ၃ - ၂၀၁၅) ရက်တွင် ဒေါ်လွင်လွင်က နေ့လည် (၂) နာရီ ခန့်တွင် အလုပ်မှပြန်လာရာ မြရာပင်လမ်းအရောက်တွင် သမီးဖြစ်သူ မဝေဝေ အသက် (၁၄ နှစ်) က ၎င်း၏ ဖခင်ဖြစ်သူ ဦးဇော်ဇော် (၄၄ နှစ်) မှ မုဒိမ်းပြုကျင့်သဖြင့် ထွက်ပြေးခဲ့ရကြောင်းပြောရာ ရဲစခန်းသို့ တိုင်တန်းခဲ့သည်။ မနီက နေ့ခင်း (၂) နာရီခန့်တွင် မိမိသမီးရှိရာသို့ သွားရာ လမ်းဘေး အုတ်ကန်ပေါ်တွင် မဝေဝေ ဆော့နေသည်ကို တွေ့ကြောင်း၊ အဆိုပါ အုတ်ကန်ပေါ်တွင် မဝေဝေ၏ ဖခင်ဖြစ်သူ ဦးဇော်ဇော် အရက်ထိုင်သောက်နေကြောင်း မဝေဝေအားလှမ်းခေါ်ရာ မသွားသဖြင့် ဆံပင်ဆွဲပြီး အိမ်ပေါ်သို့ ဆွဲခေါ်သွားသည်ကို တွေ့ရကြောင်း၊ ရိုက်နှက်သံကြားကြောင်း ပြောပြသည်။ မဝေဝေ၏မောင်ဖြစ်သူ နေအိမ်ခန်းထဲသို့ ချောင်းကြည့်ရာ ဖခင်ဖြစ်သူမှ အမဖြစ်သူ မဝေဝေအား မုဒိမ်းကျင့်နေသည်ကို တွေ့မြင်ကြောင်း “အဖေရယ်မလုပ်ပါနဲ့၊ သမီးနာလို့ပါ” ဟု အော်သံကြား ကြောင်း ပြောဆိုသည်။ ထို့ကြောင့် မိခင်ဖြစ်သူ ဒေါ်လွင်လွင်က ရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သော အမှုဖြစ်သည်။



## တရားရုံးစီရင်ချက်

သက်သေခံချက်များအရ မုဒိမ်းပြုကျင့်ကြောင်း အထင်အရှားပေါ်ပေါက်သဖြင့် ပြစ်မှုကျူးလွန်သူအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) ကို ကျူးလွန်သဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ရပ်/ကျေး အုပ်ချုပ်ရေးမှူးကို တိုင်ကြားရာတွင် တာဝန်ယူဆောင်ရွက်ကူညီမပေးခြင်း၊
- ရဲစခန်းသို့တိုင်တန်းရာတွင်လည်း ရဲအရာရှိမှ တရားခံမှရန်ရှာမည်ကို မကြောက်ဘူးလားဟု တရားလိုအား တွန့်ဆုတ်သွားစေလိုသော မေးခွန်းများ မေးခံရခြင်း၊
- ရုံးရှေ့တွင် အမှုစစ်ဆေးရာ၌ တရားလိုပြသက်သေမှာ တရားခံ၏ သားဖြစ်သောကြောင့် တရားခံမှ ကိုယ်ထိလက်ရောက် ရန်မူရန် ရည်ရွယ်ခဲ့ခြင်း၊
- သက်ငယ်မုဒိမ်းမှုဖြစ်၍ ခရိုင်တွင်စစ်ဆေး၍ ဝေးလွန်းသဖြင့် အချိန်ပေးမှု၊ သွားလာရ အဆင်မပြေမှုကို ကြုံရ။

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှတ်စဉ် ( ၃၅ )

## အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ -- - မြို့နယ်၌ (၃၀ - ၁ - ၂၀၁၆) ရက်နေ့ နံနက် (၁၀) နာရီခန့်က ကိုမောင်မောင် အသက် (၁၉) နှစ်သည် နေအိမ်တွင် အဒေါ်ဖြစ်သူ မဖြူ အသက် (၃၈) နှစ်နှင့် ၎င်း၏ နောက်ယောကျ်ားမောင်ပု အသက် (၄၉) နှစ်၊ အဒေါ်မဖြူ၏သမီးဖြစ်သူ ၄င်း၏ညီမဝမ်းကွဲ မအေးအေး (၁၄) နှစ်တို့နှင့် အတူရှိနေသည်။ ကိုမောင်မောင်နှင့် မအေးအေးအား မောင်ပုက ပုဆိုးဝယ်ခိုင်း၍ သွားစဉ်လမ်း၌ မအေးအေးက မောင်ပုသည် ၎င်းကို သားမယားအဖြစ်ပြုကျင့်ကြောင်း ကိုမောင်မောင်အား ပြောပြ တိုင်တန်းသည်။ မအေးအေးက ထိုကိစ္စကို မိခင်ဖြစ်သူ မဖြူအားပြောပြရာ "ငါ့ယောကျ်ား ကလေး ရတာမဟုတ်ဘူး ခံလိုက်" ဟု ပြောကြောင်း ပြောပြသည်။ ပြုကျင့်နေစဉ်တွင်လည်း မဖြူက အိမ်ပေါ်မှ ထိုင်၍ လူကြည့်ပေးကြောင်း ပြောပြသည်။ ကိုမောင်မောင်က ညီမဝမ်းကွဲ မအေးအေးကိုခေါ်၍ ထွက်ပြေးရာမောင်ပုက လိုက်လံခေါ်ပြီး ရိုက်နက်သည်။ ထို့ကြောင့် ကိုမောင်မောင်က တရားလို ပြုလုပ်ပြီး မအေးအေး၏ ပထွေးဖြစ်သူ မောင်ပုနှင့်အလိုတူအလိုပါဖြစ်သော မအေးအေး၏ မိခင် မဖြူတို့အား ဥပဒေအရ အရေးယူပေးပါရန် တရားလိုပြုလုပ် တိုင်တန်းခဲ့သော အမှု ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) ဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ် ကျခံစေရန် နှင့် တရားခံ၏ဇနီး အားပေးကူညီသူအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၁၁၄ (မုဒိမ်းမှုကျူးလွန်ရန် အားပေးကူညီမှု) အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- မိခင်ရင်းနှင့် ပထွေးဖြစ်၍ သက်သေများမှာ အတိအကျ မထွက်ဆိုကြခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှတ်စဉ် (၃၆)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၂ - ၈ - ၂၀၁၃) တွင် မဖြူဖြူဝင်း အသက် (၁၆ နှစ်) က ခိုင်ဇာဝင်း၏ အိမ်တွင် ဝင်းဝင်းခိုင်၊ ခိုင်ဇာဝင်း၊ မိမိ၊ ဇော်ဇော်၊ ကိုတရုတ်တို့နှင့် အပျော်တမ်းဖဲကစားပြီး ည (၁၁) နာရီ မိမိမှာ ထမင်းစားရန် အိမ်သို့ပြန်လာပါသည်။ မဖြူဖြူဝင်းအိမ်သို့ ပြန်လာနေစဉ် လမ်းတွင် မခိုင်ခိုင်ထွန်း အိမ်နားအရောက်၌ မီးငြိမ်းသွားပါသည်။ ထိုအခါတွင် ကိုတရုတ် အသက် (၃၃ နှစ်) မှာ မိမိကို ပြောစရာရှိသည်ဟူ၍ စက်တဲထဲသို့ ဆွဲခေါ်ကာ သားမယား ပြုကျင့်ပါသည်။ မိမိရုန်းကန်သည်ကို ကိုတရုတ်က လူသိရင်အရှက်တကွဲဖြစ်မည်၊ ဖြစ်လျှင်သတ်ပစ်မည်ဟု ခြိမ်းခြောက်သောကြောင့် မအော်ရဲသောကြောင့် အော်ဟစ်အကူအညီတောင်းခံခြင်းမရှိပါ။ ထို့နောက် ကိုတရုတ်က ငှင်း အရင်သွားမည်ဟုဆိုကာ ထွက်သွားပြီး မိမိအနောက်မှ ထွက်လာပြီး အိမ်သို့ပြန်ခဲ့ရသည်။ နောက်တစ်နေ့တွင် ဝင်းဝင်းခိုင်နှင့် ခိုင်ဇာဝင်းက အခင်းဖြစ်ကိစ္စကို ချောင်းကြည့်ပြီးတွေ့ခဲ့ကြောင်း ဖြူဖြူဝင်း၏ အမေနှင့် အဒေါ်ကို ပြောပါသည်။ ဖြူဖြူဝင်းသည် ကိုတရုတ် ခြိမ်းခြောက်ထားသည်ကို ကြောက်၍ ဘာမှမပြောခဲ့သော်လည်း နောက်ပိုင်းတွင် ရဲစခန်းသို့ တိုင်တန်းခဲ့ပါသည်။

## တရားရုံးစီရင်ချက်

ပြစ်မှုကျူးလွန်သူအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ထောင်ဒဏ် (၅) နှစ် ကျခံစေရန် အမိန့် ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့် စစ်ဆေးခြင်းမရှိခြင်းနှင့် အမျိုးသမီးငယ်မှ စစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက်ပေးရာတွင် အခက်အခဲရှိခြင်း၊
- အမှုစစ်ဆေးစဉ် ကျူးလွန်သူအားမြင်တွေ့နေရ၍ အမူအရာ၊ အကြည့်များဖြင့် ခြိမ်းခြောက်ခံရခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၁၉) ချိန်း

## အမှတ်စဉ် (၃၇)

### အမှုဖြစ်စဉ်အကျဉ်း

ရခိုင်ပြည်နယ်၊ - - - မြို့နယ်ရှိ မကေသီ (၁၇) နှစ်သည် (၁၇ - ၉ - ၁၅) နေ့လည် (၂) နာရီအချိန်တွင် ရွာ၏ အရှေ့မြောက်ဘက် (၂) မိုင်ခန့်အကွာ တံတားဦးဘုရားအနီးတွင် နွားကျောင်းနေရင်းနှင့် ဟင်းရွက်ခူးနေစဉ် တရားခံမောင်ထွေး (၅၆ နှစ်) မှ ထမီကို အတင်းဆွဲချွတ်လှန်ပစ်ပြီး သားမယားဖြစ် (၁၅) မိနစ်ခန့် ပြုကျင့်ခဲ့ပြီး အဆိုပါကိစ္စအား မိသားစုကို ပြန်ပြောပါက အသေထိုးသတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း အခင်းဖြစ်ကိစ္စအား အရေးယူပေးပါရန် ရဲစခန်းသို့ တိုင်တန်းခဲ့သော အမှုဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ စွဲချက်တင်ခဲ့ရာ တရားခံမှာ အပြစ်ရှိကြောင်းဝန်ခံ၍ တရားခံအား ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ထောင်ဒဏ် (၅) နှစ် ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုသွားရောက်တိုင်တန်းရာတွင် သက်ဆိုင်ရာဌာနမှ ချက်ခြင်း အမှုမဖွင့်ပေးခြင်း၊
- တိုင်တန်းချက်တွင် မုဒိမ်းကျင့်ခံရပါသည်ဟု တိုင်တန်းသော်လည်း ပြစ်ဒဏ်နည်းသည့် တခြားပုဒ်မတစ်ခုဖြင့် အမှုဖွင့်ပေးခြင်း၊
- တရားခံအား အမှုဖွင့်ပြီးနောက် ဖမ်းဆီးခြင်းမရှိခြင်း၊
- အမှုဖွင့်ရာတွင် တာဝန်ရှိသူများမှ နွေးထွေးပြုဂုသော ဆက်ဆံမှုအားနည်းခြင်း၊
- အမှုဖွင့်ပြီး (၃) လ လောက်ကြာသည်အထိ အကြောင်းတစ်စုံတစ်ရာ ကြားခြင်းမရှိ၍ သွားရောက်မေးမြန်းရာ မိမိဘာသာ တရားရုံးသွားတိုင်ဟု အမှုတွဲအား ပြန်ပေးခံရခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၃) ချိန်း

## (၁.၂) အသက် (၁၈) နှစ်နှင့်အထက် အမျိုးသမီးများကို ကျူးလွန်သည့်မှုဒိန်းမှုများ

### အမှတ်စဉ် (၃၈)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ မကြည်ကြည် အသက် (၄၁ နှစ်) သည် ပန်းရံလုပ်ရာတွင် သိန်းမောင် အသက် (၄၀ နှစ်) နှင့် သိသည်။ သိန်းမောင်သည် အလုပ်သမားခေါင်းဆောင်ဖြစ်ပြီး ၎င်းအား အလုပ်ရှာပေးမည်ဆိုကာ ဘုရင့်နောင်တံတားတွင် တွေ့ရန်ချိန်းဆိုခဲ့သည်။ တံတားသို့ ရောက်သောအခါ သဲကွင်းသို့သွားရန် ပြောသဖြင့်ငြင်းခဲ့သည်။ ထိုအခါ သိန်းမောင်မှ နင့်ယောက်ျားမြင်မယ်ဟု ဆိုကာ သဲကွင်းသို့ ဆွဲခေါ်သွားသည်။ ထိုသို့ မပြုလုပ်ရန်ပြောသော်လည်း တရားခံသိန်းမောင်မှ သားမယားအဖြစ်နေမှသာ အလုပ်အမြဲရမည်ဟု ပြောခဲ့သည်။ ရုန်းကန်သော်လည်း အင်အားမမျှသောကြောင့် ကျူပင်များထဲတွန်းချကာ ကိုယ်ပေါ်တက်ခွပြီး ထမီအား ဆွဲလှန်ခဲ့သည်။ ထို့နောက် သားမယားအဖြစ် ပြုကျင့်ရန် ကြံစည်သဖြင့် ရုန်းကန်စဉ် အင်္ကျီနှင့် အတွင်းခံအင်္ကျီတို့ စုတ်ပြဲပြီး၊ မကြည်ကြည်၏ပါးစပ်အား လက်ဖြင့်ပိတ်ခဲ့သည်။ အတင်းရုန်းကန်ပြီး ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီတောင်းခဲ့ရာ သိန်းမောင်မှ ထွက်ပြေးသွားပြီး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တစ်ဆင့် ရဲစခန်းသို့သွား၍ တိုင်ကြားခဲ့သည်။

### တရားရုံးစီရင်ချက်

တရားခံသိန်းမောင်သည် ရာဇသတ်ကြီး ပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် ကြိုးစားအားထုတ်မှု) အရ ပြစ်မှုထင်ရှား၍ ယင်းပြစ်မှုဖြင့် ထောင်ဒဏ် (၂) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- ပြစ်ဒဏ်နည်း၍ နစ်နာသူမှ ကျေနပ်မှုမရှိခြင်း၊
- ခင်ပွန်းမှ မိန်းမအား အနေအထိုင်မတက်၍ ဒီလိုလုပ်ခံရခြင်းဟုဆိုကာ မိန်းမအား ခြိမ်းခြောက်ပြီး ကတ်ကြေးဖြင့်ထိုးခြင်း၊
- ယောက်ျားမှ ရန်ရှာနေ၍ နောက်တစ်မူ ယောက်ျားအား စွဲဆိုရခြင်း၊

**အမှုကြာချိန်** - (၉) လ၊ ရုံးချိန်း - (၂၀) ချိန်း

## အမှတ်စဉ် (၃၉)

### အမှုဖြစ်စဉ်အကျဉ်း

ရောဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ တရားလို မဝင်းဝင်းသန်း အသက် (၂၇ နှစ်) နှင့် ၎င်း၏ မိသားစုသည် တရားခံ ဦးမင်းမင်း အသက် (၄၇) နှစ်၏ ခွင့်ပြုချက်ဖြင့် တရားခံ ခြံဝင်းထဲတွင် တဲအိမ်ဆောက်၍ နေထိုင်ပါသည်။ တရားခံမှာ တရားလို၏ခင်ပွန်း အလုပ်သွားနေသည့် (၁၅ - ၁၁ - ၂၀၁၅) နေ့တွင် တရားလိုနေထိုင်သော တဲအိမ်သို့ ရောက်ရှိလာပြီး တရားလိုအား အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခဲ့ပါသည်။ ၎င်းတဲထဲသို့ ပွေ့ခေါ်သွားပြီး (၂) ကြိမ်တိုင်တိုင် သားမယားအဖြစ် ထပ်မံပြုကျင့်ခဲ့ပါသည်။ တရားလိုမှ ငြင်းဆန်ရုန်းကန်သော်လည်း ရုန်းကန်၍ မရခဲ့ပါ။ တရားလိုနှင့် တရားခံတို့မှာ ဆွေမျိုးများဖြစ်ကြပြီး လူမှုရေးအရ ညှိနှိုင်းဖြေရှင်းပေးရန် ပြောဆိုသော်လည်း ပြေလည်မှုမရှိသဖြင့် တရားလိုမှ တရားခံဦးမင်းမင်းအပေါ် အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်ပါ သည်။

### တရားရုံးစီရင်ချက်

တရားခံ ဦးမင်းမင်းအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ တရားစွဲဆိုထားခြင်းအား တရားလိုမှ ရုပ်သိမ်းလွှာတင်သဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ - ၄၉၄ (က) အရ စွဲချက်မတင်ခင် လွှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- မည်သည့်နေရာ သွားတိုင်ရမည်ကို ကျူးလွန်ခံရသူများ မသိရှိခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၃) ချိန်း

## အမှတ်စဉ် (၄၀)

### အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်မှ ဒေါ်မိုးမိုးသည် (၁၉ - ၂ - ၁၆) ရက်နေ့က နေ့လည် (၁) နာရီခန့်တွင် ညီမဖြစ်သူ ဒေါ်နုနုအား မိမိ၏သမီး မသီသီ အသက် (၂၅) နှစ်နှင့်အတူ ဈေးရောင်းပေးရန် အပ်နှံခဲ့သည်။ သမီးမသီသီသည် စကားပြောရာတွင် အခက်အခဲရှိသည့် မသန်စွမ်းဖြစ်သည်။ သူမသည် (၁) နာရီခွဲခန့်အချိန်တွင် တစ်ရွာတည်းနေ ဦးချစ်အောင်၏ ရေကန်သို့ သောက်ရေ သွားဝယ်ပြီး ရေထမ်းပြန်လာရာ၊ ယူကလစ်ခြံအလယ်၌ နားနေစဉ် တစ်ရပ်ကွက်တည်းနေ ဦးမောင်ဦး အသက် (၄၈) နှစ်ရောက်လာပြီး၊ ၎င်းအား လမ်းဘေးရှိခြံထဲသို့ အတင်းအားဓမ္မ ဆွဲခေါ်သွားကာ အလိုမတူဘဲ သားမယားအဖြစ်ပြုကျင့်ခဲ့သည်ကို သမီးမသီသီမှ ပြန်လည်ပြောပြ သိရသဖြင့် မိခင်ဖြစ်သူ ဒေါ်မိုးမိုးက တရားလို ပြုလုပ်ပြီး အရေးယူပေးပါရန် တိုင်တန်းခြင်းဖြစ်သည်။

### တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ အလုပ်နှင့်ထောင်ဒဏ် (၈) နှစ်တိတိကျခံစေရန် အမိန့်ချမှတ် လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- ကျူးလွန်ခံရသူမှာ မသန်စွမ်း စကားပြောရာတွင် အခက်အခဲရှိသည့်အတွက် တရားရုံးတွင် သေချာစွာ ပြောပြနိုင်မှုအားနည်းခြင်း၊
- တရားရုံးတွင် မသန်စွမ်းများအတွက် သီးသန့်အထူးစီစဉ်ပေးမှုများ ရှိမနေခြင်း၊ အားနည်းခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၈) ချိန်း

## အမှတ်စဉ် ( ၄၁ )

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ --- မြို့နယ်တွင် မ၀ေ၀ေသည် ညီမအငယ်ဆုံးဖြစ်သူ မတိုးတိုးနှင့် မိခင်၏အိမ်တွင် အတူနေထိုင်သည်။ မတိုးတိုးသည် အသက် (၃၂ နှစ်) ရှိပြီး အကြောရောဂါနှင့် ကျန်းမာရေးမကောင်းသော မသန်စွမ်းသူ ဖြစ်သည်။ (၁၄ - ၁၀ - ၂၀၁၃) ရက်နေ့တွင် အစ်မဖြစ်သူ မ၀ေ၀ေမှ နေ့လည် (၁၂) နာရီတွင် ထမင်းလာကျွေး၍ စားပြီး အိမ်အခန်းထဲတွင် နေနေပါသည်။ ထိုအချိန်တွင် မောင်မောင်နှင့် စိုးငွေ (၃၆ နှစ်) မှာ အရက်သောက်ပြီးအိပ်နေသည်။ ၎င်းနောက် စိုးငွေမှာ မတိုးတိုးအခန်းထဲသို့ ၀င်၍ ဖမ်းချုပ်ရာ မတိုးတိုးက ရုန်းကန်သော်လည်း အတင်းချုပ်၍ အဓမ္မပြုကျင့်ပြီးနောက် ရေချိုးပြီး ပြန်သွားခဲ့သည်။ မတိုးတိုးမှာ ကျောက်စည်နားတွင် ထိုင်ငိုနေချိန် တူမဖြစ်သူ မနီက ကျောင်းမှပြန်လာ၍ မတိုးတိုးငိုနေသည်ကိုတွေ့၍ မေးမြန်းရာ စိုးငွေ အဓမ္မကျင့်၍ ငိုနေသည်ဖြစ်ကြောင်းတွေ့ရ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတဆင့် တိုင်တန်းခဲ့သောအမှုဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် ဆေးစစ်ဆေးချက်များနှင့် တရားလိုပြသက်သေများ၏ ထွက်ဆိုချက်အရ တရားခံမှာ မုဒိမ်းမှုကျူးလွန်ကြောင်း ထင်ရှားသောကြောင့် ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ထောင်ဒဏ် (၅) နှစ် ချမှတ် သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- နစ်နာသူမှာ အကြောရောဂါရှိသူ မသန်စွမ်းဖြစ်၍ တရားရုံးတွင်မေးမြန်းသည်များကို နားမလည်၍ပြန်မဖြေနိုင်ခြင်း
- တရားရုံးတွင် မသန်စွမ်းများအတွက် သွားလာရအဆင်ပြေစေရန်သော်လည်းကောင်း၊ လွယ်ကူစွာနားလည်နိုင်သာ စစ်ဆေးမှုပြုလုပ်ထားခြင်း မရှိခြင်း၊
- တရားခံဖက်မှ အယူခံတက်သောကြောင့် နစ်နာသူမှာ ထပ်၍ အမှုရင်ဆိုင်ဖြေရှင်းရခြင်း။

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၁၉) ချိန်

**အမှတ်စဉ် (၄၂)**

**အမှုဖြစ်စဉ်အကျဉ်း**



အမှုမှာ ကချင်ပြည်နယ်၊ - - - မြို့တွင် (၂၂ - ၁၁ - ၁၄) နေ့၊ နေ့လည် (၁း၃၀) နာရီတွင် မခေါင်နန်း နေအိမ်သို့ နောင်နန်းကျေးရွာနေ နော်ဂျာ အသက် (၃၅) နှစ် စပါးကြိတ်ရန် ရောက်လာ၍ မခေါင်နန်း ခင်ပွန်းက စပါးကြိတ်ပေးပြီး ပြန်ထွက်သွားပြီးနောက် နော်ဂျာက ၎င်းဆန်အိတ်အား ချည်နှောင်နေစဉ်

မခေါင်နန်းမှ နောက်ဖေးသို့ဝက်စာ သွားကျွေးခဲ့ရာ အပြန်တွင် နေအိမ်အခန်းတွင်း ၎င်း၏ယောင်းမ မခေါင်နော‌အသက် (၂၂) နှစ် (ဆွံ့အနေသော မသန်စွမ်း)၏ ဂါဝန်ရင်ဘတ်သို့ လှန်ထားပြီး ပက်လက်အနေအထားဖြင့် နော်ဂျာက မခေါင်နောအပေါ်မှနေ၍ သားမယားအဖြစ် အပြုကျင့်ရန် ကြံစည်နေသောကြောင့် တိုင်ကြားခဲ့သောအမှုဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် ပြစ်မှုကျူးလွန်သူအား ရာဇသတ်ကြီးပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းကျင့်ရန် အားထုတ်မှု) ကျူးလွန်သောကြောင့် အလုပ်နှင့်ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- စိတ်ပိုင်းထိခိုက်မှုရှိ၍ စိတ်ရောဂါဆရာဝန်နှင့်ပြပြီးမှာ စစ်ဆေးခံရခြင်း၊
- ဆေးပညာအရ ထိရောက်အောင် ကုသပေးမှုအားနည်းခြင်း၊
- တရားခံအား မြင်နေရ၍ ၎င်းဟာန်အမှုအရာကြောင့် ကြောက်ရွံ့စိတ်ရှိခြင်း၊
- ကလေးမသည် စိတ်ပိုင်းဆိုင်ရာဒဏ်ရာရသွား၍ ကျောင်းထွက်လိုက်ရခြင်း၊
- တရားရုံးတွင် မသန်စွမ်းများအတွက် သီးသန့်အထူးဆောင်ရွက်ပေးမှုအားနည်းခြင်း၊

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၁၇) ချိန်း

# အမှတ်စဉ် (၄၃)

## အမှုဖြစ်စဉ်အကျဉ်း

ရောဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ တရားလို မခင်ခင်မြ အသက် (၂၃) နှစ်သည် တရားခံ ဦးနီ အသက် (၄၇) နှစ်၏ သမီးရင်းဖြစ်ပြီး တတိယသမီးဖြစ်ပါသည်။ မခင်ခင်မြ၏မိခင်မှာ လေဖြတ်နေ၍ မထနိုင်ဘဲ အိပ်ယာထဲတွင် လဲနေပါသည်။ မိခင်လေဖြတ်ပြီး (၄) လခန့်အကြာတွင် ဖခင်မှ တရားလို အိပ်ယာထဲသို့ဝင်လာပြီး သားမယားအဖြစ်ပြုကျင့်ပါသည်။ ဖခင်အား ငယ်စဉ်ကတည်းက ကြောက်ရ၍ မပြောရဲပါ။ မခင်ခင်မြ ကိုယ်ဝန်ရလာသည့်အခါ ဖခင်မှ ဆေးတိုက်ပြီးဖျက်ချခဲ့ပါသည်။ မခင်ခင်မြ အမနှင့် အမေမှာ သိသော်လည်း ငယ်စဉ်ကတည်းက ဖခင်အားကြောက်ရ၍ မပြောခဲ့ပါ။ ထို့နောက် မခင်ခင်မြ ထွက်ပြေးခဲ့သော်လည်း ဖခင်မှ လိုက်ခေါ်ခဲ့ပါသည်။ (၁၆ - ၉ - ၁၅) ရက်နေ့ မခင်ခင်မြ အိပ်ပျော်နေစဉ် ဖခင်ထပ်မံပြီး သားမယားပြုကျင့်ရန် ရောက်လာစဉ် မခင်ခင်မြမှ မခံနိုင်တော့ဘဲ အနီးရှိ စမ်းမိသည့်တုတ်ဖြင့် ရိုက်လိုက်၍ ဖခင်ခေါင်းကွဲသွားပြီး ဆေးရုံတက်ခဲ့ရပါသည်။ ထို့နောက် မခင်ခင်မြကရဲစခန်း၌ အမှုဖွင့်ခဲ့ပြီး တရားစွဲဆိုခဲ့ပါသည်။

## တရားရုံးစီရင်ချက်

တရားခံသည် ပြစ်မှုထင်ရှားကျူးလွန်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ရာဇသတ်ကြီးပုဒ်မ - ၃၇၆ (မုဒိမ်းမှု) အရ ထောင်ဒဏ် တစ်သက်တစ်ကျွန်း (နှစ် ၂၀) ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့် စစ်ဆေးခြင်းမရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများဝတ်ဆင်ထားခြင်းကြောင့် အမျိုးသမီးငယ်မှာ စစ်ဆေးရာတွင် လိင်ကိစ္စ ပြောရာ၌ ရှက်ကြောက်နေခြင်း၊
- ဖခင်နှင့်သားသမီးဖြစ်နေ၍ ဆွေမျိုးများမှာ ဖုံးဖိရန်ကြိုးစားခြင်း၊
- ဖခင်နှင့်သားသမီးများဖြစ်နေ၍ သက်သေထွက်ဆိုကြသည့်အခါ ပြည့်စုံစွာမထွက်ဆိုခြင်း၊
- အိမ်နီးချင်းသက်သေများက ကျူးလွန်သူပြန်လွတ်လာလျှင် ရန်ရှာမည်စိုး၍မထွက်ဆိုခြင်း၊

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၁၈) ချိန်း

## (၁.၃) ကာမလိမ်လည်ရယူမှု

**အမှတ်စဉ် (၄၄)**

**အမှုဖြစ်စဉ်အကျဉ်း**



ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်မှ တရားလို မနွယ်နွယ် (၂၄) နှစ်သည် ၂၀၀၉ ခုနှစ်က ဦးလေးဖြစ်သူ ကွမ်းယာဆိုင်တွင် ဝင်ရောက်ကူညီရောင်းပေးရာမှ တရားခံမောင်လွင် အသက် (၂၆ နှစ်) နှင့် ၂၀၁၁ ခုနှစ်တွင် စတင်သိကျွမ်းခဲ့ပြီး ၎င်းကို ချစ်ကြိုက်ကြောင်း ပြောလာသဖြင့်

ခြောက်လခန့်အကြာ မှ ပြန်လည်ချစ်ကြိုက်ကြောင်း အဖြေပေးခဲ့သည်။ (၂၀၁၄) ခုနှစ်၊ ဧပြီလ သင်္ကြန်မတိုင်ခင် (၁၀) ရက်ခန့်က မြောက်ဥက္ကလာပရှိ တည်းခိုခန်းသို့ တစ်ကြိမ်၊ နောက် (၄) လခန့်အကြာတွင် ဒလဘက်ရှိ တည်းခိုခန်းတစ်ခုသို့ တစ်ကြိမ်၊ (၇ - ၁၀ - ၂၀၁၄) ရက်နေ့တွင် တရားလိုအား ဘုရားသွားမည်ဟုဆိုကာ မရမ်းကုန်းမြို့နယ်ရှိ တည်းခိုခန်းသို့ ထပ်မံ၍တစ်ကြိမ် လက်ထပ်မည်ဟုဆိုကာ ခေါ်သွားပြီး ကာမရယူခဲ့သည်။ ဘယ်တော့ လက်ထပ်မလဲဟု မေးမြန်းရာ မောင်လွင်မှ ငွေစုနေကြောင်း၊ တင့်တောင်းတင့်တယ်ထားလို၍ဟုဆိုကာ အကြောင်းပြ ရှောင်လွှဲ ပြောဆိုခဲ့သည်။ (၅ - ၁၁ - ၂၀၁၄) ရက်နေ့တွင် မောင်လွင်မှ မသူသူဆိုသူနှင့် လက်ထပ်ရန် လူကြီးများစုံရာဖြင့် သွားရောက်တောင်းရမ်းကြောင်းသိရသဖြင့် ဘယ်လိုလုပ်တာလဲ၊ နင်ငါ့ကို ယူမယ်ပြောပြီး တခြားအမျိုးသမီးအားလက်ထပ်ပေါင်းသင်းရန် ဘာကြောင့်တောင်းရမ်းရတာလဲ"ဟု မနွယ်နွယ်မှ မေးမြန်းရာ မောင်လွင်မှ မနွယ်နွယ်ကို မယူနိုင်တော့ကြောင်း ငြင်းဆန်သဖြင့် တရားရုံးသို့ ဦးတိုက်စွဲဆို၍ ပေါ်ပေါက်လာသော အမှုဖြစ် သည်။

## တရားရုံးစီရင်ချက်

တရားခံပြုလုပ်မှုကြောင့် တရားလိုတွင် အပျိုစင်ဘဝဆုံးရှုံးခဲ့ရပြီး အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရသည်။ ထို့ကြောင့် တရားခံအပေါ် ၄င်းကျူးလွန်ခဲ့သည့် ပြစ်မှုနှင့်သင့်လျော်သည့် ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ (လိမ်လည်ကာမရယူမှု) အရ အလုပ်နှင့်ထောင်ဒဏ် (၆) လတိတိ ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးအများရှေ့တွင် မေးမြန်းစစ်ဆေးခံရသဖြင့် လိင်ဆက်ဆံသည့်အခြေအနေ ပြောရသည့်အချိန်တွင် နစ်နာသူ အမျိုးသမီးမှ အဆင်မပြေမှုများ ကြုံရခြင်း၊
- ရဲစခန်းသွားတိုင်ရာတွင် ရဲအရေးမပိုင်သည့်အမှုဖြစ်၍ အမှုဖွင့်၍မရခြင်း၊
- အမှုရင်ဆိုင်ချိန် တစ်နှစ်လုံးလုံး အချိန်ပေးရသဖြင့် ရုံးချိန်းသွားသည့်နေ့များတွင် ဝင်ငွေ ထိခိုက်ခြင်း၊

**အမှုကြာချိန်** - (၁၂) လ၊ ရုံးချိန်း - (၂၇) ချိန်း

# အမှုတွဲ (၄၅)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ တရားလို မသူဇာနှင့် တရားခံမောင်မောင်တို့မှာ (၂၀ - ၁၀ - ၁၅) ရက်နေ့တွင် တရားရုံး၌ လက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုနေ့တွင်ပင် တရားလို မသူဇာသည် ၎င်း၏မိဘနှင့်နေထိုင်ပြီး၊ တရားခံမောင်မောင်သည် ၎င်းမိဘထံတွင် နေထိုင်ကြကြောင်း၊ နောက်ပိုင်း တရားခံမောင်မောင်မှ တရားလိုမသူဇာအား ဆက်သွယ်ခြင်းမရှိ ရှောင်နေသဖြင့် အုပ်ချုပ်ရေးမှူးရုံးသို့ တိုင်ကြားရာ အုပ်ချုပ်ရေးမှူးမှ မသူဇာနှင့် မောင်မောင်တို့အား မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးပြီး မောင်မောင်မှ ဇနီးမယားအဖြစ် ပေါင်းသင်းမည်ဟု ပြောဆိုသဖြင့် အကြင်လင်မယားအဖြစ် တစ်ရက် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ နောက်နေ့တွင် မောင်မောင်သည် မသူဇာကိုထားခဲ့ပြီး ထွက်သွားသဖြင့် မသူဇာမှဆက်သွယ်သော်လည်း အကြောင်းအမျိုးမျိုးပြ ငြင်းဆိုခဲ့သည်။ ထို့ကြောင့် တရားဝင်ဇနီးအဖြစ် တရားရုံးတွင် ယုံကြည်အောင် ပြောဆိုလက်ထပ် စာချုပ်ပြုလုပ်ကာ သားမယားအဖြစ် (၁) ရက်ပေါင်းသင်းပြီး ယခုအခါ ဆက်လက် ပေါင်းသင်းခြင်း မရှိတော့ဘဲ အကြောင်းအမျိုးမျိုးပြကာ ကာမလိမ်လည်ရယူပြီး ရှောင်တိမ်းနေသူ၊ မောင်မောင်အား အမှုဖွင့်ပေးပါရန် တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ (လိမ်လည်မှု) ဖြင့် မောင်မောင်အား စွဲချက်တင်ပြီးနောက် ညှိနှိုင်းသည်။ ပြန်ပေါင်းမည်ပြောသော်လည်း မသူဇာမှလက်မခံဘဲ ကွာရှင်းပေးပါက ရုပ်သိမ်းပေးမည်ဟု ညှိနှိုင်းသည်။ မောင်မောင်မှ လက်ခံသဖြင့် ကွာရှင်းစာချုပ်ပြုလုပ်ပြီး ကျေအေးလျှောက်လွှာ တင်သောကြောင့် ရုံးမှ အပြီးပြတ်လွှတ်သည့်အမိန့် ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားခံမှာ စွဲချက်တင်ခံရသည့်အဆင့်တွင် ညှိနှိုင်းလိုကြောင်း ကမ်းလှမ်းလာ၍ ကျေအေးလွှာတင်၍ ကျူးလွန်သူမှ အပြစ်ပေးခြင်းမှ လွတ်မြောက်သွားခြင်း။

**အမှုကြာချိန်** - (၈) လ၊ ရုံးချိန်း - (၁၉) ချိန်း

## အမှတ်စဉ် (၄၆)

### အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်းဒေသကြီး၊ (- - - ) မြို့နယ်၊ တရားလို မချမ်းချမ်း အသက် (၁၉) နှစ်သည် တရားခံ ကိုထက် အသက် (၂၂) နှစ်နှင့် လျှပ်စစ်ပစ္စည်းဆိုင်တွင် လုပ်ကိုင်ကြရင်း ရင်နီးခဲ့ရာမှ (၁၈ - ၅ - ၂၀၁၄) တွင် သမီးရည်းစားဖြစ်ခဲ့ပြီး (၁၈ - ၆ - ၂၀၁၄) တွင် ကိုထက်မှ လက်ထပ်မည်ဟုဆိုကာ တရားလိုအား ကာမကိုတောင်းဆိုခဲ့၍ ကာမရယူခဲ့သည်။ ထို့နောက်တွင်လည်း ကာမအကြိမ်ကြိမ် ရယူခဲ့ပြီး မချမ်းချမ်းမှ လက်ထပ်ရန်ပြောသည့်အခါ ကိုထက်သည် အသက်ငယ်သေး၍ ခေတ္တစောင့်ရန် တောင်းဆိုခဲ့သည်။ ထို့နောက် အဆက်သွယ်ပြတ်သွားပြီး (၃ - ၈ - ၂၀၁၅) တွင် နေမကောင်း၍ ဆေးခန်းသွားပြခဲ့ရာမှ မချမ်းချမ်းတွင် ကိုယ်ဝန်ရှိကြောင်းသိရသည်။ ထို့ကြောင့် ကိုထက်ကို ဆက်သွယ်ရာ တာဝန်မယူနိုင်ကြောင်း ငြင်းဆန်ခဲ့သည်။ မချမ်းချမ်း၏ မိဘများမှ ကိုထက် နေအိမ်သို့သွားပြီး၊ လူကြီးချင်းစကားပြောရာ ကိုထက်၏မိဘများမှ တာဝန်ယူမည်ဖြစ်ကြောင်း ကိုထက်မှာလည်း အိမ်သို့လာကာ လက်ထပ်ပါမည်ဟုပြောခဲ့သည်။ ထို့နောက်တွင် ဆက်သွယ်ခြင်း မရှိတော့ပြန်သဖြင့် ရပ်ကွက်ရုံး၌ညှိနှိုင်းရာ မပြေလည်၍ ကာမလိမ်လည်ရယူခဲ့သူ တရားခံအား ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ အရ အရေးယူ ဆောင်ရွက်ခဲ့သည့်အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ (လိမ်လည်ကာမရယူမှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၉) လတိတိ ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ငွေကြေးမတတ်နိုင်ခြင်း၊ တရားရုံးကို ပုံမှန်လာရန် အခက်အခဲရှိခြင်း၊
- တချို့တရားရုံးချိန်းတွင် တစ်နေကုန် အချိန်ပေးစောင့်နေရခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၂၀) ချိန်း

## အမှတ်စဉ် ( ၄၇ )

### အမှုဖြစ်စဉ်အကျဉ်း




မန္တလေးတိုင်းဒေသကြီး၊ - - - မြို့နယ်နေ မမိုးမိုး အသက် (၁၈) နှစ်နှင့် မောင်အောင်ဦး အသက် (၂၁) နှစ်တို့ သမီးရည်းစားဖြစ်သည်မှာ (၃) လခန့်ရှိပြီး (၁ - ၅ - ၁၄) ရက်နေ့ နံနက် (၉) နာရီအချိန်တွင် မမိုးမိုး အသက် (၁၈) နှစ်သည် ခြင်ထောင်ဆိုင်တွင် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူဖြစ်၍ အလုပ်ရှိရာ

သွားရောက်ခဲ့စဉ် လမ်းတွင် မောင်အောင်ဦးနှင့်ဆုံ၍ ကုသိုလ်တော်ဘုရားသို့ ဆိုင်ကယ်ဖြင့် သွားခဲ့သည်။ ညနေ (၅) နာရီအချိန်တွင် ဒေါ်မာမာ၏ အိမ်သို့၄င်းတို့ရောက်ရှိလာပြီး မောင်အောင်ဦးမှ ၄င်းအား လက်ထပ်ပေါင်းသင်းမည်ဟု ပြောဆိုကာ ဒေါ်မာမာ၏အိမ်တွင် တစ်ညအိပ်ခဲ့ကြောင်း နောက်နေ့တွင် ပုသိမ်ကြီးသို့ သွားရောက်၍ ဦးတိုးတိုးနေအိမ်တွင် တစ်လလျှင် နစ်သောင်းကျပ်ဖြင့် အိမ်ငှား၍ အတူနေခဲ့သည်။ မောင်အောင်ဦးက လူပျိုဟုပြော၍ အုပ်ချုပ်ရေးမှူးထံ နှစ်ဦးသဘောတူ လက်ထပ်စာချုပ် ချုပ်ဆိုခဲ့ပြီး လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြသည်။ (၁၂ - ၆ - ၁၄) နေ့တွင် နံနက် (၉) နာရီတွင် မောင်အောင်ဦးက မမိုးမိုးအား အိမ်ပြန်ဦးမည်ဟုပြောပြီး ထွက်သွားရာ ပြန်မလာ၍ စုံစမ်းရာ မောင်အောင်ဦးသည် တရားဝင်မယားကြီးရှိကြောင်း သိခဲ့ရသည်။ သို့ဖြစ်ရာ လူပျိုဖြစ်ကြောင်း ပြောဆိုပြီး ကာမကို လိမ်လည်ယူခဲ့သူ မောင်အောင်ဦးအား ဥပဒေအရ အရေးယူပေးပါရန် ဦးတိုက် လျှောက်ထား တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ (လိမ်လည်ကာမရယူမှု) အရ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေလိုက်ပေးသောသူများသည် ချို့တဲ့သောကြောင့် တချို့ရုံးချိန်းများတွင် တနေကုန်စောင့်နေရခြင်းကြောင့် အလုပ်မလုပ်ရ၍ ဝင်ငွေထိခိုက်ခြင်း၊
- သက်သေများထွက်ဆိုဖို့ ငြင်းဆန်ခြင်း၊
- ခရီးဝေးမှလာရ၍ ခရီးစရိတ်မတတ်နိုင်ခြင်း၊
- တရားခံမှ ရုံးကို ပုံမှန်မလာ၍ ရဲစခန်း ဖမ်းခိုင်းရန် အကြိမ်ကြိမ်သွားပြောရခြင်း၊
- တည်းခိုခန်းမှာတည်းခိုကြောင်း အထောက်အထားမပေးခြင်းနှင့် သက်သေအဖြစ် မထွက်ဆိုခြင်း၊

**အမှုကြာချိန်** - (၂) လ၊ ရုံးချိန်း - (၁၁) ချိန်း

## အမှုတွဲစဉ် (၄၈)

## အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်းဒေသကြီး၊ - - - မြို့နယ်၌ တရားလို မသက်သက် အသက် (၁၈) နှစ်သည် လွန်ခဲ့သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီအတွင်း ဖုန်းမှားဆက်သွယ်ရာမှ ညောင်လေးပင်ကျေးရွာနေ ဦးမောင်စိုးငွေ အသက် (၃၂) နှစ် ဆိုသူနှင့် ရင်းနှီးပြီး ၎င်းမှာ လူပျိုလူလွတ်ဖြစ်ကြောင်း စက်ရုံမှ အရာရှိဖြစ်ကြောင်း ပြောဆိုပြီး သမီးရည်းစားဖြစ်ပြီးနောက် တရားလို မသက်သက်အား လက်ထပ်ယူမည်ဖြစ်ကြောင်း လယ် ၂ ဧကနှင့် နွားတစ်ရှည်း ငွေ သိန်း (၁၀၀) တင်တောင်းမည်ဟု ပြောပြီး ယခုနှစ် သင်္ကြန်မတိုင်မီ (၁၂ - ၄ - ၁၅) တွင် ဖုန်းဖြင့် ချိန်းပြီး ဇရပ်ကွင်းကျေးရွာတွင် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး တံတားအောက်တွင် တစ်ကြိမ် (၁၄ - ၄ - ၁၅) တွင် ငါးပြေမကျေးရွာတွင် ကားလမ်းဘေး လယ်ကွင်းထဲတွင် တစ်ကြိမ် (၁၇ - ၄ - ၁၅) တွင် သရက်ခြံတွင် တစ်ကြိမ်၊ တရားလိုနှင့် ကျူးလွန်ဆက်ဆံမိပြီး မိခင်နှင့် ဦးလေးတို့ကို ပြောပြီးနောက် မိခင်နှင့် ဦးလေးတို့မှ ဦးမောင်စိုးငွေထံ ဆက်သွယ်ပြီး လက်ထပ်ယူရန်ပြောရာ ဦးမောင်စိုးငွေက ၎င်းထံတွင် မယားနှင့် ကလေးရှိကြောင်း လွတ်လပ်သူမဟုတ်၍ မယူနိုင်ကြောင်းပြောဆိုသဖြင့် တရားလို မသက်သက်ထံမှ ကာမကို လိမ်လည် လှည့်ဖျား အကြိမ်ကြိမ်ရယူသူ ဦးမောင်စိုးငွေအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ - ၄၁၇ အရ အရေးယူပေးရန် ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့သောအမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ (လိမ်လည်ကာမရယူမှု) ကို ကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ငွေကြေးမတတ်နိုင်သဖြင့် တရားရုံးသို့ပုံမှန်လာရန် အခက်အခဲရှိခြင်း။

**အမှုကြာချိန်** - (၉) လ၊ ရုံးချိန်း - (၂၄) ချိန်း

## အမှတ်စဉ် (၄၉)

### အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်းဒေသကြီး၊ - - - မြို့နယ်၊ တရားခံ မောင်ငွေပုံ အသက် (၃၀) နှစ်မှာ မုန့်ဟင်းခါး ရောင်းပြီး တရားလို မတိုးတိုး အသက် (၂၈) နှစ်နှင့် ရင်းနှီးခဲ့ကြပါသည်။ တရားလိုနှင့် တရားခံတို့သည် (၁၀ - ၁၂ - ၁၃) ရက်နေ့တွင် ချစ်သူဖြစ်ခဲ့ကြပါသည်။ ချစ်သူဖြစ်ပြီး မောင်ငွေပုံမှာ မတိုးတိုးနှင့် မကြာခဏ လည်ပတ်ကြပါသည်။ အတူလည်ပတ်စဉ် မတိုးတိုးအား မောင်ငွေပုံမှ အမှန်တကယ် လက်ထပ်ယူပါမည်ဟု ယုံကြည်အောင်ပြောဆိုပြီး ကာမအကြိမ်ကြိမ်ရယူခဲ့ပါသည်။ တရားလိုမှ လက်ထပ်ယူရန်ပြောသည့်အခါ မိခင်ကွယ်လွန်လျှင် လက်ထပ်ပါမည်ဟု ယုံကြည်အောင်ပြောဆိုပြီး (၃ - ၅ - ၂၀၁၄) တွင် ၎င်း၏ မိခင်ကွယ်လွန်သွားသော်လည်း တရားခံသည် လက်ထပ်ယူခဲ့ခြင်း မရှိပေ။ ထို့ကြောင့် အမျိုးသမီးရေးရာသို့ အကူအညီတောင်းရာ မောင်ငွေပုံအား လာရောက်တွေ့ဆုံ ဖြေရှင်းရန် ဆင့်ခေါ်ရာမလာဘဲ မတိုးတိုးထံ ဖုန်းဆက်၍မယူနိုင်ကြောင်းပြောခဲ့ပါသည်။ ထို့အပြင် မောင်ငွေပုံမှ နောက်ထပ်မိန်းမတစ်ယောက်နှင့် ခိုးယူပေါင်းသင်းနေရာ ၎င်းအား လက်ထပ်ပါမည်ဟု ယုံ ကြည်အောင်ပြောပြီး အကြိမ်ကြိမ် ကာမရယူခဲ့သူ မောင်ငွေပုံအား ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းရာမှ အရေးယူဆောင်ရွက်သော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်


တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၄၁၇ (လိမ်လည်ကာမရယူမှု) အရ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေအထောက်အထားတင်ပြရန် အခက်အခဲရှိခြင်း။
- ၎င်း၏သူငယ်ချင်းများမှ မိတ်ပျက်မှာစိုး၍ သက်သေမထွက်ဆိုကြခြင်း၊
- တည်းခိုခန်းများမှာလည်း တည်းခိုကြောင်းသက်သေအထောက်အထားမပေးခြင်း၊
- ခရီးစရိတ်မတတ်နိုင်ခြင်းကြောင့် ရုံးချိန်းလာရန် အခက်အခဲဖြစ်ခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၁၅) ချိန်း

အမှတ်စဉ် ( ၅၀ )



## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး- - - -၊ မြို့နယ်ရှိ တရားလို မဝေလွင် (၂၄) နှစ်က တစ်ရပ်ကွက်တည်းနေ ကိုမောင်မောင် အသက် (၂၆) နှစ်နှင့် ၂၀၁၁ ခုနှစ်က စတင်ချစ်ကြိုက်ခဲ့ပြီးနောက်ပိုင်း ဒီနှစ်ထဲယူမည်။ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းမည်။ လူကြီးများနှင့် လာရောက် တောင်းရမ်းမည်ဟုဆိုကာ အကြိမ်ကြိမ်ကာမဆက်ဆံပြီး နောက်ပိုင်း အခြားအမျိုးသမီး တစ်ဦးကို လက်ထပ်ပေါင်းသင်းခဲ့သဖြင့် ကာမကို လိမ်လည် ရယူခဲ့သူ ကိုမောင်မောင်အား အရေးယူပေးပါရန် မဝေလွင်က ဦးတိုက်လျှောက်ထားစွဲဆိုခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၁၇ အရ အလုပ်နှင့် ထောင်ဒဏ် (၆) လတိတိကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တချို့ရုံးချိန်းများတွင် တနေကုန်အချိန်ပေး စောင့်ရခြင်း။
- တရားရုံးများအရှေ့တွင် မေးမြန်း စစ်ဆေးခံရသဖြင့် လိင်ဆက်ဆံခံရသည့် အခြေအနေကို ပြန်ပြောရချိန်တွင် နှစ်နာသူအမျိုးသမီးမှ အဆင်မပြေမှုများ ကြုံရခြင်း။

**အမှုကြာချိန်** - (၉) လ၊ ရုံးချိန်း - (၂၁) ချိန်း

# အမှုတွဲစဉ် (၅၁)

## အမှုဖြစ်စဉ်အကျဉ်း

အမှုမှာ ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်တွင် တရားလို ဒေါ်တင်လှ၏သမီး မဖြူဖြူ အသက် (၁၅နှစ်၊ ၉လ) အား (၂၂ - ၁၀ - ၂၀၁၄) ရက်နေ့ နံနက် (၁၀) နာရီတွင် နေမကောင်းသဖြင့် ဒေါ်ရင်ရင်နှင့် ခေါ်ယူကြည့်ရှုရာ မဖြူဖြူတွင် ကိုယ်ဝန်ရှိကြောင်းသိရှိရပြီး ကိုမောင်မောင် အသက် (၃၂) နှစ်နှင့်ရကြောင်းကို မဖြူ ဖြူမှ ပြောပြပါသည်။ သင်္ကြန်ပြီး (၁၀) ရက်အကြာတွင် ကိုမောင်မောင်မှ မဖြူဖြူအား စားနှင့်ထောက်လျက် အတင်းအဓမ္မကာမရယူခဲ့ကြောင်း မဖြူဖြူမှာ ငြင်းဆန်ရာ ဓားနှင့်ခုတ်သတ်မည် တစ်စုံတစ်ခုဖြစ်လျှင် တာဝန်ယူမည်ပြောကြား၍ မိဘများအား ပြောဆိုတိုင်တန်းမှု မပြုခဲ့ကြောင်း နောက်နေ့များတွင် ကိုမောင်မောင်မှ အလီလီ ကာမရယူကြောင်း ယခုကိုယ်ဝန်မှာ (၅) လခွဲ ကျော်ပြီး ကိုမောင်မောင် အတင်းအဓမ္မခြိမ်းခြောက်ပြီး ကာမဆက်ဆံစဉ် မဖြူဖြူမှာ (၁၅) နှစ် (၉) လ သာ ရှိကြောင်း ကိုမောင်မောင်အား ကိုယ်ဝန်ရှိကြောင်းပြောရာ တာဝန်မယူနိုင် ကြောင်းပြောသဖြင့် ဥပဒေအရ အရေးယူပေးရန် ဦးတိုက်လျှောက်ထားခြင်း ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံ ကိုမောင်မောင်သည် ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၄၁၇ (ကာမလိမ်လည်ရယူမှု) အရ အပြစ်ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၆) လကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- နှစ်နာသူမိသားစုသည် ဆင်းရဲလွန်း၍ ငွေကြေးမတတ်နိုင်သဖြင့် ရုံးချိန်းလာရန်ခက်ခဲခြင်း၊
- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအား စစ်ဆေးရာတွင် ရှက်ကြောက်မှုရှိခြင်း၊

**အမှုကြာချိန်** - (၁၃) လ၊ ရုံးချိန်း - (၂၂) ချိန်း

## (၁.၄) လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု

### အမှုတွဲစဉ် (၅၂)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်တွင် (၁၆ - ၆ - ၂၀၁၅) ရက်နေ့ ည (၁၁) နာရီ အချိန်ခန့်တွင် တရားလိုဒေါ်နီသည် သားဖြစ်သူ ညီညီနှင့်အတူ တီဗွီကြည့်နေစဉ် မြေးဖြစ်သူ မဖြိုးဖြိုး အသက် (၁၃ နှစ်) အိပ်သော အိပ်ခန်းထဲသို့ တရားခံ တိုးမောင်မှ ဝင်ရောက်ပြီး မဖြိုးဖြိုး၏ရင်ဘတ်အား လက်ဖြင့် ကိုင်၍ အော်ရင်သတ်ပစ်မယ်ဟုပြောဆိုပြီး (၁၇ - ၆ - ၁၅) ရက်နေ့တွင်လည်း နံနက် (၂း၀၀) နာရီခန့်တွင် မြေးဖြစ်သူ မီးမီး အသက် (၆) နှစ်သည် ၄င်း၏ ဖခင်ဖြစ်သူ ညီညီနှင့် အိပ်ပျော်နေစဉ် တရားခံတိုးမောင်မှ မီးမီး၏တန်ဆာအား ကိုင်ခဲ့ကြောင်းပြောပြသဖြင့် တရားလို၏ နေအိမ်အတွင်း ညည့်အချိန်ဝင်ရောက်ပြီး ပြစ်မှုကျူးလွန်ခဲ့သူ တရားခံ တိုးမောင်အား ဥပဒေအရ အရေးယူပေးရန် တိုင်တန်းသော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံမှာ ယခင်ကပြစ်မှုကျူးလွန်မှုမရှိခြင်း၊ ငယ်ရွယ်သူဖြစ်ခြင်း၊ အမှုတွင် နှောင်တရနေသည်ဟု သုံးသပ်ပြီး ရုံးတော်မှ ရာဇသတ်ကြီးပုဒ်မ - ၃၅၄ (ကာယိန္ဒြေပျက်စီးစေရန်အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု) အရ ထောင်ဒဏ် (၂) လ၊ ရာဇသတ်ကြီးပုဒ်မ - ၄၅၆ (ညဥ့်အချိန် ပုန်းလျှိုး အိမ်ကျော်နင်းမှု) အရ ထောင်ဒဏ် (၉) လ၊ ရာဇသတ်ကြီးပုဒ်မ - ၅၀၆ (ရာဇဝတ်မကင်းသော ခြောက်လှန့်မှု) အရ ထောင်ဒဏ် (၁) လ၊ ပေါင်း (၉) လ တပေါင်းတည်းကျခံရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- ငွေကြေးမတတ်နိုင်သောကြောင့် ကလေးများ၏ တရားမျှတမှု ရရှိနိုင်မှုအပိုင်းတွင် မိခင်မှ စိုးရိမ်ကြောင့်ကြမှုများ ရှိခြင်း။
- ငွေကြေးအခက်အခဲကြောင့် အမှုသည်များမှ တရားရုံးအား ရုံးချိန်းပုံမှန်မလာလိုကြခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၃) ချိန်း

# အမှုတွဲ (၅၃)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ တရားလို ဒေါ်စိုးစိုးက သမီးဖြစ်သူ မမြတ်စိုး အသက် (၁၆) နှစ်သည် (၁၂ - ၂ - ၁၄) ရက်နေ့ (၇) နာရီအချိန်တွင် အထည်ချုပ်စက်ရုံသို့ အလုပ်ဆင်းရာမှ ပျောက်သွားကြောင်း၊ (၂၀ - ၂ - ၁၄) ရက်နေ့တွင် ရဲစခန်းသို့ လူပျောက်တိုင်ကြောင်း၊ (၁၃ - ၃ - ၁၄) ရက်နေ့တွင် တစ်ရွာတည်းနေ မယုယုကခေါ်ပြီး လာပို့သဖြင့် မေးမြန်းရာ အလုပ်မဆင်းဘဲ ဆုထွေးနှင့် လျှောက်သွားရာ အောင်မြေသာယာ ဘုရားပွဲတွင် ပူစူးက ချစ်ရေးဆိုသဖြင့် ချစ်ကြိုက်ခဲ့ပြီး တရားဝင် လက်ထပ်မည်ဆို၍ ဘုရားပွဲ လမ်းဘေးတဲတွင် ကာမဆက်ဆံမှု (၄) ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် - - - ဈေးရှိ ဒေါ်မိုးအိမ်သို့ ခေါ်ဆောင်သွားပြီး ဒေါ်မိုးထံ အပ်ထားခဲ့ကြောင်း၊ (၁၆ - ၂ - ၁၄) ရက်နေ့တွင် ဒေါ်မိုးအိမ်သို့ရောက်ရှိစဉ် ဒေါ်မိုးက ပူစူးနှင့် ကာမဆက်ဆံ ခိုင်းကြောင်း၊ ပူစူးက ဒေါ်မိုးထံ ပြည့်တန်ဆာလုပ်ရန် ရောင်းထားခဲ့သဖြင့် ခိုင်းတာလုပ်ရမည်ဆိုသောကြောင့် နေ့ရောညပါ ပြည့်တန်ဆာလုပ်ခဲ့ရကြောင်း ပြောပြသိရသဖြင့် ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းသောအမှု ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံနှစ်ဦးသည် ဘဝရပ်တည်ရန်ခက်ခဲနေသည့် မမြတ်စိုးနှင့် ဆုထွေးတို့နှစ်ဦးကို ပြည့်တန်ဆာ အဖြစ်စေခိုင်းခြင်း၊ လုပ်အားခများမပေးခြင်း၊ ခေါင်းပုံဖြတ်ခြင်းများ ပြုလုပ်ကြကြောင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ - ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်စီကျခံရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပူးတွဲတရားခံ ထွက်ပြေးသဖြင့် အပြစ်ပေးနိုင်ခြင်း မရှိခြင်း၊
- တရားခံမှ ဝန်ခံပြီးနောက်ပိုင်း ငြင်းဆန်ခြင်း၊

**အမှုကြာချိန်** - (၁၂) လ၊ ရုံးချိန်း - (၃၇) ချိန်း

## အမှတ်စဉ် (၅၄)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်တွင် (၁၉ - ၄ - ၁၃) နေ့ ည (၈) နာရီက ဒေါ်သန်း၏သမီး မဇင်ဇင် (၁၇နှစ် ၅လ) သည် အဒေါ်ဖြစ်သူ ဒေါ်အေးထံ ခရီးသွားရန်အတွက် ပိုက်ဆံပေးရန် ထွက်သွားစဉ် မထူးထူးတို့ လင်မယားက အအေးသောက်ရန် ခေါ်သွားခဲ့သည်။ အအေးသောက်ပြီး - - - ရပ်ကွက်ရှိ ဒေါ်စိန်စိန်အိမ်တွင် မထူးထူး၏မောင်ဝမ်းကွဲ ကျော်ကျော် အသက် (၁၈ နှစ်) နှင့် စကားပြောရာ ၎င်းကချစ်ကြိုက်သည်ဟုပြောပြီး သားမယားအဖြစ် ဆက်ဆံခဲ့သည်။ (၂၀ - ၄ - ၁၃) နေ့မနက်တွင် မဇင်ဇင် အသက် (၁၇ နှစ် ၅ လ)၏ လက်စွပ်ကို ရပ်ကွက်တွင်းရှိ - - - အပေါင်ဆိုင်၌ ၃၀၀၀၀ိ ကျပ်နှင့်ပေါင်ပြီး မဇင်ဇင်ထံပါသည့်ငွေ ၅၀၀၀၀ိ ကျပ်ကို မထူးထူးတို့လင်မယားနှင့် ကျော်ကျော်တို့ သုံးစွဲပြီး ကွမ်းခြံကုန်းသို့ သွားခဲ့ပါသည်။ ကွမ်းခြံကုန်း၌ ညအိပ်၍ သားမယားအဖြစ် ဆက်ဆံကြောင်း၊ (၂၁ - ၄ - ၁၃) နေ့တွင် မနက်စောစော၌ ကွမ်းခြံကုန်းမှ မော်လမြိုင်သို့သွားမည်ဆိုကာ မထူးထူးတို့လင်မယားနှင့် ကျော်ကျော်က ကားဖြင့်ခေါ်လာရာ လှိုင်သာယာဘီအိုစီအဝိုင်းတွင် မဇင်ဇင်က မလိုက်နိုင်သေးကြောင်း ငြင်းဆန်၍ မဇင်ဇင်ကို ထားပစ်ခဲ့သည်။ မိခင်ဖြစ်သူသိရှိရ၍ ဒေါ်သန်းသန်းအားပြောပြရာ မဇင်ဇင်အား ဖြားယောင်း သွေးဆောင်၍ ကာမဖျက်ဆီးသူ မထူးထူးတို့ လင်မယားနှင့် ကျော်ကျော်တို့အပေါ်အရေးယူပေးရန် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ - ၃၆၆ အရ တရားလို ဒေါ်သန်းက စွဲဆိုသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံကျော်ကျော်အပေါ် ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၆၆ (အတင်းအားဓမ္မထိမ်းမြားပေးစားရန် စသည်တို့အတွက် မိန်းမကို သွေးဆောင်ဆွဲခေါ်ခိုးယူမှု) အရ ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား သဖြင့် ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## အမှုတွင်ကြုံရသောအခက်အခဲများ

- ကာမဆက်ဆံသည့်အကြောင်းများအား ရုံးတွင်ထွက်ဆိုသည့်အခါတွင် တံခါးပိတ်သီးသန့် စစ်ဆေးခြင်း မရှိခြင်းကြောင့် ရှက်ရွံ့ခြင်း၊

**အမှုကြာချိန်** - (၈) လ၊ ရုံးချိန်း - (၂၅) ချိန်း

## အမှတ်စဉ် (၅၅)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်တွင် တရားလို ဒေါ်ဌေးသည် (၂၀ - ၅ - ၂၀၁၃) ရက်နေ့တွင် မိသားစုနှင့်အတူ နေအိမ်တွင် အိပ်ယာဝင်ပါသည်။ သမီးဖြစ်သူ မစိုးစိုး (၁၄ နှစ် ၂ လ) မှာ အတွင်းခန်းတွင် အိပ်ပါသည်။ (၂၁ - ၅ - ၂၀၁၃) ရက်နေ့ နံနက် (၄) နာရီ အိပ်ယာမှထ၍ ကြည့်ရာသမီးဖြစ်သူ မစိုးစိုးအား အိပ်ခန်းတွင်းမတွေ့ရ၍ ပျောက်နေရာ လိုက်လံရှာဖွေသော်လည်း မတွေ့ရသဖြင့် ဆက်လက်ရှာဖွေရာ (၂၁ - ၅ - ၂၀၁၃) ညနေ ၄ နာရီအချိန် ပျောက်ဆုံးနေသော သမီးဖြစ်သူ မစိုးစိုး ပြန်ရောက်လာသဖြင့် မေးမြန်းရာ (၂၁ - ၅ - ၂၀၁၃) ရက်နေ့တွင် ညောင်ပင်ရပ်ကွက်နေ ၄င်း၏ရည်းစားဖြစ်သူ ကိုပေါက် အသက် (၂၇ နှစ်) မှ လာခိုးသဖြင့် လိုက်သွားခဲ့ကြောင်း ထိုသို့ခိုးယူရာတွင် ကိုပေါက်၏ သူငယ်ချင်းများဖြစ်သော နေမျိုး၊ ကျော်ကြီး၊ ဗိုက်ပူတို့မှ ၄င်းတို့မှာ ဆိုင်ကယ်ပေါ်တင်၍ တွံတေးမြို့ရှိ တည်းခိုခန်းတစ်ခုသို့ လိုက်ပို့ပေးခဲ့သည်။ ထိုတည်းခိုခန်းတွင် ကိုပေါက်မှ သားမယားအဖြစ် တစ်ကြိမ် ပေါင်းသင်းခဲ့ကြောင်း ထိုနေ့ညနေ ၃နာရီတွင် ကိုပေါက်၏ သူငယ်ချင်းများဖြစ်သော နေမျိုး၊ ကျော်ကြီး၊ ဗိုက်ပူနှင့် စိုးသူတို့ လာပြန်ခေါ်သဖြင့်နေအိမ်သို့ ပြန်ရောက်ခဲ့ကြောင်း သိရှိရပါသည်။ သို့ဖြစ်ရာ မိဘအုပ်ထိန်းမှုအောက်ရှိ မစိုးစိုး (၁၄ နှစ် ၂ လ) အား တရားလို၏ ခွင့်ပြုချက်မရှိဘဲ ခိုးယူပေါင်းသင်းသူ ကိုပေါက်နှင့် ခိုးယူနိုင်အောင် အားပေးကူညီသူ နေမျိုး၊ ကျော်ကြီး၊ ၊ ဗိုက်ပူ ပေါင်း (၄) ဦး အား ဥပဒေအရ အရေးယူပေးပါရန် တိုင်တန်းရာမှ အမှုပေါ်ပေါက်လာရခြင်း ဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံကိုပေါက်အပေါ် ရာဇသတ်ကြီးပုဒ်မ - ၃၆၃ (မိဘအုပ်ထိန်းသူထံမှ ခိုးမှု) အရ ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချသည်။ ကျန်တရားခံများဖြစ်သည့် နေမျိုး၊ ဗိုက်ပူတို့အပေါ် ရာဇသတ်ကြီး ပုဒ်မ - ၃၆၃/၁၁၄ (မိဘအုပ်ထိန်းသူထံမှ ခိုးယူရာတွင် အားပေးကူညီမှု) အရ ပြစ်မှုကျူးလွန်ကြောင်း မတွေ့ရှိရ၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ - ၂၅၈ (၁) အရ အမှုမှ အပြီးအပြတ်လွှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေစရိတ် ပုံမှန်ထုတ်ပေးမှုမရှိခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် (၅၆)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်နေ မသော်သော် အသက် (၁၄ နှစ် ၁၀ လ) မှာ မိခင်ဖြစ်သူ ဒေါ်ဝင်းဝင်းအား ဘုရားသွားမည်ဟု ပြောဆိုပြီးနောက် ၎င်း၏အိမ်သို့ ပြန်ရောက်လာခြင်းမရှိပါ။ နောက်တစ်နေ့တွင်မှ ၎င်း၏သူငယ်ချင်းဖြစ်သူမှ ၎င်း၏မိဘထံသို့ ပြောပြ၍ အဖေ ဦးလှနှင့် အဒေါ် ဒေါ်မာမာဖြစ်သူတို့မှ နတ်တလင်းသို့ လိုက်သွားကြပါသည်။ မသော်သော်မှ ၎င်း၏ရည်းစားဖြစ်သူ ဇော်ဇော်အောင် (၁၇ နှစ်) အား ပြန်ရန်ပြောရာ အအေးသောက်ပြီး ပြန်ပို့ပေးမည်ဟု ပြောကြားပြီး အအေးသောက်ပြီးနောက် ဘာဖြစ်မှန်းမသိကြောင်း၊ ၎င်း၏ဆွဲကြိုးကိုလည်း ပေါင်သုံး၍ နတ်တလင်းသို့သွားရန်ခေါ်ရာ ညဘက်တွင် နတ်တလင်းသို့ရောက်ခဲ့သည်။ ရည်းစားဖြစ်သူ ဇော်ဇော်အောင် အသက် (၁၇ နှစ်) မှ မသော်သော်အား အလိုမတူဘဲ မုဒိမ်း ပြုကျင့်ပါသည်။ နတ်တလင်းတွင် နောက်တစ်နေ့၌ အဒေါ် ဒေါ်မာမာနှင့် အဖေ ဦးလှဖြစ်သူမှာ လာရောက်၍ခေါ်ပြီး အိမ်သို့ပြန်ရောက်ခဲ့သည်။ အသက်မပြည့်သေးသူ မသော်သော်အား မိဘ၏ ခွင့်ပြုမရှိဘဲ အုပ်ထိန်းသူအောက်မှ ခိုးယူပေါင်းသင်းခြင်းဖြစ်ရာ တရားလိုမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ - ၃၆၃ အရ အရေးယူပေးရန် အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာရ ခြင်းဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၆၃ (မိဘအုပ်ထိန်းသူထံမှ ခိုးမှု) အရ ထောင်ဒဏ် (၁) နှစ် ကျခံစေရန် အပိုင်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ♦ သက်သေစရိတ် ပုံမှန်ထုတ်မပေးခြင်း၊
- ♦ တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၁၃) ချိန်း

## အမှတ်စဉ် (၅၇)

### အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ တရားလို ဒေါ်မြင့်မြင့်မှာ (၂၃ - ၈ - ၂၀၁၃) နေ့တွင် နေ့လည် (၂း၀၀) နာရီအချိန်တွင် နေအိမ်သို့ ပြန်လာစဉ် သမီးဖြစ်သူ မသူသူထွေး အသက် (၁၅) နှစ်အား မတွေ့ဘဲ လိုက်လံရှာဖွေခဲ့သည်။ (၂၄ - ၈ - ၂၀၁၃) ရက်နေ့ မနက် (၁) နာရီတွင် သမီးဖြစ်သူ ပြန်လည်ရောက်ရှိလာပြီးမေးမြန်းရာ သမီးဖြစ်သူက အိမ်နီးချင်းနေသူ မိုးဝင်း (၄၂ နှစ်) မှ ဒဂုံတံတားသို့ သွားရန်ခေါ်၍ ဆိုင်ကယ်ကယ်ရီသမားမှ လိုက်ပို့ပေးသည်။ ထိုစဉ် ဆိုင်ကယ်စီးလာသူနှင့် လူ (၃) ဦးနှင့် စကားပြောပြီး ဆိုင်ကယ်စီးလာ သူပြန်သွားစဉ် သမီးဖြစ်သူ မသူသူထွေးအား ထိုလူ (၃) ယောက် နောက်မှလိုက်ရန်ပြောပြီး အတင်းခေါ်သွားကြောင်း ရပ်ထားသော အဖြူရောင်နောက်တွဲမပါ

ကွန်တိန်နာကား၏ ခေါင်းခန်းအတွင်းသို့တက်ခိုင်းပြီး အမည်မသိ ကားသမားများထံမှ မရွှေရည် အသက် (၁၉ နှစ်) နှင့် ကိုဝင်းဌေး အသက် (၁၇ နှစ်) တို့မှ ငွေကြေးရယူသွားပြီး အမည်မသိ ကားသမား (၃) ဦးတို့နှင့် သမီးဖြစ်သူအား ကာမစပ်ယှက်ခိုင်းစေခဲ့ကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ သမီး မသူသူထွေးအား ငွေကြေးရယူပြီး အနိုင်အထက်ပြုကျင့်၍ သွေးဆောင်စေခိုင်းခဲ့သူများ ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားရာမှာ အမှုပေါ်ပေါက်လာရခြင်းဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံ (၃) ဦးဖြစ်သည့် မိုးဝင်း၊ မရွှေရည်၊ ကိုဝင်းဌေးတို့အား စွဲချက်တင်ထားသည့်အတိုင်း ရာဇသတ်ကြီး ပုဒ်မ - ၃၆၆ (က) (ကာမပွဲစားအဖြစ်ဖြင့် အရွယ်မရောက်သေးသော မိန်းကလေးကို ရှာပေးခြင်း) အား ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုသွားဖွင့်ရာ၌ အမှုမဖွင့်ပေး၍ ရပ်/ကျေး ဥက္ကဋ္ဌအကူအညီဖြင့်သာ အမှုဖွင့်၍ရခြင်း၊
- ကျူးလွန်သူ မိသားစုများမှ ဆဲဆိုခြိမ်းခြောက်မှုရှိခြင်း၊
- ကျောင်းအုပ်ဆရာမမှ ကျောင်းဂုဏ်သိက္ခာကြောင့် ကျောင်းဆက်တက်၍ မရဟုပြောခြင်း၊
- ကျူးလွန်သူများမှာ တရားရုံးစစ်ဆေးရာတွင် ဟန်အမူအရာဖြင့် ခြိမ်းခြောက်ခြင်း၊

**အမှုကြာချိန်** - (၁၂) လ၊ ရုံးချိန်း - (၅၀) ချိန်း

## အမှတ်စဉ် (၅၈)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ တရားလို မမြင့်မြင့် အသက် (၂၇ နှစ်) သည် (၂၆ - ၇ - ၂၀၁၄) ရက်နေ့ (၁၆း၃၀) နာရီအချိန် စက်ရုံမှအပြန် တရားခံ လင်းလင်း (၁၈ နှစ်) နှင့် ပိုင်ပိုင် (၁၄ နှစ်) တို့နှစ်ယောက်မှာ ဆိုင်ကယ်ဖြင့်ပြန်ပို့ပေးမည်ဆိုကာ - - - မြို့နယ်ရှိ တည်းခိုခန်းသို့ ခေါ်သွားသည်။ တရားလို မမြင့်မြင့်က တည်းခိုခန်းမှထွက်မည်ပြုစဉ် လင်းလင်း (၁၈ နှစ်) နှင့် ပိုင်ပိုင် (၁၄ နှစ်) တို့မှ တရားလို၏ပါးစပ်ကိုပိတ်ကာ အော်ရင် မူဆယ်ကိုပို့ပြီး တရုတ်မယားအဖြစ် ခြောက်လပေါင်းရမည်။ ထိုသို့မပေါင်းလျှင် ငွေကိုယူရမည်ဟု ပိုင်ပိုင်မှ ပြောပြီး လင်းလင်းမှ တရားလိုခြေထောက်နှင့် လက်ကိုကိုင်ပေးပြီး ပိုင်ပိုင်မှ သားမယားအဖြစ် (၁၅) မိနစ်ခန့် ပြုကျင့်ပါသည်။ ထို့နောက် နောက်နေ့တွင် လင်းလင်းပြန်သွားပြီး ပိုင်ပိုင်မှ တရားလိုအား သားမယားအပြစ် တစ်ကြိမ် ပေါင်းသင်းပါသည်။ တရားလို မမြင့်မြင့်မှ ရှက်၍ အော်ဟစ်ခြင်းမရှိပါ။ ပိုင်ပိုင်ကို ပြန်လည်ရန်ပြုခြင်းလည်း မရှိပါ။ နောက်နေ့မနက် (၅) နာရီတွင် တရားလို မမြင့်မြင့်မှာ အိပ်ယာမှနိုးလာပြီး အခန်းတံခါးဖွင့်ကြည့်ရာ ပွင့်သွားပြီး အပြင်ထွက်၍ ကုန်စုံဆိုင်မှ ဖုန်းဖြင့်မိဘများထံ လာရောက်ခေါ်ယူရန်ပြောပြီး တည်းခိုခန်း သို့ ပြန်ဝင်ခဲ့ပါသည်။ ထို့နောက်တရားလို၏ မိခင်လာခေါ်ရာ အိမ်သို့ပြန်ခဲ့ရပါသည်။ အိမ်သို့မရောက်ခင် တရားလို မမြင့်မြင့်မှ ရဲစခန်းသို့ သွားရောက်အမှုဖွင့်သဖြင့် အမှုပေါ်ပေါက်လာရခြင်း ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၃၆၆ (အတင်းအဓမ္မထိမ်းမြားပေးစားရန် စသည်တို့အတွက် မိန်းမကို သွေးဆောင်ဆွဲခေါ်ခိုးယူမှု) အား ကျူးလွန်သဖြင့် ထောင်ဒဏ် (၉) လ ကျခံစေဟု အမိန့်ချမှတ် ခဲ့ပါသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ


- ♦ တရားခွင် အပြောင်းအလဲရှိ၍ အမှုတွင် ကြန့်ကြာမှုရှိခြင်း။

**အမှုကြာချိန်** - (၁၀) လ၊ ရုံးချိန်း - (၂၅) ချိန်း

## အမှတ်စဉ် (၅၉)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ ဦးဝင်း၏သမီးဖြစ်သူ မြမြဝင်း အသက် (၂၀ နှစ်) သည် လှိုင်သာယာရှိ အဒေါ်ဖြစ်သူ မမြင့်မြင့်ထံတွင် နေထိုင်ပြီး အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်သည်။ သို့သော် မည်သည့်စက်ရုံမှန်း ဦးဝင်း မသိပေ။ (၂၇ - ၁၂ - ၂၀၁၃) နေ့တွင် မြမြဝင်းသည် ရဲရင့်ဆွေ အသက် (၂၅ နှစ်) ဖုန်းဆက်၍ ခေါ်သဖြင့် လိုက်သွားခဲ့သည်။ သူငယ်ချင်းများ စောင့်နေသည်ပြော၍ လိုက်သွားခဲ့ပြီး တကယ်တမ်းတွင် မရှိသဖြင့်မေးသည်။



ထိုအခါမှ သူ့အား ခိုးလာကြောင်းကိုပြောပြီး အော်ရင်သတ်မည်ဟု ဓားဖြင့်ခြိမ်းခြောက်၍ ဘားအံမှတစ်ဆင့် မြဝတီသို့ ခေါ်သွားခဲ့သည်။ ရဲရင့်ဆွေ၏ အသိအိမ်တွင် (၂) ရက် ခန့်နေပြီး ၄င်းစက်ရုံအနီးရှိ အခန်းတွင်ထားခဲ့သည်။ ရဲရင့်ဆွေ အပြင်ထွက်သွားချိန်တွင် ဘေးခန်းမှ အမျိုးသမီးကို အကူအညီတောင်းပြီး ရဲရင့်ဆွေမှ မိမိအား ခြိမ်းခြောက်ခဲ့ကြောင်း ပြောပြခဲ့သည်။ ထိုအတောအတွင်း အလိုမတူ ပြုကျင့်ခဲ့သည်။ ထိုစဉ် တရားခံမှ သိသွား၍ ပြန်ပို့မည်ဟု ပြောသော်လည်း အိမ်အကူအဖြစ် (၄) လခန့် လုပ်ခိုင်းခဲ့သည်။ ထိုအိမ် ရောက်မှ ကိုယ်ဝန်ရှိလာခဲ့ပါသည်။ ၎င်းအတောအတွင်း တရားခံမှ ရန်ကုန်ပြန်စဉ်က မမြမြဝင်း၏ဖခင်မှ လူပျောက်တိုင်ထားသည်ကိုသိ၍ မြမြဝင်းကို ပြန်ပို့ခဲ့ပြီး လှိုင်သာယာရှိ အဆောင်တစ်ခုတွင် ထားသည်။ ထို့နောက် စက်ရုံတစ်ခုတွင် အလုပ်ဝင်လုပ်ခဲ့သည်။ ရဲရင့်ဆွေမှ စကားများ၍ ထွက်သွားခဲ့သဖြင့် ရဲရင့်ဆွေ၏ မိဘများထံ စုံစမ်းသော်လည်း မရှိကြောင်း ပြော၍ အုပ်ချုပ်ရေးမှူးထံ တိုင်တန်းပြီးမှ တရားရုံးမှ တရားစွဲဆိုခဲ့သည်။

## တရားရုံးစီရင်ချက်

တရားခံရဲရင့်ဆွေသည် ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၆၆ (အတင်းအဓမ္မ ထိမ်းမြားပေးစားရန်အတွက် မိန်းမကို သွေးဆောင်ဆွဲခေါ်ခိုးယူမှု) အရ အလုပ်နှင့်ထောင်ဒဏ် (၉) လကျခံရန် ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပြစ်ဒဏ်နည်းသဖြင့် အမှုသည်မှာ ကျေနပ်မှုမရှိခြင်း၊
- စက်ရုံတွင် လုပ်သည့်အလုပ်သမားဖြစ်၍ အမှုရင်ဆိုင်သည့်အခါတွင် ခွင့်မရခြင်း၊
- ရုံးချိန်းသွားရခြင်းကြောင့် အလုပ်ပျက်သဖြင့် ဝင်ငွေထိခိုက်ခြင်း၊

**အမှုကြာချိန်** - (၁၀) လ၊ ရုံးချိန်း - (၂၂) ချိန်း

## အမှတ်စဉ် (၆၀)

## အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်နေ ဒေါ်မြင့်မြင့်သည် (၁၇ - ၉ - ၂၀၁၃) တွင် ကျူရှင်ပြပြီး အိမ်အပြန်တွင် သမီးဖြစ်သူ မနီးနီး အသက် (၁၈ နှစ်) ပျောက်နေ၍ စုံစမ်းခဲ့ရာတွင် အောင်အောင် (၂၇ နှစ်) ခေါ်သွားခဲ့ပြီး ည (၁၀) နာရီခွဲခန့်ရောက်မှ အိမ်သို့ပြန်လာပို့သည်။ သမီးဖြစ်သူမှ ပြဿနာ မလုပ်မှသာ ပို့မည်ဟုလည်းပြော၍ အိမ်ပြန်ရောက်လာခြင်းဖြစ်သည်။ မိခင် ဒေါ်မြင့်မြင့်မှ သမီးအား အပျိုရည်ပျက်သလားဟုမေးရာ ဘာမှမဖြစ်ကြောင်းပြောသည်။ မကြာမီ အောင်အောင် အသက် (၂၇ နှစ်) ၏ မိခင်နှင့်အစ်မများရောက်လာပြီး ပိုက်ဆံတစ်သိန်းပေး၍ မတိုင်ပါနဲ့ဟုပြောခဲ့ရာ လက်မခံသဖြင့် ရိုင်းပြစွာပြောခဲ့သည်။ ထိုသူတို့ပြန်သွားကာမှ သမီးဖြစ်သူမှာ ၎င်းအားစော်ကားခဲ့ကြောင်း ပြောဆိုသည်။ သို့သော် အမှုမဖွင့်ခဲ့ပေ။ ထို့နောက် စိတ်ညစ်၍ အညာပြန်မည်ဟု လက်မှတ်ဝယ်ပြီး ပြန်လာစဉ် သမီးမှာ ပျောက်သွားသည်။ (၂) လပိုင်း (၁) ရက်နေ့တွင် သူ့အား လာကယ်ရန်၊ တစ်ယောက်တည်းမလာရန် ဖုန်းဆက်၍ပြောခဲ့သည်။ ထို့ကြောင့် ရန်ကုန်သို့ပြန်လာပြီး ရဲများနှင့်

သွား၍ကယ်ရာတွင် နေမကောင်းဖြစ်နေ၍ ဗဟိုအမျိုးသမီးဆေးရုံတွင် (၈) ရက်ခန့် ဆေးကုသခဲ့ရာမှ စိတ်ကျန်းမာရေးဆေးရုံသို့ ပြသရန်ပါ ညွှန်ကြားခဲ့သည်။ ခြိမ်းခြောက်ကာမရယူသဖြင့် မနိုးနိုးထံတွင် ကိုယ်ဝန်ရှိလာသော်လည်း အောင်အောင်ကရိုက်နှက်၍ ကိုယ်ဝန်ပျက်ကျခဲ့သည်။ ထို့ကြောင့် ရဲစခန်းတွင် မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်က တရားလိုပြုလုပ်ပြီး အရေးယူပေးရန် တိုင်ကြားခဲ့သောအမှု ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၆၆ (အတင်းအဓမ္မ ထိမ်းမြားပေးစားရန်အတွက် မိန်းမကို သွေး ဆောင်ဆွဲခေါ် ခိုးယူမှု) ပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၇) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

**အမှုတွင်ကြုံရသောအခက်အခဲများ**

- တရားလိုဘက်မှသက်သေများအား တရားခံဘက်မှစည်းရုံးထား၍ ရဲထံတစ်မျိုး၊ တရားရုံးရှေ့တစ်မျိုး ထွက်ဆိုကြခြင်း။

**အမှုကြာချိန်** - (၁၆) လ၊ ရုံးချိန်း - (၅၅) ချိန်း

## အမှတ်စဉ် (၆၁)

## အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်းဒေသကြီး၊ - - - မြို့နယ်ရှိ တရားလို ဒေါ်ဖြူ၏ သမီးဖြစ်သူ မအိတင်ဇာ အသက် (၁၈) နှစ်သည် (၁၂ - ၆ - ၁၆) နေအိမ်မှ ထွက်သွားပြီးနောက် ပြန်မလာသဖြင့် ပတ်ဝန်းကျင်သို့ လိုက်လံစုံစမ်းရာတွင် အောင်အောင် အသက် (၂၃) နှစ်သည် ဆိုင်ကယ်နှင့် မအိတင်ဇာအား ဖျားယောင်းသွေးဆောင်ခေါ်သွားကြောင်း သိခဲ့ရပါသည်။ ထို့ကြောင့် ဒေါ်ဖြူသည် အုပ်ချုပ်ရေးမှူးနှင့်အတူ တောင်ငူမြို့နယ်သို့ လိုက်သွားရာ (၁၄ - ၆ - ၁၆) ရက်နေ့တွင် ကိုအောင်အောင်နှင့် မအိတင်ဇာကို လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ကြသည်ကို တွေ့ခဲ့ရပါသည်။ ထိုကဲ့သို့လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ရန် ခေါ်ဆောင်ခဲ့သူ ကိုအောင်အောင်ကို ဥပဒေအရ အရေးယူပေးရန် တိုင်တန်းသော အမှုဖြစ် သည်။

## တရားရုံးစီရင်ချက်

တရားခံအောင်အောင်ကို ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၆၃ (မိဘအုပ်ထိန်းသူထံမှ ခိုးယူမှု) အရ ထောင်ဒဏ် ၄ နှစ်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ငွေကြေးအခက်အခဲကြောင့် တရားရုံးသို့ ပုံမှန်လာဖို့ အခက်အခဲတွေ၊
- သက်သေစရိတ်ထုတ်ပေးမှု မရှိခြင်း၊
- ကျောင်းနာမည်ပျက်မည်ဟုဆို၍ ကျောင်းအုပ်က သက်သေမထွက်ဆိုခြင်း၊
- ပြစ်ဒဏ်နည်း၍ အမှုသည်မှာ ကျေနပ်မှုမရှိခြင်း။

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၀) ချိန်း

## အမှတ်စဉ် (၆၂)

### အမှုဖြစ်စဉ်အကျဉ်း

ကချင်ပြည်နယ်၊ - - - မြို့နေ ဦးပေါလုသည် သမီးဖြစ်သူ မဂျာ အသက် (၁၈ နှစ်) အား ကျောင်းတက်ရန် ဒေါ်ခွမ်ဂျာ အိမ်သို့ပို့ထားခဲ့ကြောင်း၊ ဒေါ်ခွမ်ဂျာနှင့် ရင်းနှီးသူ မခိုင်မှ သမီးဖြစ်သူ မဂျာအား ရွှေလီမြို့ရှိ အထည်ဆိုင်တွင် အလုပ်လုပ်ပါက ဝင်ငွေကောင်းပြီး အဆင်ပြေမည့်အကြောင်း စည်းရုံးပြောဆိုသဖြင့် မဂျာမှ ၎င်းဆန္ဒဖြင့် ရွှေလီမြို့သို့သွားခဲ့ပြီး နောက်ပိုင်း မဂျာအားဆက်သွယ်ရာ ရွှေလီမြို့တွင် မရှိကြောင်းသိရသဖြင့် ပွဲစားမခိုင် အသက် (၃၁) နှစ်မှ တရုတ်နိုင်ငံတွင် ရောင်းစား လိုက်သည်ဟု သိရှိခဲ့ရပါသည်။ ဦးပေါလုမှ သမီးဖြစ်သူအား စည်းရုံးခေါ်သွားပြီး တရုတ်နိုင်ငံသို့ ရောင်းစားခဲ့သူမခိုင်အား အရေးယူပေးပါရန် မြို့မရဲစခန်းသို့ တိုင်တန်းရာမှ တရားစွဲတင်ပို့သော အမှုဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

အထက်ပါအမှုတွင် ပြစ်မှုကျူးလွန်သူ မခိုင်အား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ (၂၄) အရ အလုပ်နှင့်ထောင်ဒဏ် (၁၂) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေမလာ၍ အမှုကြန့်ကြာခြင်း၊
- ခရီးဝေးသဖြင့် မျက်မြင်သက်သေက တရားခွင်လာဖို့ အခက်အခဲရှိခြင်း၊
- ခရိုင်တရားရုံးတွင် စစ်ဆေး၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် အချိန်ကုန်၊
- ငွေကြေးမတတ်နိုင်မှု အလုပ် ပျက်ခြင်းများရှိခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် (၆၃)

## အမှုဖြစ်စဉ်အကျဉ်း

ရောဝတီတိုင်းဒေသကြီး၊ - - မြို့တွင် (၁၀ - ၁၀ - ၂၀၁၅) ရက်နေ့ နံနက် (၀၇း၀၀) နာရီအချိန်ခန့်၌ ဒေါ်သန်းသန်းသည် သမီးဖြစ်သူ မဖြူဖြူ အသက် (၁၄) နှစ်အား ဈေးသို့ ဈေးဝယ်ရန် စေလွှတ်ခဲ့ပါသည်။ နေ့လည်အထိ ပြန်မလာဘဲ၊ ညနေ (၆) နာရီတွင် သမီးဖြစ်သူ ဖုန်းဆက်ရာမှ၊ မအောင်မေ (၄၃ နှစ်) နှင့်အတူ ဖုန်းဆိုင်တွင် အလုပ်ရမည်ပြော၍ မချမ်းမြေ့နှင့်အတူ လိုက်သွားသည်ဟု သိရသည်။ စုံစမ်းရာတွင် မအောင်မေနှင့် သမီးဖြစ်သူ မဖြူဖြူက မရွှေရည်နှင့် မအိအိသူတို့အား မန္တလေးတွင် ပြည့်တန်ဆာလုပ်ခိုင်းသည်ဟု သိရကြောင်း၊ သမီးဖြစ်သူ မဖြူဖြူမှာ ရွာသို့ မသင်းမာ၊ မမူယာတို့နှင့်အတူ ပြန်ရောက်လာသောအခါ မေးကြည့်ရာတွင် မန္တလေးနှင့် စစ်ကိုင်းတို့တွင် ပြည့်တန်ဆာလုပ်ရသည်ဟု ပြောပြသည်။ ထို့ကြောင့် ရဲစခန်းတွင် မိခင် ဒေါ်သန်းသန်းက တိုင်တန်းရာမှ ပေါ်ပေါက်လာသောအမှုဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

တရားခံ မအောင်မေနှင့် တရားခံ အငယ်လေးတို့သည် ၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အပြစ်ရှိသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ်စီ ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- စွဲချက်တင်ရာတွင် အဓိကသက်သေများအား ချန်လှပ်ထားခဲ့ခြင်း၊
- တရားလိုမှာ ငွေကြေးမတတ်နိုင်၍ ရုံးချိန်းပုံမှန်မလာနိုင်ခြင်း၊
- တရားရုံးမှပေးသော သက်သေစရိတ် လုံလောက်မှုမရှိခြင်း၊ ပုံမှန်ထုတ်မပေးခြင်း၊

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်း - (၂၂) ချိန်း

## အမှတ်စဉ် (၆၄)

## အမှုဖြစ်စဉ်အကျဉ်း



ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၊ (၇ - ၁၁ - ၂၀၁၄) ရက်နေ့ ည (၁၀) နာရီခန့် ခင်ပွန်းဖြစ်သူ ကိုထွန်းထွန်းမှာ ပင်လယ်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူဖြစ်ပြီး သမီးညီမများနှင့်အတူ အိပ်နေစဉ် ဦးမြဝင်း အသက် (၄၆) နှစ်အား ခြင်ထောင်အတွင်းထဲတွင် တွေ့ရပြီး မခင်ဝင်း အသက် (၂၁ နှစ်) လုံချည်အား လှန်သဖြင့် အရေးယူပေးပါရန် တိုင်ကြားခြင်းဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၇၆/၅၁၁ (မုဒိမ်းမှုကျူးလွန်ရန် ကြံစည်အားထုတ်မှု) ကို ကျူးလွန်သည့်အတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၂) နှစ် ချမှတ်လိုက်သည်။


### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားခံမိသားစုများမှ ခြိမ်းခြောက်ခြင်း၊

**အမှုကြာချိန်** - (၈) လ၊ ရုံးချိန်း - (၂၂) ချိန်း

**အမှတ်စဉ် (၆၅)**

**အမှုဖြစ်စဉ်အကျဉ်း**



ရောဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၊ (၁၈ - ၅ - ၂၀၁၅) နေ့ နံနက် (၆) နာရီခန့်တွင် တရားလို ဒေါ်စန်းစန်းသည် ဈေးမှနေအိမ်သို့လာစဉ် သမီးဖြစ်သူ မမီးမီး အသက် (၁၅ နှစ် ၆ လ)၏ အဝတ်အစားများကို မတွေ့၍ သမီးဖြစ်သူ ဈေးရောင်းရာ (၂) ရပ်ကွက်သို့ သွားရောက်ကြည့်ရာတွင် မတွေ့ပေ။ (၂၀ - ၅ - ၂၀၁၅) တွင် သမီးဖြစ်သူမှ သူငယ်ချင်းများနှင့် ရန်ကုန်သို့ အလုပ်လုပ်ရန် ရောက်နေကြောင်း ဖုန်းဆက်ပြောသည်။ သို့သော် (၂၁ - ၅ - ၂၀၁၅) တွင် (၁၅) ရပ်ကွက်မှ ကိုလွှမ်းမိုး အသက် (၁၉) နှစ်ဆိုသူနှင့် လိုက်သွားရမည်ဟုဖုန်းဆက်ခဲ့သည်။ ထို့နောက် ကိုလွှမ်းမိုးဆိုသူမှ မမီးမီးအား သွေးဆောင်ခေါ်သွားကြောင်း ထပ်မံပြောသဖြင့် ကိုလွှမ်းမိုးအား

တရားလို ဒေါ်စန်းစန်းမှ တရားဥပဒေအရ အရေးယူပေးပါရန် ရဲစခန်းသို့ တိုင်တန်းရာမှ ရာဇသတ်ကြီး ပုဒ်မ ၃၆၃ ဖြင့် တရားစွဲဆိုလာသော အမှုဖြစ်ပါသည်။

## တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၃၆၃ (မိဘအုပ်ထိန်းသူထံမှ ခိုးယူမှု) ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၄) နှစ် ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တစ်နေကုန်စောင့်နေရ၍ အဆင်မပြေမှုရှိခြင်း၊
- အိမ်နီးနားချင်းမှသိရှိ၊ မြင်တွေ့သူများမှာ အိမ်နီးချင်းများဖြစ်၍ မိတ်ပျက်မည်စိုး၍ သက်သေအဖြစ် မထွက်ဆိုလိုခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၃) ချိန်း

## အမှတ်စဉ် (၆၆)

## အမှုဖြစ်စဉ်အကျဉ်း

ဧရာဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၁၀ - ၁၀ - ၁၄) ရက်နေ့ (၂၂) နာရီအချိန် ဒေါ်ဝင်းမှ ရန်ကုန်မြို့သို့ အလုပ်ကိစ္စဖြင့် သွားရောက်နေစဉ် ဒေါ်ဝင်း၏ သမီးဖြစ်သူ မဖြိုးဖြိုး အသက် (၁၅) နှစ်မှာ ည (၇) နာရီတွင် အပြင်ထွက်သွားပြီး ညအချိန်ပြန်လည်ရောက်ရှိလာခြင်းမရှိသေးကြောင်း၊ ၎င်းတို့လည်း လိုက်လံရှာဖွေနေကြောင်း ယောက်မဖြစ်သူမှ တယ်လီဖုန်းဖြင့် အကြောင်းကြားသဖြင့် (၁၁ - ၁၀ - ၁၄) ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လာပြီးစုံစမ်းရာ မောင်တိုးဝေ အသက် (၃၀) နှစ် မိန်းမရှိ ကလေးတစ်ယောက်ဖခင်နှင့် ခိုးရာလိုက်သွားကြောင်း စုံစမ်းသိရှိရ၍ မိဘအုပ်ထိန်းမှုအောက်မှ ခွင့်ပြုချက်မရှိဘဲ သမီးဖြစ်သူ မဖြိုးဖြိုးအား ခိုးယူပေါင်းသင်းသူကို အရေးယူပါရန် တိုင်တန်းသော အမှုဖြစ်ပါသည်။


## တရားရုံးစီရင်ချက်

တရားခံ မောင်တိုးဝေအား ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၆၃ (မိဘအုပ်ထိန်းသူထံမှ ခိုးယူမှု) အရ ထောင်ဒဏ် (၁) နှစ်နှင့် (၆) လ ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် ကလေးအားစစ်ဆေးရာတွင် ရှက်ကြောက်မှုရှိ၍ ထွက်ဆိုချက် အဆင်မပြေခြင်း၊
- ပတ်ဝန်းကျင်၏ ခွဲခြားဆက်ဆံခံရမှုကြောင့် အမှုပြီးနောက် တခြားနေရာပြောင်းရွှေ့သွားခြင်း၊

**အမှုကြာချိန်** - (၂၀) ရက်၊ ရုံးချိန်း - (၄) ချိန်း




# စိတ်ပိုင်း / ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု



## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၊ တရားလို မစိုးစိုး (၂၃ နှစ်) နှင့် တရားခံ မောင်တင်ထွန်း (၂၃ နှစ်) တို့မှာ လူငယ်သဘာဝ ချစ်သူများဖြစ်ခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ လမ်းခွဲခဲ့ကြသည်။ ၎င်းလမ်းခွဲပြီးနောက်ပိုင်းတွင် တရားခံ မောင်တင်ထွန်းမှ တရားလို မစိုးစိုး၏ ဓာတ်ပုံများကို အသုံးပြုပြီး ညစ်ညမ်းသော စာသားများရေးကာ Facebook ပေါ်တွင် တင်၍ ဖြန့်ခဲ့သည်။ ထို့ပြင် တရားလို မစိုးစိုး၏မိတ်ဆွေ၊ သူငယ်ချင်းများကိုပါ message မှ တစ်ဆင့် မကြားဝံ့မနာသာ ညစ်ညမ်းစွာ ရေးသား၍ ပို့ခဲ့ပါ သည်။ လုပ်ငန်းခွင်ရှိ သူငယ်ချင်းများထံသို့ တရားလို မစိုးစိုးသည် မကောင်းသည့်မိန်းမဖြစ်ကြောင်း Facebook မှ တဆင့် ပြောဆိုခဲ့သည်။ ထို့ကြောင့် တရားလိုမစိုးစိုးမှ မိမိအား ယခုကဲ့သို့ ပြုလုပ်သူ မောင်တင်ထွန်းအား ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် အမှုဖွင့်ခဲ့ပါသည်။ လူမှုကွန်ရက် Facebook ကို အသုံးပြု၍ မိန်းမသားတစ်ယောက်၏ ဂုဏ်သိက္ခာညှိုးနွမ်း၍ နာမည်ဖျက်ပြီး အလုပ်ကိုထိခိုက်စေရန် ခြိမ်းခြောက်နှောင့်ယှက်နေသဖြင့် အရေးယူပေးပါရန် တရားခံအား တိုင်ကြားခဲ့သည်။



## တရားရုံးစီရင်ချက်

တရားခံသည် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ (၈၇) အရ တရားခံပြေး ကြေငြာကြောင်းနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ (၈၈) အရ တရားခံပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်း/ မရွှေ့ပြောင်း နိုင်သောပစ္စည်းများအား ဝရမ်းကပ်ကြောင်း အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုသွားဖွင့်ရာတွင် Facebook လူမှုကွန်ယက်မှ ပြုလုပ်ကြောင်းပြောရာ လုပ်တဲ့သူနှင့် သက်သေအထောက် အထားများ သေချာမှု ရှိ/မရှိ အကြိမ်ကြိမ် မေးမြန်းခံရခြင်း၊
- မိမိတွင် လူသက်သေ၊ လူမှုကွန်ယက် ၎င်းတင်ထားသည့်သက်သေများရရှိရန် များစွာ ကြိုးပမ်းရခြင်း၊
- အမှုတိုင်ထားစဉ်အတွင်း လူမှုကွန်ယက်ရှိပုံများကို ဖြုတ်ချဖို့ ဖျက်ပေးနိုင်ခြင်း မရှိခြင်း၊ တရားရုံးတော်မှ မျှတသောအမိန့်ကို ချမှတ်ပေးသော်လည်း အမှုတွင် တရားခံအား ဖမ်းဆီးမှု မရနိုင်၍ တရားမျှတမှု ရရှိသည်ဟု မခံစားရခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၁) ချိန်း

## အမှုတွဲ (၆၈)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်တွင် (၃၀ - ၃ - ၂၀၁၃) နေ့ (၆) နာရီ အချိန်က မမာအေးသည် နီတိုးနှင့်အတူ ဈေးရောင်းရန်သွားစဉ် တစ်ရပ်ကွက်တည်းနေ ခင်မင်ရင်းနှီးသော မောင်မောင် အသက် (၂၄) နှစ်က အရက်မူးပြီး ပိုက်ဆံတောင်းရာ မပေးသဖြင့် မမာအေး အသက် (၄၄) နှစ်ကို ဆောင့်တွန်းကြောင်း၊ အနီးနားရှိ နီတိုးကိုလည်း အုတ်ခဲနှင့်ထုပြီး လဲကျသွားသော မမာအေး၏ ဦးခေါင်းကိုလည်း ဖူးယောင်ပေါက်ပြဲဒဏ်ရာများရရှိအောင် ပြုလုပ်ကြောင်း၊ ဈေးဆိုင်မှ ဦးဘိုဖြူ ရောက်လာကာ ဆေးရုံသို့ပို့ကြောင်း သိရ၍ မမာအေးနှင့် နီတိုးတို့အား လုယက်မှုကျူးလွန်ရာတွင် ဒဏ်ရာရအောင် ပြုလုပ်သူ မောင်မောင်အပေါ် ဥပဒေအရ အရေးယူပေးရန် တိုင်တန်းရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံအား ရာဇသတ်ကြီးပုဒ်မ - ၃၉၄ (လုယက်မှုကျူးလွန်ရာတွင် မိမိအလိုအလျောက်နာကျင်မှု) အရ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည် ထောင်ဒဏ်မှ ချုပ်ရက်များကို ထုတ်နှုတ် ကျခံစေသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေများအား တဖက်မှ စည်းရုံးခံရခြင်း၊ သက်သေများ လာရောက်မထွက်ဆိုကြခြင်း၊
- ရပ်/ကျေး အုပ်ချုပ်ရေးမှူးမှ ပူးပေါင်းကူညီမှုအားနည်းခြင်း၊
- တရားရုံးတွင် တချို့ရုံးချိန်းများတွင် တစ်နေကုန်စောင့်ရ၍ ကလေးကျောင်းပျက်၊ အမှုသည်များ ဈေးရောင်းပျက်၍ ဝင်ငွေထိခိုက်ခြင်း၊

**အမှုကြာချိန်** - (၁၁) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် ( ၆၉ )

## အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ - - မြို့နယ်ရှိ မရီရီ အသက် (၄၆) နှစ်သည် ဈေးရောင်းနေစဉ် မခိုင်ခိုင် အသက် (၃၉) နှစ် ရောက်ရှိလာပြီး တစ်လလျှင် (၃) သိန်းရနိုင်ကြောင်း ပြောသဖြင့် သဘောတူသောကြောင့် နောက်တစ်နေ့တွင် ဒဂုံ - ရောအဝေးပြေးဂိတ်မှ ကားစီး၍ ကားပေါ် ရောက်သောအခါမှ ၎င်းနှင့်ဆွေမျိုးတော်စပ်သူ မောင်ခင်ဝင်း၊ မတူးတူးနှင့် မဝေဝေတို့ကို တွေ့ရခြင်း ဖြစ်ကြောင်း၊ ထားဝယ်မှ မြိတ်သို့ရောက်ရှိပြီး ဆိုင်ကယ် (၃) စီးဖြင့် ၎င်းတို့ (၅) ဦးသည် တောလမ်း အတိုင်းစီးသွားပြီး မောတောင်မြို့သို့ရောက်ရှိကြောင်း၊ ထိုမှတစ်ဆင့် ဆိုင်ကယ်ဖြင့် တစ်ဖက်နိုင်ငံသို့ ရောက်ရှိ၍ မေးမြန်းသောအခါ ထိုင်းနိုင်ငံရောက်မှန်းသိရ၍ မရီရီနှင့် မခိုင်ခိုင်တို့စကားများကြကြောင်း၊ တရားလိုက ပြန်လိုကြောင်းပြောရာတွင် မခိုင်ခိုင်က ပြန်ဖို့မစဉ်းစားနဲ့ဟု ပြောကြောင်း၊ တရားလိုသည်

ထိုင်းနိုင်ငံ နာနတ်သီးစက်ရုံတစ်ခုတွင် သန့်ရှင်းရေးအလုပ်လုပ်ရပြီး ထိုစက်ရုံတွင် (၉) လတိတိ လုပ်ကိုင်ခဲ့သော်လည်း အမှန်တကယ်ရရှိမည့် တစ်ပတ်လျှင် အချိန်ပိုလုပ်ခအပါအဝင် ဘတ် (၂၀၀၀ - ၃၀၀၀) ခန့် ရရှိမည်ဖြစ်သော်လည်း ထိုင်းဘတ် (၃၀၀) သာလျှင် မခိုင်ခိုင်မှ ပေးသဖြင့် လောက်ငှခြင်းမရှိ မစုမိဘဲ ဆန်ပြုတ်ကိုသာ အမြဲစားခဲ့ရကြောင်းစသဖြင့် အခင်းဖြစ်ကိစ္စအား လူကုန်ကူးမှုတားဆီးရေးအဖွဲ့သို့ ဆက်သွယ် တိုင်တန်းသောအမှု ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံမခိုင်ခိုင်သည် မရီရီနှင့်အတူ (၅) ဦးအား စည်းရုံးခေါ်ဆောင်ကာ ထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ့ကြကြောင်း၊ မရီရီကို အကြွေးဖြင့်ချည်နှောင်ကာ ၎င်း၏ လုပ်ခလစာများအား ဖြတ်တောက်ရယူခြင်း၊ ခြိမ်းခြောက်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းများပြုခဲ့ကြပြီး တရားခံ ဇော်ဇော်သည် တရားခံ မခိုင်ခိုင်က ခေါ်လာသူများကို အခကြေးငွေရယူကာ အလုပ်အကိုင်ရှာဖွေပေးခဲ့ကြောင်းနှင့် တရားခံ မခိုင်ခိုင်က ၎င်းတို့အပေါ် ပြုမူနေမှုများအား သိရှိနိုင်သည့် အနေအထားရှိပါလျက် တားမြစ်ခြင်း၊ ဟန့်တားခြင်း မရှိဘဲ တရားခံ မခိုင်ခိုင်ကို အားပေးကူညီခဲ့သည်ဟု သုံးသပ်ရသဖြင့် ပြစ်မှုရှိကြောင်း ထင်ရှား ပေါ်ပေါက်၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ - ၂၄/၃၂ အရ တရားခံနှစ်ဦးအား တစ်ဦးလျှင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၁၀) နှစ်စီကျခံရန် အမိန့်ချမှတ်လိုက်သည်။


### အမှုတွင်ကြုံရသောအခက်အခဲများ

- ဆွေမျိုးများဖြစ်နေ၍ အမှုရုပ်သိမ်းပေးရန် ဖိအားပေးခံရခြင်း။
- သက်သေများအား တဖက်မှစည်းရုံး၍ သက်သေများစိုးရိမ်မှုရှိသဖြင့် ပြည့်စုံစွာ မထွက်ဆိုကြခြင်း။
- အမှုစစ်ဆေးပြီး တရားရုံးအမိန့်ချရန် (၁၀) ချိန်းကြာခြင်း။

**အမှုကြာချိန်** - (၁၃) လ၊ ရုံးချိန်း (၅၁) ချိန်း

## အမှတ်စဉ် (၅၀)

## အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၅ - ၉ - ၂၀၁၄) နေ့(၉း၃၀) နာရီခွဲတွင် "Billion 123 Company" ကုမ္ပဏီလီမိတက်ဝန်ထမ်း မောင်ထင်ကျော်သည် လှိုင်မြို့မရဲစခန်းသို့ ရောက်လာပြီး ၎င်းတို့ ကုမ္ပဏီရုံးခန်းတွင် ကုမ္ပဏီဝန်ထမ်း မထွေးထွေးနှင့် ရည်းစားဖြစ်သူ ဖိုးအောင်တို့ ကုမ္ပဏီ ရေချိုးခန်းအတွင်း တံခါးပိတ်ပြီး ရန်ဖြစ်သံများ ကြားရကြောင်းနှင့် မဖွေးဖွေး အသက် (၂၃ နှစ်)၏ "ကယ်ပါ" ဟု အော်သံများ ကြားရကြောင်း၊ ရေချိုးခန်းတံခါး အားအတွင်းမှ ဂျက်ထိုးထားကြောင်း လာရောက်အကြောင်းကြားသဖြင့် ဒုရဲအုပ်ဖြိုးဝေသိန်းနှင့်အဖွဲ့သည် သွားရောက်စစ်ဆေးရာ ကုမ္ပဏီနောက်ဖေးရေချိုး ခန်းတံခါးအားအတွင်းမှ ဂျက်ချထားပြီး အသံမကြားရသဖြင့် ဖွင့်ခိုင်းရာ မဖွင့်ပေးသောကြောင့် တံခါးဂျက်ကို ဖျက်ဆီးဝင်ရောက်ခဲ့ရာ ရေချိုးခန်းအတွင်း၌ မထွေးထွေးသည် ဝဲဘက်နံစောင်း ထိုးသွင်းဒဏ်ရာ ၄ ချက်၊ ဝဲဘက်ရင်အုံတွင် ထိုးသွင်း ဒဏ်ရာ (၄) ချက်၊ ညာဘက် လက်မ၊ ယာဘက် လက်ခလယ်နှင့် လက်ညှိုးကြား၊ ဘယ်ဘက်လက်သန်း၊ ဘယ်ဘက်

လက်ကောက်ဝတ်တို့တွင် ပြတ်ရှဒဏ်ရာ (၁) ချက်စီနှင့် သေဆုံးသည်ကိုတွေ့ရှိပြီး ဖိုးအောင်မှာ ဝဲဘက်လက်ဖျံ၌ သွေးပြန်ကြောအား မိမိကိုင်ဆောင်ထားသော ဓားဖြင့်လှီးဖြတ်ကာ သတိလစ်နေသည်ကိုတွေ့ရှိပြီး ၎င်းအနီး ကြမ်းပြင်ပေါ်တွင် အရိုးအသွား (၁၁) လက်မခန့်ရှိ မီးဖိုချောင်သုံး ဓားဦးချွန် (၁) ချောင်းကို သွေးများ ပေကျံလျက်တွေ့ရသဖြင့် ဒဏ်ရာရသူ ဖိုးအောင်နှင့်သေဆုံးသူ မဖွေးဖွေးတို့အား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ မဖွေးဖွေးအား ဓားနှင့်ထိုးသတ်ပြီး မိမိကိုယ် မိမိ သေကြောင်းကြံစည်သူ ဖိုးအောင်အား အရေးယူပေးပါရန် လှိုင်မြို့မ ရဲစခန်းတွင် တိုင်ချက်ရေးဖွင့်သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၃၀၂ (၂) (တင်ကူးကြံရွယ်ချက်ဖြင့် လူသတ်မှု) အရ လူသတ်မှု ကျူးလွန်ကြောင်းထင်ရှားပြီး တစ်သက်တစ်ကျွန်း ကျခံစေရန်နှင့် ရာဇသတ်ကြီးပုဒ်မ - ၃၀၉ (မိမိကိုယ်ကို သတ်ရန် အားထုတ်မှု) အရ မိမိကိုယ်ကို သတ်သေရန် ကြံစည်ကြောင်း ထင်ရှားသဖြင့် ထောင်ဒဏ် (၆) လ တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ကျူးလွန်သူမိသားစုဘက်မှ အမှုအားပြစ်ဒဏ်လျှော့ပေါ့ရန် နစ်နာသူမိသားစုအား စည်းရုံးမှု ရှိခြင်း၊
- အမှုအား ကျေအေးရပ်သိမ်းပေးရန် ညှိနှိုင်းဖိအားပေးမှုများရှိခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း (၂၃) ချိန်း

## အမှတ်စဉ် ( ၇၁ )

### အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ (၃၁ - ၇ - ၂၀၁၄) ရက်နေ့ (၂၁း၁၅) အချိန်တွင် မချစ်ချစ်သည် မောင်ဖြစ်သူ ရဲပိုင် အသက် (၂၂ နှစ်) နှင့် အဒေါ်ဖြစ်သူ အိမ်မှ လမ်းလျှောက်ပြန်လာစဉ် ဆိုင်ကယ်တစ်စီးတည်းဖြင့် (၃) ယောက် စီးလာသူ မောင်မျိုးအသက် (၃၀ နှစ်) တို့မှ မိမိတို့အား လိုက်မလား ဘယ်လောက်ကျကျပေးမည်။ စားချင်တယ်ဟု အော်ဟစ်ပြောဆိုသွားခဲ့၍ ၄င်းတို့အား လှည့်ကြည့်ရာ အောင်အောင်မှ ရဲပိုင်အား ဘာကြည့်တာလဲဟုပြောပြီး ငါနဲ့ခိုင်းနှိုင်းဆဲဆိုပြီး လက်သီးဖြင့် ဝိုင်းဝန်းထိုးကြိတ်ကြသည်။ မချစ်ချစ်မှ ဝင်ရောက်ဆွဲရာ မချစ်ချစ်ဘက်သို့လှည့်၍ ဆံပင်အားဆွဲပြီး ဆဲဆိုကာ မြေကြီးပေါ်သို့ပစ်လှဲပြီး အပေါ်မှတတ်ခွကာ မျက်နှာအားထိုးကြိတ်ခဲ့ပြီး ထို့နောက် ရဲပိုင်မှ ပတ်ဝန်းကျင်ကို အကူအညီတောင်းပြီး နီးစပ်ရာဆိုင်သို့ ပြေးဝင်၍ မိဘများထံ ဖုန်းဆက်ကြောင်း အချင်းဖြစ်နေရာတွင် ပစ္စည်းကျန်ခဲ့၍ ပစ္စည်းသွားယူစဉ် မောင်မျိုးမှ ဓားတစ်ချောင်းဖြင့် လိုက်ထိုးကြောင်း မချစ်ချစ်တို့လည်း လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ပြေးရာ ဆိုင်ရှင်မှ ၄င်းတို့အား အမှုပတ်မည်ကိုစိုး၍ မောင်းထုတ်သဖြင့် ဆိုင်ကယ်ငှား၍ ပြန်လာရာ - - - ဘုရားနား အရောက်တွင် အဖေနှင့် အမေဖြစ်သူတို့ မှ တွေ့ပြီး မချစ်ချစ်နှင့် ရဲပိုင်တွင် ဒဏ်ရာအသီးသီး

ရရှိခဲ့သဖြင့် မောင်မျိုး (ပါ ၃ ဦး) အပေါ် အရေးယူပေးပါရန် မချစ်ချစ်မှ တရားလိုပြုလုပ်၍ တိုင်တန်းရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံမောင်မျိုးနှင့် အောင်အောင်တို့အား ရာဇသတ်ကြီးပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ငွေဒဏ် ၁၀၀၀၀ (တစ်သောင်းကျပ်) စီ ပေးဆောင်ရန်နှင့် မဆောင်ပျက်ကွက်က အလုပ်နှင့်ထောင်ဒဏ် (၁၅) ရက် စီကျခံစေရန်နှင့် ရာဇသတ်ကြီးပုဒ်မ - ၃၂၅ (မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၃) လ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

အဘ ဦးငွေး၏ သားဖြစ်သူ (၃) တရားခံ မင်းနောင်အား ရာဇသတ်ကြီးပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ငွေဒဏ် ကျပ်တစ်သောင်း ၁၀၀၀၀ဝိကျပ် ပေးဆောင်ရန် မဆောင်ဘဲ ပျက်ကွက်ပါက အလုပ်နှင့် ထောင်ဒဏ် (၁၅) ရက်ကျခံစေ ရာဇသတ်ကြီးပုဒ်မ - ၃၂၃ (မိမိအလိုအလျောက် နာကျင်စေမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၁) လ ကျခံစေရန် ရာဇသတ်ကြီးပုဒ်မ - ၃၂၅ (မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၃) လကျခံစေ ပြစ်ဒဏ်များကို တစ်ပြိုင်တည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- နစ်နာသူမှာ တရားရုံးကချမှတ်သည့် အမိန့်ပြစ်ဒဏ်နည်းသဖြင့် ကျေနပ်မှုမရှိခြင်း။
- အမျိုးသမီးအကြမ်းဖက်ခံရ၍ ဆိုင်ထဲသို့ ဝင်ပြေးသည့်အခါ အမှုပတ်မှာစိုး၍ မောင်းထုတ်ခံရခြင်း၊

**အမှုကြာချိန်** - (၁၈) လ၊ ရုံးချိန်း - (၄၃) ချိန်း

# အမှုတွဲ (၈၂)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်တွင် (၁၁ - ၆ - ၂၀၁၄) ရက်နေ့ (၁) နာရီ ခွဲအချိန်တွင် တရားလို မတင်ဇာဦး အသက် (၁၄ နှစ်) သည် အစ်မဝမ်းကွဲတော်သူ မဇာခြည် စီးလာသော စက်ဘီးအနောက်မှ ထိုင်စီးလာစဉ် မာလာလမ်းအရောက် တစ်ရပ်ကွက်တည်းနေသော ကိုပေါက်ကြီး အသက် (၃၃ နှစ်) နှင့်တွေ့ပြီး ၄င်းမှာ အရက်မူးလာရာ တရားလိုတို့၏စက်ဘီးအား လက်ဖြင့်ဆွဲကာ ရင်သားအား ဆုတ်ကိုင် ပုဆိုးလှန်ပြပြီး ညစ်ညမ်းစွာ ဆဲဆိုခဲ့သည့်အတွက် ရာဇသတ်ကြီးပုဒ်မ - ၃၅၄၊ ၂၉၄၊ ၅၀၉ အရ တရားစွဲဆိုတိုင်တန်းမှာ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရာခံအား ရာဇသတ်ကြီးပုဒ်မ - ၂၉၄ (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာပြောဆိုမှု) အရ ထောင်ဒဏ် (၁၅) ရက်နှင့် ရာဇသတ်ကြီး ပုဒ်မ - ၃၅၄ (ကာယိန္ဒြေကို ပျက်စီးစေရန်အကြံဖြင့် ကျူးလွန်သည့် လက်ရောက်မှု) အရ ထောင်ဒဏ် (၁) လ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုစစ်ခွဲချိန်တွင် တရားခံမှ မိမိအား စိုက်ကြည့်ပြီး ဟန်အမူအရာအားဖြင့် ခြိမ်းခြောက်ခြင်း၊
- ပြစ်ဒဏ်နည်းသည့်အတွက် အချိန်တိုအတွင်း တရားခံမှ ပြန်လွတ်လာပြီး ရန်မူမည်ကို စိုးရိမ်မှုရှိခြင်း၊
- အမှုစစ်ဆေးချိန် တရားရုံးတွင် တံခါးပိတ်သီးသန့်စစ်ဆေးခြင်း မရှိခြင်းနှင့် အနက်ရောင် (ယူနီဖောင်း) ဝတ်စုံများ ဝတ်ဆင်ထားခြင်းကြောင့် အမျိုးသမီးငယ်အား စစ်ဆေးရာတွင် ရှက်ကြောက်ခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှုတွဲစဉ် (၅၇)

## အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်း၊ - - - မြို့နယ်တွင် (၂၀ - ၅ - ၂၀၁၄) တွင် တရားလို မသဲသဲ အသက် (၁၆ နှစ်) ဆေးဝယ်ရန် ထွက်အလာ အစ်မဖြစ်သူ၏ အိမ်ရှေ့အရောက်တွင် အစ်မ၏ ယောက္ခမနှင့် ယောက်မတို့ ဝိုင်းရိုက်နေသည်ကို တွေ့သည်။ အစ်မမှ အဖေနှင့် အမေကို သွားခေါ်ပေးရန်ပြော၍ သွားခေါ် ပေးရာတွင် အစ်မ၏ယောက်ျား၊ အဒေါ်နှင့် အစ်မတို့မှ အိမ်ထဲသို့ ဆွဲခေါ်ပြီး မကြားဝံ့မနာသာအောင် ပြောကာ ၎င်း၏အစ်မယောက်ျား၏အဒေါ်မှ တစ်ချက်၊ ကျန်အဒေါ်နှင့် အစ်မများမှလည်း ရိုက်နက်ခဲ့ကြသည်။ ထိုစဉ် အဖွားရောက်လာ၍ လွတ်သွားပြီး ရပ်ကွက်လူကြီးများကို တိုင်ရန်ပြေးစဉ် သတိမေ့သွား၍ မန္တလေးဆေးရုံသို့ပို့၍ ကုသခဲ့ရသည်။ ထို့ကြောင့် ဥပဒေအရ အရေးယူပေးပါရန် ပြစ်မှု ပုဒ်မ - ၃၂၃ အရ အရေးယူဆောင်ရွက်ခဲ့သည့် အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံဒေါ်တိုးလွင်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ငွေဒဏ် (၁၀၀၀/ - ) ပေးဆောင်စေ၊ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ် (၁၅) ရက်ကျခံစေရန် ပြစ်မှုပုဒ်မ - ၃၂၃ အရလည်း ငွေဒဏ် (၁၀၀၀/ -) ပေးဆောင်ရန် ငွေဒဏ်မဆောင်ပါက အလုပ်မဲ့ထောင်ဒဏ် (၁) လ ကျခံစေ အမိန့်ချမှတ် သည်။ တရားခံဒေါ်မိမိ၊ တရားခံဒေါ်ဝင်းဝင်း (ခ) ဝင်းမာ (ခ) မာမာနှင့် တရားခံ မအေးအေးတို့သည် ပြစ်မှု ပုဒ်မ - ၃၂၃ (မိမိအလိုအလျောက် နာကျင်စေမှု) အရ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် ငွေဒဏ် (၁၀၀၀/ - ) စီကျခံရန်၊ ငွေဒဏ်မဆောင်ပါက အလုပ်မဲ့ထောင်ဒဏ် (၁) လစီကျခံစေရန် အမိန့်ချမှတ် သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တာဝန်ရှိသူများမှ အမှုဖွင့်ပေးသည့်အပိုင်းတွင် အရေးတယူလုပ်ဆောင်ပေးမှုအားနည်းခြင်း၊

**အမှုကြာချိန်** - (၉) လ၊ ရုံးချိန်း - (၂၈) ချိန်း

## အမှတ်စဉ် (၅၄)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်နေ မသိန်းညွန့် (၄၀) နှစ်၏ အိမ်နီးနားချင်းဖြစ်သူ ကလေးအမေမှ အကူအညီတောင်း၍ တရားလို၏ ညီမဖြစ်သူ မဇင်မာ သွားရောက်ကူညီပေးရာ တရားခံ ဦးဇော်မင်း (၆၃) နှစ်မှ "ဘာမှမဆိုင်ဘဲနဲ့ ဟိုချွန်ဒီချွန်မလုပ်နဲ့ ပါးစပ်ပေါက်တွေပိတ်ထား၊ သေသွားမယ် ကြည့်နေ၊ ကြည့်စား"ဟု ပြော၍ စကားများကြရာမှ တရားခံ ဦးဇော်မင်းမှ ခဲနင့်ပေါက်၍ အပြန်အလှန်ရန်ဖြစ်ရာမှ တရားလို မသိန်းညွန့်တွင် ဒဏ်ရာများ အသီးသီးရရှိသဖြင့် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားပြီး စွဲဆိုသောအမှုဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

အမှုတွင် တရားခံ ဦးဇော်မင်းသည် ရာဇသတ်ကြီးပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) ကို ကျူးလွန်သည်ဖြစ်ကြောင်း ထင်ရှား၍ ငွေဒဏ်တစ်ထောင် (၁၀၀၀ဝိကျပ်) ပေးရန် မပေးဆောင်ပါက ထောင်ဒဏ် (၁၅) ရက် ကျခံစေရန် ၂၀၁၆ မေလ ၂ ရက်နေ့တွင် အမိန့်ချမှတ်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- အိမ်နီးချင်းများမှ ထောက်ထားစရာအကြောင်းရှိနေ၍ မျက်မြင်သက်သေများမှ ထွက်ဆိုမှု မရှိခြင်း၊
- တရားခံမှ တရားရုံးတွင် စစ်ဆေးသည့်အခါ မထီမဲ့မြင်ပြု၍ ကောင်းစွာမဖြေခြင်း၊

**အမှုကြာချိန်** - (၉) လ၊ ရုံးချိန်း - (၂၀) ချိန်း

## အမှတ်စဉ် ( ၇၅ )

### အမှုဖြစ်စဉ်အကျဉ်း



ရန်ကုန်တိုင်းဒေသကြီး၊ ( - - - ) မြို့နယ်နေ မစန်းစန်းဝင်း (၃၃) နှစ်သည် (၂၉ - ၁ - ၂၀၁၅) ရက်နေ့ နေ့လည် (၂း၀၀) အချိန်တွင် နေအိမ်၌ ခင်ပွန်းဖြစ်သူ ဦးစောမြင့်နှင့် စကားများရန်ဖြစ်ပြီး ခင်ပွန်းဖြစ်သူ အိမ်ပေါ်မှ ဆင်းသည်ကို လှမ်းဆဲရာ တစ်လမ်းတည်းနေ တရားခံဖြစ်သူ ကိုမျိုးချစ် (၃၄) နှစ်မှ

၄င်းအားဆဲသည်ဟုထင်ပြီး မေးမြန်းရာ တရားလိုက ၄င်းခင်ပွန်းကို ဆဲခြင်းဖြစ်ကြောင်း ပြန်ပြောသည်။ ထိုသို့ပြောဆိုနေစဉ် တရားလို၏ ညီမဖြစ်သူ မွေးမွေးရောက်လာပြီး ဝင်ရောက်ရှင်းပြရာ တရားခံ ဦးမျိုးချစ်သည် မွေးမွေးအား လက်သီးဖြင့်ထိုးရာတွင် တရားလိုမှဝင်ဆွဲရာ တရားလိုအား လက်သီးဖြင့်ထိုးခြင်း၊ ဆံပင်ဆွဲခြင်း၊ ခင်းထားသည့်အင်္ဂတေနှင့် ကိုင်ဆောင့်ခြင်းတို့ကြောင့် တရားလိုက ရဲစခန်းတွင် တိုင်တန်းခဲ့သည်။

## တရားရုံးစီရင်ချက်

အမှုတွင် တရားခံ ဦးမျိုးချစ်သည် ရာဇသတ်ကြီးပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) /၃၂၃ (မိမိအလိုအလျောက်နာကျင်စေမှု) တို့အရ ပြစ်မှုထင်ရှားသဖြင့် ရာဇသတ်ကြီးပုဒ်မ - ၃၂၃ (မိမိအလိုအလျောက်နာကျင်စေမှု) အရ ထောင်ဒဏ် (၁၄) ရက်၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ - ၂၉ ၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ငွေဒဏ် ၅၀ ပေးဆောင်ရန်၊ မဆောင်ပါက ထောင်ဒဏ် (၇) ရက် ကျခံရန် (၂၈ - ၈ - ၂၀၁၅) နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပြစ်ဒဏ်လျော့နည်းစွာချမှတ်၍ နစ်နာသူမှ မကျေနပ်ခြင်း၊
- ဥပဒေအရပြစ်ဒဏ်နည်းသော်လည်း အပေါ်ရုံးသို့ပြစ်ဒဏ်တိုးရန် တက်ခွင့်မရှိခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၈) ချိန်း

## အမှတ်စဉ် (၇၆)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်နေ တရားလို မထွေးထွေး အသက် (၃၂ နှစ်) သည် သူငယ်ချင်းများဖြစ်သည့် မောင်လွင်လွင်၊ မောင်ဖြိုးကို၊ မအိအိ၊ မစိုးစိုး၊ မဇင်မာ၊ မဝေဝေတို့နှင့်အတူ ဈေးပွဲတော်သို့ သွားခဲ့ကြသည်။ ထို့နောက် ဘုရားပေါ်တက်ကြရာတွင် ဘုရားတန်ဆောင်း မြေကွက်လပ်တွင် ရှိနေကြသော ကိုပြည့်ဖြိုး အသက် (၁၇) နှစ်၊ ကိုကျော်ကျော် အသက် (၂၃) နှစ်၊ ကိုနေလင်း အသက် (၁၉ နှစ်) ၊ ကိုဖြိုးဝေ အသက် (၂၀ နှစ်) ၊ ကိုဒွေး အသက် (၂၀ နှစ်) တို့က မထွေးထွေးနှင့် အတူပါလာသော မအိအိ၊ မစိုးစိုး၊ မဇင်မာ၊ မဝေဝေတို့အား "ငါ့မယားလေးတွေ၊ အချစ်လေးတွေ"ဟု ပြောရာ မထွေးထွေးက မစနောက်ကြရန် ပြောသည့်အခါ မထွေးထွေးအား မိုက်ရိုင်းစွာပြောဆိုပြီး သူတို့အဖွဲ့ပါ ယောကျ်ားလေးနှစ်ယောက်အားလည်း လက်သီးဖြင့် ထိုးခဲ့ကြသည့်အတွက် မထွေးထွေးက တိုင်တန်းရာမှ ပေါ်ပေါက်လာသောအမှု ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံ ကိုပြည့်ဖြိုး အသက် (၁၇ နှစ်) ၊ ကိုကျော်ကျော် အသက် (၂၃ နှစ်) ၊ ကိုနေလင်း အသက် (၁၉ နှစ်) ၊ ကိုဖြိုးဝေ အသက် (၂၀ နှစ်) ၊ ကိုဒွေး အသက် (၂၀ နှစ်) သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ပြစ်မှုထင်ရှားသဖြင့် ငွေဒဏ် ၂၀ဝိကျပ် ပေးဆောင်ရန်၊ မဆောင်က ထောင်ဒဏ် (၁၅) ရက် ကျခံစေရန်၊ ရာဇသတ်ကြီးပုဒ်မ - ၃၂၃ (မိမိအလိုအလျောက် ထိခိုက်နာကျင် စေမှု) အရ ပြစ်မှုထင်ရှားသဖြင့် ရုံးတက် ရုံးဆင်း ထောင်ဒဏ် (၁) ရက် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပြစ်ဒဏ်နည်း၍ အမှုသည်မှ ကျေနပ်မှုမရှိခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၅) ချိန်း

# အမှုတွဲ (၅၅)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - -) မြို့နယ်၌ တရားလို မဌေး အသက် (၄၈) နှစ်သည် (၂ - ၆ - ၂၀၁၆) နေ့တွင် နေ့လည် (၃) နာရီခန့်အချိန်တွင် ဈေးသွားဝယ်ပြီး ပြန်လာစဉ် ကားမှတ်တိုင်နား အရောက် ၎င်းနှင့် ကွာရှင်းထားသော တရားခံ ဦးမောင်ဝင်း အသက် (၄၅) နှစ်က အတင်းဆွဲပြီး မှတ်တိုင်ကို ခေါ်လာသည်။ ကားမှတ်တိုင်တွင် ၎င်းအား "လင်ငယ်နေတဲ့ကောင်မ၊ နင့်လင်ငယ်ငါ့ခေါ်ပေး" ဟု ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုသည့်အပြင် မကြားဝံ့မနာသာဆဲဆိုပြီး လက်သီးနှင့်ထိုး၍ တရားလို မဌေး၏ မျက်လုံးညိုမည်းဖူးရောင် နာကျင်ဒဏ်ရာ၊ လက်ဖျံနာကျင်ဒဏ်ရာတို့ ရရှိခဲ့သည်။ ရင်ဘက်နာကျင်ဒဏ်ရာ၊ လက်ဖျံနာကျင်ဒဏ်ရာတို့ ရရှိခဲ့သည်။ အနီးအနားရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးသို့ သွားရောက်တိုင်တန်းပြီး ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားခဲ့သည်။ ထိုမှတစ်ဆင့် ဆေးရုံကြီးသို့ သွားရောက်ပြသပြီး ဆေးကုသမှုခံယူခဲ့ရသည်။ ထို့ကြောင့် မဌေးက ၎င်းအား မကြားဝံ့မနာသာ ဆဲဆိုခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် ပြောဆိုပြီး မျက်နှာနှင့် လက်တို့တွင် နာကျင်ဒဏ်ရာရအောင် လက်သီးနှင့်ထိုးသူ တရားခံအား အရေးယူပေးရန် တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံ ဦးမောင်ဝင်းသည် ရာဇသတ်ကြီး ပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ အပြစ်ရှိသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၅) ရက် ကျခံစေရန် ရာဇသတ်ကြီး ပုဒ်မ - ၃၂၃ (မိမိ အလိုအလျောက် နာကျင်စေမှု) အရ အပြစ်ရှိကြောင်း တွေ့ရှိသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၃) လ ကျခံစေရန် ရာဇသတ်ကြီး ပုဒ်မ - ၃၅၄ (ကာယိန္ဒြေပျက်စီးစေရန် အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု) အရ အပြစ်ရှိကြောင်း တွေ့ရှိသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၂) လ ကျခံစေရန် ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် အမိန့်ချမှတ် ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုစစ်ဆေးချိန်တွင် ဥပဒေအရာရှိမှ အချိန်မီ မလာရောက်၍ သွားရောက်ခေါ်ရခြင်း၊
- တရားရုံးတွင် တစ်နေကုန် စောင့်ခိုင်းခြင်း၊ တစ်နေ့လုံး အချိန်ပေးရခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၂) ချိန်း

## အမှတ်စဉ် (၇၈)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်၌ မသဲဆု အသက် (၂၀) နှစ်သည် City Hall Mart ရှိ အရောင်းဆိုင် ဖွင့်လှစ်နေစဉ် ၎င်းနှင့် ချစ်ကြိုက်ခဲ့ဖူးသူ ကိုရဲဝင်း အသက် (၂၃) နှစ် ရောက်ရှိလာသည်။ မသဲဆုက ၎င်းအား အဆက်အသွယ်ဖြတ်သည့် ကိစ္စကို မကျေနပ်သဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။ တရားလို မသဲဆုမှာ ဆိုင်ခင်းနေစဉ် တရားခံထွက်သွားပြီဟု ထင်လိုက်သည်။ ၎င်းသတိမထားမိသည့် အချိန်တွင် ၎င်း၏ နောက်ကျောသို့ ရောက်ရှိလာပြီး အနောက်မှနေ၍ တရားလို၏လည်ပင်းကို သိုင်းဖက်ပြီး နာခေါင်း၊ ပါးစပ်ကို လက်နှင့်ပိတ်ပြီး ၎င်း၏မျက်လုံးကို ချွန်ထက်သောအရာတစ်ခုနှင့် အချက်ပေါင်းများစွာ ထိုးခဲ့ပါသည်။ မသဲဆုမှာ သတိလစ်ပြီး လဲကျသွားခဲ့သည်။ သတိရတစ်ချက်၊ မရတစ်ချက် ဖြစ်နေသောအချိန်တွင် ကတ်ကြေးနှင့်ထိုးကြောင်းသိရသည်။ တရားခံကိုရဲဝင်း၏ ပြုလုပ်မှုကြောင့် မသဲဆုတွင် ယာမျက်လုံးပေါက်ဒဏ်ရာ၊ ဝဲမျက်လုံးဖူးယောင်၊ ဝဲမျက်လုံးအောက် ထိုးသွင်းဒဏ်ရာ၊ ဝဲနားထင်၊ ယာမျက်လုံး၊ မေးစေ့၊ ယာလက်ခုံး၊ ယာလက်ဖဝါး၊ ယာဂျိုစောင်းတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် တရားခံအပေါ် ဥပဒေနှင့်အညီ အရေးယူပေးပါရန် ဆိုင်တာဝန်ခံတစ်ဦးဖြစ်သည့် မဝင်းဝင်း အသက် (၃၀) နှစ်က တရားလိုပြုလုပ်၍ ရဲစခန်းသို့ တိုင်ကြားခဲ့သောအမှု ဖြစ်သည်။


### တရားရုံးစီရင်ချက်

တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၃၀၇ (လူသတ်မှုကို ကျူးလွန်ရန် အားထုတ်ခြင်း) ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် ကျခံစေရန်၊ ရာဇသတ်ကြီး ပုဒ်မ - ၃၂၆ (ဘေးဖြစ်စေတတ်သော လက်နက်ဖြင့် မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှု) ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်ကျခံစေရန်၊ ပြစ်ဒဏ်များကို သီးခြားစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- နစ်နာသူအား ဆေးဝါးထိရောက်စွာ ကုသပေးမှုအားနည်းခြင်း၊
- နစ်နာသူအား ငွေနှင့်စည်းရုံးမှုရှိခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၇) ချိန်း



# အိမ်တွင်းအကြမ်းဖက်မှု



## အမှတ်စဉ် ( ၇၉ )

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ် တရားလို မအေးအေး (၂၆ နှစ်) နှင့် တရားခံ ဦးကျော်ကျော် (၂၆ နှစ်) နှင့် ချစ်ကြိုက်ပြီး ၂၀၁၄ ခုနှစ်တွင် ဘုရားရှိခိုးကျောင်း၌ မင်္ဂလာဆောင် လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ထိုသို့ လက်ထပ်ပြီးနောက် ၁၀ လခန့်အကြာတွင် တရားလို မအေးအေး ကိုယ်ဝန်ရှိလာသည်ကို တရားခံ ဦးကျော်ကျော်မှ မလိုချင်ကြောင်းပြောသော်လည်း တရားလို မအေးအေးသည် တရားခံ ဦးကျော်ကျော်နှင့်ရရှိသော ကိုယ်ဝန်အား မွေးဖွားခဲ့ပါသည်။ ကလေးမွေးဖွားပြီး ၃ ရက်အကြာတွင် တရားခံ ဦးကျော်ကျော်ရောက်ရှိလာပြီး ပြုစုယုယခြင်းမရှိသည့်အပြင် နင်နဲ့ငါနဲ့ဘာမှမဆိုင် တော့ဘူးဟု အော်ဟစ်ရမ်းကားခဲ့သည်။ ကလေး (၇) လ အကြာတွင် တရားခံ ဦးကျော်ကျော်မှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းပြီး နောက်ထပ် အိမ်ထောင်ပြုသွားသည့် အတွက် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေဖြင့် အရေးယူပေးပါရန် အမှုစွဲဆိုခဲ့ပါသည်။

### တရားရုံးစီရင်ချက်

တရားခံ ဦးကျော်ကျော်အား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ - ၁၃ (တရားဝင်မယားရှိနေစဉ်အတွင်း နောက်အိမ်ထောင်ပြုမှု) အရ အလုပ်နှင့် ထောင်ဒဏ် (၁) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ဥပဒေအရာရှိမှ မေးမြန်းရန်အကြံပြုသည့် မေးခွန်းများကို မေးမြန်းပေးမှု အားနည်းခြင်း၊
- ပြစ်ဒဏ်နည်း၍ ပြင်ဆင်မှုတက်ရခြင်း၊

**အမှုကြာချိန်** - (၁၃)၊ ရုံးချိန်း (၃၄) ချိန်း

# အမှတ်စဉ် ( ၈၀ )

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ် တရားလို ဒေါ်ဖြူ (၄၉ နှစ်) သည် တရားခံ ဦးမောင်မောင် (၄၈ နှစ်) နှင့် လက်ထပ်ပေါင်းသင်းပြီး ကလေးတစ်ဦး ထွန်းကားပါသည်။ ကလေးရပြီးနောက်ပိုင်းတွင် လင်မယားစကားများရန်ဖြစ်ကြပြီး ရန်ဖြစ်ကြတိုင်း နင်တို့ကိုသတ်ပစ်မည်ဟု ပြောဆိုသည့်ပြင် အိမ်ပေါ်မှ ဆင်းသွားပါသည်။ ၎င်းအိမ်ပေါ်မှ ဆင်းပြီးနောက် တရားလို ဒေါ်ဖြူအား လူမှုကွန်ယက် facebook ပေါ်တွင် ဂုဏ်သိက္ခာကျဆင်းအောင် ဓာတ်ပုံများတင်ခြင်း၊ စာရေးပြီးတင်ခြင်း၊ ခြိမ်းခြောက်သည့် စကားများဖြစ်သော လူသတ်ချင်တယ်၊ သေဖို့သာပြင်ထား စသည်များကို facebook လူမှုကွန်ယက်မှ တစ်ဆင့်ပေးပို့ခြင်းများ ပြုလုပ်သဖြင့် တရားလို ဒေါ်ဖြူမှ အရေးယူပေးရန် တိုင်တန်း တရားစွဲဆိုခဲ့ပါသည်။

## တရားရုံးစီရင်ချက်

တရားခံ ဦးမောင်မောင်အား ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) (ဆက်သွယ်ရေး ကွန်ယက် တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ကိုယ်/စိတ် အသရေ ပျက်စီးစေရန် ခြိမ်းခြောက်မှု) ဖြင့် အလုပ်နှင့် ထောင်ဒဏ် (၆) လ ကျခံစေရန် အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားခံမှ ကွာရှင်းခွင့်မပေး၍ ထပ်မံ၍ တရားစွဲဆိုရခြင်း။

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် (၈၁)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - မြို့နယ်၊ တရားလို ဒေါ်မမ အသက် (၃၈နှစ်) နှင့် တရားပြိုင် ဦးလှ အသက် (၄၅ နှစ်) တို့သည် ၁၉၉၇ ခုနှစ်ကတည်းက ပေါင်းသင်းနေထိုင်လာပြီး သားသမီး (၃) ဦး ထွန်းကားခဲ့ပြီးနောက် တရားလိုမှ ဈေးရောင်း၍ရှာဖွေကျွေးမွေးခဲ့သော်လည်း တရားပြိုင်မှ အိမ်ဖော်ခေါ်ထားပြီး အိမ်ဖော်နှင့် လူမှုရေးဖောက်ပြန်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့ခြင်းများ ရှိခဲ့ပါသည်။ တရားလိုမှာ ဈေးရောင်းသည့်အလုပ်ကို ရိုးရိုးသားသားလုပ်ကိုင်ခဲ့သော်လည်း တရားပြိုင်သည် တရားလိုကို လူတကာနှင့် သမုတ်သဖြင့် စိတ်ဆင်းရဲခဲ့ကြောင်း၊ တရားလိုဈေးရောင်းရင် စုဆောင်းငွေများဖြင့် ဝယ်ယူထားသည့် ရွှေနှင့်ငွေများကို တရားပြိုင်သည် ခိုးခြောက်၍ ဓားပြတိုက်သကဲ့သို့ လုယူခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ တရားလိုမှာ တရားပြိုင်၏နှိပ်စက်အကြမ်းဖက်မှုဒဏ်ကို မခံနိုင်သဖြင့် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။ နောက်ပိုင်း တရားပြိုင်မှာ မတင်ဇာဆိုသည့် အမျိုးသမီးနှင့် ပေါင်းသင်းနေကာ တရားလိုမိသားစုကို လာရောက်နှောင့်ယှက်မှုများ ပြုလုပ်နေပါသဖြင့် လင်မယားကွာရှင်းခွင့်ပြုရန် ရုံးတော်သို့ဦးတိုက်လျှောက်ထားသော အမှုဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

လင်မယားကွာရှင်းပေးစေလိုမှုတွင် တရားပြိုင်မှာ သမ္မာန်စာ အတည်ဖြစ်သော်လည်း မလာသဖြင့် တဖက်သတ်စစ်ဆေးရန် အမိန့်ချပြီးနောက် တရားလိုနှင့်လိုပြသက်သေများ စစ်ဆေးပြီးနောက် ရုံးတော်မှ လင်မယား ကွာရှင်းခွင့်ရထိုက်ကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်ခဲ့ပါသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားပြိုင် ရုံးရှေ့သို့မလာရောက်ခြင်း။

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၁) ချိန်း

## အမှတ်စဉ် (၈၂)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - မြို့နယ်မှ တရားလို ဒေါ်သင်းသင်း (၃၅နှစ်) နှင့် တရားပြိုင် ဦးစိုး (၃၄ နှစ်) တို့သည် ၁၉၉၆ ခုနှစ်ကတည်းက လက်ထပ်ပေါင်းသင်းခဲ့ကြပြီး သမီး (၂) ဦးနှင့် သား (၁) ဦး ထွန်းကားခဲ့ကြောင်း၊ ၁၉၉၇ ခုနှစ်တွင် သမီးကြီး မဖြူဖြူကို မွေးဖွားပြီးနောက် အရက်သေစာ နေ့စဉ်သောက်စားကာ တရားလိုကို ရာဖွေကျွေးမွေးခြင်း မရှိကြောင်း၊ သမီးလတ်ကို ၂၀၀၂ ခုနှစ်တွင် မွေးဖွားပြီးနောက် တရားလိုမှာ တရားပြိုင်နှင့်အတူ မနေထိုင်နိုင်တော့၍ တရားလို မိဘအိမ်သို့ ဆင်းလာခဲ့ကြောင်း၊ (၁) လခန့်အကြာ တရားပြိုင် လိုက်လာပြီး ထပ်မံ မဆိုးတော့ကြောင်း၊ ကတိပြု၍ တရားပြိုင်နှင့် ပြန်လည်ပေါင်းသင်းခဲ့ကြောင်း၊ တရားပြိုင်မှာ နစ်ပတ်ခန့် ကောင်းမွန်စွာနေပြီး နောက်ပိုင်းတွင် အရက်သောက်ပြီး ဆဲဆိုကြောင်း တရားပြိုင်မှ ရှာဖွေကျွေးမွေးခြင်းမရှိ၍ အဝတ်လျှော်သည့် အလုပ်လုပ်ကိုင်ရာ၊ အဝတ်လျှော်ပြီး ပြန်လာသည့်အခါများတွင် တရားပြိုင်မှ လင်ငယ်နေသည်၊ ဖာခံသည်ဟု မတရားစွပ်စွဲပြောဆိုပါကြောင်း၊ အမြဲတစေ စိတ်ဆင်းရဲပူပင်သောက ရောက်နေရကြောင်း၊ သို့ဖြစ်ပါ၍ ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့၍ တရားစွဲဆိုရာမှ ပေါ်ပေါက်လာသော အမှုဖြစ် သည်။

## တရားရုံးစီရင်ချက်

တရားပြိုင်ဦးစိုးသည် တရားလိုဒေါ်သင်းသင်းအပေါ် ရက်စက်ညှင်းပန်းမှုရှိခဲ့သဖြင့် ကွာရှင်းခွင့် ရထိုက်ကြောင်း အနိုင်ဒီကရီ ချမှတ်ပေးလိုက်ပါသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုရင်ဆိုင်နေစဉ် တရားပြိုင်မှ တရားလိုအား ခြိမ်းခြောက်ခြင်း။
- ကွာရှင်းပြီးနောက် လင်ယောကျ်ားမှ မိမိနေထိုင်ရာသို့ လာရောက်ရန်ပြမည်ကို စိုးရိမ်မှုရှိခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် ( ၈၃ )

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်ရှိ တရားလို မအိအိ (၃၄ )နှစ် နှင့် တရားပြိုင် မင်းမင်းဦး (၄၅) နှစ် တို့သည် ၂၀၁၅ ခုနှစ်တွင် လက်ထပ်ခဲ့ပြီးနောက် တစ်ခါတလေ လင်မယားစကားများသည့်အခါတွင် အကြောင်းမရှိအကြောင်းရှာပြီး မတရားရိုက်နှက်လေ့ရှိသဖြင့် တရားလိုမအိအိမှ သည်းမခံနိုင်တော့ဘဲ တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းခဲ့ပါသည်။ ၎င်းနောက်တရားပြိုင် မင်းမင်းဦးမှ နောက်နောင်လုံးဝရိုက်နှက်ခြင်းမပြုတော့ပါဟု တောင်းပန်သဖြင့် တရားလိုမအိအိမှ ပြန်လည် ပေါင်းသင်းခဲ့သော်လည်း တရားပြိုင် မင်းမင်းဦးမှ အရက်များသောက်စားမူးယစ်ပြီး ဆိုးရွားစွာ အကြောင်းမဲ့ ရိုက်နှက်မှုများ ပြုလာသဖြင့် နေအိမ်မှ ဆင်းလာခဲ့ပြီးနောက် တရားပြိုင် မင်းမင်းဦးနှင့် မပေါင်းသင်းနိုင်တော့သောကြောင့် လင်မယားကွာရှင်းပေးစေလိုမှု စွဲဆိုခဲ့ပါသည်။

## တရားရုံးစီရင်ချက်

တရားပြိုင်မင်းမင်းဦးမှ တရားလို မအိအိ တောင်းဆိုသည့်အတိုင်း နောက်ဆုံးတွင် ကွာရှင်းပေးသဖြင့် ကွာရှင်းပေးစေလိုမှု ရုပ်သိမ်းခွင့်ကို ခွင့်ပြုကြောင်းအမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားစွဲထားစဉ် မိခင်မှသားနှင့် တွေ့ခွင့်ကို တရားပြိုင်ခင်ပွန်းမှ ပိတ်ပင်ခဲ့၍ တွေ့ခွင့်မရရှိခြင်း၊
- အမှုတွင် တရားပြိုင်ခင်ပွန်းမှ တန်ပြန်၍ မယားခေါ်လိုမှုစွဲဆိုသဖြင့် ၎င်းအမှုအားလည်း ခုခံခဲ့ရသည့်အတွက် အချိန်ပေးခဲ့ပြီး စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရခြင်း။

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၉) ချိန်း

## အမှတ်စဉ် ( ၈၄ )

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်၊ တရားလို ဒေါ်မြင့်မြင့်မှ ၎င်း၏ သမီးဖြစ်သူ မသန္တာ (၁၈ နှစ်) မှာ အလုပ်ဆင်းသွားရာ ပြန်မလာသဖြင့် ၎င်းနှင့်ယခင်ကပေါင်းသင်းခဲ့ဖူးသော ယောကျ်ားမှ အနိုင်အထက်ပြု ခေါ်ယူသွားပြီး၊ ၎င်း၏အိမ်တွင် ပိတ်လှောင်ထားခြင်း၊ သံကြိုးနှင့်ခတ်ခြင်း၊ လက်သီးနှင့်ထိုး၊ ရိုက်နှက်ခြင်းများ၊ ဓားနှင့်ဆွဲခြစ်ခြင်းများ ပြုလုပ်ခဲ့ကြောင်း ထို့ကြောင့် မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်မှ တရားလိုပြုလုပ်၍ တရားစွဲဆို တိုင်တန်းခဲ့ပါသည်။

## တရားရုံးစီရင်ချက်

ပြစ်မှုကျူးလွန်သူ တရားခံ အောင်အောင်ဦးအား ရာဇသတ်ကြီးပုဒ်မ - ၃၂၃ (မိမိအလိုအလျောက် နာကျင်စေမှု) ထောင်ဒဏ် (၂) နှစ်၊ ရာဇသတ်ကြီးပုဒ်မ - ၃၆၅ (မတရားဖမ်းဆီးချုပ်နှောင်မှု) ဖြင့် ထောင်ဒဏ် (၅) နှစ်၊ တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ပြစ်ဒဏ်နည်း၍ ပြင်ဆင်မှုတက်ရခြင်း၊ ဥပဒေအရာရှိမှ လိုအပ်ချက်ကြောင့် မေးမြန်းရန်လိုအပ်သည့် မေးခွန်းတိုင်းကို မေးမြန်းပေးခြင်း မရှိခြင်း၊
- တရားလိုဘက်မှ သက်သေများမှ တရားခံဘက်သို့ ဘက်လိုက်ထွက်ဆိုပေးခြင်း၊
- တရားခံမှာ သားသတ်ရောင်းသူဖြစ်ပြီး ကြောက်၍ သက်သေထွက်ပေးရန် တွန့်ဆုတ်ကြခြင်း၊

**အမှုကြာချိန်** - (၁၀) လ၊ ရုံးချိန်း - (၃၀) ချိန်း

## အမှတ်စဉ် (၈၅)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်၌ တရားလို ဒေါ်မမ အသက် (၃၄ နှစ်) သည် တရားပြိုင် ဦးလှ အသက် (၃၄ နှစ်) နှင့် လက်ထပ်ခဲ့ပြီး သားသမီး (၃) ဦး ထွန်းကားခဲ့သည်။ ဦးလှသည် အရက်သေစာ နေ့စဉ် သောက်စားပြီး ဇနီးဖြစ်သည့် ဒေါ်မမကို တစ်စုံတစ်ရာ ရှာဖွေကျွေးမွေးခြင်း မရှိပါ။ ဦးလှက ရှာဖွေကျွေးမွေးခြင်းမရှိသဖြင့် ဇနီးဖြစ်သူ ဒေါ်မမသည် အဝတ်လျှော်သည့်အလုပ်ကို လုပ်ကိုင်ခဲ့ရသည်။ အဝတ်လျှော်ပြီး ပြန်လာသည့်အခါများတွင် ဦးလှက ၎င်းအား "လင်ငယ်နေသည်၊ ဖာခံသည်" ဟု မတရားစွပ်စွဲပြောဆိုသည်။ တရားပြိုင် ဦးလှ၏ ညှင်းပန်းနှိပ်စက်မှုဒဏ်ကို မခံနိုင်သဖြင့် ရပ်ကွက်ရုံးကို တိုင်ကြားခဲ့သည်။ အကြိမ်ကြိမ် ဝန်ခံကတိများပေးပြီး ချိုးဖောက်သည်။ အရက်မူးလာသည့်အခါများတွင် အိမ်ကိုမီးရှို့မည်ပြော၍ အမြဲတစေစိတ်ဆင်းရဲခဲ့ရသဖြင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိ၍ ကွာရှင်းပေးရန် ဦးလှအပေါ်တွင် တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားလိုဒေါ်မမသည် တရားပြိုင်ဦးလှထံမှ အကြင်လင်မယားအဖြစ်မှ ကွာရှင်းခွင့်ရထိုက်ကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားရုံးအမှုစစ်ဆေးချိန်တွင် အမျိုးသားဖြစ်သူလင်ယောကျ်ားမှ ဟန်အမှုအရာဖြင့် ခြိမ်းခြောက်မှုရှိခြင်း၊
- ကွာရှင်းခွင့်အမိန့်ချမှတ်သော်လည်း လင်ယောကျ်ား၏ ရန်ပြုမည်ကို စိုးရိမ်မှုရှိခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၆) ချိန်း

# အမှတ်စဉ် ( ၈၆ )

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်၌ တရားလို မအေးအေး (၄၄) နှစ်သည် တရားခံ ဦးမြင့်မောင် (၄၁) နှစ်နှင့် အိမ်ထောင်ကျပြီး သားသမီး (၂) ဦး ထွန်းကားခဲ့သည်။ တရားခံ ဦးမြင့်မောင်သည် တရားလို မအေးအေးနှင့် ယူပြီးနောက်ပိုင်းတွင် အလုပ်ကိုပုံမှန်မလုပ်တော့ဘဲ အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ ပြုလုပ်လာသည်။ တရားလို မအေးအေးသည် တရားခံ ဦးမြင့်မောင်၏ အသုံးစရိတ်အဖြစ် တစ်နေ့လျှင် ၃၀၀၀ ကျပ် ပေးရသော်လည်း နောက်ပိုင်းတွင် ၅၀၀၀ ကျပ် ပေးရသည်။ ၎င်းအားလည်း လင်ငယ်နေသည်ဟု ပြောဆိုပြီး အရက် သောက်ပြီး ပြန်လာသည့်အခါ ပြဿနာရှာပြီး ရိုက်နှက်သည်။ လက်သီးနှင့်ထိုး ခြေထောက်နှင့်ကန်သဖြင့် ရဲစခန်းတွင် အမှုဖွင့် တိုင်တန်းရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားခံ ဦးမြင့်မောင်အား စွဲချက်တင်သည့်အချိန်တွင် နှစ်ဦးနှစ်ဖက်ကွာရှင်းစာချုပ်ပြုလုပ်ပြီး အမှုအား ကျေအေးခွင့်ပြုခဲ့ပါသည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သားသမီးများကိုငဲ့ညှာ၍ ကျေအေးခွင့်တင်သွင်းခဲ့ရာ ပြစ်မှုကျူးလွန်သူအား အပြစ်ပေးမှု မရှိခဲ့ခြင်း၊

**အမှုကြာချိန်** - (၂) လ၊ ရုံးချိန်း - (၉) ချိန်း

## အမှတ်စဉ် ( ၈၇ )

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်နေ မစိုးစိုး (၃၆ နှစ်) နှင့် ဦးအောင်အောင် (၅၀ နှစ်) တို့ သည် လွန်ခဲ့သော ၁၆ နှစ်ခန့်က အိမ်ထောင်ပြုခဲ့ကြသည်။ သားသမီး ၂ ဦးရှိသည်။ (၁၇ - ၁၀ - ၂၀၁၆) နေ့က မစိုးစိုးအား ဦးအောင်အောင်က လင်ငယ်နေသည်ဟု စွပ်စွဲပြီးဆဲဆိုသည်။ အပြန်အလှန် စကားများရန်ဖြစ်ကြသည်။ နောက်တစ်နေ့တွင် ထပ်မံစကားများရန်ဖြစ်ကြပြီး မစိုးစိုးအား ဦးအောင်အောင်က ခေါင်းကိုလက်သီးနှင့်ထိုး၍ ဦးခေါင်းကွဲသွားသည်။ နာခေါင်းကိုလည်း ထိုးသည်၊ လက်တွင်လည်း အညိုမဲစွဲအောင် ရိုက်လိုက်သည်။ ဦးအောင်အောင်မှာ အလုပ်အတည်တကျမလုပ်၍ မစိုးစိုးက ထမင်းကြော်၊ လက်ဖက်ရည်ရောင်းပြီး မိသားစုအား ရှာဖွေကျွေးမွေးရသည်။ ထိုကဲ့သို့ ဆဲဆိုပြီး ရိုက်နက်မှုကြောင့် ရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

## တရားရုံးစီရင်ချက်

အမှုတွင် တရားခံဖြစ်သူ ဦးအောင်အောင်က ရာဇသတ်ကြီး ပုဒ်မ - ၃၂၃ (မိမိ အလိုအလျောက် နာကျင်စေမှု) ဖြင့် စွဲချက်တင်ပြီးနောက် တရားခံအားစစ်ဆေးရန် ချိန်းဆိုသည့်အချိန်တွင် နှစ်ဦးနှစ်ဖက်ကွာရှင်းကြရန် ညှိနှိုင်းပြီးနောက် ဦးအောင်အောင်နှင့် မစိုးစိုးတို့ ကွာရှင်းပြတ်စဲ စာချုပ်ချုပ်ဆိုကြသည်။ အမှုအား ကြေအေးခွင့်ပြုကြောင်း အမိန့်ချမှတ်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ကျူးလွန်သူအား စွဲချက်တင်ပြီး နောက်တွင်မှ ကွာရှင်းပေးရန် ညှိနှိုင်းကြရခြင်း။

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၁၂) ချိန်း

## အမှတ်စဉ် (၈၈)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ - - - မြို့နယ်၌ ဒေါ်ခိုင်ခိုင်ဝင်း အသက် (၃၇ နှစ်) သည် ခင်ပွန်း ဦးစိုးစိုး အသက် (၄၆ နှစ်) နှင့် လွန်ခဲ့သော (၁၃ နှစ်) က အိမ်ထောင်ကျပြီး သမီးတစ်ဦး ထွန်းကားခဲ့သည်။ ယခင်က ဒဂုံကုန်းဈေးဘက်တွင်နေထိုင်ပြီး အခြားနေရာသို့ ပြောင်းရွှေ့ခဲ့သည်။ ခင်ပွန်းဖြစ်သည့် တရားခံ ဦးစိုးစိုးမှာ အရက်သောက်သည့် အလေ့အထရှိသည်။ လွန်ခဲ့သော (၄) နှစ်ခန့်ကစ၍ တရားခံဦးစိုးစိုးသည် အရက်အလွန်အကျွံသောက်သည့်အခါ စိတ်ဖောက်ပြန်ပြီး ရပ်ကွက်ထဲ အော်ဟစ်ပြီး ကိုယ်တုံးလုံးချွတ်လျက် သွားလာနေခဲ့သည်။ ရပ်ကွက်ထဲမှ လူများက စိတ်ကျန်းမာရေး ဆေးရုံကို ပို့ဆောင်ခဲ့ကြသည်။ (၄) (၅) ကြိမ်ခန့် စိတ်ကျန်းမာရေးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ (၉ - ၃ - ၂၀၁၆) နေ့တွင် ဒေါ်ခိုင်ခိုင်ဝင်း ဈေးရောင်းနေစဉ် ဦးစိုးစိုးမှာ အရက်သောက်ပြီး ပါလာသောဓားနှင့် ဒေါ်ခိုင်ခိုင်ဝင်းအား (၈) ချက်ခန့် ခန္ဓာကိုယ်အနှံ့အပြားသို့ ဓားနှင့်ခုတ်သဖြင့် ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ ထို့ကြောင့် ဒေါ်ခိုင်ခိုင်ဝင်း၏ ညီမဖြစ်သူ ဒေါ်သန်းသန်းဝင်းက တရားလို ပြုလုပ်ပြီး ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

## တရားရုံးစီရင်ချက်

အမှုတွင် တရားခံဖြစ်သူ ဦးစိုးစိုးအား ရာဇသတ်ကြီးပုဒ်မ - ၃၂၆ (ဘေးဖြစ်စေတတ်သော လက်နက်ဖြင့် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု) ဖြင့် ထောင်ဒဏ် (၉) လ ကျခံစေရန် (၁၂ - ၁၂ - ၂၀၁၆) နေ့တွင် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုတွင် တရားခံအားမစစ်ဆေးမီ ရူးသွပ်ခြင်း ရှိ/မရှိ မေးခွန်းများ မေးမြန်းပြီးမှ သာမာန်ဖြစ်ကြောင်း ပြောဆိုပြီး အမှုကို ဆက်လက်စစ်ဆေးခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် (၈၉)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - -) မြို့နယ်၌ ဒေါ်မာမာ အသက် (၃၇ နှစ်) နှင့် ဦးမောင်ဝင်း အသက် (၂၉ နှစ်) တို့သည် ၂၀၁၁ ခုနှစ်က လက်ထပ်ခဲ့ပြီး သားတစ်ဦးထွန်းကားခဲ့သည်။ တရားလို ဒေါ်မာမာ မိသားစုသည် ယောက်ခထီးနှင့်အတူ အိမ်ငှားနေကြသည်။ အတူမနေချင်၍ အိမ်ငှားပေးရန် ပြောရာ ထိုကိစ္စနှင့်ပတ်သက်၍ စကားများရန်ဖြစ်ခဲ့ကြသည်။ ဦးမောင်ဝင်းသည် နောက်မိန်းမထပ်ယူထား သဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ ဒေါ်မာမာက ပြောသောအခါ နောက်ပိုင်းတွင် တရားလိုထံ မလာရောက် တော့ပါ။ ထို့ကြောင့် ဒေါ်မာမာက တစ်လင်တစ်မယား ဥပဒေပုဒ်မ - ၁၃ ဖြင့် ရဲစခန်းသို့ သွားရောက် အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

(၃၀ - ၁၂ - ၂၀၁၆) နေ့က တရားခံ ဦးမောင်ဝင်းအား တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ - ၁၃ (တရားဝင်ထိမ်းမြားမှုအတည်ဖြစ်နေစဉ်အတွင်း နောက်ထပ်မိန်းမယူမှု) အရ ထောင်ဒဏ် (၆) လ ချမှတ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

**အမှုတွင်ကြုံရသောအခက်အခဲများ**

- ပြစ်ဒဏ်နည်းသည့်အတွက် နစ်နာသူမှ ကျေနပ်မှု မရှိခြင်း၊

**အမှုကြာချိန်** - (၂) လ၊ ရုံးချိန်း - (၄) ချိန်း

# အမှုတွဲစဉ် (၉၀)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - -) မြို့နယ်၌ တရားလို မဝင်းဝင်းအေး အသက် (၂၇ နှစ်) နှင့် တရားပြိုင် ဦးကျော်ကျော် အသက် (၂၇ နှစ်) တို့သည် ၂၀၀၄ ခုနှစ်ကတည်းက လက်ထပ်ခဲ့ကြသည်။ သမီးတစ်ဦး ထွန်းကားခဲ့သည်။ အိမ်ထောင်ကျပြီးချိန်မှစ၍ မဝင်းဝင်းအေးကသာလျှင် စက်ရုံတွင်အလုပ်လုပ်ခြင်း၊ ဈေးရောင်းခြင်းတို့ဖြင့် မိသားစု၏ စားသောက်စရိတ်ကို ရှာဖွေခဲ့ရသည်။ ယောကျ်ားတစ်ယောက်၏ ဝတ္တရားရှိသည်နှင့်အညီ ရှာဖွေကျွေးမွေးခြင်းမရှိပါ။ တရားလို မဝင်းဝင်းအေးက ပြင်ပမှ အတိုးဖြင့် ငွေချေးပြီး ကျန်းမာရေး၊ စားသောက်စရိတ်တို့ကို ဖြေရှင်းရသည်။ အကြွေးလာတောင်း၍ ကြောက်ပြီး သူငယ်ချင်းထံ ပြေးသွားရသည်။ မဝင်းဝင်းအေး၏ မိဘများက ထိုအကြွေးများကို ဆပ်ပေးခဲ့ရသည်။ ဦးကျော်ကျော်သည် မဝင်းဝင်းအေးနှင့် စကားများရန်ဖြစ်ပြီး မပေါင်းနိုင်ဟုဆိုကာ ၎င်း၏မိဘအိမ်ကို ပြန်သွားခဲ့သည်။ မဝင်းဝင်းအေးသည် ကိုယ်တိုင် ရှာဖွေစားသောက်ပြီး ဘဝကို ခက်ခဲစွာရင်ဆိုင် ရသည်။ ဦးကျော်ကျော်၏ အစ်မများက မဝင်းဝင်းအေးအား နောက်အိမ်ထောင်ပြုသွားသည်၊ လင်ငယ်နေသည်၊ လူပျောက်တိုင်သဖြင့် ရဲစခန်းတွင်အမှုဖွင့်ခဲ့၍ သွားရောက်ဖြေရှင်းရသည်။ ဦးကျော်ကျော်သည် မဝင်းဝင်းအေးအား ရှာဖွေကျွေးမွေး ထောက်ပံ့မှုမရှိသည့်အပြင် စိတ်ဆင်းရဲစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် အမျိုးမျိုးပြောဆို၍ တရားလို မဝင်းဝင်းအေးက ဦးကျော်ကျော်အား လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုကို စွဲဆိုခဲ့သည်။

## တရားရုံးစီရင်ချက်

(၁၆ - ၁၁ - ၂၀၁၆) နေ့က တရားလို မဝင်းဝင်းအေး တရားစွဲဆိုထားသည့်အတိုင်း တရားပြိုင် ဦးကျော်ကျော်အပေါ် အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပေးစေရန် အနိုင်ဒီကရီချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- အမှုတွင် တရားပြိုင်မှာ ရုံးရှေ့သို့ရောက်ရှိလာပြီး နောက်ပိုင်းတွင် လာရောက်ခြင်းမရှိ၍ တစ်ဖက်သတ် စစ်ဆေးပေးရန် လျှောက်ထားရာ ခွင့်ပြုသဖြင့် တရားလိုနှင့်သက်သေများကို စစ်ဆေးပြီးနောက် အမိန့်ချမှတ်ခဲ့ခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၁၂) ချိန်း

## အမှတ်စဉ် (၉၁)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်နေ တရားလိုဖြစ်သူ ဒေါ်ဝါဝါ အသက် (၃၅ နှစ်) မှ ၎င်း၏ သမီးဖြစ်သူ မထက်ထက် အသက် (၁၅ နှစ် ၈ လ) အား ၎င်း၏ ခင်ပွန်းဖြစ်သည့် ကိုမင်းမင်း အသက် (၁၉ နှစ်) က ညစ်ညမ်းစွာဆဲဆိုပြီး ဒဏ်ရာများရရှိအောင် ရိုက်နှက်နေကြောင်း သမီးဖြစ်သူ မထက်ထက်က ဖုန်းဖြင့် အကြောင်းကြား၍ သွားရောက်ခဲ့သည်။ အဆိုပါအိမ်သို့ ရောက်ရှိစဉ် တရားခံ ကိုမင်းမင်းက သမီးဖြစ်သူ မထက်ထက်အား ညစ်ညမ်းစွာဆဲဆိုပြီး ခြေထောက်နှင့်ကန်ခြင်း၊ ပါးရိုက်ခြင်း၊ ဆံပင်ဆွဲ၍ ဦးခေါင်းနှင့် အုတ်နံရံအား ကိုင်ဆောင့်ခြင်းတို့ ပြုလုပ်ခဲ့သည်။ တရားခံမှ မထက်ထက်အား “စောက်ကောင်မကို မပေါင်းနိုင်ဘူး”ဟု သမီး ဖြစ်သူ ပြောပြချက်အရ သိရှိရသဖြင့် ရဲစခန်းသို့ သွားရောက်ပြီး မိခင်ဖြစ်သူ တရားလို ဒေါ်ဝါဝါက အမှုဖွင့် တိုင် ကြားခြင်းဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံအား စွဲချက်တင်ရာတွင် ဝန်ခံသည်။ (၂၇ - ၇ - ၂၀၁၆) နေ့စွဲပါ အမိန့်ဖြင့် တရားခံသည် ရာဇသတ်ကြီး ပုဒ်မ - ၂၉၄ (ခ) /၃၂၃ (အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ပြစ်မှုများ ကျူးလွန်ခဲ့ကြောင်း ထင်ရှားခဲ့သဖြင့် ရာဇဝတ်ကြီး ပုဒ်မ - ၂၉၄ (ခ) (အများပြည်သူဆိုင်ရာ နေရာတွင် ညစ်ညမ်းစွာဆဲဆိုမှု) အရ ဒဏ်ငွေ (၅၀၀၀) ကျပ် ပေးဆောင်ရန် ပျက်ကွက်က ထောင်ဒဏ် (၁၅) ရက် ကျခံစေရန်နှင့် ရာဇသတ်ကြီး ပုဒ်မ - ၃၂၃ (မိမိအလိုအလျောက် နာကျင်စေမှု) အရ ဒဏ်ငွေ (၂၀၀၀၀) ကျပ် ပေးဆောင်ရန် ပျက်ကွက်က ထောင်ဒဏ် (၁) လတိတိ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားလိုနှင့် တရားခံမှာ ဆွေမျိုးတော်စပ်ပြီး နစ်နာသူကလည်း ၎င်း၏ခင်ပွန်းဖြစ်နေ၍ တရားခံအား ပြစ်ဒဏ် မကျခံစေလိုခြင်း၊
- အမှုအား ရုပ်သိမ်းလွှာတင်ရန် ပြုလုပ်သော်လည်း နစ်နာသူအား နာကျင်အောင် ပြုလုပ်ခဲ့သည်မှာ ပေါ်လွင်သဖြင့် စွဲချက်တင် အပြစ်ပေးခဲ့ခြင်း၊

**အမှုကြာချိန်** - (၃) လ၊ ရုံးချိန်း - (၈) ချိန်း

## အမှတ်စဉ် (၉၂)

### အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်းရှိ တရားလို မလုံးလုံး အသက် (၃၀ နှစ်) နှင့် တရားပြိုင် ကိုနိုင်နိုင် အသက် (၃၁ နှစ်) တို့သည် ၂၀၀၇ ခုနှစ်၊ (၁၁) ပိုင်း (၁၁) ရက်နေ့တွင် လက်ထပ်ခဲ့ကြပြီး တရားပြိုင်သည် အလုပ်မရှိ၍ တရားလို၏ ဖခင်မှ အလုပ်သွင်းပေးခဲ့ရသည်။ သို့သော် တရားပြိုင်သည် အလုပ်ထဲတွင် လောင်းကစားများပြုလုပ်ခြင်း၊ လိုအပ်သည့်ငွေများကိုလည်း မလုံးလုံးထံမှ တောင်းခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် မလုံးလုံး၏ လက်ဝတ်လက်စားများ ရောင်းကာ ကိုနိုင်နိုင်ကို ပေးခဲ့ရသည်။ မလုံးလုံး၏ ဖခင်ထံမှလည်း ငွေကျပ် သိန်း (၄၀) ဖိုး လိမ်လည်သုံးစွဲခဲ့သည်။ ၎င်းပြင် အလုပ်ရှင်ထံမှလည်း ငွေကျပ် သိန်း (၃၀) ကို လိမ်လည်ခဲ့သည်။ ထို့ပြင် ၎င်းတို့အိမ်ခြံမြေနှင့် ပတ်သက်၍ အမှုဖြစ်ရာတွင်လည်း ထိုအမှုကို အကြောင်းပြပြီး ငွေကျပ်သိန်း (၉၀) ကို တောင်းခံခဲ့သည်။ ကိုနိုင်နိုင်နှင့် ပေါင်းသင်းနေစဉ်ကာလအတွင်း မလုံးလုံးအားမထောက်ပံ့ပဲ ၎င်း၏ အကြွေးများ၊ လူမှုရေးပြဿနာများကိုသာ ဖြေရှင်းပေးခဲ့ရသည်။ ထို့ပြင် အမျိုးသမီးတစ်ယောက်နှင့် လည်း ဖောက်ပြန်နေသည်။ ထို့ကြောင့် ကိုနိုင်နိုင်သည် မလုံးလုံးအား စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်သဖြင့် ကွာရှင်းပေးပါရန် စွဲဆိုခဲ့သောအမှုဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

တရားလိုသည် တရားပြိုင်နှင့် လင်မယားကွာရှင်းခွင့်ရထိုက်ကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ် လိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- ငွေကြေးအခက်အခဲရှိ၍ တရားရုံးသို့ ပုံမှန်မလာနိုင်ခြင်း၊
- တရားရုံး အမှုစစ်ဆေးရာတွင် တရားပြိုင်အမျိုးသားအား မြင်တွေ့နေရ၍ အမှုအရာ အကြည့်ဖြင့် ခြိမ်းခြောက် ခံရခြင်း၊

**အမှုကြာချိန်** - (၄) လ၊ ရုံးချိန်း - (၁၀) ချိန်း

## အမှတ်စဉ် (၉၃)

## အမှုဖြစ်စဉ်အကျဉ်း

မန္တလေးတိုင်းဒေသကြီး၊ - - - မြို့နယ်၌ တရားလို မပပမျိုး အသက် (၂၅) နှစ်နှင့် တရားပြိုင် ကိုအောင်နိုင် (၃၀ နှစ်) သည် ရည်းစားဖြစ်ပြီး (၂) နှစ်အကြာတွင် လက်ထပ်ခဲ့ပါသည်။ မပပမျိုးနှင့် လက်ထပ်ပေါင်းသင်းစဉ်ကတည်းက တရားပြိုင် အောင်နိုင် အသက် (၃၀) နှစ်သည် မရွှေမိုးဆိုသည့် အမျိုးသမီးနှင့် တွဲသွားတွဲလာ လုပ်ပါသည်။ ထိုမိန်းကလေးနှင့် ပတ်သက်၍ စကားများရန်ဖြစ်ရာ တရားပြိုင်မှ တရားလိုအား ကိုယ်ထိလက်ရောက် ရိုက်နှက်ပါသည်။ လက်ထပ်ကတည်းကပင် တရားပြိုင်သည် တရားလိုအား လုပ်ကိုင်ကျွေးမွေးခြင်းမရှိဘဲ တရားလို ရှာဖွေထားသည်များကိုပင် သုံးစွဲပါသည်။ လွန်ခဲ့သောတစ်နှစ်ခန့်က မပပမျိုးတွင် ကိုယ်ဝန်ရှိလာရာ ကိုအောင်နိုင်မှ ကိုယ်ဝန်ဖျက်ချရန်ပြော၍ ဆေးဝယ်လာပြီး သုံးခိုင်းပါသည်။ ဆေးမှာ မိန်းမအင်္ဂါအတွင်းသို့ ထည့်ရသောဆေး ဖြစ်ပါသည်။ ကိုအောင်နိုင်မှ မပပမျိုးအား တစ်ပတ်လုံး ပြောဆိုရိုက်နှက်ပါသည်။ မပပမျိုး ဆေးမထည့်၍ လည်ပင်းကိုညှစ်ပြီး ကိုအောင်နိုင်ကိုယ်တိုင် ဆေးထည့်ပါသည်။ ဆေးအတင်းထည့်သဖြင့် နောက်တစ်နေ့ မနက်ပိုင်းတွင် သွေးဆင်းပါသည်။ ကိုယ်ဝန်ဖျက်ချ ခိုင်းရာတွင် ကိုယ်ဝန်မှာ (၂) လခွဲ (၃) လခန့်ရှိပြီး ဖြစ်သည်။ ထို့နောက် မပပ မျိုးမှာ သွေးဆင်းပြီး နေမကောင်းဖြစ်၍ ဆေးခန်းပြရာ ဆေးရုံတင်ခိုင်းသဖြင့် ဗဟိုအမျိုးသမီးဆေးရုံသို့ တက်ရောက် ကုသခဲ့ပါသည်။ ကိုအောင်နိုင်အား တရားပြိုင်မှ ကိုယ်ဝန်ဖျက်ချခိုင်းသည့် ကိစ္စပြောလျှင် တစ်အိမ်လုံးကို မီးရှို့သတ်မည်ဟုပြောပါသည်။ ခင်ပွန်း၏ ရက်စက်မှုကို မခံနိုင်၍ လင်မယားကွာရှင်း ပေးစေလိုမှုကို စွဲဆိုခဲ့ပါသည်။



## တရားရုံးစီရင်ချက်

တရားပြိုင်သည် တရားလိုအား ခန္ဓာကိုယ်သာမက စိတ်ကိုပါ ဆင်းရဲအောင် ပြုမူခံစားခဲ့ရ၍ ကြီးလေးသော ရက်စက်မှုဖြစ်ကြောင်း ထင်ရှားသဖြင့် ကွာရှင်းခွင့်ရထိုက်ကြောင်း စရိုက်နှင့်တကွ အနိုင်ဒီကရီ ချမှတ် လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- ကွာရှင်းပေးမည်ဟု ကတိပြု၍ နောက်ပိုင်း မကွာပေးခြင်း၊
- တရားပြိုင် (ယောက်ျား) မှ ရုံးသို့မလာရောက်ခြင်း၊
- တရားပြိုင်ထံသို့ အကြောင်းကြားစာပေးပြီးနောက်ပိုင်း တရားလိုအမျိုးသမီးအား မချေမငံ ပြောဆိုမှုများခံရခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း - (၁၄) ချိန်း

## အမှတ်စဉ် (၉၄)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်နေ တရားလို မဖြူဖြူ အသက် (၂၃) နှစ်၊ တရားပြိုင် ကိုသူရ အသက် (၂၀နှစ်) တို့သည် ၂၀၁၅ ခုနှစ်က လက်ထပ်ခဲ့ကြသည်။ ထိုသို့ လက်ထပ်ခဲ့သော်လည်း ကိုသူရသည် မဖြူဖြူအား လင့်ဝတ္တရားနှင့်အညီ ကျွေးမွေးစောင့်ရှောက်ခြင်း၊ ထောက်ပံ့ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သည်။ တရားလို၌ ကိုယ်ဝန်ရှိနေစဉ်တွင်လည်း လင်ယောကျ်ားတစ်ဦးအနေဖြင့် လုပ်ဆောင်ပေးရမည့် ဝတ္တရားများ ပျက်ကွက်ခဲ့သည်။ ထို့ကြောင့် တရားလိုအပေါ်တွင် မယားစရိတ်၊ ကလေးမွေးဖွားစရိတ်များပေးရန် တောင်းဆိုခဲ့သည့်အခါတွင် ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိ ပေးခဲ့သော်လည်း အကြိမ်ကြိမ် ပျက်ကွက်ခဲ့သဖြင့် မယားစရိတ်နှင့် ကလေးစရိတ် ရရှိရန် တရားရုံးသို့ လျှောက်ထားပြီး တရားစွဲဆိုခဲ့သောအမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားပြိုင် ကိုသူရမှာ ရုံးရှေ့သို့ရောက်ရှိခဲ့ပြီး တရားလိုစွဲဆိုသည့်အမှုအား ဝန်ခံသော်လည်း နောက်ပိုင်းတွင် ရုံးတော်သို့ လာရောက်ခဲ့ခြင်း မရှိခဲ့ပါ။ တရားပြိုင် ကိုသူရမှ တရားလို မဖြူဖြူသည် ၎င်း၏ဇနီးမယားမဟုတ်ကြောင်းလည်း ငြင်းဆိုခြင်း မရှိပါ။ ထို့ကြောင့် တစ်လလျှင် မယားစရိတ်ငွေ ၅၀၀၀ဝိ/ - ကျပ်နှုန်းဖြင့် တရားပြိုင်မှ တရားလိုသို့ ထောက်ပံ့ရန် အနိုင်ဒီကရီချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- စားဝတ်နေရေး အဆင်မပြေ၊ ငွေကြေးမတတ်နိုင်၍ ရုံးချိန်းပုံမှန်မလာနိုင်ခြင်း၊
- တရားပြိုင် (ခင်ပွန်း) မှ ၎င်းအမှုတွင် လိုက်ပါနေသော ရှေ့နေ၏ လိပ်စာကတ် အတုလုပ်၍ နာမည်ဖျက်ရန် ကြိုးစားခြင်း၊

**အမှုကြာချိန်** - (၆) လ၊ ရုံးချိန်း - (၁၅) ချိန်း

## အမှတ်စဉ် (၉၅)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်၌ (၁၄ - ၇ - ၂၀၁၅) နေ့က ဒေါ်ခင်ခင် အသက် (၅၆) နှစ်သည် တူမတော်စပ်သူ မသန်းသန်း အသက် (၁၆) နှစ်အား ဒေါ်မြမြ အသက် (၅၅) နှစ် အိမ်သို့ မိသားစုနှင့် အတူနေရန် ထည့်ပေးခဲ့သည်။ မသန်းသန်း၏ မိခင်မှာ ၎င်းငယ်စဉ်ကပင် ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။ ၎င်း၏ဖခင်ဖြစ် သူမှာ အရက်သေစာသောက်စားပြီး စီးပွားရေးအဆင်မပြေဖြစ်နေ၍ ရွာတွင် အလှူလာလုပ်သူ ဒေါ်မြမြတို့က အိမ်အလုပ်များ ဝိုင်းလုပ်ပေးရန်နှင့် ကလေးထိန်းပေးရန် ၎င်းတို့ အိမ်သို့ လိုက်ခဲ့ရန်ပြောပြီး ခေါ်သွားခဲ့ပါသည်။ ဒေါ်မြမြအိမ်၌နေစဉ် ကာလတစ်လျှောက်လုံး မသန်းသန်းအား အလုပ်လုပ်ကိုင်ခိုင်း၍ အဆင်မပြေသည့်အခါတိုင်း၌ ဒေါ်မြမြက သံယောင်းမနှင့် ခေါက်ခြင်း၊ ခွေးချည်သည့် သံကြိုးနှင့်ရိုက်ခြင်း၊ ရေနွေးပူလောင်းခြင်း၊ ငရုတ်ကြည်ပွေ့နှင့်ထုခြင်း၊ ကတ်ကြေးနှင့်ထုခြင်း၊ ပလာယာနှင့်ညှပ်ခြင်းများ ပြုလုပ်ခဲ့သည်။ ၎င်း၏သမက်ဖြစ်သူ ဖော်ဖော် အသက် (၂၄) နှစ်နှင့် သားတော်စပ်သူ ကျော်ကျော် အသက် (၂၃ နှစ်) တို့က ခြေထောက်နှင့် ကန်ခြင်း၊ လက်သီးနှင့် ထိုးခြင်းတို့ ပြုလုပ်ခဲ့သည်။ ဒေါ်မြမြ၏သမီး မမာမာ အသက် (၃၀ နှစ်) က ပါးရိုက်ခြင်းတို့ ပြုလုပ်သည်။ ၎င်းတို့၏ နှိပ်စက်မှုဒဏ်များကို မခံနိုင်၍ ထွက်ပြေးသည်တွင် ထဘီကျွတ်ကျန်သည့် အခြေအနေသို့ ရောက်ရှိကာ ရပ်ကွက်ထဲရှိ အိမ်တစ်အိမ်သို့ အကူအညီတောင်းပြီး ထိုအိမ်မှတစ်ဆင့် ရပ်ကွက်ရုံး၊ ရဲစခန်းသို့ ရောက်ရှိကာ ဆေးရုံ၌ ဆေးကုခဲ့ရသည်။ အဒေါ်ဖြစ်သူ ဒေါ်ခင်ခင်က ၎င်း၏



တူမဖြစ်သူ မသန်းသန်းအား ကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ဆဲဆိုကာ သံယောက်မ၊ သံဆူးကြိုးများဖြင့် ရိုက်နှက်၍ နာကြင်ဒဏ်ရာများရရှိပြီး ကာယအိန္ဒြေပျက်အောင် ပြုလုပ်ခဲ့သူ ဒေါ်မြမြ၊ ကိုဇော်ဇော်၊ ကိုကျော်ကျော်၊ မမာမာတို့အား အရေးယူပေးပါရန် တိုင်တန်းခဲ့သော အမှုဖြစ်သည်။

## တရားရုံးစီရင်ချက်

ဒေါ်မြမြသည် ရာဇသတ်ကြီးပုဒ်မ - ၃၀၇ (လူသတ်မှုကျူးလွန်ရန် အားထုတ်ခြင်း) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် ကျခံစေရန် ကိုဇော်ဇော်သည် ရာဇသတ်ကြီး ပုဒ်မ - ၃၂၅ (မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ကျခံစေရန် ကိုကျော်ကျော်သည် ရာဇသတ်ကြီး ပုဒ်မ - ၃၂၅ (မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှု) အရ ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ကျခံစေရန်၊ မမာမာသည် ရာဇသတ်ကြီးပုဒ်မ - ၃၂၃ (မိမိအလိုအလျောက် နာကျင်စေမှု) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားလိုပြသက်သေ ဆရာဝန်အား စစ်ဆေးရန် ချိန်းဆိုသည့်အချိန်တွင် ငါးကြိမ်မြောက်ရုံးချိန်းတွင်မှ စစ်ဆေးရခြင်း၍ အမှုကြန့်ကြာခြင်း၊
- အိမ်တွင်းတွင် ညှင်းပန်းနှိပ်စက်ခံရခြင်းဖြစ်၍ သက်သေပြရသည့်အပိုင်း ခက်ခဲခြင်း၊

**အမှုကြာချိန်** - (၁) နှစ်နဲ့ (၄) လ၊ ရုံးချိန်း - (၅၄) ချိန်း

## အမှတ်စဉ် (၉၆)

## အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်နေ မအေးအေး (၃၈ နှစ်) နှင့် ဦးမောင်စိုး (၄၄)နှစ် တို့သည် ၁၉၉၇ ခုနှစ်ကတည်းက ပေါင်းသင်းခဲ့ပြီး သားသမီး (၃) ဦး ထွန်းကားခဲ့ပြီး တရားလိုမှ ဈေးရောင်း၍ ရှာဖွေကျွေးမွေးခဲ့ကြောင်း၊ တရားပြိုင်မှ အိမ်အကူခေါ်ထားပြီး ထိုအိမ်အကူ အမျိုးသမီးနှင့် ဖောက်ပြန်မှုများရှိပြီး တရားလို စုဆောင်းထားသော ရွှေငွေများကိုလည်း ခြိမ်းခြောက်၍ အတင်းအဓမ္မ တောင်းခြင်း လုယူခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထိုဒဏ်များကို မခံနိုင်၍ သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သော်လည်း လိုက်လံနှောင့်ယှက်မှုများရှိခဲ့ပြီး တရားပြိုင်မှာ အိမ်ကိုရောင်းချလိုက်ပြီး ထိုအိမ်ဖော် အမျိုးသမီးနှင့် ပေါင်းသင်းနေပြီးနောက်ပိုင်းတွင် တရားပြိုင် ဦးမောင်စိုးမှ မိသားစုကို နှောင့်ယှက်မှုများ ပြုလုပ်နေသဖြင့် လင်မယားကွာရှင်းခွင့်ပြုရန် ရုံးတော်သို့ လျှောက်ထား ခဲ့သည်။

## တရားရုံးစီရင်ချက်

အမှုတွင် တရားလိုသည် တရားပြိုင်အား ကွာရှင်းခွင့်ရထိုက်သူဖြစ်ကြောင်း (၂၀ - ၁၀ - ၂၀၁၅) စရိတ်နှင့် အနိုင်ဒီကရီကို ချမှတ်လိုက်သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားပြိုင် (ခင်ပွန်း) ရုံးရှေ့ရောက်လာခြင်းမရှိ၍ တဖက်သတ်ကြားနာ၍ အမိန့်ချခြင်း၊

**အမှုကြာချိန်** - (၅) လ၊ ရုံးချိန်း (၁၀) ချိန်း

## အမှုတွဲ (၉၇)

### အမှုဖြစ်စဉ်အကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ (- - - ) မြို့နယ်နေ မအေးအေး အသက် (၃၆ နှစ်) နှင့် ကိုမောင်မောင် အသက် (၃၇ နှစ်) တို့သည် ၂၀၀၀ ခုနှစ်ကတည်းက လက်ထပ်ခဲ့ပြီး သမီးနှစ်ဦး ထွန်းကားခဲ့သည်။ တရားပြိုင် ကိုမောင်မောင်သည် ပြစ်မှုတစ်ခုဖြင့် ပြစ်ဒဏ်ကျခံပြီးနောက် နောက်ပိုင်းတွင် အခြားအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ရေး ဖောက်ပြန်နေသည်ဟု သိရှိရသည့်အတွက် တရားလို မအေးအေးမှာ စိတ်ဆင်းရဲမှုများစွာဖြစ်ခဲ့ရသည်။ တရားပြိုင် ကိုမောင်မောင်သည် ပြစ်ဒဏ်ကျခံနေရစဉ်ကာလအတွင်း တရားလို မအေးအေးသည် မိမိကိုယ်တိုင် ချို့တဲ့စွာဖြင့် သားသမီးနှစ်ဦးအား ဒုက္ခဆင်းရဲခံကာ ရှာဖွေကျွေးမွေးပြီး ဘဝကိုရပ်တည်ခဲ့ရသည်။ သားသမီးများ၏ စားဝတ်နေရေး၊ ကျောင်းစရိတ်တို့ရရှိရန် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရှာဖွေကျွေးမွေးခဲ့ရသည်။ တစ်ခါတစ်ရံ အိမ်သို့ပြန်လာသည့်အခါများတွင် တရားလို မအေးအေးအား အကြောင်းအမျိုးမျိုးရှာ၍ ကိုယ်ထိလက်ရောက် ညှင်းပန်းနှိပ်စက်ခြင်းကြောင့် အရှက်ရ၍ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုကို စွဲဆိုခဲ့ခြင်း ဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားပြိုင်မှ ရုံးရှေ့သို့ ရောက်ရှိလာပြီး ကွာရှင်းပေးမည်ဟု ပြောဆိုပြီး တရားလို မအေးအေး တောင်းဆိုသည့်အတိုင်း လာရောက် ကွာရှင်းပေးသဖြင့် အမှုအား ကျေအေးရပ်သိမ်းခွင့်ပြုကြောင်း (၁၂ - ၁ - ၂၀၁၆) နေ့က အမိန့်ချမှတ်ခဲ့သည်။


### အမှုတွင်ကြုံရသောအခက်အခဲများ

- တရားပြိုင် (ခင်ပွန်း) မှာ သမ္မာန်စာ (ဆင့်ခေါ်စာ) ဖြင့် ခေါ်ရာတွင် အတည်မဖြစ်၍ (၃) ကြိမ် တိုင်တိုင် ချမှတ်ရခြင်း၊
- နောက်ဆုံး ရှေ့နေမှ ကိုယ်တိုင်ယူ၍ ဆင့်ခေါ်စာပို့ရခြင်း၊

**အမှုကြာချိန်** - (၂) လ၊ ရုံးချိန်း - (၅) ချိန်း

## အမှတ်စဉ် ( ၄၈ )

## အမှုဖြစ်စဉ်အကျဉ်း



ရောဝတီတိုင်းဒေသကြီး၊ - - - မြို့နယ်မှ တရားလို မခက်ခက်မာ အသက် (၂၃) နှစ်သည် တရားပြိုင် မောင်ကျော်ညွှန့် (၂၃ နှစ်) နှင့် တက္ကသိုလ်တက်ရင်း ချစ်ကြိုက်ပြီး ခိုးရာလိုက်ပြေးခဲ့ပါသည်။ ထိုမတိုင်မီ မခက်ခက်မာမှ မောင်ကျော်ညွှန့်အား ၄င်းတွင် ယခင် စေ့စပ်ဖူးသူရှိကြောင်းပြောရာ တရားပြိုင်မှ ခွင့်လွှတ်နားလည်၍ နှစ်ဦးသဘောတူ ခိုးပြေးပေါင်းသင်းကြပါသည်။ ထို့နောက် မောင်ကျော်ညွှန့်မှ ယခင်စေ့စပ်ဖူးသူနှင့် သမုတ်ကာ ပါးရိုက်ခြင်း၊ ပြဿနာရှာကာ နှိပ်စက်ခြင်း၊ ဈေးဆိုင်သို့ လာဝယ်သည့် ယောကျ်ားလေးများနှင့် သမုတ်ခြင်း၊ facebook ပေါ်တွင် မဟုတ်ကဟုတ်ကပုံများ တွေ့သည်ဆိုပြီး စွပ်စွဲကာ ရိုက်နှက်ခြင်းများ ပြုလုပ်ရုံတင်မကဘဲ

မခက်ခက်မာမိခင်အား ဆဲဆိုကာ အိမ်ပေါ်မှ ဆင်းသွားပါသည်။ မခက်ခက်မာမှာ စိတ်ဆင်းရဲမှုဒဏ်များ မခံနိုင်တော့၍ မောင်ကျော်ညွန့်အား ဆက်လက်ပေါင်းသင်းလိုစိတ်မရှိတော့၍ ကွာရှင်းလိုခြင်း ဖြစ်သည်။

## တရားရုံးစီရင်ချက်

တရားလို မခက်ခက်မာက တရားပြိုင် မောင်ကျော်ညွန့်အပေါ် လင်မယားကွာရှင်းပြတ်စဲစေသည့် အနိုင်ဒီကရီကို ချမှတ်ပေးခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေများမှာ ကျူးလွန်သူယောက်ျားမှ ရန်ပြုမည်ကိုစိုးရိမ်၍ ရုံးရှေ့တွင် ၎င်းတို့ တွေ့မြင်သည်များကို အလုံးစုံမထွက်ဆိုခြင်း၊
- အမှုဖြစ်နေစဉ် တရားပြိုင်မှ ဖုန်းmessageများဖြင့် နှောင့်ယှက်ခြိမ်းခြောက်ခြင်း၊
- တရားရုံးတွင် သက်သေထွက်ဆိုစဉ် ကျူးလွန်သူယောက်ျားအား မြင်တွေ့နေရ၍ မျက်နှာ နာရမည်စိုး၍ အမျိုးသမီး ရိုက်ခံရမှုများကို ပြည့်စုံစွာ မထွက်ဆိုကြခြင်း၊

**အမှုကြာချိန်** - (၁၀) လ၊ ရုံးချိန်း - (၂၂) ချိန်း

## အမှတ်စဉ် (၉၉)

### အမှုဖြစ်စဉ်အကျဉ်း

မအူပင်မြို့နယ်နေ မသင်း အသက် (၄၂) နှစ်သည် ဦးမောင်မောင်နှင့် အိမ်ထောင်ကျပြီး ဝင်းမေဆိုသူ သမီးတစ်ဦး ထွန်းကားပြီးနောက် လင်မယား ကွာရှင်းခဲ့ပါသည်။ ၃နှစ်အကြာတွင် တစ်ရပ်ကွက်ထဲနေ ဖော်ဖော် အသက် (၃၅) နှစ်နှင့် ထပ်မံအိမ်ထောင်ပြုကာ သမီးဖြစ်သူအား အဒေါ်တော်စပ်သူ ဒေါ်အေးဝင်းထံ ပို့ထားခဲ့ပါသည်။ ထို့နောက်ပိုင်း သမီးဖြစ်သူ ဝင်းမေ - - - သီလရှင် စာသင်တိုက်တွင် သီလရှင်ဝတ်နေရာမှ သွားရောက်ခေါ်ပြီး နေအိမ်တွင် ပြန်လည်ခေါ်ထားပါသည်။ (၂၄ - ၅ - ၁၆) ရက် ညပိုင်းတွင် ဖော်ဖော်မှ အလုပ်သွားရာမှ ပြန်မလာသဖြင့် (၂၅ - ၅ - ၁၆) မနက်ပိုင်းတွင် သမီးဖြစ်သူမှာလဲ ပျောက်ဆုံးနေသဖြင့် စုံစမ်းရာ ဖော်ဖော်မှ ခိုးယူပေါင်းသင်း ကြောင်းသိ၍ အရေးယူပေးပါရန် တိုင်ကြားခြင်း ဖြစ်ပါသည်။

### တရားရုံးစီရင်ချက်

တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ - ၁၃ အရ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချလိုက်သည်။

#### အမှုတွင်ကြုံရသောအခက်အခဲများ

- နစ်နာသူမှာ တရားခံ၏ လွှမ်းမိုးမှုအောက်ဖြစ်နေ၍ သက်သေထွက်ဆိုရာ၌ လိုအပ်ချက်ရှိ၍ မပြည့်စုံခြင်း၊
- နစ်နာသူနှင့် တရားလိုမှာ သားအမိရင်းဖြစ်နေ၍ ကျူးလွန်သူမှာ ခင်ပွန်းဖြစ်နေကြောင်း နာကျည်းမှုဖြင့် သက်သေထွက်ဆိုရာ၌ အမှန်တရားထက် ပိုမိုထွက်ဆိုနေခြင်း၊
- အခြားသောသက်သေများမှာ တရပ်ကွက်တည်းနေသူများဖြစ်နေ၍ တစ်ဦးနှင့်တစ်ဦး မျက်နှာနာပြီး သက်သေမထွက်ဆိုချင်သောကြောင့် အစစ်ခံရာ၌ လိုအပ်ချက်များ ရှိနေခြင်း၊

**အမှုကြာချိန်** - (၂၃) ရက်၊ ရုံးချိန်း - (၃) ချိန်း

## အမှတ်စဉ် (၁၀၀)

ရန်ကုန်တိုင်းဒေသကြီး - - - မြို့နယ်နေထိုင်သူဒေါ်အေးသည်၊ သမီးဖြစ်သူမနီ (၁၆နှစ်) မှာ၊ (၁၂ - ၉ - ၂၀၁၆) နေ့ ညဘက်တွင် အလုပ်လုပ်ရာမှ နေအိမ်သို့ ပြန်ရောက်မလာသဖြင့် အိမ်နီးချင်းဖြစ်သူ မမြမြအား မေးမြန်းစုံစမ်းရာ မနီနှင့်စက်ရုံတွင် အတူလုပ်ကိုင်နေသော မောင်အောင်အောင် အသက် (၂၀)နှစ် က ခိုးပြေးသွားကြောင်းသိရသည်။ ထို့နောက် ထပ်မံစုံစမ်းခဲ့ရာ ၎င်းတို့နှစ်ဦးသည် ဧရာဝတီတိုင်းဒေသကြီးရှိမြို့နယ်တစ်ခုတွင် ရောက်ရှိနေကြောင်းသိရသည်။ မောင်အောင်အောင် ဆိုသူတွင် အိမ်ထောင်ရှိပြီး တရားဝင်ကွာရှင်းခြင်းမရှိသေးဘဲ လူလွတ်ဟုပြောဆိုကာ မနီအား ခိုးယူပေါင်းသင်းခဲ့သည်။ ထို့ကြောင့် မိခင်ဖြစ်သူဒေါ်အေးက တရားလိုပြုလုပ်ပြီးကွာရှင်းခြင်း မရှိသေးဘဲ ထပ်မံ တရားမဝင်ထိမ်းမြားလက်ထပ်မှုပြုလုပ်ခဲ့သူ မောင်အောင်အောင်အား တစ်လင်တစ်မယားဥပဒေအရ အရေးယူပေးပါရန် စွဲဆိုခဲ့သောအမှုဖြစ်သည်။

### တရားရုံးစီရင်ချက်

တရားခံဖြစ်သူ မောင်အောင်အောင်အား တစ်လင်တစ်မယားဥပဒေပုဒ်မ (၁၃) ထိမ်းမြားမှု တည်မြဲနေစဉ် ကာလအတွင်း ထပ်မံထိမ်းမြားခြင်း (သို့) လင်မယားအဖြစ် တရားမဝင်နေထိုင် ပေါင်းသင်းနေထိုင်ခြင်း) ဖြင့်စွဲချက်တင်ခဲ့ရာအပြစ်ရှိကြောင်း ဝန်ခံသဖြင့်ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

### အမှုတွင်ကြုံရသောအခက်အခဲများ

- သက်သေခံပစ္စည်းများသိမ်းဆည်းမှုမရှိပါ၊
- စာရွက်စာတမ်း သိမ်းဆည်းမှုအားနည်းသည်၊
- အမှုစစ်အရာရှိအား စစ်ဆေးရန်ချိန်းဆိုရာတွင် (၆) ချိန်း ဆင့်ခေါ်ပြီးမှရောက်ရှိ၍ စစ်ဆေး ရသည်၊

**အမှုကြာချိန်** - (၇) လ၊ ရုံးချိန်းအရေအတွက် - (၁၇)ချိန်း